# July to September 2026

"The Book of Second Samuel"

*by Rev Dr Michael Koech*

---------------------------------------------------

ဗုဒ္ဓဟူး၊ ဇူလိုင် (၁)
၂ ရာ ၁
မသဲ ၅း၄၃-၄၈

*"သင်တို့ကို မုန်းသောသူတို့အား မေတ္တာပို့ကြလော့။ သင်တို့ကို နှောင့်ယှက်ညှဉ်းဆဲသော သူတို့အဖို့ ဘုရားသခင်ကို ဆုတောင်းကြလော့"*

# ရှင်ဘုရင် ရှောလု ကွယ်လွန်ခြင်း

ဒါဝိဒ်သည် အာမလက်လူတို့ကို တိုက်လျက် ဇိကလတ်မြို့၌ နေစဉ်၊ ရှောလု ကွယ်လွန်ခြင်း သတင်းကို သုံးရက်ကြာပြီးမှ ကြားသိခဲ့ရ၏။ ရှောလုသည် ရန်သူကို တိုက်လျက်၊ စစ်ရှုံးသဖြင့် မိမိကိုယ်ကို အဆုံးစီရင်ဖို့ တွန်းအားပေးခြင်း ခံရခဲ့ပါသည်။ သတင်းပို့သောသူက ရှောလု သေခြင်း အကြောင်းကို ပြောပြလျှင် ဒါဝိဒ်က ဆုချမည်ဟု ထင်မှတ်ခဲ့ပါသည်။ ထို့ကြောင့် ထိုသို့ သတင်းပို့စဉ် မုသားပြောခဲ့ပါသည်။ ဒါဝိဒ်က ဆုချမည့်အစား ထိုသူကို သေဒဏ်ပေးခဲ့၏။ စစ်ပွဲ၌ ကွယ်လွန်ခဲ့သော ရှောလုနှင့် ယောနသန်တို့အပေါ် ချစ်ခြင်းမေတ္တာပြခြင်းဖြင့်၊ ဒါဝိဒ်သည် သူတို့အတွက် ဂုဏ်ပြု သီချင်း စပ်ဆိုခဲ့ပါသည်။

ဒါဝိဒ်သည် အာမလက်လူတို့အား အနိုင်ယူခဲ့ပြီးနောက်၊ နောက်စစ်ပွဲအတွက် အဆင်သင့် ရှိခဲ့၏။ အစ၌ ဖိလိတ္တိ မင်းတို့သည် မိမိတို့နှင့်အတူ ရှောလု တိုက်ခိုက်ဖို့ရန် ဒါဝိဒ် ပါဝင်မည်ကို ငြင်းပယ် ဆီးတားခဲ့ကြပါသည်။ ထို့ကြောင့်၊ ဒါဝိဒ်သည် မိမိနေရာသို့ ပြန်သွားလျက် စစ်ပွဲသတင်းကို စောင့်လျက် နေခဲ့၏။ သုံးရက်ကြာပြီးနောက် တိုက်ပွဲ၌ ရှောလု ကွယ်လွန်ခဲ့ကြောင်း ဒါဝိဒ်အား သတင်းပို့သောသူက သတင်းပို့လာခဲ့၏။ ယောနသန်နှင့် ရှောလု၏ သားအားလုံး ကွယ်လွန်ခဲ့ကြကြောင်း ပြောကြားခဲ့ပါသည်။ ဒါဝိဒ်က ထိုတိုက်ပွဲအကြောင်းကို အသေးစိတ် မေးခဲ့ပါသည်။ ထိုသူက ဒါဝိဒ်အား အကြောင်းစုံ ပြောပြခဲ့သော်လည်း၊ မုသား ပေါင်းထည့် ခဲ့ပါသည်။ ရှောလု ကွယ်လွန်ခြင်း သတင်းသည် အမှန်ဖြစ်ပါသည်။ ရှောလုသည် အရေဖျားလှီးခြင်း မခံသောသူများ၏ လက်ဖြင့် မသေ လိုသဖြင့် မိမိကိုယ်ကို အဆုံးစီရင်ခဲ့ပါသည်။ မိမိအား သတ်ဖို့ရန် ရှောလုက မိမိ၏လက်နက် ဆောင်လုလင်ကို ခိုင်းခဲ့သော်လည်း ငြင်းဆန်ခဲ့၏။ ဤသတင်းသည် ဣသရေလလူမျိုး အားလုံး အတွက် အလွန်အရေးကြီးသော သတင်းဖြစ်ပါသည်။ သူတို့၏ ရှေ့အနာဂတ်အတွက် အလွန်အရေး ကြီးသောအမှု ဖြစ်ပါသည်။ တိုင်းပြည်၌ အလွန်အရေးကြီးသော ရာထူးတာဝန် လစ်ဟာ လျက်ရှိခဲ့ပါသည်။

ဘုရားသခင်သည် ဣသရေလလူတို့အား အဲဂုတ္တုပြည်မှ ခါနန်ပြည်သို့ ခေါ်ဆောင်ခဲ့ သောအခါ၊ ဘုရားသခင်ကိုယ်တိုင်က တရားသူကြီးများအားဖြင့် သူတို့အား အုပ်ချုပ်တော်မူခဲ့၏။ သို့သော်လည်း၊ သုံးရာစု ကျော်လွန်လာသောအခါ၊ သူတို့သည် အခြားလူမျိုးများကဲ့သို့ ရှင်ဘုရင် လိုချင်ခဲ့ကြ၏။ ဘုရားသခင်သည် ထိုအမှုကို မနှစ်သက်သော်လည်း၊ သူတို့၏တောင်းဆိုမှုကို ခွင့်ပြုလျက်၊ ရှောလုဘုရင်ကို ပေးတော်မူခဲ့၏။ ထိုအမှုကို ဒါဝိဒ်သည် အလွန်အရေးကြီးသောအမှုဖြစ်ကြောင်း သိမှတ်ခဲ့ပါသည်။ ရှောလုကို သတ်ဖို့ရန် အခွင့်အရေး နှစ်ကြိမ်ရရှိခဲ့ပါသည်။ သို့သော်လည်း၊ သူသည် စည်းမျဉ်းစည်းကမ်းလိုက်နာသောသူဖြစ်သောကြောင့်၊ ဘုရားသခင်၏ ပညတ်တရား၊ သမ္မာတရား၌ တည်ကြည်သောသူဖြစ်သောကြောင့် မသတ်ဘဲ၊ မိမိကိုယ်ကို ချုပ်တည်းခဲ့ပါသည်။

**ဆင်ခြင်ရန်** - ချစ်ခြင်းမေတ္တာသည် ရန်သူအပေါ်၌ပင် သနားကြင်နာခြင်း ထားတတ်၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်နှင့်စပ်ဆိုင်သောသူများကို ချစ်မည်အကြောင်း အကျွန်ုပ်အား ချစ်ခြင်းမေတ္တာ စိတ်သဘော ပေးသနားတော်မူပါ။

ကြာသပတေး၊ ဇူလိုင် (၂)
၂ ရာ ၁
သု ၄း၁-၉

*"ပညာကို ဆည်းပူးလော့။ ဉာဏ်ကို ဆည်းပူးလော့။ သတိမလစ်စေနှင့်"*

## ရှောလု ကွယ်လွန်ခြင်းအမှု၌ ဒါဝိဒ်၏ တုန့်ပြန်မှု

ဒါဝိဒ်သည် ရှောလုအား ရှင်ဘုရင်အဖြစ်ခန့်အပ်တော်မူသော ဘုရားသခင်ကို ရိုသေလေးစားခဲ့ပါသည်။ ဘုရားသခင်သည် မိမိအချိန်၌ ရှောလုအား ရှင်ဘုရင်ပလ္လင်တော်မှ ဖယ်ရှားလိမ့်မည်အကြောင်း ဒါဝိဒ် သိမှတ်ခဲ့ပါသည်။ အရာရာတိုင်း မိမိအချိန် မိမိနေရာ၌ ဖြစ်တည်ကြလိမ့်မည်အကြောင်း ယုံကြည်လျက်၊ ဘုရားသခင်ကိုသာ နာခံခဲ့ပါသည်။ ထိုဒါဝိဒ်၏ စိတ်သဘောထားကို သတင်းပို့သောသူက လုံးဝ မသိခဲ့ပါ။ ထိုသတင်းကို ပို့သောကြောင့် ဒါဝိဒ်က မိမိအား ဆုချမည်ဟု ထင်မှတ်ခဲ့ပါသည်။

ဒါဝိဒ်၏ဆုတောင်းချက်၌၊ လက်စားချေခြင်းအမှုအပေါင်းကို ဘုရားသခင် လက်တော်ထဲသို့ အပ်နှံခဲ့ပါသည်။ တိုက်ပွဲ၌ ရှောလု တစ်ဦးသာ သေခဲ့သည် မဟုတ်၊ ယောနသန် အပါအဝင်၊ သူ၏ သားသုံးဦး စလုံး သေခဲ့ကြပါသည် (နိုင်း - ၁ ရာ ၃၁း၂)။ ဤက္ကသရေလမင်းသား (ယောနသန်) သည် ဒါဝိဒ်၏ ချစ်လှစွာသော မိတ်ဆွေဖြစ်ပါသည်။

ဒါဝိဒ်ထံ သတင်းပို့သောသူသည် ရှင်ဘုရင် ကွယ်လွန်ကြောင်း သက်သေအဖြစ်၊ ရှောလု၏ ဦးရစ်နှင့် လက်ကောက်ကို ယူဆောင် လာခဲ့ပါသည်။ ထိုဣသရေလ၏ သူရဲကောင်းများ သေဆုံးခြင်းကြောင့် ဒါဝိဒ်နှင့် သူ့လူများသည် ဝမ်းနည်းလျက် မိမိတို့၏အဝတ်ကို ဆွဲဆုတ်ခဲ့ကြပါသည်။ ဒါဝိဒ်သည် မိမိကိုယ်ကို ရှောလု၏ မိသားစုင်အဖြစ် သတ်မှတ်ခဲ့ပါသည်။ ထို့ကြောင့်၊ ထိုသေခြင်းသတင်းကြားသိသောအခါ၊ ဒါဝိဒ်သည် ငိုကြွေးလျက်၊ အစာရှောင်ခဲ့ပါသည်။

အရင်၌၊ ဒါဝိဒ်သည် ရှောလုက သတ်ဖို့ရန် လိုက်ရှာနေသောကြောင့် ထွက်ပြေးနေရသဖြင့် နေစရာအိမ် မရှိဖြစ်ခဲ့ပါသည်။ သို့သော်လည်း၊ ဘုရားသခင်သည် မိမိ၏ ခြေလှမ်းများကို ပဲ့ပြင်စောင့်ရှောက်တော်မူကြောင်း သိသဖြင့် ကျေနပ်ခြင်း ရှိခဲ့ပါသည်။ ဒါဝိဒ်ထံ သတင်းပို့သောသူက မိမိ ဆုချခြင်းခံရမည်ဟု မျှော်လင့်ခဲ့ပါသည်။ သို့သော်လည်း၊ ဒါဝိဒ်က သူ့အပေါ် အံ့သြစရာအမှုပြုခဲ့ပါသည်။ "လုလင်တစ်ယောက်ကိုခေါ်၍၊ သူ့ကို သွားသတ်တော့ဟု ဆိုသည်အတိုင်း၊ လုလင်သည် လုပ်ကြံ၍ သတ်လေ၏" (၂ ရာ ၁း၁၅)။ ဤသည်ကား၊ အမှန်အမှားနှင့်ပတ်သက်၍ ဘုရားသခင်၏ စိတ်သဘောကို သိနားလည်သော လူတစ်ဦး တုန့်ပြန် ပြုမူသည့် ဉာဏ်ပညာရှိသော အမှုဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်နှင့်ဆိုင်သော ဉာဏ်တော်သည် ဘုရားသခင်၏အလိုတော်အတိုင်း အမှုပြုခြင်းကို ဖြစ်စေတော်မူ၏။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၏ ဆုံးဖြတ်ခြင်းအမှု၌ ထိုဘုရားသခင်နှင့်ဆိုင်သော ဉာဏ်တော်ကို အကျွန်ုပ်အား ပေးသနားတော်မူပါ။

သောကြာ၊ ဇူလိုင် (၃)
၂ ရာ ၁
လု ၁၀း၂၉-၃၇

*"ထိုလူနာရှိရာသို့ရောက်၍ မြင်သောအခါ ကရုဏာစိတ်ရှိသည်နှင့်"*

## ဒါဝိဒ်သည် ရှောလုနှင့်သူ့မိသားစုအပေါ်၌ ချစ်ခြင်းမေတ္တာပြခဲ့၏

သတင်းပို့သောသူသည် လူ့အသက်ကို သတ်ခွင့်မရှိသော အာမလက်လူဖြစ်ပါသည်။ ရှောလုက မိမိအား သတ်ဖို့ရန် စေခိုင်းခဲ့သော လက်နက်ဆောင်လုလင်၏ ငြင်းဆန်မှုသည် မှန်သော အမှုဖြစ်ပါသည်။ ဒါဝိဒ်က ဘုရားသခင် ဘိသိက်ပေးတော်မူသောသူအား သတ်သောသူကို အပြစ်တင်ခဲ့ပါသည်။ သူ့ကို သေဒဏ်ပေးခဲ့၏။ ထိုသူ၏ ပြောစကားအရ သူသည် ပြစ်မှုထင်ရှားကြောင်း ထင်ရှားလှပါသည်။

ဒါဝိဒ်သည် ရှောလုကွယ်လွန်ခြင်းကို အကြောင်းပြုလျက် နန်းစံဖို့ရန် အခွင့်ကောင်း မယူလိုခဲ့ပါ။ ဘုရားသခင်သည် မိမိ၏အလိုတော်အတိုင်း ရှင်ဘုရင်များနှင့် ခေါင်းဆောင်များကို ခန့်အပ်တော်မူ၏။ ထိုတရားကို ဒါဝိဒ် လက်ကိုင်ထားပြီး၊ စောင့်မျှော်ခဲ့ပါသည်။ သူသည် အခြားသူ အပေါ်၌ မတည်မှီဘဲ၊ မိမိ၏ မှန်ကန်ဖြောင့်မတ်သောအကျင့်၌ အခြေခံလျက် မိမိ၏ ဘုန်းအသရေ ကိုတည်ဆောက်ခဲ့ပါသည်။ ထိုမှန်ကန်သော အသိဉာဏ်ကို ဘုရားသခင်ထံမှ ရခဲ့ခြင်းဖြစ်ပါသည်။ သူသည် နန်းတက်မည့် ရှင်ဘုရင်ဖြစ်ပါသည်။ ဒါဝိဒ်၏ ယခုအမှု ကိုင်တွယ်ပုံသည် အလွန် ကောင်းမွန်လှသော အစပြုခြင်းပေတည်း။

ဒါဝိဒ်သည် ရှောလုနှင့် ယောနသန်၊ ကွန်လွန်ခဲ့သော ရှင်ဘုရင်နှင့်မင်းသားအတွက် ငိုကြွေးခဲ့ပြီး၊ ဂုဏ်ပြုသီချင်း စပ်ဆိုခဲ့ပါသည်။ သူသည် ဘုရင့်မိသားစုဝင်များနှင့် ကောင်းမွန်သော ဆက်ဆံရေး ဆက်လက်တည်မြဲဖို့ကြိုးစားခဲ့၏။ သူနှင့် ယောနသန်အကြား၌ရှိသော မိတ်ဆွေ ပဋိညာဉ် သည် ဆက်လက်တည်မြဲခဲ့ပါသည်။ သူ၏ငိုကြွေးမှုတွင်၊ ဒါဝိဒ်က ယောနသန်ကို ဂုဏ်ပြုလျက်၊ သူတို့၏ချစ်ခြင်းမေတ္တာသည် အံ့ဘွယ်ဖြစ်ကြောင်း၊ မိန်းမတို့၏ ချစ်ခြင်းမေတ္တာကို ကျော်လွန်ကြောင်း ဖော်ပြခဲ့ပါသည်။ ဣသရေလ အမျိုးသမီးများအား ငိုကြွေးခြင်းပြုကြရန် တိုက်တွန်းခဲ့ပါသည်။ သူတို့ အကြား၌ ရှိသော ချစ်ခြင်းမေတ္တာကို ဖော်ကျူးလျက်၊ အလွန်ဝမ်းနည်းခြင်းရှိကြောင်း ပြသခဲ့ပါသည်။ ထိုဂုဏ်ပြုသီချင်းထဲ၌ သူ၏စိတ်နှလုံး အကုန်လုံး သွန်းလောင်းခဲ့ပါသည်။

သခင်ယေရှု ခရစ်တော်က ခရစ်ယာန် ချစ်ခြင်းမေတ္တာကို ပညတ်တော်ဆယ်ပါးထဲ၌ အချုပ်အားဖြင့် ဖော်ပြခဲ့ကြောင်း ရှင်းပြတော်မူခဲ့၏။ သခင်ယေရှုက မိမိရန်သူကိုပင် ချစ်ရမည်ဟု ရှင်းပြတော်မူခဲ့၏။ ဒါဝိဒ်သည် အောင်နိုင်သောသူဖြစ်၏။ ဘုရားသခင်၏ပညတ်တော်ကို လိုက်လျှောက်ခဲ့၏။ ချစ်ခြင်းမေတ္တာသည် ကောင်းသောရလဒ်ကို အစဉ်ဖြစ်ပွားစေပါသည်။ သခင် ယေရှုသည် စစ်မှန်သော ချစ်ခြင်းမေတ္တာ၏အဓိပ္ပါယ်ကို ရှင်းပြဖို့ရန် ကောင်းသော ရှမာရိလူ ပုံသာဓကကို အသုံးပြုခဲ့ပါသည်။ ဒါဝိဒ်သည် ဘုရားသခင်၏ပညတ်တရားကို နားလည်သဘော ပေါက်ခဲ့ပါသည်။ သင့်ရန်သူကို ချစ်လော့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ပညတ်တရားသည် သမ္မာတရားဖြစ်တော်မူ၏။
**ဆုတောင်းချက်-** အဖဘုရား၊ စစ်မှန်သော ချစ်ခြင်းမေတ္တာ ပြသသည့် စိတ်နှလုံးကို အကျွန်ုပ်အား ပေးသနားတော်မူပါ။



ဗုဒ္ဓဟူး၊ စက်တင်ဘာ (၁၀)
၂ ရာ ၂၄
ဆာလံ ၂၆

*"အို ထာဝရဘုရား၊ အကျွန်ုပ်သည် ဖြောင့်မတ်ခြင်းလမ်းသို့ လိုက်သောကြောင့်၊ အကျွန်ုပ်ဘက်၌ တရားစီရင်တော်မူပါ"*

## ဘုရားသခင်သည် ခွင့်လွှတ်တော်မူလျက်၊ ဒါဝိဒ်အား သွန်သင်ခဲ့၏

ဒါဝိဒ်သည် အပြစ်ပြုခဲ့ပြီး၊ နာကျင်ခံစားမှုဆိုးကျိုးသည် သူ့လူများအပေါ်သို့ ကျရောက်ခဲ့ပါသည်။ ယင်းမှာ ထာဝရဘုရားသည် လူဦးရေ အမြောက်အမြားကို ဖျက်ဆီးနိုင်စွမ်းရှိသောကြောင့်၊ ဒါဝိဒ်အနေဖြင့် လူဦးရေ အရေအတွက်အပေါ် မဝါကြွားသင့်ကြောင်း ပြသရန်ဖြစ်သည်။ သေဆုံးသွားသောသူများ၏ အရေအတွက်မှာ စစ်ပွဲတစ်ခုတွင် ဒါဝိဒ် လိုအပ်မည့် အရေအတွက်ထက်ပင် သာလွန်များပြားခဲ့သည်။ ထာဝရဘုရားသည် သူ့ကို ဤနည်းလမ်းဖြင့် နှိမ့်ချလိုပြီး၊ ဤလက်တွေ့သင်ခန်းစာအားဖြင့် သွန်သင်လိုသည်။ ဒါဝိဒ်သည် စစ်ပွဲတစ်ခုမျှ ရှုံးနိမ့်ဖူးခြင်းမရှိသောသူ ဖြစ်သော်လည်း ဤနေရာတွင်မူ ထာဝရဘုရားသည် စင်စစ်အားဖြင့် ဗိုလ်ခြေတို့၏အရှင် ထာဝရဘုရားဖြစ်ကြောင်း သူသိရှိစေရန် နှိမ့်ချခြင်းကို ခံစေခဲ့ရသည်။ ဒါဝိဒ်သည် ထာဝရဘုရားအပေါ်မှီခိုခြင်းကို စွန့်လွှတ်ခဲ့သောကြောင့်၊ ကိုယ်တော်သည် သူ့ကို ဤမျှအထိ နှိမ့်ကျသွားစေခဲ့ခြင်းဖြစ်သည်။ သူသည် မိမိ၏ စစ်သူရဲအရေအတွက် အမြောက်အမြားအပေါ် ဝါကြွားလိုခဲ့ သည်။ ထာဝရဘုရားသည် သူ့ကို ခက်ခဲသောနည်းလမ်းဖြင့် သင်ခန်းစာပေးခဲ့သည်။

သူသည် ယေဗုသိလူ အရောန၏ ကောက်နယ်တလင်းတွင် ယဇ်ပလ္လင်တစ်ခု သွားရောက် တည်ဆောက်ရန် လမ်းညွှန်ချက်ကိုခံရသည် (၂ ရာ ၂၄း၁၈)။ ယဇ်ပလ္လင်ဟူသည် ဝတ်ပြုကိုးကွယ်ခြင်း အနေဖြင့် ထာဝရဘုရားထံ ယဇ်ပူဇော်ရာ နေရာဖြစ်သည်။ ယင်းမှာ ဘုရားသခင်၏သားတော်သည် ဤလောကသို့ကြွလာပြီး လူသားတို့၏အပြစ်အားလုံးအတွက် နောက်ဆုံးယဇ်အဖြစ် မိမိကိုယ်ကို မပူဇော်မီ အချိန်က ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ရန် အမြင့်မြတ်ဆုံးသောနည်းလမ်းဖြစ်ခဲ့သည်။ ဒါဝိဒ်သည် ရောက်ရှိလာပြီး ကောက်နယ်တလင်းကိုလည်းကောင်း၊ နွားများကိုလည်းကောင်း၊ ထင်းအတွက် ကောက်နယ် တလင်းသုံး တန်ဆာပလာများကိုလည်းကောင်း အသုံးပြုခွင့်ပေးခဲ့သူ အရောနနှင့် စကားပြောဆိုခဲ့သည်။ ဘုရင်မင်းကြီး၏ရည်ရွယ်ချက်မှာ ဝယ်ယူရန်ဖြစ်သော်လည်း အရောနက ထိုအရာများကို အလကား ပေးကမ်းခဲ့သည်။ သို့သော်လည်း ဒါဝိဒ်သည် အလကားပေးခြင်းကို ငြင်းပယ်ခဲ့ပြီး၊ မိမိအတွက် မည်သည့် တန်ဖိုးမျှ မပေးရသောအရာကို ထာဝရဘုရားထံ မပူဇော်လိုကြောင်း ပြောကြားခဲ့သည်။ သူသည် ကောက်နယ်တလင်းနှင့် နွားများကို ငွေကျပ်ငါးဆယ်ဖြင့် ဝယ်ယူခဲ့သည်။ သူသည် ထိုအချိန်က ပေါက်ဈေး ထက်ပင်ပိုမို၍ ပေးခဲ့ခြင်းဖြစ်နိုင်သည်။ သူက ငွေပေးချေရန် အတင်းတောင်းဆိုခဲ့ပြီး အာရောနကလည်း သူ၏ကမ်းလှမ်းမှုကိုလက်ခံခဲ့သည်။ ဒါဝိဒ်သည် အရောနက ဘုရင်ကို ကြောက်ရွံ့သောကြောင့် သူ၏ ကောက်နယ်တလင်းကို ပေးအပ်ခြင်းဖြစ်နိုင်သည်ဟု တွေးတောမိသည်။ ထို့ပြင်သူသည် ဘုရားသခင်၏ ပညတ်တရားတော်အပေါ် နာခံမှုမရှိကြောင်းနှင့် မိမိ၏ရာထူးအာဏာကို အသုံးပြု၍ တရားမဝင်သော လုပ်ရပ်ကို မလုပ်ဆောင်လိုကြောင်း ပြသလို၍လည်းဖြစ်နိုင်သည်။

ထို့ကြောင့် ဒါဝိဒ်သည် ယဇ်ပလ္လင်ကိုတည်ဆောက်ခဲ့ပြီး လမ်းညွှန်ထားသည့်အတိုင်း ထာဝရဘုရားထံ ယဇ်ပူဇော်ခဲ့သည်။ ထို့နောက်သူသည် ထာဝရဘုရားနှင့် ပြန်လည်သင့်မြတ်ပြီး၊ သန်းခေါင် စာရင်းကောက်ယူခြင်း၌ရှိခဲ့သော အတ္တမာနအပြစ်ကို ကျော်ခိုင်းထားခဲ့နိုင်သည်။ မာနစိတ်သည် ဆိုးညစ်သောအပြစ်ဒုစရိုက်တစ်ခုဖြစ်သည်။ အာဏာရှိသောသူများသည် အထူးသတိထားကြရမည်။ အပြစ်အားလုံးသည် တန်းတူညီမျှဆိုးညစ်ကြပါသည်။ သင်၏ဘဝတွင် မည်သည့်အပြစ်ကို ရှာဖွေတွေ့ ရှိနိုင်ပါသနည်း။ ယနေ့ပဲ ထာဝရဘုရားထံတော်သို့ ပြန်လှည့်လာပါ။

**ဆင်ခြင်ရန်** - ရှင်ဘုရင်တို့သည်လည်း ဘုရားသခင်အား နာခံကြရပါမည်။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်အား အစဉ် ရိုသေလျက်၊ အာဏာရှိသောသူတို့ကို လေးစား မည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ စက်တင်ဘာ (၂၉)

၂ ရာ ၂၄

ဆာလံ ၂၇း၁-၅

*“အကြောင်းမူကား၊
ဘေးအန္တရာယ်ရောက်သည်ကာလ၊ တဲတော်တွင်
ငါ့ကို ကွယ်ကာတော်မူမည်”*

## ဒါဝိဒ်သည် မိမိအပြစ်ကို သိမှတ်လျက် နောင်တရခဲ့၏

ယွာဘနှင့် သူ၏အဖွဲ့သည် ထိုသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အပြီးသတ်ရန် ကိုးလနှင့်ရက်ပေါင်း နှစ်ဆယ် ကြာမြင့်ခဲ့ပြီး၊ လူဦးရေ အရေအတွက်ကို ဘုရင်မင်းကြီးထံ တင်ပြခဲ့ပါသည်။ ထိုအချိန်မှသာ ဒါဝိဒ်သည်မိမိအပြစ်ကို သိသောစိတ်ဝင်လာခဲ့သည်။ သူသည် မိမိ၏ အပြစ်ရှိသောစေ့ဆော်မှုကြောင့် အမိန့်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိသွားခဲ့သည်။ သူသည် မိမိ၏အပြစ်ကို ဝန်ခံခဲ့ပြီး ထိုအပြစ်ကို ဖယ်ရှားပေးပါရန် ထာဝရဘုရားထံတောင်းလျှောက်ခဲ့သည်။ လူဦးရေစာရင်းကို မိမိထံအပ်နှံသောအခါတွင်မှ မိမိအား လူတို့ကို ရေတွက်ရန် စေ့ဆော်ခဲ့သူမှာ မိမိ၏အတ္တမာနဖြစ်ကြောင်း ဒါဝိဒ် သိရှိခဲ့ပါသည်။

ဒါဝိဒ်သည် ဤအရာကို ပြန်လည်ဆင်ခြင်ခဲ့ပြီး မိမိတွင်အပြစ်ရှိကြောင်း သိရှိခဲ့သည်။ ထို့နောက် သူသည် မှန်ကန်သောလမ်းစဉ်ကို ရွေးချယ်ကာ မိမိ၏အပြစ်အတွက် နောင်တရခဲ့သည်။ နောင်တရရာတွင် မိမိပြုခဲ့သောအမှု၌ ကြီးစွာသောအပြစ်ကို ပြုမိပါပြီဟု ထာဝရဘုရားရှေ့တော်၌ ဝန်ခံခဲ့သည်။ မိမိသည် မိုက်မဲစွာပြုမိသောကြောင့် မိမိ၏ဒုစရိုက်အပြစ်ကို နှိမ့်ချပေးပါရန် ထာဝရဘုရားထံတောင်းလျှောက်ခဲ့သည်။ ၎င်းတို့မှာ နှိမ့်ချပြီး နောင်တရသော ဝန်ခံချက်များဖြစ်ကြသည်။ ဘုရားသခင်သည် ခွင့်လွှတ်ရန် အသင့်ရှိတော်မူ၏။ အကယ်၍ ဝိညာဉ်တော်၏ အသီးအပွင့်ကို လူသား တို့၏ အမြင်ဖြင့် တိုင်းတာမည်ဆိုလျှင် ဒါဝိဒ်သည် ရှေ့တန်းတွင် ရှိနေဦးမည်သာဖြစ်သည်။ သူသည် မိမိ၏လူငယ်ဘဝတည်းက ထာဝရဘုရားနောက်သို့ လိုက်ခဲ့ပြီး၊ ယေဘုယျအားဖြင့် ထာဝရဘုရားထံ လမ်းညွှန်ချက်မတောင်းဘဲ မည်သည့် ဆောင်ရွက်မှုကိုမျှ မလုပ်ဆောင်ခဲ့ပါ။

ထာဝရဘုရားသည် သူ့ကို ဣသရေလရှင်ဘုရင်အဖြစ် မြှောက်စားခဲ့ပြီး သူ၏စစ်ပွဲအားလုံးတွင် အောင်ပွဲကို ပေးသနားတော်မူခဲ့သည်။ သူသည် ထာဝရဘုရားနှင့် မိမိ၏ဆက်ဆံရေးကိုလည်း အဓိကအားဖြင့် ဆာလံကျမ်းများတွင် အကြိမ်ကြိမ်ဖော်ပြခဲ့သည်။ သို့သော်လည်း ကယ်တင်ခြင်းဟူသည် ကျွန်ုပ်တို့ပြုခဲ့သော အကျင့်အကြံများကြောင့်မဟုတ်ဘဲ ဘုရားသခင်၏ ကျေးဇူးတော်သက်သက်ကြောင့်သာဖြစ်သည်။ ဘုရားသခင်သည် ဒါဝိဒ်အား နောင်တရတတ်သော စိတ်နှလုံးနှင့် သူပြုခဲ့သမျှသာ ကောင်းမှုအပေါင်းတို့၌ ပါဝင်လုပ်ဆောင်နိုင်ရန် ကျေးဇူးတော်ကို ပေးသနားခဲ့သည်။ ထို့ကြောင့် ဒါဝိဒ်သည် မိမိ၏အပြစ်ကို ဝန်ခံခဲ့ပြီး အပြစ်လွှတ်ခြင်း အာမခံချက်ကို ရရှိခဲ့သည်။ သို့သော်လည်း အပြစ်၏အကျိုးဆက်များမှာမူ ကျန်ရှိနေဆဲဖြစ်သည်။ ထာဝရဘုရားသည် ဒါဝိဒ်ကို ပြစ်ဒဏ်မပေးဘဲ သူ၏အပြစ်မှ ကင်းလွတ်ခွင့်ပေးတော်မမူခဲ့ပါ။ ယင်းမှာ နာကျင်စရာကောင်းလှသည်။ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ပရောဖက်ဂဒ်အားဖြင့် ဒါဝိဒ်ထံသို့ရောက်လာခဲ့သည်။ ဒါဝိဒ်အား သူ၏အပြစ်ဒဏ်ခတ်မည့် ကြိမ်လုံးအဖြစ် ရွေးချယ်စရာသုံးခု ပေးခဲ့သည်။ ဒါဝိဒ်က သူသည် လူတို့၏လက်သို့ မကျရောက်လိုဘဲ ထာဝရဘုရား၏ လက်တော်သို့သာ ကျရောက်လိုကြောင်း ပြောကြားခဲ့သည်။ သုံးရက်တိုင်တိုင် ကာလနာရောဂါ (ပလိပ်ရောဂါ) ကျရောက်ခြင်းသည် သူရွေးချယ်ခဲ့သော ပြစ်ဒဏ်ဖြစ်သည်။ ထို့ကြောင့် သူသည် ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ထံ တိုးဝင်ခိုလှုံခြင်းသည် ကျေးဇူးတော်အားဖြင့် မြတ်သော ပြန်လည်သင့်မြတ်ခြင်းကို ဖြစ်စေ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော့်ရှေ့တော်၌ နေ့စဉ် နှိမ့်ချခြင်း စိတ်သဘော ရှိမည်အကြောင်း အကျွန်ုပ်အား မစတော်မူပါ။



စနေ၊ ဇူလိုင် (၄)

၂ ရာ ၂

ဆာလံ ၆၅း၁-၄

*“အထံတော်သို့ ချဉ်းကပ်စေခြင်းငှါ၊ ကိုယ်တော် ရွေးကောက်တော်မူသောသူသည် မင်္ဂလာရှိ၏”*

## ဣသရေလလူအပေါင်း၏ ရှင်ဘုရင်အဖြစ်သို့ ဒါဝိဒ် ရောက်ရှိခြင်း အဆင့်ဆင့်

ဒါဝိဒ်သည် ယုဒအမျိုးမှဖြစ်၍၊ ရှောလုမူကား ဗင်္ယာမိန်အမျိုးမှ ဖြစ်၏။ ရှောလု ကွယ်လွန်ပြီးနောက်တွင်၊ အာဏာလုပွဲဖြစ်ပွားခဲ့ပါသည်။ ဗင်္ယာမိန်အမျိုးတို့က ရှောလု၏မင်းဆက် ဆက်လက်တည်မည်ဟု ထင်မှတ်ခဲ့ကြ၏။ သို့သော်လည်း၊ ဒါဝိဒ်က ဘုရားသခင်သည် မိမိအား ဣသရေလလူအပေါင်းတို့၏ ရှင်ဘုရင်အဖြစ် ခန့်အပ်ခဲ့ကြောင်း သိမှတ်ခဲ့ပါသည်။ ဗင်္ယာမိန်အမျိုးသည် ဧဖရိမ်အမျိုးနှင့် အခြားသူများ၏ ထောက်ခံမှုကို ရရှိခဲ့ပါသည်။ ထို့ကြောင့် တိုက်ခိုက်မှု ရှိခဲ့ပြီး၊ နှစ်ဘက်စလုံး ဆုံးရှုံးမှု ရှိခဲ့ပါသည်။ ယုဒအမျိုးတို့သည် ဒါဝိဒ်အား မိမိတို့၏ရှင်ဘုရင်ဖြစ် ဘိသိက်ခဲ့ကြပြီး (၂ ရာ ၂း၄)၊ ဗင်္ယာမိန်အမျိုးတို့သည် ဣရှဗောရှက် (ရှောလု၏သား) ကို မိမိတို့၏ရှင်ဘုရင်အဖြစ် ခန့်အပ်ခဲ့ကြ၏ (၂ ရာ ၂း၈)။

ဘုရားသခင်သည် အဆင့်ဆင့် လမ်းပြတော်မူလျက်၊ ဒါဝိဒ်သည် တပြည်လုံး၏ ရှင်ဘုရင်အဖြစ် ဟေဗြုန်မြို့၌ အခြေချခဲ့ပါသည်။ ရာဇပလ္လင်၌ မိမိထိုင်ရမည်အကြောင်း သေချာ မှာထားတော်မူခြင်း ခံရသောကြောင့် ဒါဝိဒ်သည် စိတ်ချမှုရှိခဲ့ပါသည်။ ထို့ကြောင့် မိမိကိုယ်ကို ပြင်ဆင်ခဲ့ပါသည်။ သူသည် ဘုရားသခင်၏ အဆုံးစွန်အာဏာရှိတော်မူခြင်းနှင့် လူတို့ပြုရမည့် ဝတ္တရားအကြောင်းကို ကောင်းကောင်း သိခဲ့ပါသည်။ သူသည် မိမိပြုရမည့်အမှုကို ကြိုးစားဆောင်ရွက်ခဲ့၏။ ဟေဗြုန်မြို့တွင် စာရာ ကွယ်လွန်စဉ် သင်္ဂြိုလ်ဖို့ရန် အာဗြဟံ ဝယ်ယူခဲ့သော မပေလမြေတွင်း ရှိ၏ (ကမ္ဘာ ၂၃)။

ဟေဗြုန်သည် ဣသရေလ၏ အဓိကမြို့ကြီးဖြစ်လာခဲ့ပါသည်။ ရှင်ဘုရင် ရှောလု ကွယ်လွန် ပြီးဖြစ်သောကြောင့်၊ ဒါဝိဒ် ရှင်ဘုရင်ဖြစ်လာခြင်းသည် သစ္စာဖောက်ခြင်း မဟုတ်တော့ပါ။ ရှောလု၏လူများနှင့် ဣသရေလလူအပေါင်းတို့က ရှောလုကွယ်လွန်ပြီးနောက်တွင် ရှင်ဘုရင်ဖြစ်လာမည့်သူသည် ဒါဝိဒ်ဖြစ်ကြောင်း သိခဲ့ကြပါသည်။ ရှောလု၏သား၊ ယောနသန်သည် မကွယ်လွန်ခဲ့လျှင် ရှင်ဘုရင်ဖြစ်လာနိုင်ပါသည်။ အသက်ရှင်စဉ်၊ သူသည် ဒါဝိဒ်နှင့် သစ္စာဂတိပြုခဲ့သော မိတ်ဆွေဖြစ်လျက်၊ သူ့ခမည်းတော်ကွယ်လွန် ပြီးနောက်တွင်၊ ရှောလုမင်းဆက် တည်လိမ့်မည်ဟု လူတို့မျှော်လင့်ခဲ့သော်လည်း၊ ဒါဝိဒ်သည် ရှင်ဘုရင်ဖြစ်လာမည်အကြောင်း သဘောတူခဲ့ပါသည်။

ဒါဝိဒ်သည် ရှောလုမိသားစုပေါ် မိမိ၏သစ္စာရှိခြင်းနှင့် မိတ်ဆွေဖြစ်ခြင်းကို ပြသလိုခဲ့ပါသည်။ ဂိလဒ်ပြည် ယာဗက်မြို့သားတို့သည် ရှောလုနှင့် သူ့သားတို့၏အလောင်းများကို ယူလျက် ကောင်းမွန်စွာ သင်္ဂြိုလ်ခဲ့ကြ၏။ ထိုအကြောင်းကို ဒါဝိဒ်ကြားသိသောအခါ၊ ထပ်၍ ရှောလု၏မိသားစုအပေါ် ထားရှိသော မိမိ၏ မိတ်ဆွေစိတ်သဘောထားကို ထပ်၍ပြခဲ့ပါသည်။ ဒါဝိဒ်သည် ရှောလု ကွယ်လွန် ပြီးနောက်၌လည်း သူ့မိသားစုအပေါ် ရိုသေလေးစားခြင်းရှိခဲ့၏။

**ဆင်ခြင်ရန်** - နိုင်ငံရေးအမှု၌ ဘုရားသခင် ရွေးကောက်ခြင်းခံရသောသူသည် အကောင်းဆုံး ဖြစ်၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော် ရွေးကောက်တော်မူသောသူကို မဲပေးမည်အကြောင်း အကျွန်ုပ်အား လမ်းပြတော်မူပါ။

တနင်္ဂနွေ၊ ဇူလိုင် (၅)
၂ ရာ ၂း၅-၁၁
သု ၉း၁-၁၀

*"သန့်ရှင်းတော်မူသောဘုရားကို သိကျွမ်းသောသဘောသည် ဥာဏ်ဖြစ်၏"*

## ဒါဝိဒ်သည် ဘုရားသခင်နှင့်ဆိုင်သောဉာဏ်ကို ခံရခဲ့ပါသည်

ဒါဝိဒ်၌ ဘုရားသခင်နှင့်ဆိုင်သော ချစ်ခြင်းမေတ္တာရှိလျက်၊ ရှင်ဘုရင်အနေဖြင့် အောင်မြင်မှု ရဖို့ရန် သံတမန်ရေးရာ အရေးကြီးကြောင်း သိမှတ်ခဲ့ပါသည်။ ယနေ့တိုင်းနိုင်ငံများ၌လည်း ထိုသံတမန်ရေးရာ အခြေခံတရားများကို တွေ့ရပါသည်။ ဒါဝိဒ်သည် ကြုံတွေ့နေရသော အခြေအနေ၌ မည်သို့ လှုပ်ရှားရမည်ကို သိခဲ့ပါသည်။ မိမိ၏အာဏာတည်တံ့ဖို့အတွက် ပြုသောအမှုသည် ရုပ်လုံးပေါ် လာခဲ့ပါသည်။

ယုဒအမျိုးတို့က မိမိအား သူတို့၏ ရှင်ဘုရင်အဖြစ် ဘိသိက်ပေးခဲ့ကြကြောင်း၊ ဒါဝိဒ်က ယာဗက်-ဂိလဒ်အမျိုးသားတို့ကို အသိပေးခဲ့ပါသည်။ သူတို့၏စိတ်သဘောအပေါ် အခြေခံလျက်၊ ဒါဝိဒ်က ထိုသို့ သူတို့၏ ထောက်ခံမှုကို သွယ်ဝိုက်နည်းဖြင့် တောင်းလျှောက်ခဲ့ပါသည်။ အာဗနာသည် ရှောလု တပ်၏ စစ်ဗိုလ်ချုပ်ဖြစ်ပါသည်။ ထို့ကြောင့် စစ်မှုရေးရာ၌ သူသည် အဓိကပုဂ္ဂိုလ် ဖြစ်လျက်၊ သူ၏စကားသည် ဣသရေလလူတို့အတွက် တန်ခိုးအာဏာရှိခဲ့ပါသည်။ ထို့ကြောင့်၊ (ရှောလု၏သားဖြစ်သော) ဣရှဗောရှက်အား မဟာနိမ်မြို့၌ ရှင်ဘုရင်အဖြစ် တင်မြှောက်ခဲ့ပါသည်။ မှတ်သားရမည်မှာ ဣရှဗောရှက်သည် ဘိသိက်ပေးခြင်း ခံခဲ့သောသူဖြစ်သည်ဟူ၍ ဖော်ပြခြင်း မရှိဘဲ၊ ရှင်ဘုရင်အဖြစ် တင်မြှောက်ခဲ့ကြ၏။ ရှင်ဘုရင်အဖြစ် တင်မြှောက်ခြင်းတွင် တင်မြှောက်မည့်ပုဂ္ဂိုလ် လူထုထံ အသိပေး ကြေငြာခြင်း၊ စံမြန်းရမည့် နန်းတော် စသဖြင့် ရှိရမည်ဖြစ်ပါသည်။ တင်မြှောက်ခြင်းခံရမည့်သူကလည်း ထိုရာထူးအာဏာအတွက် ဂတိသစ္စာပြုခြင်း ပြုရမည်ဖြစ်ပါသည်။ ဣသရေလတွင်၊ ဘုရားသခင်၏ အလိုတော်ကို ရှာလျက်၊ တင်မြှောက်ခြင်းခံရမည့်သူသည် ဘုရားသခင်၏အခွင့်ဖြင့် ယဇ်ပုရောဟိတ် (သို့) ဘုရားသခင် စေခိုင်းခြင်းခံရသောသူ တဦးဦး၏ ဘိသိက်ပေးခြင်း ခံရသောသူဖြစ်ဖို့ လိုအပ်ပါသည်။ ဒါဝိဒ်သည် ထိုအချက်များနှင့် ကိုက်ညီသောသူဖြစ်၍ ရှင်ဘုရင်အဖြစ် မှန်ကန်စွာ ခန့်အပ်ခြင်းခံခဲ့သောသူဖြစ်ပါသည်။

ဣရှဗောရှက်မူကား၊ ဘုရားသခင်၏ အလိုတော် မပါဘဲ၊ အာဗနာက ရှင်ဘုရင်အဖြစ် မိမိသဘောဖြင့် တင်မြှောက်ခြင်းသာဖြစ်ပါသည်။ ဣရှဗောရှက်သည် ဘိသိက်ပေးခြင်းခံခဲ့သောသူလည်း မဟုတ်ခဲ့ပါ။ ဗယ်္ာမိန်အမျိုး၏ ထောက်ခံမှုကိုသာ ရရှိသောသူဖြစ်ပါသည်။ သူသည် နန်းစံခဲ့သောလည်း၊ နှစ်နှစ်သာ အုပ်ချုပ်ခဲ့ရပါသည်။ ဣရှဗောရှက် သေသလော၊ နန်းတော်ကို စွန့်ခွာခဲ့သလော ဟူသောအချက်ကို မသိခဲ့ရပါ။ သူ့အကြောင်းကို လူတို့ မသိခဲ့ကြ။ လွှမ်းမိုးမှု လုံးဝမရှိခဲ့ကြောင်း ထင်ရှားလှပါသည်။ ဒါဝိဒ်သည်လည်း အခြား ဣသရေလအမျိုးများ၏ ထောက်ခံမှုကို ချက်ချင်း မရခဲ့ပါ။ သို့သော်လည်း၊ ယုဒအမျိုး၌ ယုံကြည်မှုဖြင့် စိုးစံခဲ့ပါသည်။ သူသည် အင်အား တဖြည်းဖြည်း ကြီးထွားလာခဲ့ပြီး၊ ဣရှဗောရှက်မူကား အင်အား ဆုတ်ယုတ်လာခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင် စီမံခွဲခန့်တော်မူသောအမှုသည် အမှန်ဖြစ်လာလိမ့်မည်။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏အလိုအတိုင်း အသက်ရှင်မည်အကြောင်း ဘုရားသခင်နှင့်ဆိုင်သော ဉာဏ်သဘောကို အကျွန်ုပ်အား ပေးသနားတော်မူပါ။



တနင်္လာ၊ စက်တင်ဘာ (၂၈)
၂ ရာ ၂၄
ဆာလံ ၈၆း၁-၇

*"အို ထာဝရဘုရား၊ နားတော်ကိုလှည့်၍ အကျွန်ုပ်စကားကို နားထောင်တော်မူပါ။ အကျွန်ုပ်သည် ဆင်းရဲငတ်မွတ်ပါ၏"*

## သန်းခေါင်စာရင်း ကောက်ဖို့ ဒါဝိဒ် အမိန့်ပေးခြင်းသည် အပြစ်ဖြစ်၏

ဒါဝိဒ်သည် သူ၏သားတော် အဗရှလုံ၏ပုန်ကန်မှုကို နှိမ်နင်းပြီးနောက်တွင် ငြိမ်းချမ်းစွာနေထိုင်ခဲ့ရသည်။ သူသည် မိမိကိုစိန်ခေါ်သူများကို ကျော်လွှားနိုင်ခဲ့ပြီး ငြိမ်းချမ်းရေးကို ရရှိခဲ့သည်။ သို့သော်လည်း အာဏာသည် လူကိုပျက်စီးစေတတ်ပြီး၊ အာဏာအလုံးစုံရှိခြင်းသည် အလုံးစုံပျက်စီးစေတတ်သည် ဟူသောအချက်ကို သူသတိမပြုမိခဲ့ပါ။ ထို့ကြောင့် သူသည် စိတ်နှလုံးထဲ၌ မကောင်းသော ရည်ရွယ်ချက်ဖြင့် ဣသရေလလူမျိုးကို ရေတွက်ရန် စေ့ဆော်ခြင်းခံခဲ့ရသည်။ သူ၏လုပ်ရပ်အတွက် မည်သည့်အကြောင်းပြချက်မျှ မပေးနိုင်ခဲ့ပါ။ ဘုရားသခင်သည် သူ၏စိတ်နှလုံးကို သိတော်မူ၏။

ဘုရင်မင်းကြီးသည် မာနစိတ်၏ စေ့ဆော်ခြင်းခံခဲ့ရသည်။ သူသည် လူဦးရေကို ရေတွက်ရန်အတွက် ဒန်မြို့မှဗေရရှေဘမြို့အထိ ဣသရေလတစ်ပြည်လုံးသို့ သွားရောက်ရန် မိမိ၏စစ်ဗိုလ်ချုပ်ယွာဘကို အမိန့်ပေးခဲ့သည်။ ယွာဘသည် ဘုရင်မင်းကြီး၏ စိတ်သဘောထားကို ရိပ်မိသောကြောင့် ယဉ်ကျေးစွာကန့်ကွက်ခဲ့သည်။ ဘုရင်မင်းကြီးသည် သူ့ကို အနိုင်အထက်ပြောဆိုပြီး၊ မှာထားသည့်အတိုင်း မလွဲမသွေလုပ်ဆောင်ရမည်ဟု ပြတ်ပြတ်သားသား ပြောကြားခဲ့သည်။ ထာဝရဘုရားသည် လူဦးရေ အရေအတွက်အပေါ် တည်မှီနေခြင်းမဟုတ်ဘဲ၊ မိမိ၏ထာဝရရည်ရွယ်ချက်အတိုင်း လုပ်ဆောင်တော်မူသည်ဟူသောအချက်ကို ဒါဝိဒ်မေ့လျော့ခဲ့သည်။

ယွာဘနှင့်စကားပြောဆိုခြင်းသည် ဘုရင်မင်းကြီးအား ထာဝရဘုရားသည် သူ့ဘဝတစ်လျှောက်လုံး ပြုလုပ်ပေးခဲ့သမျှအရာအားလုံးကို သတိရစေသင့်သည်။ သို့သော်လည်း သူသည် မိမိ၏ကိုယ်ကိုသိသောစိတ် (လိပ်ပြာ) ကိုပင် နားမထောင်ခဲ့ပါ။ ယွာဘသည် အမိန့်ပေးထားသည့်အတိုင်း သန်းခေါင်စာရင်းကို သွားရောက်ကောက်ယူရန် တာဝန်ရှိခဲ့သည်။ ဤတာဝန်မှာ သာမန်ရိုးရိုးလုပ်ဆောင်ချက်မျှမဟုတ်ပါ။ ၄င်းတို့သည် တစ်နိုင်ငံလုံးအနှံ့ သွားရောက်၍ လူဦးရေကို ရေတွက်ခဲ့ကြသည်။ နေရာဒေသများ၏ နာမည်များနှင့် ၄င်းတို့မည်သို့လုပ်ဆောင်ခဲ့ကြပုံကို ကျမ်းစာထဲတွင် မှတ်တမ်းတင်ထား သည်။ မိမိ၏လုပ်ရပ်တွင် အပြစ်ရှိသော စေ့ဆော်မှုတစ်ခုရှိနေသည်ကို ဘုရင်မင်းကြီးသည် အဘယ်ကြောင့် သတိမပြုမိခဲ့သနည်းဟူသော မေးခွန်းပေါ် ပေါက်လာနိုင်ပါသည်။ ဒါဝိဒ်သည် ထာဝရဘုရားကို ကြောက်ရွံ့ရိုသေသောသူအဖြစ် လူသိများပြီး၊ သူသည် ထာဝရဘုရားထံ လမ်းညွှန်ချက်မတောင်းခံဘဲ မည်သည့် အရေးကြီးသော လှုပ်ရှားမှုကိုမျှ လုပ်ဆောင်လေ့မရှိပါ။

ယင်း၏အဖြေမှာ လူသည်မွေးရာပါသဘာဝအရ အပြစ်သားအဖြစ် မွေးဖွားလာခြင်းဟူသော အချက်ဖြစ်ပါသည်။ လူသားသည် ကျဆုံးခဲ့ သည့်အချိန်မှစ၍ အပြစ်လမ်းသို့ လိုက်ရန်သာ စိတ်ညွတ်တတ်ကြသည်။ ဤအရာသည် ဗာသရှေဘကိစ္စပြီးနောက် ဒါဝိဒ်အကြောင်း ဇာတ်ကြောင်းပြောပြချက်တွင် ဖော်ပြထားသည့် ဒုတိယမြောက် အပြစ်ဒုစရိုက်ဖြစ်သည်။ စိတ်နှလုံးသည် လှည့်ဖြားတတ်သောအရာဖြစ်ပြီး သမ္မာကျမ်းစာက ဤအရာနှင့် ပတ်သက်၍ သတိပေးချက်များစွာပေးထားသည်။ ငြိမ်းချမ်းသောအချိန်များသည် သွေးဆောင်ဖြားယောင်းခြင်း ခံရတတ်သောအချိန်များလည်းဖြစ်သောကြောင့် ကျွန်ုပ်တို့သည် စာတန်၏ပရိယာယ်များကို ဆီးတားကြရမည်ဖြစ်သည်။ (ဧဖက် ၆း၁၁ ကို နှိုင်းယှဉ်ကြည့်ပါ)။

**ဆင်ခြင်ရန်** - အပြစ်သည် နေရာတကား၌ ရှိ၏။ ကျွန်တော် သတိထားရပါမည်။
**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်စိတ်နှလုံးထဲ၌ ရှိသော အပြစ်ပြုလိုခြင်းသဘော မှန်သမျှကို ဖယ်ရှားပေးတော်မူပါ။

တနင်္ဂနွေ၊ စက်တင်ဘာ (၂၇)

၂ ရာ ၂၃-၂၄
ဆာလံ ၃၈း၁-၉

*"အို ထာဝရဘုရား၊ အမျက်တော်ထွက် အကျွန်ုပ်ကို အပြစ်တင်တော်မမူပါနှင့်"*

## ဒါဝိဒ်၏ နောက်ဆုံး နေ့ရက်များ

ယွာဘသည် ဒါဝိဒ်၏ သူရဲကောင်းများထဲတွင် ဘုရင်မင်းကြီး၏အမိန့်ကို လူသိရှင်ကြား ဖီဆန် ခဲ့ပြီး ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရခဲ့သည့် တစ်ဦးတည်းသောသူဖြစ်သည်။ သူသည် ဒါဝိဒ်၏ အစ်မတော်စပ် သူ၏သားဖြစ်ပြီး ဗိုလ်ချုပ်အဖြစ် ခန့်အပ်ခြင်းခံရသည်။ အဗရှလုံ၏ ဖြစ်ရပ်တွင် ဒါဝိဒ်သည် အဗရှလုံ (ဒါဝိဒ်မင်းကြီး၏ သားတော်)၏ အသက်ကို ချမ်းသာပေးရန် အမိန့် ထုတ်ပြန်ခဲ့သော်လည်း၊ ယွာဘသည် အမိန့်ကို ဖီဆန်၍သူ့ကိုသတ်ခဲ့သည်။ ယွာဘ လက်ချက်ဖြင့် အခြားသော လူသတ်မှုများလည်းရှိခဲ့ရာ ထိုအမှုများကို ရှင်ဘုရင်က သဘောမတူ ကန့်ကွက်ခဲ့၏။

အဘိရှဲသည် ယွာဘ၏ညီဖြစ်ပြီး ဒါဝိဒ်မင်းကြီးအပေါ် သစ္စာစောင့်သိသူဖြစ်သည်။ ဘုရင်မင်းကြီးသည် (ဖိလိတ္တိလူများ ပိတ်ဆို့ထားသည့်) ဗက်လင်မြို့ရေတွင်းမှရေကို သောက်သုံး လိုသောအခါ အဘိရှနှင့် အခြားနှစ်ဦးတို့သည် ရန်သူ့တပ်များကို ဖောက်ထွက်၍ ဘုရင်မင်းကြီး အတွက် ရေကို သွားရောက်ခပ် ယူခဲ့ကြသည်။ ဒါဝိဒ်သည် ဤလုပ်ရပ်ကို ၎င်းတို့၏ အသက်ကို စွန့်လွှတ်ပူဇော်ခြင်းအဖြစ် ရှုမြင်ခဲ့သော ကြောင့် ထိုရေကို မသောက်ဘဲ ထာဝရဘုရား ရှေ့တော်၌ သွန်းလောင်းပူဇော်ခဲ့သည်။ ဒါဝိဒ်၏တူ နှစ်ယောက်စလုံးသည် သူ၏နောက်ဆုံး နေ့ရက်များအထိ သူ့လက်အောက်၌ တာဝန် ထမ်းဆောင်ခဲ့ကြ၏။

ဒါဝိဒ်သည် ထာဝရဘုရားကို ကိုးစားခဲ့ပြီး ကိုယ်တော့်ကိုအမြဲတမ်း အသိအမှတ်ပြု ခဲ့သည်။ ထာဝရဘုရားသည် ဒါဝိဒ်၏ ဘဝတွင် ကူညီမစခဲ့သကဲ့သို့ ယနေ့ခေတ်တွင်လည်း ထိုနည်းတူ ကူညီမစတော်မူသည်။ ယင်းမှာ တောင့်တအပ်သော အမွေအနှစ်တစ်ခုဖြစ်သည်။ သခင်ယေရှုသည် မိမိ၏အစေခံများကို ဆုပေးရန် ကြွလာတော်မူသောအခါ သင်သည် နိုးကြားစွာ စောင့်မျှော်နေသည်ကို တွေ့ရမည်လော။

အဆင့်မြင့်ရာထူးအာဏာသည် လူကိုလှည့်ဖြားတတ်ပြီး၊ ထာဝရဘုရား၏ စကားတော်ကို နားမထောင်ဘဲ နေမိစေရန် တွန်းပို့တတ်သည်ဟူ သောအချက်မှာလည်း မှန်ကန်လှပါသည်။ ဤအရာသည် ဒါဝိဒ်၏ နန်းစံသက်နှောင်းပိုင်းတွင်ဖြစ်ပျက်ခဲ့သည်။ သူသည် မိမိ၏အရာရှိများကို ဣသရေလတစ်နိုင်ငံလုံး၌ လူဦးရေစာရင်း (သန်းခေါင်စာရင်း) ကောက်ယူရန် ပေးခဲ့သောအမိန့်မှာ အပေါ်ယံကြည့်လျှင် တရားဝင်ပုံရ သည်။ ထိုသို့သော လုပ်ဆောင်ချက်မျိုးသည် ကောင်းမွန်သော ရည်ရွယ်ချက်ဖြင့် ပြုလုပ်သည့်အခါတွင် လိုအပ်လှပါသည်။ သို့သော် ဤထူးခြားသော ဖြစ်ရပ်တွင်မူ မည်သည့်အကြောင်းပြချက်ကောင်းမျှမရှိခဲ့ပါ။ ထာဝရဘုရားသည် ဒါဝိဒ်၏စိတ်နှလုံးထဲ၌ ဝါကြွားစော်ကားသော မာနစိတ်ကို မြင်တော်မူခဲ့သည်။ ဒါဝိဒ်သည် မိမိ၏အပြစ်ကို မကြာမီ သိရှိနားလည်ကာ နောင်တရခဲ့သည်။ သို့သော်လည်း ထိုအပြစ်၏ အကျိုးဆက်များကိုမူ ရှောင်လွှဲ၍ မရခဲ့ပါ။ ဖြေရှင်းနည်းမှာ ထာဝရဘုရားထံ ပူဇော်သက္ကာပြုလုပ်ခြင်း ဖြစ်သည်။ သူသည် ပရောဖက် ဂဒ်အားဖြင့် လမ်းညွှန်ချက်ကိုခံရပြီး၊ မှာထားသည့်အတိုင်း လိုက်နာ ဆောင်ရွက်ခဲ့သည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ခွင့်လွှတ်တော်မူခြင်းငှါ အစဉ် အသင့်ရှိတော်မူ၏။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၏အပြစ်များကို သိမှတ်လျက်၊ နောင်တရမည်အကြောင်း မစတော်မူပါ။



တနင်္လာ၊ ဇူလိုင် (၆)

၂ ရာ ၂း၁၂-၃၂
ဖေဖက် ၁း၃-၆

*"ဤကမ္ဘာမတည်မရှိမီ ငါတို့ကို ခရစ်တော်၌ ရွေးကောက်တော်မူသည်နှင့်အညီ"*

## ဒါဝိဒ်သည် ဣရှဗောရှက်ကို အနိုင်ယူ၏

ရှောလု၏ စစ်ဗိုလ်ချုပ်ဖြစ်သော၊ အာဗနာသည် ရှောလု၏သား လက်ထဲသို့ တိုင်းပြည်ကို တည်မြဲစေဖို့ရန် ကြိုးစားအားထုတ်ခဲ့ပါသည်။ ထိုသို့ ကြိုးစားအားထုတ်ခဲ့သော်လည်း၊ ဘုရားသခင်၏ ဆုကျေးဇူးသည် လူ့တန်ခိုး အာဏာအားဖြင့် မဟုတ်ပါ။ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား သည် မိမိနှစ်သက်တော်မူသောသူထံ အာဏာ ပေးတော်မူ၏။ စည်းလုံးခြင်းရှိရမည့် လူမျိုးတိုင်းပြည် တပြည်တွင် ရှင်ဘုရင် နှစ်ပါးရှိသည်ဖြစ်သောကြောင့်၊ အာဏာလုခြင်း တိုက်ပွဲကို ရှောင်လွှဲ၍ မရပါ။

ထိုအခြေအနေ၌ ထိုအင်အားနှစ်ခုသည် အချင်းချင်း တိုက်ခိုက်ရကြပါသည်။ လူမျိုးတိုင်း ပြည်တခု၌ ဘုရင်နှစ်ပါး ရှိခြင်း၏ ရလဒ်တခုဖြစ်ပါသည်။ ဒါဝိဒ်၏တူ၊ ယွာဘသည် စစ်ဗိုလ်ချုပ်ဖြစ် ဖြစ်၍ ဂိဗောင်၌ အာဗနာ၏စစ်တပ်နှင့် ဆုံတွေ့ခဲ့ရပါသည်။ ယွာဘ၌ ညီအစ်ကို နှစ်ဦး (အဘိရှဲနှင့် အာသဟေလ) ရှိလျက်၊ သူတို့သည်လည်း စစ်တပ် ခေါင်းဆောင်များဖြစ်ခဲ့ကြပါသည်။ ယွာဘသည် တိုက်ခိုက်ခြင်းကို ယခုအချိန်၌ ရှောင်လွှဲလိုခဲ့ပါသည်။ သို့သော်လည်း၊ ပြဿနာဖြေရှင်းဖို့ရန် တဖက်နှင့်တဖက် အချင်းချင်း သဘောထား ကွဲလွဲခဲ့ကြပါသည်။ ထိုအခါ၊ ဒါဝိဒ်၏ စစ်တပ်က ဂိဗောင်တွင် အနိုင်ရခဲ့ပါသည်။ အာဗနာက အာသဟေလကို သတ်သောအခါ၊ ယွာဘသည် တိုက်ပွဲ ရပ်ဖို့ရန် တံပိုးမှုတ်ခဲ့ပါသည်။ ဤအမှုအပေါင်းသည် ဒါဝိဒ်အား ဣသရေလလူအပေါင်းတို့၏ ရှင်ဘုရင်အဖြစ် တင်မြှောက်ဖို့ရန် ဘုရားသခင်၏အလိုတော်အတိုင်း ဖြစ်ပျက်ခဲ့ခြင်းဖြစ်ပါသည်။

ဗယ်္ယာမိန်အမျိုးသားတို့သည် လက်နက်ချလျက်၊ တိုက်ပွဲ ငြိမ်းအေးခဲ့ပါသည်။ ယွာဘသည် ဒါဝိဒ်၏စစ်တပ်ကို အဆင်သင့် ပြင်ဆင်ထားခဲ့ပါသည်။ ထိုတိုက်ပွဲကြောင့် နှစ်ဖက်စလုံး အသေ အပျောက်ရှိခဲ့ပါသည်။ အာဗနာ၏လူ ၃၆၀ ဦး သေဆုံးခဲ့ပြီး၊ ယွာဘ၏လူ ၂၀ ဦး သေဆုံးခဲ့ပါသည်။ အာသဟေလသည် ရာထူးကြီးထဲမှ သေဆုံးခဲ့သောသူတို့တွင် တဦးဖြစ်ပါသည်။ ဒါဝိဒ်၏ စစ်တပ်သည် ပို၍ပို၍ အင်အားတောင့်တင်းလာခဲ့ပါသည်။

ရှုပ်ထွေးလှသောအခြေအနေ၌ပင်၊ ဘုရားသခင်သည် အရာခပ်သိမ်းကို ထိန်းချုပ် တော်မူလျက်၊ ဒါဝိဒ်သည် ဣသရေလလူအပေါင်းတို့၏ ရှင်ဘုရင်ဖြစ်လာခဲ့ပါသည်။ ဘုရားသခင်၏ အဆုံးစွန်အာဏာတော်ကို လူ့ကြိုးစားအားထုတ်မှုဖြင့် အနိုင် မယူနိုင်ပါ။

**ဆင်ခြင်ရန်** - ပြဿနာကို ဘုရားသခင်၏ဉာဏ်တော်ဖြင့် ဖြေရှင်းခြင်းသည် ရန်ငြိမ်းစေခြင်းဖြင့် အစပြုတတ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်အား ရန်ငြိမ်းစေသောသူ ဖြစ်စေတော်မူပါ။

အင်္ဂါ၊ ဇူလိုင် (၇)
၂ ရာ ၃
ဆာလံ ၄၀း၁-၈

*"မာနထောင်လွှားသောသူနှင့် မိစ္ဆာတရားလမ်းသို့ လွဲသွားသော သူတို့ကို မမှီဝဲ၊ ထာဝရဘုရားကို ကိုးစားသောသူသည် မင်္ဂလာရှိ၏"*

## ဒါဝိဒ်သည် ဣသရေလရှင်ဘုရင်ဖြစ်ဖို့ အသင့်ရှိခဲ့ပါသည်

ဒါဝိဒ်သည် မိမိ၏မိသားစုနှင့် ရှောလု၏မိသားစုအကြား၌ ငြိမ်းချမ်းရေး ယူဆောင်လာဖို့ရန် အစဉ် အဆင်သင့်ရှိခဲ့ပါသည်။ ရှောလု၏ စစ်ဗိုလ်ချုပ်၊ အာဗနာကလည်း ထိုသို့သော ကောင်းမွန်သည့် ဆက်ဆံရေးရှိဖို့ရန် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ သူသည် ရှောလု၏သား၊ ဣရှဗောရှက်ကို ငြင်းပယ်လျက်၊ ဒါဝိဒ်ကို အားပေးထောက်ပံ့လိုကြောင်း ဖော်ပြခဲ့ပါသည်။ ဟေဗြုန်မြို့သို့ ဒါဝိဒ်ထံ သွားခဲ့ပြီး၊ မိမိ၏ရာထူးကို ဖော်ပြခဲ့ပါသည်။ ဒါဝိဒ်၏ စစ်ဗိုလ်ချုပ်၊ ယွာဘသည် ထိုအဖြစ်အပျက်ကို မကျေမနပ်ဖြစ်လျက်၊ အာဗနာကို သတ်ခဲ့ပါသည်။ ဤအမှုသည် သံတမန်အရေး ဆက်ဆံမှုကို ထိခိုက်စေပါသည်။ ဒါဝိဒ်က ယွာဘကို အပြစ်တင်လျက်၊ အာဗနာ ကွယ်လွန်သောကြောင့် ဝမ်းနည်းငိုကြွေးခဲ့ပါသည်။ ဒါဝိဒ်သည် ဣသရေလလူအပေါင်းတို့၏ ရှင်ဘုရင်ဖြစ်ဖို့ရန် အသင့်ရှိခဲ့ပါ၏။

ကောင်းမွန်စွာ စစ်တပ်ဖွဲ့စည်းခဲ့သော၊ ဒါဝိဒ်သည် ပို၍ အင်အား တောင့်တင်းလာခဲ့ပါသည်။ ရာဇပလ္လင်ပေါ်သို့ ထိုင်ဖို့ရန် ရှေ့ဆက်တိုးခဲ့ပါသည်။ ယုဒလူတို့သည် ဒါဝိဒ်ဘက်၌ ရပ်တည်ခဲ့ကြပြီး၊ ဘိသိက် ပေးခဲ့ကြ၏။ ရှောလု၏ စစ်တပ်ထဲတွင်၊ အာဗနာသည် စစ်ဗိုလ်ချုပ်ဖြစ်၏။ ဣရှဗောရှက်သည် အားနည်း၏။ စစ်ရေးအတွေ့အကြုံလည်း မရှိခဲ့ပါ။ ဒါဝိဒ်သည် သူ့ထက်များစွာ အားသာ၏။ တိုင်းပြည်၏ ရှင်ဘုရင်ရာထူးသည် နိုင်ငံရေးနှင့်ဆိုင်သောအမှုဖြစ်၏။ ထိုရာထူးကို ရယူလိုသောသူတို့သည် မာနထောင်လွှားခြင်း၊ မိမိကိုယ်ကို ချီးမြှောက်ခြင်းကြောင့် လွယ်ကူစွာ ပျက်စီးတတ်ကြပါသည်။

ဒါဝိဒ်သည် ပြဿနာများကို ဘုရားသခင် ကြောက်ရွံ့ခြင်းသဘောဖြင့် ကိုယ်တွယ် ဖြေရှင်းဖို့ ကြိုးစားခဲ့ပါသည်။ ထိုသို့ပင်၊ နိုင်ငံရေး ကတောက်ကဆမျာနှင့် လုံးဝကင်းရှင်းသည်ဟူ၍ မရှိနိုင်ပါ။ ထိုအခါ၊ ဘုရားသခင်၏ အဆုံးစွန်အာဏာရှိတော်မူခြင်း ထင်ရှားလာခဲ့၏။ ရှောလု ကွယ်လွန်သောအခါ၊ ဒါဝိဒ်သည် မိမိ နန်းတက်ရမည့်အချိန် ရောက်လာပြီဟု သိမှတ်ခဲ့ပါသည်။ ဘုရားသခင်က ဟေဗြုန်မြို့သို့ ခေါ်ဆောင်တော်မူခဲ့၏။ ထိုနေရာသည် မြို့တော် တည်ဖို့ရန် ကောင်းသောနေရာဖြစ်သည်သာမက၊ အလွန် အဓိပ္ပါယ်ရှိသော နေရာဖြစ်ပါသည်။ ပရောဖက်ပြုချက်အရ ရာဇပလ္လင်သည် ယုဒအမျိုးခံရမည့်ရာထူးပင်ဖြစ်ပါသည်။ ဒါဝိဒ်သည် ဘိသိက်ပေးခြင်းခံရပြီး၊ ဆက်လက်၍ ဘုရားသခင်က သူ၏ခြေလှမ်းကို လမ်းပြစောင့်ရှောက်တော်မူခဲ့၏။

ရှောလုကွယ်လွန်ပြီးနောက်၊ ဒါဝိဒ်ကို စိန်ခေါ်နိုင်သောသူ မရှိသလောက်ဖြစ်လာခဲ့ပါသည်။ ရှောလု စစ်တပ်၌ ဖြစ်ပျက်သောအမှုက သူ့ကို လုံးဝ ကြောက်ရွံ့မှု မပေးခဲ့ပါ။ ဘုရားသခင်အလိုတော်အရ မိမိရှိရမည့်နေရာ၌ ရောက်ရှိလာကြောင်း လုံးဝ သေချာသိခဲ့ပါသည်။ ဂတိတော်ရှိသည်အတိုင်း ဘုရားသခင် ဖြစ်ပျက်စေတော်မူခြင်းဖြစ်ပါသည်။ ဒါဝိဒ်သည် ဣသရေလလူအပေါင်းကို ကောင်းမွန်စွာ အုပ်စိုးခဲ့ပြီး၊ ကောင်းသော ရှင်ဘုရင်အပေါင်းအတွက် စံနမူနာဖြစ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ မျက်နှာသာပေးခြင်းကို နှိမ့်ချသော စိတ်သဘောနှင့် ကျေးဇူးတော်ချီးမွမ်းခြင်းဖြင့် လက်ခံရမည်ဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ ကရုဏာတော်အမှုကို နှိမ့်ချသောသူ၏ အသက်တာ၌ မြင်တွေ့လိုပါ၏။



စနေ၊ စက်တင်ဘာ (၂၆)
၂ ရာ ၂၃
ဆာလံ ၁၂၁

*"ထာဝရဘုရားသည် မကောင်းသောအမှုအရာ အလုံးစုံတို့ကို ကွယ်ကာ၍၊ သင်၏အသက်ကို စောင့်တော်မူလိမ့်မည်"*

## ဒါဝိဒ်၏ ဘဝနိဂုံး

ဒါဝိဒ်၏ဘဝတွင် အကြီးမားဆုံးသော စိန်ခေါ်မှုများမှာ သူသည်ရှင်ဘုရင်တစ်ပါးအဖြစ် ရင်ဆိုင်ခဲ့သောပုန်ကန်မှုများဖြစ်သည်။ အဗရှလုံထံမှလာသော ပုန်ကန်မှုသည် သူ့အား နိုင်ငံတော်၏ အမြင့်ဆုံးရာထူးအာဏာမှ ဖယ်ရှားလုနီးပါးဖြစ်ခဲ့သည်။ ထို့နောက် ရှေဘ၏နောက်ထပ်ပုန်ကန်မှု တစ်ခုထပ်မံပေါ်ပေါက်ခဲ့သည်။ သူ၏တစ်သက်တာလုံးတွင် သူသည် မည်သည့်စစ်ပွဲတွင်မျှ ရှုံးနိမ့်ခြင်းမရှိခဲ့ပါ။ ယင်းမှာ သူ၏ကိုယ်ပိုင်ခွန်အားကြောင့် မဟုတ်ဘဲ၊ သူသည် အမြဲတမ်း ထာဝရဘုရားကို ကိုးစားပြီး စစ်မတိုက်မီ ဆုတောင်းလေ့ရှိသောကြောင့် ဖြစ်သည်။ ဒါဝိဒ်သည် သူဦးဆောင်နေသော လူမျိုးတော်နှင့် နောက်လာနောက်သားမျိုးဆက်များ၏ ဝိညာဉ်ရေးရာတည်ဆောက်စရာဖြစ်ဖို့ရန်အတွက် ဘုရားသခင် မြှောက်စားပြီး ဘက်စုံပါရမီများကို အပ်နှံခြင်းခံရသူဖြစ်သည်။ သူ့ခေတ်ကာလတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဣသရေလလူမျိုးတို့ သိရှိခဲ့ကြပြီး၊ ဘုရားသခင်သည် သူတို့ကိုလမ်းညွှန်ပြသရန် ခေါင်းဆောင်များကို ပေးသနားတော်မူခဲ့သည်။ ဒါဝိဒ်၏ သာ၍ကြီးမြတ်သော သားတော် (သခင်ယေရှု)ကြွလာတော်မူသောအခါ ကိုယ်တော်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များ လူမျိုးတကာတို့ထံသို့ ရောက်ရှိနိုင်ရန် တံခါးကို ဖွင့်လှစ်ပေးခဲ့သည်။

မိမိနိုင်ငံကို ကာကွယ်ရန် ဒါဝိဒ်တိုက်ခိုက်ခဲ့ရသော စစ်ပွဲများသည် မြောက်မြားစွာရှိခဲ့သည်။ ဒါဝိဒ်တွင် အရေးကြီးသော ဆုံးဖြတ်ချက်များချမှတ်ရာ၌ သူ့ကိုကူညီပေးသည့် အတိုင်ပင်ခံ ပညာရှိများရှိခဲ့သည်။ အဗရှလုံ၏ပုန်ကန်မှုကြောင့် ဖြစ်ပွားခဲ့သော အကျပ်အတည်းတွင် ဟုရှဲနှင့် အဟိသောဖေလတို့သည် သူ၏အတိုင်ပင်ခံများအဖြစ် ထင်ရှားခဲ့သည်။ သူ၏အစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အခြားသောအရာရှိများ၏ နာမည်များလည်း ပါဝင်ခဲ့သည်။ သူ၏လက်အောက်တွင် အမှုထမ်းခဲ့ကြသော အခြားသူအများစုမှာ သူ၏စစ်ဗိုလ်ချုပ်များ ဖြစ်ကြသည်။ စစ်သည်တော်များ အောင်ပွဲရသောအခါ မိမိတို့နိုင်ငံသည် ငြိမ်းချမ်းသာယာမှုရှိတတ်သည်။

ယနေ့ခေတ်တွင် မိမိတို့နိုင်ငံကို ကာကွယ်ရန် စစ်ပွဲများ၌ တိုက်ခိုက်ကြသော စစ်သည်တော်များကို ဘွဲ့ထူးဂုဏ်ထူးများနှင့်အခြားသော ဆုတံဆိပ် များ ချီးမြှင့်ခြင်းမှာ ရိုးရိုးထုံးစံပင်ဖြစ်သည်။ ဒါဝိဒ်ဘုရင်ဖြစ်စဉ်ကာလက စစ်ပွဲများစွာတွင် ပါဝင်တိုက်ခိုက်ခဲ့ကြသော ဒါဝိဒ်၏ သူရဲကောင်းများ စာရင်းရှိသည်။ ၎င်းတို့သည် မိမိတို့၏ အောင်မြင်မှုများအတွက် ဂုဏ်ပြုခြင်းခံခဲ့ကြရသည်။ ထိုစာရင်းတွင် ရှောလုမင်းကြီးလက်ထက်က ဖိလိတ္တိလူများကို တိုက်ခိုက်စဉ်ကပင် ဒါဝိဒ်၏လက်အောက်၌ အမှုထမ်းခဲ့သူများမှစ၍၊ သူ၏နောက်ဆုံးနေ့ရက်များအထိ အမှုထမ်းခဲ့သူများအဆုံးပါဝင်သည်။ ထိုစာရင်းတွင် နာမည်ပါရှိသောသူစုစုပေါင်း သုံးဆယ့်ခုနစ်ယောက်ရှိသည်။ ယင်းမှာ ၎င်းတို့နိုင်ငံတော်အတွက် ဆောင်ရွက်ခဲ့သမျှအရာများအတွက် ဆုလာဘ်များ ချီးမြှင့်ပြီး ကျေးဇူးတင်စကားပြောကြားရမည့် အချိန်အခါဖြစ်သည်။ ဒါဝိဒ်သည် ဤသူရဲကောင်းများ၏ ထောက်ခံပံ့ပိုးမှုကို ရရှိသကဲ့သို့၊ ဘုရားသခင်သည်လည်း မှန်ကန်သော ဆုံးဖြတ်ချက်များချနိုင်ရန် သူ့ကို ဉာဏ်ပညာပေးသနားတော်မူခဲ့သည်။ ဒါဝိဒ်သည် ဓမ္မဟောင်းကျမ်းတွင် ထင်ရှားကျော်ကြားခဲ့သည်၊ အကြောင်းမှာသူသည် ဘုရားသခင်ကို သိကျွမ်းသော ခေါင်းဆောင်တစ်ဦးဖြစ်သောကြောင့်ပင်ဖြစ်သည်။ ထို့ပြင် သူသည် ဘုရားသခင်၏စိတ်နှလုံးတော်နှင့် ညီညွတ်သောသူတစ်ဦးလည်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မိမိ စီမံခွဲခန့်တော်မူခဲ့သောအမှုအတွက် လူတို့အား အသုံးပြု၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်ဘဝအတွက် ကိုယ်တော်၏ရည်ရွယ်ချက်ကို အကျွန်ုပ်အား သိစေတော်မူပါ။

သောကြာ၊ စက်တင်ဘာ (၂၅)
၂ ရာ ၂၃
ဆာလံ ၂၃

*"ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။ ငါသည် ဆင်းရဲမခံရ"*

## ဂီတပညာရှင် ဒါဝိဒ်

စစ်သည်တော်တစ်ဦးအဖြစ် အောင်မြင်မှုများအပြင် ဒါဝိဒ်တွင် ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေရန် အသုံးပြုခဲ့သည့် အခြားသော ပါရမီထူးတစ်ခုလည်း ရှိပါသေးသည်။ သူသည် ဆုကျေးဇူးခံစားရသော ဂီတပညာရှင်တစ်ဦးဖြစ်ပြီး တူရိယာများကို ကျွမ်းကျင်စွာတီးခတ်နိုင်သူဖြစ်သည်။ သူသည် ရှောလုမင်းကြီးထံ၌ ခစားအသုံးတော်ခံစဉ်ကပင် ဤပါရမီကို စတင်ပြသခဲ့သည်။ သူသည် ဣသရေလအမျိုးတွင် သာယာသော ဆာလံသီချင်းကို စပ်ဆိုသောသူ ဟူသော အမည်နာမကို ရရှိခဲ့သည် (၂ ရာ ၂၃း၁)။ ထို့ပြင် သူသည်ထူးချွန်သော ကဗျာဆရာတစ်ဦးလည်း ဖြစ်သည်။ ထိုဆာလံသီချင်းများ၏ အရည်အသွေးသည် ကာရန်ညီညွတ်ခြင်းနှင့် သာယာနာပျော်ဖွယ်ရှိသော သံစဉ်များပေါ်တွင်သာ တည်မှီနေခြင်းမဟုတ်ဘဲ၊ ၎င်း၏ ဝိညာဉ်ရေးရာအနှစ်သာရအပေါ်တွင် ပိုမိုတည်မှီနေသည်။ သူသည် ဤကဏ္ဍတွင်လည်းဆုကျေးဇူးကို ခံစားခဲ့ရသည်။ သမ္မာကျမ်းစာထဲတွင် မှတ်တမ်းတင်ထားသော သူ၏ဆာလံသီချင်းအားလုံးကို ဘုရားသခင်၏နှုတ်ကပတ်တော်အဖြစ် အသိအမှတ်ပြုကြသည်။ ၎င်းတို့အားလုံးသည် ဘုရားသခင်မှုတ်သွင်းထားခြင်းဖြစ်ပြီး ဘုရားသခင်၏သမ္မာတရား ဖြစ်ကြသည်။ ၎င်းတို့ကို ဖတ်ရှုရွတ်ဆိုကြသူများနှင့် သီဆိုကြသူများအားလုံး၏ဝိညာဉ်ရေးရာ အကျိုးကျေးဇူးအတွက် ရေးသားထားခြင်းဖြစ်သည်။ ဘုရားသခင်သည် မိမိ၏လူမျိုးအား ကောင်းချီးပေးရန်အတွက် ဒါဝိဒ်ကို ရွေးကောက်၍ ထိုဆုကျေးဇူးကို ပေးခဲ့သည်။ သူ၏ ဆာလံသီချင်းများနှင့် ပတ်သက်၍ ပြောဆိုရေးသားချက်များစွာရှိခဲ့ပြီးဖြစ်သည်။

လူသိများလှသော ဆာလံ ၂၃ သည် မိမိကိုယ်တိုင်အကြောင်းကို ရေးသား ခဲ့ခြင်းဖြစ်သော်လည်း၊ ဤဆာလံသီချင်းသည် ယုံကြည်သူ အားလုံးနှင့် သက်ဆိုင်လှပါသည်။ ၎င်းသည် မျိုးဆက်ပေါင်းများစွာအတွက် ကောင်းကြီးတစ်ခုဖြစ်ခဲ့သည်။ တိုက်တွန်းနှိုးဆော်ရန်အတွက် သူ၏စိတ်နှလုံး ဖော်ပြချက်များကို ထပ်ခါတလဲလဲပြောဆိုရန် ထိုက်တန်လှသည်။ ဒါဝိဒ်၏ ဖော်ပြချက်များတွင် ဘုရားသခင်သည် ဗဟိုချက်ဖြစ်သည်။ အခြားသော ဆာလံသီချင်းများတွင် သူသည် ဘုရားသခင်ကို ဣသရေလအမျိုး၏ ကျောက်တောင်အဖြစ် အသိအမှတ်ပြုခဲ့သည်။ ဤအကြောင်းအရာတွင် သူသည် ကာကွယ်စောင့်ရှောက်ခြင်းအကြောင်းကို ပြောဆိုနေခြင်းဖြစ်သည်။ သူသည် ဘုရားသခင်နှင့် မိမိ၏ဆက်ဆံရေးပုံရိပ်ကို သရုပ်ဖော်ရန် ဤအချက်ကို အသုံးပြုခဲ့သည်။ ဘုရားသခင်၏ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အာမခံချက်အဖြစ် ဘုရားသခင်၏ ပိဋ္ဌိညာဉ်တရားတော်အကြောင်းကို သူပြောဆိုခဲ့သည်။ သူသည် ဗေလျာ၏ သားသမီးများ (ဆိုးညစ်သောသူများ) အပေါ် အောင်နိုင်ခဲ့ပြီး၊ ထိုရန်သူများ၏ ပျက်စီးခြင်းအကြောင်းကိုလည်း ပြောပြခဲ့သည်။

ဒါဝိဒ်၏ဘဝနှင့် သူ၏အတွေ့အကြုံများက သူသည် ဘက်စုံပါရမီရှင်တစ်ဦးဖြစ်ကြောင်း ပြသခဲ့သည်။ သူသည် ဝိညာဉ်ရေးရာ ခေါင်းဆောင်တစ်ဦးဖြစ်ပြီး၊ ထိုမျှော်လင့်ချက်အားလုံးကို ပြည့်မီစေရန် အကောင်းဆုံး လုပ်ဆောင်ခဲ့သည်။ ဘုရားသခင်အပ်နှင်းထားသော တာဝန်ဝတ္တရားများ၏ တောင်းဆိုချက်အားလုံးကို သူအောင်မြင်စွာဖြည့်ဆည်းပေးနိုင်ခဲ့သည်ဟု ဆိုနိုင်သည်။ ဆာလံသီချင်းများနှင့် သာယာသော ဂီတသံစဉ်များသည် သူ့ကို ကြီးစွာသောဝမ်းမြောက်ခြင်းကို ပေးခဲ့သည်။

**ဆင်ခြင်ရန်** - ဘုရားသခင် ပေးသနားတော်မူသော ဆုကျေးဇူးများကို သူတပါးအကျိုးအတွက် အသုံးပြုဖို့ရန် ဖြစ်ပါသည်။

**ဆုတောင်းချက်** - အဖဘုရား၊ ယနေ့ အသင်းတော်ကို ကောင်းကြီးပေးဖို့ရန် ကိုယ်တော့် စေခံကျွန်များကို အသုံးပြုတော်မူပါ။



ဗုဒ္ဓဟူး၊ ဇူလိုင် (၈)
၂ ရာ ၃
မသဲ ၅း၁-၁၁

*"ခိုက်ရန်ပြုခြင်းကို ငြိမ်းစေတတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်ခြင်းကို ခံရကြလတ့ံ"*

## အာဗနာ၊ ငြိမ်းချမ်းရေး သံတမန်

အာဗနာသည် ဒါဝိဒ်လက်အောက်၌ တိုင်းပြည် စည်းလုံးဖို့ရန်အတွက် အဓိကကျသော ပုဂ္ဂိုလ်ဖြစ်ခဲ့ပါသည်။ သူသည် အသေးအမွှားကိစ္စ၌ ဣရှဗောရှက်နှင့် သဘောမတူခဲ့ပါ။ ထို့ကြောင့် ဒါဝိဒ်ကို ထောက်ပံ့ဖို့ရန် ဆုံးဖြတ်ခဲ့ပါသည်။ ထိုနည်းတူ လူများတို့ကိုလည်း ထိုသို့ ဒါဝိဒ်ကို ထောက်ခံဖို့ရန် စည်းရုံးခဲ့ပါသည်။ ရှောလု အိမ်တော်၌ မိမိပြုခဲ့သောအမှုကို ပြောပြခဲ့၏။ စစ်ဗိုလ်ချုပ်ဖြစ်သည် နည်းတူ၊ လူများတို့ကို လွှမ်းမိုးနိုင်သော အရည်အချင်း သူ၌ရှိခဲ့ပါသည်။ နန်းလုပွဲ၌ သူသည် ရှောလုကို ကာကွယ်ခဲ့ပြီး၊ ဒါဝိဒ်လက်ထဲသို့ မဆက်သခဲ့ပါ။ သို့သော်လည်း၊ ယခုအချိန်တွင် ဘုရားသခင်က ဒါဝိဒ်အား ရှင်ဘုရင်အဖြစ် ခန့်အပ်မည်အကြောင်း ဂတိပေးတော်မူသည်ဟု သူဖော်ပြခဲ့ပါသည်။ ထို့ကြောင့်၊ ဣရှဗောရှက်အား ယခု မိမိသည် ဒါဝိဒ်ကို ထောက်ခံအားပေးမည်အကြောင်း ပြောပြခဲ့ပါသည်။ ဒါဝိဒ်သည် ဒန်မြို့မှစ၍ ဗေရရှေဘမြို့တိုင်အောင် အုပ်စိုးလိမ့်မည်။ အာဗနာသည် ဣသရေလအမျိုးအပေါင်းတို့အား ဒါဝိဒ်ကို ရှင်ဘုရင်အဖြစ် ထောက်ခံအားပေးဖို့ရန် မိမိ တိုက်တွန်းနိုင်လိမ့်မည်ဟု ယုံကြည်ခဲ့ပါသည်။ နောက်ဆုံးတွင် ဒါဝိဒ်၏ လက်အောက်၌ တိုင်းပြည်တခုလုံး စည်းလုံးခြင်း ရှိခဲ့ပါသည်။

အာဗနာသည် ဒါဝိဒ်ထံ သံတမန်များကို စေလွှတ်လျက်၊ ပူးပေါင်းဖို့ရန် အခွင့်တောင်းခဲ့ပြီး၊ ဒါဝိဒ်ထံ သစ္စာပြုခဲ့ပါသည်။ သူသည် သူစိမ်းမဟုတ်၊ ဒါဝိဒ်နှင့်အတူ ရှောလုလက်အောက်၌ အမှုထမ်းခဲ့သောသူဖြစ်ပါသည်။ ဒါဝိဒ်သည် စစ်ဗိုလ်ချုပ်ဖြစ်ခဲ့ပြီး၊ အာဗနာသည် တပ်မှူးတဦးဖြစ်ခဲ့ပါသည်။ ဒါဝိဒ်က ကောင်းမွန်စွာ တုန့်ပြန်လျက်၊ တောင်းဆိုမှု တခုအပေါ် အခြေခံလျက် သူနှင့်တွေ့ဖို့ရန် သဘောတူခဲ့ပါသည်။

ဒါဝိဒ်သည် ရှောလု၏ သမီးတော်၊ မိခါလနှင့် လက်ထပ်ခဲ့ပြီးနောက်၊ ရှောလုက သူ့သမီးကို အခြားသူတဦးထံ ပေးခဲ့၏။ ဒါဝိဒ်က မိခါလ မပါဘဲ မိမိကို လာမတွေ့ဖို့ အာဗနာအား ဆိုခဲ့၏။ ထို့ကြောင့်၊ အာဗနာသည် မိခါလကို ခေါ်လျက်၊ ဣသရေလလူကြီးများတို့အား ဒါဝိဒ်ကို ထောက်ခံကြဖို့ရန် တိုက်တွန်းခဲ့ပါသည်။ သူသည် မိမိနှင့်အတူ လူနှစ်ဆယ်ဦးကို ခေါ်လာလျက်၊ ဣသရေလလူအပေါင်းတို့သည် ဒါဝိဒ်ဘက်၌ ရပ်တည်ကြကြောင်း ဖော်ပြလာခဲ့၏။ ဒါဝိဒ်ကလည်း သူတို့အတွက် ပွဲကျင်းပပေးခဲ့ပြီး၊ တိုင်းပြည်အရေးကို ဆွေးနွေးလျက်၊ သဘောတူညီမှု စာချုပ် ချုပ်ခဲ့ကြပါသည်။ ဒါဝိဒ်အား ရှင်ဘုရင်အဖြစ် တင်မြှောက်ဖို့ရန် လိုအပ်သော ထောက်ခံမှုကို ရယူပေးခဲ့သောကြောင့်၊ အာဗနာသည် ဣသရေလလူတို့၏ ထောက်ခံမှုကို ကိုးစားပြုသောသူဖြစ်ပါသည်။

**ဆင်ခြင်ရန်** - နိုင်ငံ့အရေးပြသနာကို ငြိမ်းချမ်းရေးလိုလားသော စိတ်သဘောဖြင့် ချဉ်းကပ်ခြင်းသည် ကောင်းကင်၏အလိုတော်ဖြစ်ပါသည်။

**ဆုတောင်းချက်** - အဖဘုရား၊ ပြသနာဖြစ်ပွားသောကာလ၌ ငြိမ်းချမ်းခြင်း သံတမန်များကို ပေါ်ထွန်းစေတော်မူပါ။

ကြာသပတေး၊ ဇူလိုင် (၉)
၂ ရာ ၃း၂၁-၃၉
ကောလော ၁း၁၀-၁၄

*"သင်တို့သည် ကောင်းသောအကျင့်အမျိုးမျိုးတည်းဟူသော အသီးကိုသီးခြင်း၊ . . . သခင်ဘုရားနှင့် ထိုက်လျောက်စွာ ကျင့်၍ အရာရာ၌ နှစ်သက်တော်မူစေခြင်းငှါ"*

## အာဗနာအသတ်ခံရခြင်းက ငြိမ်းချမ်းရေးကို ထိခိုက်စေ၏

ယွာဘ၏ အာဗနာ သတ်ခြင်းသည် သံတမန်အရေးကို ထိခိုက်စေပါသည်။ ဒါဝိဒ်နှင့် အာဗနာသည် ဣသရေလ စည်းလုံးရေးအတွက် အရာရာကို ပြင်ဆင်ခဲ့ကြ၏။ ရှင်ဘုရင်ကို တွေ့ဖို့ရန် အာဗနာနှင့် သူ့လူများ လာရောက်သောအချိန်၌၊ ဒါဝိဒ်၏ စစ်ဗိုလ်ချုပ် ယွာဘ မရှိခဲ့ပါ။ ယွာဘ ရောက်လာသောအခါ၊ ဒါဝိဒ်၏ကျွန်များက အာဗနာ လာရောက်ခဲ့ခြင်းနှင့် ရှင်ဘုရင်၏ လက်ခံတွေ့ဆုံခြင်းတို့ကို ပြောကြားခဲ့ကြပါသည်။

ယွာဘသည် အာဗနာအပေါ် အခဲမကျေဖြစ်ခဲ့၏။ အရင် တိုက်ပွဲ၌၊ အာဗနာက ယွာဘ၏ ညီ အာသဟေလကို သတ်ခဲ့ပါသည်။ ယွာဘက ရှင်ဘုရင်အား အာဗနာသည် ရိုးသားမှု မရှိ၊ လှည့်စားဖို့ရန် လာခဲ့ခြင်းဖြစ်ကြောင်း လျှောက်ခဲ့၏။ ယွာဘက အာဗနာကို ဟေဗြုန်မြို့သို့ ပြန်ခေါ်လာဖို့ရန် သံတမန်များကို စေလွှတ်ခဲ့ပြီး၊ ယွာဘက သူ့ကို သတ်ခဲ့ပါသည်။ ထိုအမှုသည် ဒါဝိဒ်နှင့် အာဗနာအကြား ပြုခဲ့သော သံတမန်ဆက်ဆံရေးကို ထိခိုက်စေခဲ့ပါသည်။ ထိုအမှုက ယွာဘကို ဒုက္ခပေးလိမ့်မည်ဖြစ်၏။ သို့သော်လည်း၊ ထိုအမှုက တိုင်းပြည်စည်းလုံးဖို့ရန် ကြိုးစားမှုကို မရပ်တန့်စေခဲ့ပါ။ ဒါဝိဒ်၏ တုန့်ပြန်မှုက တိုင်းပြည် စည်းလုံးမှုကို ထိန်းသိမ်းထားခဲ့ပါသည်။ ဘုရားသခင်သည် အဆုံးစွန် အာဏာရှိတော်မူ၏။

ဒါဝိဒ်သည် အာဗနာ ကွယ်လွန်သောကြောင့် ငိုကြွေးခဲ့ပြီး၊ ထိုလူသတ်မှုကို ရှုတ်ချခဲ့ပါသည်။ ငြိမ်းချမ်းရေး လိုလားသောအချိန်၌ ထိုသို့ လူသတ်မှုကို လွန်ကျူးသော ယွာဘအား ကျိန်ဆဲခဲ့ပါသည်။ ဒါဝိဒ်က အာဗနာအတွက် ဝမ်းနည်းငိုကြွေးခြင်းပြုဖို့ရန် အမိန့်ပေးခဲ့ပါသည်။ စျာပနအခမ်းအနားကို ပြုစေလျက်၊ အာဗနာအား ဟေဗြုန်မြို့၌ ကောင်းမွန်စွာ သင်္ဂြိုလ်ပေးခဲ့ပါသည်။ ဒါဝိဒ်သည် ဝမ်းနည်းငိုကြွေးလျက်၊ မြည်တမ်းစကား စပ်ဆိုခဲ့ပါသည်။ သူသည် အစာရှောင်လျက်၊ ဣသရေလအမျိုး၏ မင်းသားဟု အာဗနာကို ခေါ်ခဲ့ပါသည်။ ယွာဘသည် ချက်ချင်း အပြစ်ပေးခြင်း မခံရသော်လည်း၊ ဒါဝိဒ်သည် မမေ့လျော့ခဲ့ပါ။ နောက်၌ စီရင်ခြင်းကို ခံရလိမ့်မည်ဖြစ်ပါသည်။

ဤအဖြစ်အပျက်တို့သည် ဒါဝိဒ်ထံ ဘုရားသခင် မိန့်တော်မူခဲ့သောအရာ ပြည့်စုံဖို့ရန် ဖြစ်လာခဲ့ပါသည်။ ဒါဝိဒ်သည် ခေါင်းဆောင်ဖြစ်၍၊ သူ၏ရာဇပလ္လင်ကို ခြိမ်းခြောက်သောသူများသည် ရှုံးနိမ့်ကြပါလိမ့်မည်။ ဘုရားသခင်၏ဂတိတော်သည် အောင်မြင်မှုကို ဖြစ်စေပါသည်။ ဖြစ်ပျက်သောအမှုများ၌ ဝိညာဉ်ရေးရာ မရင့်ကျက်မှုများ တွေ့ရသော်လည်း၊ ထိုအမှုတို့သည် လူသားတို့၏ ယိုယွင်းမှုကြောင့် ပြုသောအမှုဖြစ်ကြပါသည်။ ဘုရားသခင်သည် အဆုံးစွန်အာဏာရှိတော်မူသောသူဖြစ်သောကြောင့်၊ ဖြစ်ပျက်သောအမှုအလုံးစုံတို့သည် အဆုံးစွန်အာဏာတော်၏ အလိုတော်အတိုင်း ဖြစ်ပျက်လာခဲ့ခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏သားသမီးတို့သည် လူ့အသက်သတ်ခြင်းကို မပြုရပါ။ "လူ့အသက်ကို မသတ်နှင့်" (ထွက် ၂၀း၁၃) ဟူသော ပညတ် တည်လျက်ရှိ၏။

**ဆုတောင်းချက်-** အဖဘုရား၊ အပြစ်မဲ့သော သူအပေါ် အပြစ်မကျူးလွန်စေခြင်းငှါ အကျွန်ုပ်၏ လက်ကို စောင့်ရှောက်တော်မူပါ။



ကြာသပတေး၊ စက်တင်ဘာ (၂၄)
၂ ရာ ၂၃
ဆာလံ ၂၉

*"ထာဝရဘုရားသည် မိမိလူစုကို ခိုင်ခံ့စေတော်မူမည်။ ထာဝရဘုရားသည် မိမိလူစုအား ငြိမ်သက်ခြင်း ကောင်းကြီးမင်္ဂလာကို ပေးတော်မူမည်"*

## စစ်ဘက်ဆိုင်ရာ ခေါင်းဆောင် ဒါဝိဒ်

ထိုဂေါလျက်ဖြစ်ရပ်ပြီးနောက်တွင် ဒါဝိဒ်သည် တန်ခိုးကြီးသော စစ်ဗိုလ်ချုပ်တစ်ဦး ဖြစ်လာခဲ့သည်။ သူသည် မိမိတိုက်ခဲ့သမျှ စစ်ပွဲတိုင်းတွင် အောင်နိုင်ခဲ့သည်။ သူ့အပေါ် သစ္စာစောင့်သိပြီး ပေးဆပ်စွန့်လွှတ်ဝံ့သည့် လူယုံတော်များရှိခဲ့သည်။ သူ၏ဘဝနှင့် နိုင်ငံတော်ကို အုပ်ချုပ်သည့် ဘုရင်ဘဝကို ထင်ရှားစေသည့် အဓိက အချက်အချို့ရှိသည်။ ပထမအချက်မှာ သူသည်ထူးချွန်ပြောင်မြောက်သော စစ်ဗိုလ်ချုပ်တစ်ဦး ဖြစ်ခြင်းပင်ဖြစ်၏။

ဒါဝိဒ်သည် သူ၏နိုင်ငံတော်ကို အုပ်ချုပ်သောဘုရင်အဖြစ်လည်းကောင်း၊ မျိုးဆက်ပေါင်းများစွာ အုပ်စိုးခဲ့သည့် ယုဒအမျိုးအနွယ်မင်းဆက်၏ ပထမဦးဆုံးသောဘုရင်အဖြစ်လည်းကောင်း လူသိများခဲ့သည်။ ဘုရားသခင်သည် ရှမွေလကို စေလွှတ်၍ ဒါဝိဒ်အား ဘုရင်အဖြစ် ဘိသိက်ပေး စေခဲ့ချိန်တွင် သူ၏ခေါင်းဆောင်မှုကို အတည်ပြုတော်မူခဲ့သည်။ ဣသရေလနိုင်ငံ၏ ရာဇပလ္လင်ပေါ်သို့ သူတက်လှမ်းခွင့် ရရှိခြင်းသည် တော်ဝင်မိသားစုအတွင်း ပုံမှန်ထီးနန်းဆက်ခံသည့် လုပ်ထုံးလုပ်နည်းနှင့် ဆန့်ကျင်နေ သော်လည်း၊ လှုပ်ရှားမှုတိုင်းက သူ့ကိုရှောလုမင်းကြီး၏ အရိုက်အရာကို ဆက်ခံမည့်သူအဖြစ် ညွှန်ပြ နေခဲ့သည်။ ရှောလုမင်းကြီး၏သားတော်ဖြစ်ပြီး တရားဝင်အိမ်ရှေ့မင်းသားဖြစ်သော ယောနသန်ကိုယ်တိုင် က ဒါဝိဒ်သည် ဘုရင်ဖြစ်ရန် သတ်မှတ်ခံထားရသူဖြစ်ကြောင်း သဘောတူလက်ခံခဲ့သည်။ ဒါဝိဒ်၏ဘဝတွင် အားနည်းချက်များ ရှိခဲ့သော်လည်း သူသည် မှားယွင်းမှုကို လျင်မြန်စွာ ပြုပြင်တည့်မတ်တတ်သူဖြစ်သည်။

နိုင်ငံတော် ပြိုကွဲပျက်စီးချိန်ကာလက နေဗတ်၏သား ယေရောဗောင်သည် ဆိုးညစ်သောဘုရင်များ၏ စံနှုန်းအတိုင်းအတာတစ်ခုဖြစ်ခဲ့သကဲ့သို့၊ ဒါဝိဒ်သည်လည်း ကောင်းမွန်သောအုပ်ချုပ်သူဘုရင်များ၏ စံပြဖြစ်လာခဲ့သည်။ ဒါဝိဒ်သည် သတ္တိရှိသူ ဖြစ်ပြီး ထာဝရဘုရားထံ လမ်းညွှန်ချက်မတောင်းခံဘဲ မည်သည့် စစ်ရေးလှုပ်ရှားမှုကိုမျှ မလုပ်ဆောင်ခဲ့ပါ။ သူသည် ဖိလိတ္တိလူကောင်ကြီးနှင့် ရင်ဆိုင်စဉ်က ခြင်္သေ့နှင့် ဝက်ဝံတို့ကို နှိမ်နှင်းခဲ့ရသည့် အတိတ်ကအတွေ့အကြုံများကြောင့် အောင်ပွဲရမည်ကို သေချာပေါက် ယုံကြည်လျက် ထာဝရဘုရားကို ကိုးစားခဲ့သည်။ ထို့ကြောင့်လည်း သူသည် ယုံကြည်စိတ်ချမှုအပြည့်ဖြင့် ပြောဆိုနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုအစပြုခြင်းမှနေ၍ စစ်ပွဲဟူသည် တန်ခိုးအာဏာဖြင့် အောင်နိုင်ခြင်းမဟုတ်ဘဲ ထာဝရဘုရားကို ကိုးစားခြင်းဖြင့်သာ အောင်နိုင်ကြောင်း သူ သက်သေပြခဲ့သည်။ ဂေါလျက် ရှုံးနိမ့်သွားပြီး နောက် ရှောလုမင်းကြီး သည် ဒါဝိဒ်ကို စစ်ဗိုလ်ချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ သို့သော်လည်း အမျိုးသမီးထုက ဒါဝိဒ်နှင့် ရှောလုတို့၏အောင်မြင်မှုကို သီချင်းဆိုချီးမွမ်းကြရာတွင် ဒါဝိဒ်ကို ပိုမို၍ ဂုဏ်ပြုချီးကျူးကြသောအခါ ရှောလုသည် မကျေမနပ်ဖြစ်ခဲ့သည်။

ဒါဝိဒ်သည် ဘုရင်ဖြစ်လာမည့်သူဖြစ်ကြောင်း ရှောလုသိရှိခဲ့သည်။ ဒါဝိဒ်သည် အဓိကအားဖြင့် ဖိလိတ္တိလူများနှင့် အခြားသော တိုင်းတစ်ပါးလူမျိုးများကို တိုက်ခိုက်ရာတွင် သူ၏စစ်ရေးစွမ်းရည်ကို ပြသခဲ့သည်။ သို့သော် ဖြစ်ရပ်တစ်ခုတွင်မူ သူသည် မိမိ၏ကျွမ်းကျင်မှုကို အလွဲ သုံးစားပြုပြီး ဥရိယကို စစ်မြေပြင်၌ ရည်ရွယ်ချက်ရှိရှိဖြင့် သေခံစေခဲ့သည်။ ဒါဝိဒ်သည် ထာဝရဘုရား ရှေ့တော်၌ နောင်တရကာ အပြစ်ဝန်ခံခဲ့ပါသည်။ ခြုံငုံပြောရလျှင် ဒါဝိဒ်သည် ထူးချွန်သော စစ်သည်တော် တစ်ဦးဖြစ်သည်။ ထိုရှေးဦးကာလများတွင် ယနေ့ခေတ်ကဲ့သို့ စနစ်တကျ စစ်ပညာသင်တန်း တက်ရောက် ခြင်းမျိုး မရှိခဲ့ပါ။ သို့သော်လည်း ဒါဝိဒ်၏ စစ်ရေးစွမ်းရည်မှာ ဘုရားသခင်ထံတော်မှ ရရှိသောဆုကျေးဇူးတစ်ခုဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင် ပေးတော်မူသော ဆုကျေးဇူးများသည် လက်တွေ့လုပ်ဆောင်မှုဖြင့် ထင်ရှားတတ်ကြ၏။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်ပိုင်ဆိုင်သော ဆုကျေးဇူးများကို ကိုယ်တော်၏ဘုန်းတော် ထင်ရှားဖို့အတွက် အသုံးပြုမည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ စက်တင်ဘာ (၂၃)
၂ ရာ ၂၃
၂ တိ ၂း၁-၅

*"ကောင်းသောစစ်သူရဲကဲ့သို့၊ ဆင်းရဲဒုက္ခကို သည်းခံလော့"*

## ဒါဝိဒ်၏ ငယ်ရွယ်စဉ်ဘဝ ပြန်လည်သုံးသပ်ခြင်း

ဒါဝိဒ်သည် ဣသရေလရှင်ဘုရင်အဖြစ် သူ၏နောက်ဆုံးနေ့ရက်များသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ထို့အပြင် သူသည်မြေကြီးပေါ် သူ၏ဌေ့သည် ဘဝခရီးစဉ်ကိုလည်း အဆုံးသတ်ရန် အသင့်ဖြစ်နေပြီဖြစ်၏။ သူ၏နောက်ဆုံးစကားများက သူ့အား တန်ခိုးကြီးသောရှင်ဘုရင်တပါးအဖြစ်ငှင်း၊ ထာဝရဘုရားကို ကြောက်ရွံ့သောသူတစ်ဦးအဖြစ်ငှင်း ဖော်ပြထားပါသည်။ သူသည် မိမိ၏ စိတ်နှလုံးကိုငှင်း၊ ဘုရားသခင်နှင့်သူ၏ဆက်ဆံရေးကိုငှင်း စကားအားဖြင့်လည်းကောင်း၊ သူရေးစပ်ခဲ့ သော ဆာလံသီချင်းများအားဖြင့်လည်းကောင်း ဖော်ပြခဲ့ပါသည်။

သူသည် မိမိအဘအိမ်တွင် စကားနားထောင်သော သိုးထိန်း ဘဝဖြင့် စတင်ခဲ့သည်။ သူသည် ယေရှဲ၏အငယ်ဆုံးသားဖြစ်ပြီး ထိုခေတ်က ယောက်ျားလေးများ၏ အဓိကအလုပ်မှာ သိုးကျောင်းခြင်းဖြစ်သည်။ ယုဒလူတို့သည် သိုးများကို အသားစားဖို့ရန်အတွက်ငှင်း၊ ယဇ်ပူဇော်ရန် အတွက်ငှင်း၊ နို့ရရှိရန်အတွက်ငှင်း မွေးမြူကြသည်။ တိရစ္ဆာန်များအတွက် လုံလောက်သောမြက်ရှိသည့် စားကျက်မြေများမရှိခဲ့ပါ။ ထို့ကြောင့် သူတို့ကို အစာကျွေးဖို့အတွက် ဝေးလံသောနေရာများ သို့ သွားကြရသည်။ ထို့ပြင် သိုးများကိုသားရဲ တိရစ္ဆာန်များရန်မှ ကာကွယ်ရန်လည်း လိုအပ်ခဲ့ သည်။ သူသည် မိမိအဘ၏သိုးများကို သတ်စားရန် ကြံစည်သော ခြင်္သေ့နှင့်ဝက်ဝံတို့ကို သတ်ပစ်နိုင် ခဲ့သည့် ဖြစ်ရပ်အချို့ရှိကြောင်း တွေ့ရပါသည်။ ထိုသို့ပြုနိုင်ဖို့ ခွန်အားပေးခဲ့သူမှာ ထာဝရဘုရား ဖြစ်ကြောင်းကို သူထပ်လောင်း ပြောကြားခဲ့သည်။ ထို့ကြောင့် သိုးထိန်းတစ်ဦး၏အလုပ်သည် သိုးများကိုမြက်စားရန် ခေါ်ဆောင်သွားရုံသာ မဟုတ်ပါ။ ဒါဝိဒ်သည် ထိုတာဝန်ကို ထိရောက်စွာ ထမ်းဆောင်ခဲ့သည်။ သူသည် ဘုရားသခင်ကို ကိုးစားလျှင် အရာခပ်သိမ်းဖြစ်နိုင်ကြောင်းကို မိမိကိုယ်ကို ခွန်အားပေးဖို့ရန် သိုးထိန်းဘဝက ရရှိခဲ့သောအောင်မြင်မှုများကို အသုံးပြုခဲ့သည်။ သူ၏ဝိညာဉ်ရေးရာရင့်ကျက်မှုသည် ဘုရားသခင်၏ကျေးဇူးတော် ဆုကျေးဇူးဖြစ်ပါသည်။ ယေရှဲသည် ဒါဝိဒ်အား ကလေးဘဝကတည်းက ယုံကြည်အားကိုးခဲ့သည်။

ဖိလိတ္တိလူတို့သည် ဣသရေလလူတို့ကို စစ်တိုက်သောခါ ဒါဝိဒ်၏ အစ်ကိုသုံးယောက် သည် ဣသရေလနိုင်ငံအတွက် စစ်မှုထမ်းခဲ့ကြသည် (၁ ရာ ၁၇း၁၃)။ ဒါဝိဒ်ကို သူ၏အစ်ကိုများထံ အစားအစာပို့ဖို့ရန် အဘက စေလွှတ်ခဲ့သည်။ ထိုခရီးစဉ်အတွင်းမှာပင် သူသည် တိုင်းတပါးစစ်တပ် က ဣသရေလလူမျိုးကို စိန်ခေါ်သည့်အဖြစ်ကိုမြင်တွေ့ခဲ့ရသည်။ သူသည် ဂေါလျက်ကို တိုက်ခိုက် ရန် ကမ်းလှမ်းခဲ့သည်။ သူသည် ယုံကြည်မှုအပြည့်ဖြင့် ပြောဆိုခဲ့ခြင်းဖြစ်ပါသည်။

ဘုရားသခင်က မိသားစုတွင်အငယ်ဆုံးသားဖြစ်သော ဒါဝိဒ်ကိုအစကတည်းက ရွေးကောက်တော်မူခဲ့ပြီး သူ့ကိုအံ့ဘွယ်အောင်မြင်ခြင်းကိုပေးခြင်းဖြင့် လူတို့ရှေ့တွင် မျက်နှာသာပေးခဲ့ သည်။ ဒါဝိဒ်သည် ဖိလိတ္တိလူ လူကောင်ကြီးကို သတ်စဉ်က အလွန်ငယ်ရွယ်သေးသည်။ ထိုအောင်မြင်မှုက တစ်နိုင်ငံလုံးအားထားရသူဖြစ်စေခဲ့ပြီး၊ ရှောလုမင်းလက်ထက်တွင် စစ်ဗိုလ်ချုပ် တစ်ဦးဖြစ်လာခဲ့သည်။ သူသည် မိမိ၏အောင်မြင်ခြင်းအားလုံးကို ဘုရားသခင်၏ကျေးဇူးတော် ကြောင့်သာဖြစ်သည်ဟု မှတ်ယူခဲ့သည်။

**ဆင်ခြင်ရန်** - ဘဝ၌ ကြုံတွေ့ရသော အောင်မြင်ခြင်းနှင့် ရှုံးနိမ့်ခြင်းအပေါင်းကို ဖန်ဆင်းရှင် ဘုရားသခင်၏ အလိုတော်အတိုင်း အခွင့်တော်အားဖြင့် ကြုံတွေ့ခြင်းဖြစ်၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော့်နောက်တော်သို့ လိုက်စဉ် ကျွန်ုပ် စိတ်ထဲရှိ ကြောက်ရွံ့မှုအပေါင်းကို ဖယ်ရှားပေးတော်မူပါ။



သောကြာ၊ ဇူလိုင် (၁၀)
၂ ရာ ၄
ဇေဖက် ၃း၁၄-၁၉

*"ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာရှိသော တစ်အိမ်ထောင်လုံးတည်းဟူသော သားတော်အပေါင်းတို့၏ အချုပ်အခြာဖြစ်တော်မူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်"*

## ဣရှဗောရှက် သေဆုံးမှု၌ ဒါဝိဒ်၏တုန့်ပြန်မှု

ဒါဝိဒ်သည် မှန်ကန်ဖြောင့်မတ်ခြင်းနှင့် တရားမျှတမှုကို ကြိုးစားဆောင်ရွက်ခဲ့ပါသည်။ ရှောလု မိသားစုအပေါ် ထားရှိသော သူ၏ချစ်ခြင်းမေတ္တာသည် စိတ်ရင်းအမှန်ဖြစ်ပါ၏။ သူ၏ဆုံးဖြတ်ချက်များကို ကြည့်ခြင်းဖြင့်၊ သူသည် စည်းမျဉ်းစည်းကမ်းကို လိုက်လျှောက်သောသူဖြစ်ကြောင်း ကျွန်တော်တို့ သိမြင်နိုင်ပါသည်။

ရှောလုနှင့် သူ့သား သုံးဦးတို့သည် တိုက်ပွဲ၌ ကျဆုံးခဲ့ကြ၏။ ဘုရားသခင်က ဒါဝိဒ်သည် ထီးနန်းကို ဆက်ခံမည့်သူဖြစ်ကြောင်း ပြသတော်မူခဲ့၏။ ရှောလု၏စစ်ဗိုလ်ချုပ် အာဗနာက ထိုအမှုကို သိနားလည် ခဲ့ပါသည် (၂ ရာ ၃)။ ထို့ကြောင့် သူ မကွယ်လွန်မီ၊ ဒါဝိဒ်နှင့်တွေ့ဆုံခဲ့ပြီး၊ တိုင်းပြည် စည်းလုံးဖို့ရန် သဘောတူခဲ့ကြပါသည်။

အာဗနာ ကွယ်လွန်ခြင်းသည် ကျန်ရှိနေသေးသော ရှောလု မိသားစုအတွက် စိတ်ထိခိုက်စရာဖြစ်ခဲ့ပါသည်။ ကျန်ရှိသော မိသားစုဝင်တို့သည် အားနည်းလျက်ရှိခဲ့ကြ၏။ ရှောလု၏သား (ဣရှဗောရှက်) သည် အရည်အချင်းမရှိ၊ စစ်ဗိုလ်ချုပ်ကို အားကိုးလျက် အာဏာကို ထိန်းထားခဲ့၏။ ထိုအချိန်၌ တိုင်းပြည်ရှေ့ရေးအတွက် ဘုရားသခင်၏အကြံအစည်ကို ရှာခဲ့သင့်ပါသည်။ ရှင်ဘုရင် ရှောလု ကွယ်လွန်ပြီးနောက်တွင်၊ ထီးနန်းကို သူ့သား တဦးဦးက ဆက်ခံလိမ့်မည်ဟု မှတ်ယူခဲ့ကြ၏။ ထိုအယူအဆသည် မှားယွင်းပါ၏။ အာဗနာ ကွယ်လွန်ခြင်း သတင်းက တိုင်းပြည်တခုလုံးကို စိတ်ထိခိုက်စေခဲ့ပါသည်။

တိုင်းပြည်၌ ခေါင်းဆောင်ကောင်း မရှိသောအခါ၊ လူတို့သည် တရားသူကြီးများ ခေတ်ကာလအတိုင်း၊ မိမိတို့ ကောင်းသည်ဟု ထင်မှတ်သောအရာကို ပြုတတ်ကြ၏။ အာဗနာ ကွယ်လွန်သောအခါ၊ ထိုသို့ ဖြစ်ပျက်ခဲ့ပါသည်။

ဣရှဗောရှက်သည် ဘုရင်ဖြစ်လာခဲ့သော်လည်း၊ ဣသရေလအမျိုးအပေါင်းအပေါ်၌ အာဏာ မရှိခဲ့ပါ။ သူ့လူယုံများက သူ့ကို သတ်ခဲ့ကြပါသည်။ ဣရှဗောရှက်သည် မိမိ၏ အိပ်ခန်းထဲ၌ အိပ်ပျော်နေစဉ်၊ ရိမ္မုန်၏သား ရေခပ်နှင့်ဗာနာတို့က သတ်လျက် ဦးခေါင်းကို ဖြတ်ယူခဲ့ကြပါသည်။ ထို့နောက် သူ့ဦးခေါင်းကို ဟေဗြုန်မြို့သို့ ဒါဝိဒ်ထံ ယူဆောင်လာခဲ့ကြ၏။ ဒါဝိဒ်နှင့် ဣရှဗောရှက်သည် ရန်သူဖြစ်သည်ဟု ထင်မှတ်ကြပြီး၊ ဒါဝိဒ်ထံမှ ဆုချခြင်းခံရမည်ဟု ထင်ခဲ့ကြပါသည်။ ထိုအခါ ဒါဝိဒ်သည် အလွန် ဒေါသထွက်လျက်၊ ဣရှဗောရှက်ကို သတ်သော ရိမ္မုန်၏သားတို့အား ကွပ်မျက်ဖို့ရန် အမိန့်ပေးခဲ့ပါသည်။

**ဆင်ခြင်ရန်** - ရှုပ်ထွေးသောအချိန်၌ ဘုရားသခင် အမှုပြုတော်မူတတ်၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်အသက်တာ၌ ကိုယ်တော်၏ ရှင်းလင်းသော လမ်းပြမှု အစဉ်ခံရလိုပါ၏။

စနေ၊ ဇူလိုင် (၁၁)

၂ ရာ ၄
မသဲ ၅း၂၀-၂၆

*“သတ်သောသူသည် ရုံး၌ အပြစ်စီရင်ခြင်းကို ခံထိုက်ပေ၏”*

## ဒါဝိဒ်၏ ဖြောင့်မတ်ခြင်းအကျင့်

ယောနသန်၌ မေဖိဗောရှက် ဟူသော (ရှောလု၏မြေး) သားတဦးရှိခဲ့၏။ ရှောလုနှင့် ယောနသန် ကွယ်လွန်ခြင်း သတင်း ကြားသိသောအခါ၊ ငါးနှစ်သား မေဖိဗောရှက်ကို ကလေးထိန်းက ချီလျက် ပြေးခဲ့ပါသည်။ ထိုသို့ ထွက်ပြေးစဉ် ကျသဖြင့် ခြေဆွံ့ခဲ့ပါသည် (၂ ရာ ၄း၄)။ ယောနသန်၏ မျိုးဆက်၊ တဦးတည်း ကျန်ရစ်သောသူဖြစ်သော်လည်း၊ ခြေဆွံ့သောသူဖြစ်၏။

ဒါဝိဒ်သည် ယခုတွင် ဣသရေလလူအပေါင်း၏ ရှင်ဘုရင်ဖြစ်လာခဲ့ပါသည်။ ယောနသန်နှင့် မိတ်ဆွေ ဂတိသစ္စာပြုခဲ့ပါ၏။ သူသည် ဘုရားသခင် ကြောက်ရွံ့ခြင်းသဘောရှိပြီး၊ ဘုရားသခင်နှင့် ရင်းနှီးစွာ အသက်ရှင်နေထိုင်ခဲ့သောသူဖြစ်ပါသည်။ သူ၏လေးနက်သော အတွေးအမြင်များကို စပ်ဆိုထားသည့် ဆာလံသီချင်းများထဲတွင် တွေ့မြင်နိုင်ပါသည်။ သူသည် ဘုရားသခင် ကြောက်ရွံ့ ရိုသေသောသူဖြစ်ကြောင်း၊ ရင်းနှီးသော မိတ်ဆွေများက သိမှတ်ခဲ့ကြ၏။ သူသည် မိမိရေးမှတ်ထားသော တရား စည်းမျဉ်းများကို ဆန့်ကျင် ဖောက်ဖျက်သောသူ မဟုတ်ပါ။ ထို့ကြောင့် ရှောလု၏ ညှင်းပန်းမှု အောက်၌လည်း စိတ်ရှည်စွာ သည်းခံနိုင်ခြင်းဖြစ်ပါလိမ့်မည်။ သူသည် လူကို မကြည့်ဘဲ၊ အထက်အရပ်ကို သာကြည့်လျက်၊ ဘုရားသခင်၏ဂတိတော်ကို ယုံကြည်ကိုးစားခဲ့ပါသည်။ မသိကျွမ်းသောသူတို့သည် သူနှင့်ဆုံတွေ့ကြသောအခါ အံ့ဩခြင်းရှိခဲ့ကြပါသည်။

ဗယ်္ာမိန်အမျိုးသား ရိမ္မုန်၏သားများဖြစ်သော၊ ရေခပ်နှင့်ဗာနာ ဟူသော၊ စစ်ဗိုလ်ချုပ်နှစ်ဦး ရှိခဲ့ပါသည်။ ဣသရေလ၌ မည်သူ ခေါင်းဆောင်ဖြစ်လာမည်ကို သိမြင်ခဲ့ကြသဖြင့်၊ ဒါဝိဒ်၏ မျက်နှာသာပေးခြင်းကို လိုလားခဲ့ကြပါသည်။ သူတို့က ဣရှဗောရှက်သည် ဒါဝိဒ်၏ရန်သူဖြစ်သည်ဟု ထင်မှတ်ခဲ့ကြ၏။ ဒါဝိဒ်၏ မှတ်တမ်းတင်ခြင်းနှင့် ငွေကြေးဆုချခြင်းကို ခံရမည်အကြောင်း နည်းလမ်းရှာဖွေခဲ့ကြပါသည်။

သူတို့သည် ဣရှဗောရှက် အိမ်သို့ သွား၍ အိပ်ခန်းထဲ၌ အိပ်နေသော သူ့ကို ခေါင်းဖြတ်သတ်ခဲ့ကြပါသည်။ ထို့နောက် ဟေဗြုန်မြို့သို့ ဒါဝိဒ်ထံ သူ့ခေါင်းကို ယူဆောင်လာခဲ့ကြပါသည်။ သူတို့၏ အဓိကရည်ရွယ်ချက်မှာ ဒါဝိဒ်ထံမှ ဆုချခြင်း ခံရရန်ဖြစ်ပါသည်။ ဒါဝိဒ်အပေါ် အပြစ်ကျူးလွန်သောသူကို သတ်ခဲ့ကြသည်ဟု ထင်မှတ်ခဲ့ကြပါသည်။ သို့သော်လည်း၊ သူသည် ရှောလု၏သား ဖြစ်သည်ဟူသော အချက်မှတပါး၊ အခြားသော စွပ်စွဲချက် ဘာတစ်ခုမျှ သူတို့၌ မရှိပါ။ တဖက်တွင်၊ သူတို့သည်၊ “လူ့အသက်ကို မသတ်နှင့်” ဟူသော ပညတ်တော်ကို လွန်ကျူးခဲ့ကြ၏။ ဒါဝိဒ်ထံမှ ဆုချခံရမည်ကို တပ်မက်ခဲ့ကြပါသည်။ ဒါဝိဒ်သည် ထိုအမှုကို ဖြောင့်မတ်မှန်ကန်စွာ စီရင်သည် ဖြစ်သောကြောင့်၊ သူတို့ ထင်မှတ်သည်အတိုင်း ဖြစ်မလာခဲ့ပါ။

**ဆင်ခြင်ရန်** - ဖြောင့်မတ်ခြင်းတရား၏ ပထမခြေလှမ်းသည် ဘုရားသခင်၏ ပညတ်တော် လိုက်လျှောက်ခြင်းပေတည်း။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ် စိတ်နှလုံးထဲ၌ ကိုယ်တော်၏ နှုတ်ကပတ်တော် အစဉ် ဝှက်ထားမည်အကြောင်း မစတော်မူပါ။



အင်္ဂါ၊ စက်တင်ဘာ (၂၂)

၂ ရာ ၂၂
ဟေဗြဲ ၁၀း၁၉-၂၄

*“မျှော်လင့်ခြင်းအကြောင်းကို ဝန်ခံ၍ မတိမ်းယိမ်းမရွေ့လျော့ဘဲ တည်ကြည်ကြကုန်အံ့”*

## ကျေးဇူးတော် ချီးမွမ်းခြင်း ဆာလံ (၂)

ကဲလ် နှင့် ဒယ်လစ်တို့သည် ဓမ္မရာဇဝင် ဒုတိယစောင် အခန်းကြီး ၂၂ ရှိ ဆာလံသီချင်းကို ဆက်လက်ဆန်းစစ်ရာတွင် အခြားလေ့လာတွေ့ရှိချက်များကိုတင်ပြခဲ့ပြီး၊ ဒါဝိဒ်ကိုယ်တိုင် ရေးစပ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

“ဤဆာလံသီချင်းကို ဒါဝိဒ်ရေးစပ်ခဲ့ခြင်းဖြစ်သည်ဟူသော အချက်နှင့်ခေါင်းစဉ်တွင် ဖော်ပြထားသည့် အဆိုပြုချက်ကို သံသယဝင်ရန် မည်သည့်အကြောင်းပြချက်မျှ မရှိပါ။ ဤအချက်ကို (ကျမ်းစာထဲတွင်) နှစ်ကြိမ်တိုင်တိုင် သက်သေခံထားသောကြောင့် ပို၍ပင် လက်ခံသင့်သည်။ ဤဆာလံသီချင်းသည် ဒါဝိဒ်ရေးစပ်ခဲ့သော သီချင်းအဖြစ် ဓမ္မရာဇဝင် ဒုတိယစောင် အခန်းကြီး ၂၂ တွင် ပြန်လည်ပါရှိလာခြင်းသည် အလေးအနက်ထားရမည့်အချက်ဖြစ်သည်။ အကြောင်းမှာ ဓမ္မရာဇဝင် ဒုတိယစောင်တွင် ဒါဝိဒ်ရေးစပ်သည်ဟု သတ်မှတ်ထားသော အခြားသီချင်းများမှာ အနည်းငယ်မျှပင် သံသယ ဝင်စရာမရှိသောကြောင့်ဖြစ်သည် (ဥပမာ - ၂ ရာ ၃း၃၃-၃၄၊ ၅း၈၊ ၇း၁၈-၂၉၊ ၂၃း၁-၇)။ ထို့အပြင် ဤဆာလံသီချင်းသည် ရှေးကျသည်မှာ ထင်ရှားပြီး၊ ထိုခေတ်ကာလ၏စာပေ၊ ကဗျာနှင့် ကိုက်ညီမှုရှိသည်။ ၂ ရာ ၂၂း၃၁ ကို သုတ္တံကျမ်း ၃၀း၅ တွင်လည်းကောင်း၊ ၂ ရာ ၂၂း၃၄ ကို ဟဗက္ကုတ် ၃း၁၉ တွင်လည်းကောင်း၊ စောစီးစွာ ကိုးကားဖော်ပြထားသည်။ ဤဆာလံသီချင်းကို ဒါဝိဒ်ရေးစပ်ခဲ့ခြင်းဖြစ်ကြောင်းအစောကတည်းက ယူဆထားကြသည်။ အကြောင်းမှာ ဓမ္မရာဇဝင် ဒုတိယစောင်ကို ပြန်လည်တည်းဖြတ်သူက ဤဆာလံသီချင်းကို ဒါဝိဒ် ရေးစပ်ကြောင်း ဖော်ပြထားသည့် ခေါင်းစဉ်ကို တွေ့ရှိခဲ့သောကြောင့်ဖြစ်သည်။ သံသယဖြစ်ဖွယ်မရှိဘဲ ဤအမြင်သည် ၂ ရာ ၂၂း၅၁ အပေါ်တွင် လုံးဝတရားမျှတစွာ အခြေခံနိုင်သည်။ ဤဆာလံသီချင်းကို ဒါဝိဒ် မရေးစပ်ခဲ့လျှင်တောင် သူ၏နာမနှင့်စိတ်သဘောထားအတိုင်း ရေးစပ်ခဲ့ရမည် ဖြစ်သည်။ ထိုသို့ဖြစ်လျှင် ဒါဝိဒ်နှင့်ခေတ်ပြိုင်ဖြစ်သော ထိုကဗျာဆရာမှာ မည်သူဖြစ်နိုင်မည်နည်း။” တစ်ဖန် ဒါဝိဒ် ရေးစပ်ခဲ့ကြောင်း ထင်ရှားစေသည့် လက္ခဏာအချို့ကို ကိုးကားပြီးနောက် သူက “၂ ရာ ၇း၁၂-၁၆၊ ၇း၂၆၊ ၇း၂၉ တို့နှင့်ဆက်စပ်နေသော ၂ ရာ ၂၂း၅၁ ပါ စကားလုံးများကို စစ်မှန်မှုမရှိဟု ဆုံးဖြတ်ခြင်းသည် အကြောင်းပြချက်မခိုင်လုံကြောင်း အလွန်ထင်ရှားပါသည်။ ထို့အပြင် ဤဆာလံသီချင်းသည် ၂ ရာ ၂၂း၅၀ ဖြင့်နိဂုံးမချုပ်နိုင်သကဲ့သို့ . . . (ဒါဝိဒ်) ဟူသောစကားလုံး (၂ ရာ ၂၂း၅၁) ဖြင့်လည်း နိဂုံးမချုပ်နိုင်ပါ။ အကယ်၍ဒါဝိဒ်သည် ၂ ရာ ၂၃း၁ ၏အစပိုင်းတွင်လည်းကောင်း၊ ၂ ရာ ၇း၂၀ အလယ်ပိုင်းတွင်လည်းကောင်း၊ မိမိကိုယ်ကို နာမည်တပ်ပြီး ရည်ညွှန်းလျှင်၊ အဆုံးသတ်ပိုင်းတွင် အဘယ်ကြောင့် ထိုသို့မလုပ်နိုင်ရမည်နည်း” ဟုဆို၏။

ကျွန်ုပ်တို့သည်ဓမ္မရာဇဝင် ဒုတိယစောင်အခန်းကြီး ၂၂ တစ်ခုလုံးကို ဘုရားသခင် မှုတ်သွင်းထားသောကျမ်းစာ၏အစိတ်အပိုင်းတစ်ခုအဖြစ် ဖတ်ရှုရသောကြောင့် မြတ်နိုးပါ၏။

**ဆင်ခြင်ရန်** - ထိုကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၏။

**ဆုတောင်းချက်-** အဖဘုရား၊ သန့်ရှင်းသောဝိညာဉ်တော်သည် ကိုယ်တော်၏နှုတ်ကပတ်တော်ကို ကျွန်ုပ်စိတ်နှလုံးထဲ၌ နေ့တိုင်း တည်စေတော်မူပါစေသော်။

တနင်္လာ၊ စက်တင်ဘာ (၂၁)

၂ ရာ ၂၂
ပေါပြဲ ၆း၁-၈

*"ဘုရားသခင် အခွင့်ပေးတော်မူလျှင်၊ ငါတို့သည် ထိုသို့ပြုကြမည်"*

## ကျေးဇူးတော် ချီးမွမ်းခြင်း ဆာလံ (၁)

၂ ရာ အခန်းကြီး ၂၂ သည် သမိုင်းကြောင်းဆိုင်ရာဇာတ်ကြောင်းမျိုးမဟုတ်ပါ။ ၎င်းသည် ဒါဝိဒ်၏စိတ်နှလုံးကို ဖော်ပြသည့် ဆာလံသီချင်းဖြစ်သည်။ ဆာလံသီချင်းများသည် ဒါဝိဒ်၏စိတ်ခံစားချက်ကို ဘုရားသခင်ထံဖော်ပြရန်အကောင်းဆုံးနည်းလမ်း ဖြစ်သည်။ အောက်တွင်ဖော်ပြထားသောအကြောင်းအရာတို့သည် ဓမ္မရာဇဝင် ဒုတိယစောင် အခန်းကြီး ၂၂ ကို ကဲလ် နှင့် ဒယ်လစ်တို့၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုထားချက်ဖြစ်သည်။ ၎င်းကို ရန်သူအားလုံးအပေါ် အောင်နိုင်ခြင်းအတွက် ဒါဝိဒ်၏ကျေးဇူးတော်ချီးမွမ်းခြင်း ဆာလံသီချင်းဟု အမည်ပေးထားသည်။

"အောက်ပါကျေးဇူးတော်ချီးမွမ်းခြင်းဆာလံသီချင်းထဲတွင်ဒါဝိဒ်သည် သူ၏ရုန်းကန်ရသောဘဝသက်တမ်းတလျှောက်နှင့်ရန်သူများနှင့် ပဋိပက္ခများအတွင်း ဘေးအန္တရာယ်အားလုံးထဲမှ သူ့ကိုကယ်တင်ရှင်အဖြစ် ဘုရားသခင်ကို ချီးမွမ်းထားသည် (၂ ရာ ၂၂း၂-၄)။ ပထမပိုင်းတွင် အထူးသဖြင့် ရှောလု၏ညှင်းပန်းနှိပ်စက်ခြင်းခံရစဉ်အချိန်၌ ကြုံတွေ့ခဲ့ရသော ဆင်းရဲဒုက္ခ အားလုံးထဲမှ ဘုရားသခင်၏ အံ့သြဖွယ်ရာ ကယ်တင်ခြင်းခံရပုံကို သရုပ်ဖော်ထားပြီး (အခန်းငယ် ၅-၂၀)၊ ထိုကယ်တင်ခြင်း၏အကြောင်းရင်းကို ထုတ်ဖော်ထားသည် (၂ ရာ ၂၂း၂၁-၂၈)။ ဒုတိယပိုင်းတွင် သူသည် ဘုရားသခင်၏ တန်ခိုးကြီးသော မစမှုကိုလည်းကောင်း၊ သူ့ကိုဆန့်ကျင်သောတိုင်းတပါးရန်သူများအပေါ် ရရှိခဲ့သည့်အောင်ပွဲများကိုလည်းကောင်း ကြေငြာပြီး (အခန်းငယ် ၂၉-၄၆)၊ ဘုရားသခင်၏ဘုန်းကြီးသောအမှုတော်အပေါင်းအတွက် အသစ်တဖန် ချီးမွမ်းခြင်းဖြင့် နိဂုံးချုပ်ထားသည် (၂ရာ ၂၂း၂၁-၂၈)။ ထို့ကြောင့် ဤဆာလံသီချင်းကို နိဒါန်းနှင့်နိဂုံး ဟူ၍အဓိက အပိုင်းကြီး နှစ်ပိုင်းဖြင့် ဖွဲ့စည်းထားသည်။ သို့သော်၊ အဓိကအပိုင်းများ၏နောက်ထပ် အစီအစဉ်တွင် တိကျသော စာပိုဒ်ကို ရှာမတွေ့နိုင်ပါ။ အကြောင်းမှာ စာပိုဒ်တစ်ခုချင်းစီသည် စည်းချက်ညီညီ မရှိခြင်းကြောင့်ဖြစ်သည်။

ဤချီးမွမ်းခြင်းသီချင်း၏အကြောင်းအရာနှင့် ပုံစံသည် ခေါင်းစဉ်တွင် သက်သေခံထားသည့် အချက်နှင့် ကိုက်ညီနေသည်။ ဘုရားသခင်သည် ဒါဝိဒ်ကို ရန်သူအားလုံးလက်မှ ကယ်နှုတ်ပြီး၊ သူ၏နိုင်ငံကို ပတ်ဝန်းကျင်ရှိ တစ်ပါးအမျိုးသားများအပေါ် အောင်ပွဲရရှိရန် ကူညီပေးခဲ့သည့် သူ၏နန်းစံသက် နှောင်းပိုင်းကာလတွင် ရေးစပ်ခဲ့ခြင်းဖြစ်သည်။ ဤဆာလံသီချင်းကို ဒါဝိဒ်ကိုယ်တိုင်ရေးစပ်ခဲ့ခြင်းဖြစ်ကြောင်းကို ခေတ်သစ်ဝေဖန်ရေးပညာရှင်အားလုံးက ငြင်းချက်ထုတ်ရန် မလိုဘဲ အသိအမှတ်ပြုကြသည်. . .။"

**ဆင်ခြင်ရန်** - ကောင်းမြတ်သော အတွေးအခေါ်သည် ကောင်းကင်ဘုံရှိ အဖဘုရားထံမှ ဖြစ်၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော် ဟောပြောမည့်အကြောင်း ကိုယ်တော်၏ သန့်ရှင်းသောဝိညာဉ်တော်ဖြင့် အကျွန်ုပ်အား ပြည့်စေတော်မူပါ။



တနင်္ဂနွေ၊ ဇူလိုင် (၁၂)

၂ ရာ ၄
လု ၁၁း၃၃-၃၆

*"ကိုယ်၌ရှိသောအလင်းကို မှောင်မိုက်မဖြစ်စေခြင်းငှါ သတိပြုလော့"*

## ဒါဝိဒ်သည် ဣရှဗောရှက် အသတ်ခံရခြင်းအမှုကို စီရင်ခဲ့၏

ဒါဝိဒ်သည် နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်လျက်၊ ဝိညာဉ်ရေးရာအမှု၌ အလွန်အလေးထားသောသူဖြစ်ပါသည်။ ထိုအချက်က သူ၏အကျင့်နှင့် အပြုအမူကို ထိန်းကျောင်းခဲ့ပါသည်။ သူ၏ဆုံးဖြတ်ချက်တို့သည် အခြေအနေအရ မဟုတ်ဘဲ၊ ဖြောင့်မတ်သောတရားပေါ်၌ အခြေခံထားသော ဆုံးဖြတ်ချက်ဖြစ်ကြ၏။

ရေခပ်နှင့် ဗာနာ (ရိမ္မုန်၏သားများ) တို့သည် ဣရှဗောရှက် အသတ်ခံရခြင်းအမှု၌ ဒါဝိဒ်၏တုန့်ပြန်မှုကို တွေ့ကြသောအခါ အံ့သြခဲ့ကြ၏။ ဒါဝိဒ်သည် ထိုအမှုကို မှန်ကန်ဖြောင့်မတ်စွာ စီရင်မည်အကြောင်း မိမိကို ကယ်တင်တော်မူသော ဘုရားသခင်၏နာမတော်အားဖြင့် ကျိန်ဆိုခဲ့ပါသည်။

ဒါဝိဒ်သည် ရှောလု ကွယ်လွန်ခြင်း သတင်း ကြားသိခဲ့သောအချိန်ကို ပြန်လည် တွေးတောခဲ့ပါသည်။ သတင်းပို့သောသူက သတင်းကောင်း ယူဆောင်လာသည်ဟု မိမိကိုယ်ကို ထင်မှတ်ခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ ရှောလုသည် အရေဖျားလှီးခြင်း မခံရသောသူများ၏လက်ထဲ၌ အသေမခံလိုသဖြင့်၊ မိမိအား သတ်ဖို့ရန် ဆိုသောကြောင့်၊ ရှောလုအား မိမိ သတ်ခဲ့သည်ဟု မုသား ပြောခဲ့ပါသည်။ ဒါဝိဒ်က ထိုသူအား ဇိကလတ်မြို့၌ သတ်ခဲ့ကြောင်း ဖော်ပြခဲ့၏။ ထိုသူသည် သတင်းပို့သောကြောင့် ဒါဝိဒ်ထံမှ ဆုချခြင်းခံရမည်ဟု ထင်မှတ်ထားခဲ့ပါသည်။

ဒါဝိဒ်၏အမြင်သည် ဘုရားသခင်၏ပညတ်တရားက ထိန်းကျောင်းတော်မူသည်ဖြစ်သောကြောင့်၊ ပုံမှန်လူများ၏အမြင်နှင့် မတူပေ။ မောရှေ နားလည်သဘောပေါက်သည်နည်းတူ၊ သူသည်လည်း ပညတ်တော်ကို နားလည်ခဲ့ပါသည်။ ထိုပညတ်တော်သည် စုံလင်လျက်၊ ဖြောင့်မတ်ခြင်းရှိသည်ဖြစ်၍ ဣသရေလအမျိုးမှအပ၊ အဘယ်လူမျိုးထံ၌မျှ မရှိပါ (တရား ၄း၆-၉)။ ဒါဝိဒ်သည် ဘုရားသခင်၏စိတ်နှလုံးတော်နှင့် ညီညွတ်သောသူဖြစ်ခဲ့ပါသည်။ ထိုသို့ချီးမြောက်ခံရခြင်းသည် ဘုရားသခင်နှင့်ရင်းနှီးစွာ သွားလာခြင်း၊ ပြုသောအမှုတိုင်း၌ ဘုရားသခင်၏အလိုတော်ကို လိုက်လျှောက်ခြင်းကြောင့် ဖြစ်ပါသည်။

ဒါဝိဒ်သည် ဣရှဗောရှက် အသတ်ခံရခြင်းအမှု၌ ရိမ္မုန်၏သားများအား စီရင်ချက်ချသောအခါ၊ ထိုအဖြစ်အပျက်ကို ဤသို့ ပြန်လည် ဖော်ပြခဲ့ပါသည်။ "ထိုမျှမက လူဆိုးတို့သည် ဖြောင့်မတ်သောသူကို သူ၏အိမ်အတွင်း အိပ်ရာပေါ်မှာသတ်လျှင်၊ သာ၍ ပြုသင့်သည် မဟုတ်လော။ ယခုပင် သူ၏အသွေးကို သင်တို့၌ ငါတောင်း၍ သင်တို့ကို မြေကြီးပေါ်က ပယ်ရှားသင့်သည် မဟုတ်လောဟု . . . ဆိုပြီးလျှင်၊ လုလင်တို့ကို မိန့်တော်မူ၍ ထိုသူနှစ်ယောက်ကို သတ်ကြ၏။ လက်ခြေတို့ကိုဖြတ်၍ ဟေဗြုန်ရေကန်အနားမှာ ဆွဲထားကြ၏" (၂ ရာ ၄း၁၁-၁၂)။ ထိုသို့ သူတို့၏ဘဝ ပြီးဆုံးခဲ့ပြီး၊ ဒါဝိဒ်မူကား ပညတ်တရားကို နာခံလိုက်လျှောက်ခဲ့၏။

**ဆင်ခြင်ရန်** - ပညတ်တရား လိုက်လျှောက်ခြင်းက ဖြောင့်မတ်မှန်ကန်မှုကို ပြသ၏။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၏ ဆုံးဖြတ်ချက်ချခြင်း၌ ကိုယ်တော်၏ပညတ်တရားသည် အုပ်စိုးလမ်းပြတော်မူပါစေ။

တနင်္လာ၊ ဇူလိုင် (၁၃)

၂ ရာ ၄
မသဲ ၆း၅-၁၅

*"ကောင်းကင်ဘုံ၌ ရှိတော်မူသော ကျွန်ုပ်တို့၏အဖ"*

## ဒါဝိဒ်သည် ဘုရားသခင်နှင့်ဆိုင်သော ဥပဒေသများ၏လမ်းပြခြင်း ခံရ၏

ဘုရားသခင်သည် ရေးမှတ်ထားသော ပညတ်တရားကို ထွက်မြောက်ရာကျမ်း၌၊ စိတ်သဘောအကျင့်နှင့်ဆိုင်သော ပညတ်တော်ကို အခန်းကြီး ၂၀ ထဲတွင် ရေးမှတ်တော်မူခဲ့ပါသည်။ လူ့အသက်ကို သတ်ခြင်းနှင့်ဆိုင်သော ဂလဲ့စားချေခြင်းတရားကို အရင်၌ ပေးထားခဲ့ပါသည်။ လူ့အသွေးကို သွန်းသောသူသည် လူလက်ဖြင့် သူ့အသွေးကို သွန်းရမည်ဟု ဖော်ပြခဲ့၏ (ကမ္ဘာ ၉း၆)။ ဤအချက်အား လူ့အုပ်ချုပ်မှုအကြောင်း ပထမဆုံး ဖော်ပြခြင်းဖြစ်သည်ဟု သတ်မှတ်ခဲ့ကြပါသည်။ ဒါဝိဒ်သည် ရှင်ဘုရင်ဖြစ်သောကြောင့်၊ ဣရှဗောရှက် အသတ်ခံရခြင်းအမှု၌ ထိုသို့ သေဒဏ် စီရင်ချက် ချဖို့ရန် အာဏာရှိသောသူဖြစ်ပါသည်။ ဤစီရင်ချက်သည် ဒါဝိဒ်၏ ပထမဆုံး စီရင်ချက် ဖြစ်ပါလိမ့်မည်။

ရှင်ပေါလုက အစိုးရသောသူတို့သည် အချည်းနှီး အာဏာရှိကြသည်မဟုတ်၊ မကောင်းမှုကို ပြုသောသူများအား ဆုံးမစီရင်ဖို့ရန် ဖြစ်သည်ဟု ဖော်ပြခဲ့ပါသည် (ရောမ ၁၃း၁-၄)။ ဒါဝိဒ်သည် ဖြောင့်မတ်ခြင်းတရားဖြင့် အုပ်စိုးဖို့ရန် ဆုံးဖြတ်ခဲ့၏။ သေဒဏ်ခံထိုက်သောသူတို့၏ အလောင်းကို လူထုမြင်ကွင်း၌ ချိတ်ဆွဲထားခြင်းသည် ထုံးစံတခုဖြစ်ပါသည်။

ဤအမှု ဖြစ်ပျက်သောအချိန်တွင်၊ ဟေဗြုန်မြို့၌ ရှိသော အာဗနာ၏ သချိုင်းသည် အသစ်စက်စက်ရှိသေးသည်ဖြစ်၍၊ ဣရှဗောရှက်၏ခေါင်းကို ထိုအရပ်၌ သင်္ဂြိုလ်ဖို့ ဒါဝိဒ် မိန့်တော်မူ၏။ ဣရှဗောရှက် အမှု၌ ဒါဝိဒ်၏စီရင်ချက်ချခြင်းက ရှောလု မိသားစုအပေါ် သူ၏လေးစားမှုကို ပြသခဲ့ပါသည်။ ထို့ပြင်၊ ယွာဘ ပြုသောအမှုကို ရှုတ်ချလျက်၊ ပြစ်ဒဏ်ပေးမည့်အချိန်ကို စောင့်လျက် နေခဲ့ပါသည်။ ထိုသို့ နောက်မှ ပြစ်ဒဏ်ပေးဖို့ရန် ဆိုင်းငံ့ခြင်း၌ အကြောင်းရင်းရှိပါသည်။ ဒါဝိဒ်သည် ဘုရားသခင်နှင့်ဆိုင်သော စည်းမျဉ်းအားဖြင့် အမှုပြုသောသူဖြစ်ပါသည်။ သူသည် မိမိ၏မိတ်ဆွေများကို အမှန်ချစ်လျက်၊ ရှောလု မိသားစုကိုလည်း ထိုသို့ ချစ်ခဲ့ပါသည်။ သူသည် ဘုရားသခင်၏ကျေးဇူးတော်ကို ပြသလျက်ရှိပါသည်။ အရေးကြီးသောအချိန်၌ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ကို လမ်းပြပါစေသော်။ ဒါဝိဒ်သည် ဘုရားသခင်ကို သိကျွမ်းလျက်၊ မိတ်ဆွေကဲ့သို့ ဘုရားသခင်နှင့် စကားပြောခဲ့ပါသည်။

ဆာလံ ၁၄၂း၁-၅ သည် ဒါဝိဒ်၏ဆုတောင်းချက် စံနမူနာဖြစ်ပါသည်၊ "ငါသည် ထာဝရဘုရားထံသို့ အသံကိုလွှင့်၍ အော်ဟစ်၏။ ငါ့အသံကို ထာဝရဘုရားထံသို့ လွှင့်၍ ဆုတောင်းပဋ္ဌနာပြု၏။ ရှေ့တော်၌ မြည်တမ်းသောစကားကို မြွက်၍၊ ခံရသော ဆင်းရဲဒုက္ခကို ကြားလျှောက်ရ၏။ အကျွန်ုပ်သည် စိတ်ပျက်လျက်ရှိသောအခါ၊ အကျွန်ုပ်သွားသောလမ်းကို ကိုယ်တော်သိတော်မူ၏။ အကျွန်ုပ်သွားသောလမ်း၌ ကျော့ကွင်းကို ဝှက်ထားကြပါပြီ။ လက်ယာ ဘက်သို့ အကျွန်ုပ်ကြည့်ရှုသောအခါ၊ အကျွန်ုပ်သိကျွမ်းသောသူ မရှိပါ။ ပြေးလွတ်ရာလမ်းလည်း ပိတ်ပါ၏။ အကျွန်ုပ်အသက်ကို နှမြောသောသူ မရှိပါ။ အို ထာဝရဘုရား၊ ကိုယ်တော်ကို အော်ဟစ် ပါ၏။ အသက်ရှင်သောသူတို့၏ နေရာ၌ ကိုယ်တော်သည် အကျွန်ုပ်ခိုလှုံရာ၊ အကျွန်ုပ်ခံစားရာအဖို့ ဖြစ်တော်မူ၏။"

**ဆင်ခြင်ရန်** - ဆုတောင်းခြင်းသည် မိတ်ဆွေကဲ့သို့ ဘုရားသခင်အား စကားပြောခြင်းဖြစ်၏။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၏ နေ့စဉ် ဆုတောင်းချက်များ အမှန်ဖြစ်စေတော်မူပါ။



တနင်္ဂနွေ၊ စက်တင်ဘာ (၂၀)

၂ ရာ ၂၁
မသဲ ၆း၅-၈

*"သင်တို့အလိုရှိသမျှတို့ကို သင်တို့မတောင်းမှီ သင်တို့အဘ သိတော်မူ၏"*

## လူကောင်ကြီးများနှင့် တိုက်ခိုက်ခြင်း

ဒါဝိဒ်သည် ငယ်ရွယ်စဉ် ဖိလိတ္တိလူ လူကောင်ကြီး ဂေါလျက်ကို သတ်ခဲ့ခြင်းကြောင့် နာမည် ကျော်ကြားခဲ့ပါသည်။ ထိုပြည်၌ ဂေါလျက်၏အမျိုးများအပါအဝင်၊ လူကောင်ကြီးများ များစွာ ရှိခဲ့ကြပါသည်။ ထိုရှေးကာလ၌ သူတို့သည် ရှေးကျသော လက်နက်များ၊ ခန္ဓာကိုယ် စွမ်းအားများနှင့် အရည်အချင်းများကို ထိုလူကောင်ကြီးများနှင့် ရင်ဆိုင်သောအခါ အသုံးပြုခဲ့ကြပါသည်။ ထိုခေတ်လာက စစ်ပွဲများက အရည်အချင်းနှင့် ဘုရားသခင် ကိုးစားခြင်းကို ထင်ရှားစေခဲ့ပါသည်။ ဒါဝိဒ်၏ လူများသည် လူကောင်ကြီးများ မဖြစ်ကြသော်လည်း၊ ငယ်ရွယ်သော ဒါဝိဒ်ကဲ့သို့ပင်၊ တိုက်ရည်ခိုက်ရည် ကျွမ်းကျင်သောသူများဖြစ်ခဲ့ကြပါသည်။

၂ ရာ ၂၁း၁၅ က ဣသရေလနှင့် ဖိလိတ္တိလူတို့သည် အစဉ် တိုက်ခိုက်ခဲ့ကြကြောင်း ဖော်ပြခဲ့ပါသည်၊ "နောက်တဖန် ဖိလိတ္တိလူတို့သည် ဣသရေလအမျိုးသားတို့ကို စစ်တိုက်၍၊ ဒါဝိဒ်နှင့် သူ၏ကျွန်တို့သည် ဆီးကြို၍ တိုက်လှန်ကြစဉ်၊ ဒါဝိဒ်သည် မောပန်းလျက်နေလေ၏။" ဒါဝိဒ်သည် ရှေ့တန်းသို့ သွားခဲ့သော်လည်း၊ ငယ်ရွယ်စဉ်ကလို မတိုက်ခိုက်နိုင်တော့ပါ။ သူသည် အားနည်းလာခဲ့ပြီး၊ ခွန်အားကြီးသော အဘိရှဲက လူကောင်ကြီး ဣရှဗိဗေနုပ်ကို သတ်ခဲ့ပါသည်။

ထိုအခါ၊ ဒါဝိဒ်၏ စစ်သူရဲများက ဒါဝိဒ်အား ရှေ့တန်းသို့ ချီတက်ခြင်း မပြုဖို့ရန် တားမြစ်ခဲ့ကြပါသည် (၂ ရာ ၂၁း၁၇)။ ရှင်ဘုရင်သည် အရင်အတိုင်း မိမိစစ်တပ်ကို ဦးဆောင်လိုခဲ့သော်လည်း၊ သူ၏စစ်သူရဲများသည် ပိုသိခဲ့ကြသောကြောင့်၊ သူတို့၏ရှင်ဘုရင်အား အန္တရာယ်ထဲ၌ မနေစေလိုခဲ့ကြပါ။ သူတို့၏ရှင်ဘုရင်ကို ကာကွယ်လျက် လုံခြုံမှုရှိစေမည်အကြောင်း လိုအပ်သော ပြင်ဆင်မှုနှင့် သတိထားရမည့်အချက်များကို သူတို့သိခဲ့ကြပါသည်။

ဂေါဘမြို့တိုက်ပွဲ၌ သိဗေခဲသည် လူကောင်ကြီးတဦးဖြစ်သော သာဖကို သတ်ခဲ့ပါသည် (၂ ရာ ၂၁း၁၈)။ ဂေါဘမြို့ အခြားတိုက်ပွဲ၌ ဧလဟာနန်သည် ဂေါလျက်၏ညီကို သတ်ခဲ့ပါသည် (၂ ရာ ၂၁း၁၉)။ လူကောင်ကြီးများ၏ လူကောင်ကြီးတဦး၊ လက်ချောင်းနှင့် ခြေချောင်းပေါင်း ၂၄ ချောင်း ရှိသောသူ ရှိခဲ့ပါသည်။ သူက ဣသရေလကို မထီမဲ့မြင်ပြုသောအခါ၊ ယောနသန် (ဒါဝိဒ်၏တူ) က သတ်ခဲ့ပါသည်။ ဒါဝိဒ်၏လူများက လူကောင်ကြီးလေးဦး သတ်ခဲ့ကြပါသည်။ ဤတိုက်ပွဲများသည် ဒါဝိဒ်နောက်ဆုံးပါဝင်ခဲ့သော တိုက်ပွဲများဖြစ်ပါသည်။

ဒါဝိဒ်တိုက်ခဲ့သော တိုက်ပွဲများကို ပြန်လည်သုံးသပ်ကြည့်သောအခါ၊ သူသည် ဘယ်တော့မှ တိုက်ပွဲ၌ မရှုံးခဲ့ကြောင်း တွေ့ရပါသည်။ အကြောင်းမှာ၊ သူသည် ဘုရားသခင်၏အလိုတော်ကို တောင်းလျှောက်လျက်၊ ယုံကြည်ကိုးစားခဲ့သောကြောင့် ဖြစ်ပါသည်။ သူသည် ဣသရေလ၏ ချိုမြိန်သော ဆာလံသီချင်း ရေးစပ်သောသူဟု ခေါ်ခဲ့ကြပါသည်။ သူသည် ဣသရေလ၏ ဝိညာဉ်နှင့်ဆိုင်သော ဂီတသီချင်း၌ များစွာ ပါဝင်အားဖြည့်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် အကြောက်တရားအားလုံးကို ဖယ်ရှားနိုင်ပြီး၊ မိမိလူတို့အား အောင်မြင်မှု ပေးတော်မူနိုင်၏။
**ဆုတောင်းချက်-** အဖဘုရား၊ ထာဝရအိမ်တော် မရောက်မချင်း အကျွန်ုပ်အား ဝိညာဉ်လမ်းခရီး၌ လမ်းပြတော်မူပါ။

စနေ၊ စက်တင်ဘာ (၁၉)
၂ ရာ ၂၁
မာလ ၁း၁၁-၁၄

*"နေထွက်ရာအရပ်မှသည်
နေဝင်ရာအရပ်တိုင်အောင်"*

## ရှောလု၏သားများ ပြစ်ဒဏ်ပေးခံရခြင်း

ရှောလု၏သားများ အပ်ပေးမည်၊ မအပ်ပေးမည်ဟူသော ဆုံးဖြတ်ချက်သည် ရှင်ဘုရင်ပေါ်၌မူတည်ခဲ့ပြီး၊ ဆုံးဖြတ်ဖို့လည်း လိုပါသည်။ ဒါဝိဒ်သည် ဆုံးဖြတ်ချက် မချမှီ အကြံကောင်း တောင်းလျှောက်ခဲ့ပါသည်။ ထို့နောက်၊ သူတို့၏ တောင်းလျှောက်မှုကို သဘောတူလျက်၊ ရှောလု၏သားခုနစ်ယောက်ကို ဂိဗောင်လူများလက်ထဲသို့ အပ်ခဲ့ပါသည်။

ဂိဗောင်လူတို့သည် ရှောလု၏သားခုနစ်ဦးမှအပ၊ အခြားသော ဘယ်ဖြန်ဖြေမှုကိုမျှ မလိုချင်ခဲ့ကြပါ။ မေဖိဗောရှက်၊ ယောနသန်၏သားသည် တဦးအပါအဝင်ဖြစ်ခဲ့ပါသည်။ သို့သော်လည်း၊ ယောနသန်နှင့် ဒါဝိဒ်အကြားတွင် ဂတိသစ္စာတခုရှိခဲ့ပါသည်။ ထို့ကြောင့်၊ ဂိဗောင်လူများ၏ ကလဲ့စားချေခြင်းမှ သူလွတ်မြောက်ခဲ့ပါသည်။ ရှင်ဘုရင် ရှောလုနှင့်အတူ နေထိုင်ခဲ့သော ရိဇပ၏ သားနှစ်ဦးနှင့် ရှောလု၏သမီး မခါလ ပြုစုစောင့်ရှောက်ခဲ့သော သားငါးဦး (၂ ရာ ၂၁း၈) တို့ကို ဂိဗောင်လူများထံ အပ်ခဲ့ပါသည်။ တောင်းလျှောက်သော အရေအတွက် ပြည့်ခဲ့ပါသည်။

ထိုသားခုနစ်ဦးတို့ကို ဂိဗောင်လူများလက်ထဲသို့ အပ်ခဲ့ပြီး၊ သူတို့က တောင်ပေါ်တွင် ဘုရားသခင်ရှေ့တော်၌ ဆွဲထားခဲ့ကြပါသည်။ ထိုအချိန်သည် ရိတ်သိမ်းသောကာလဖြစ်၍ တိုင်းပြည်သည် ချမ်းသာရာရခဲ့ပါသည်။ ရိဇပသည် မိမိ၏သားများကြောင့် ပြင်းစွာ ငိုကြွေးခဲ့ပါသည်။ ရိဇပ၏ တုန့်ပြန်မှုကို ကြည့်ခြင်းဖြင့် အပြစ်၏အခကို ထင်ရှားခဲ့ပါသည်။ ဂိဗောင်လူများထံ ပြုခဲ့သော ယောရှု၏ဂတိသစ္စာသည် နှစ်ပေါင်းလေးရာနီးပါး ကြာမြင့်ခဲ့သော်လည်း၊ တည်လျက်ရှိခဲ့ပါ၏။ ထိုသို့သော ဂတိသစ္စာကို အချိန်က မပြောင်းလဲစေနိုင်ခဲ့ပါ။

ထိုအမှုဖြစ်ပြီးနောက်၊ ဒါဝိဒ်သည် ရှောလုနှင့် ယောနသန်တို့၏အရိုးများကို ယူလျက်၊ သူတို့ဖခင်များ၏သင်္ချိုင်း၌ ကောင်းမွန်စွာ သင်္ဂြိုလ်ခဲ့ပါသည်။ သူတို့ တိုက်ပွဲ၌ သေဆုံးခဲ့ကြသောကြောင့်၊ ဂိလဒ်ပြည် ယာဗက်မြို့သူမြို့သားတို့က သေဆုံးသောနေရာ၌ မြုပ်နှံခဲ့ကြပါသည်။ ထို့ကြောင့်၊ ဒါဝိဒ်က သူတို့၏ အရိုးများကို ပြန်လည် သင်္ဂြိုလ်ခဲ့ခြင်းဖြစ်ပါသည်။ ဒါဝိဒ်သည် ရှင်ဘုရင်ဖြစ်သောကြောင့်၊ များစွာသောအမှုများကို ချိန်ဆဖို့လိုပါသည်။ သူသည် အရေးကြီးသော ဆုံးဖြတ်ချက်များကို အချိန်တိုင်း ချမှတ်ရမည်ဖြစ်ပါသည်။ ထို့ကြောင့်၊ များစွာသော ဉာဏ်ပညာ လိုအပ်သည်ဖြစ်၍ ဘုရားသခင်က သူ့ကို ပေးတော်မူခဲ့၏။

ဒါဝိဒ်၏ ဣသရေလ ရှင်ဘုရင်ဖြစ်ခြင်း အချိန်ကာလသည် အဆုံးသတ်ပိုင်း ရောက်ရှိလာခဲ့ပါသည်။ သူသည် မိမိ၏အာဏာကို တာဝန်ဝတ္တရားနှင့်အညီ ကောင်းမွန်စွာ အသုံးပြုခဲ့ပါသည်။ ထိုအမှုသည် နောက်လာနောက်သားများအတွက် သင်ခန်းစာဖြစ်ပါသည်။

**ဆင်ခြင်ရန်** - လူတိုင်း၊ အထူးသဖြင့် အာဏာရှိသောသူသည် ဘုရားသခင်ထံ မိမိအကြောင်း ဖြေရှင်း တင်ပြရကြလိမ့်မည်။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်သည် မိမိ၏ဘဝခရီးကို တာဝန်ကျေပွန်စွာ ဖြတ်သန်းမည့်အကြောင်း မစတော်မူပါ။



အင်္ဂါ၊ ဇူလိုင် (၁၄)
၂ ရာ ၅
လု ၁၁း၁၅-၂၀

*"တိုင်းနိုင်ငံမည်သည်ကား၊ မိမိနှင့်
မသင့်မတင့်ကွဲပြားလျှင် ပျက်စီးခြင်းသို့
ရောက်လိမ့်မည်"*

## ဒါဝိဒ်သည် ဣသရေလလူအပေါင်း၏ရှင်ဘုရင်အဖြစ် ဘိသိက်ပေးခြင်းခံရ၏

ဣသရေလလူအပေါင်း၏ရှင်ဘုရင်ဖြစ်ဖို့ဟူသော ခရီးရှည်ကြီးကို ဒါဝိဒ် အဆုံးထိ လျှောက်လှမ်းခဲ့ပါသည်။ လူကြီးအပေါင်းတို့သည် ဒါဝိဒ်နှင့် ငြိမ်းချမ်းရေးယူခဲ့ကြပြီး၊ တိုင်းပြည်တခုလုံး၏ ရှင်ဘုရင်အဖြစ် ဘိသိက်ပေးခဲ့ကြပါသည်။ သူ့ကို ထောက်ပံ့ဖို့ရန်လည်း ဂတိပြုခဲ့ကြပါသည်။ ထို့နောက်၊ မြို့တော် တည်ဖို့ရန် ယေဗုသိလူတို့ထံမှ ယေရုရှလင်ကို သိမ်းပိုက်ခဲ့ပါသည်။ ထိုမြို့ကို ဒါဝိဒ်၏မြို့၊ ဇိအုန် ဟုလည်းခေါ်ခဲ့ပါသည်။ တုရုမင်းကြီး၊ ဟိရံသည် ဒါဝိဒ်အပေါ် ကောင်းသော အိမ်နီးချင်း ဖြစ်ခဲ့ပါသည်။ သူသည် ဒါဝိဒ်ထံသို့ အိမ်ဆောက်ပစ္စည်းများပို့လျက်၊ နန်းတော် တည်ဆောက်ဖို့ရန် လက်သမားများနှင့်ပန်းရန်သမားများကို စေလွှတ်ခဲ့ပါသည်။ ဖိလိတ္တိလူတို့သည် ဒါဝိဒ်အား တဖန် စစ်တိုက်လာခဲ့ပါသည်။ ဒါဝိဒ်သည် ဘုရားသခင်၏လမ်းပြမှုကို တောင်းလျှောက်လျက်၊ အောင်မြင်မှု ရခဲ့ပါသည်။ ပြုသောအမှု၌ ဘုရားသခင်အတူပါရှိတော်မူလျက်၊ ဒါဝိဒ်သည် အောင်မြင်သော ရှင်ဘုရင်ဖြစ်ခဲ့ပါသည်။

ဣရှဗောရှက် ကွယ်လွန်ပြီးနောက်၊ ဣသရေလလူကြီးတို့သည် စည်းလုံးစွာ ဒါဝိဒ်ကို ထောက်ခံ အားပေးခဲ့ကြ၏။ ဒါဝိဒ်ကို ချီးမြှောက်ကြလျက်၊ တိုင်းပြည်တခုလုံး၏ ရှင်ဘုရင်အဖြစ် တင်မြှောက်ခဲ့ကြပါသည်။ အရင်၌ ယုဒအမျိုးကသာလျှင် ဒါဝိဒ်အား ဟေဗြုန်မြို့၌ ဘိသိက်ပေးခဲ့ကြ၏။ ယခုတွင်၊ ဘုရားသခင်၏မိန့်တော်မူချက်အတိုင်း၊ ဣသရေလလူအပေါင်းတို့သည် ဒါဝိဒ်အား မိမိတို့၏ ရှင်ဘုရင်အဖြစ် အသိအမှတ်ပြု ခဲ့ကြပါသည်။ အရာရာတိုင်းက ထိုသို့ဖြစ်ဖို့ရန် တွန်းပို့ခဲ့ပါသည်။

ရှောလု အိမ်တော်မှ လူများအပါအဝင်၊ လူကြီးအပေါင်းတို့သည် ဒါဝိဒ်အား မိမိတို့၏ ရှင်ဘုရင်အဖြစ် သဘောတူခဲ့ကြ၏။ ၂ ရာ ၅း၁-၃ ၌အဖြစ်အပျက်ကို ဤသို့ဖော်ပြခဲ့ပါသည်၊ "ထိုအခါ ဣသရေလအမျိုးအနွယ်အပေါင်းတို့သည် ဒါဝိဒ်ရှိရာ ဟေဗြုန်မြို့သို့လာ၍၊ ကျွန်တော်တို့သည် ကိုယ်တော်အရိုး၊ ကိုယ်တော်အသားဖြစ်ကြ၏။ အထက်က ရှောလုသည် ကျွန်တော်တို့၌ ရှင်ဘုရင်ဖြစ်သောအခါ၊ ကိုယ်တော်သည် ဣသရေလအမျိုးကို ဆောင်သွားလျက်၊ သွင်းပြန်လျက်နေတော်မူပြီ။ ထာဝရဘုရားကလည်း၊ သင်သည်ငါ၏လူ ဣသရေလအမျိုးကို လုပ်ကျွေးအုပ်စိုးရမည်ဟု ကိုယ်တော်အား မိန့်တော်မူပြီဟု လျှောက်ဆိုကြ၏။ ထိုသို့ ဣသရေလအမျိုး အသက်ကြီးသူအပေါင်းတို့သည် ရှင်ဘုရင်ရှိရာ ဟေဗြုန်မြို့သို့ ရောက်လာလျှင်၊ ဒါဝိဒ်မင်းကြီးသည် ဟေဗြုန်မြို့၌ ထာဝရဘုရားရှေ့တော်မှာ သူတို့နှင့် မိတ်သဟာယဖွဲ့သဖြင့်၊ သူတို့သည် ဒါဝိဒ်ကို ဘိသိက်ပေး၍ ဣသရေလရှင်ဘုရင်အရာ၌ ချီးမြှောက်ကြ၏။" သူတို့သည် စိတ်ရင်းမှန်ခဲ့ကြပြီး၊ ဘုရားသခင်က လမ်းပြတော်မူခဲ့၏။ ဒါဝိဒ်လက်အောက်၌ တိုင်းပြည်တခုလုံး စည်းလုံးခဲ့ပါသည်။ ဘုရားသခင် ထားတော်မူသော ဂတိတော်အပေါင်းသည် ယုံကြည်ကိုးစားရပါ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မိမိ၏နှုတ်ကပတ်တရား၌ အစဉ် သစ္စာရှိတော်မူ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ သစ္စာရှိတော်မူခြင်းတရားက အကျွန်ုပ်အား ငြိမ်သက်ခြင်း ပေးတော်မူပါစေသော်။

ဗုဒ္ဓဟူး၊ ဇူလိုင် (၁၅)
၂ ရာ ၅
၅ ရာ ၁၁း၄-၉

*“ဒါဝိဒ်သည် တိုးပွါး၍ အားကြီးသဖြင့်၊
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည်
သူနှင့်အတူ ရှိတော်မူ၏”*

## ဣသရေလ ရှင်ဘုရင်အနေဖြင့် ဒါဝိဒ်သည် ခရစ်တော်ကို ပုံဆောင်၏

ဘုရားသခင်သည် ဣသရေလထံ ပြုခဲ့သော မိမိ၏ဂတိတော်ကို သူတို့၏ရှင်ဘုရင်အားဖြင့် ပြည့်စုံစေတော်မူလိမ့်မည်။ ဒါဝိဒ်သည် ဣသရေလလူများ၏ ရာဇပလ္လင်ပေါ်၌ ထိုင်လျက် ခရစ်တော်ကို ပုံဆောင်ခဲ့ပါသည်။ မိမိ၏မျိုးဆက်မှ မေရှိယ ကြွလာတော်မူလိမ့်မည်။ သူ့အားဖြင့် ဂတိတော်အများစုသည် ပြည့်စုံခြင်း ရှိလာလိမ့်မည်။ ဒါဝိဒ်သည် ဘုရားသခင်နှင့်အတူ သွားလာခဲ့ပါသည်။ ယခု မတွေ့ရသော သူ၏အကြောင်းများကို ဆာလံကျမ်းထဲ၌ တွေ့ရပါသည်။ သူသည် ဘုရားသခင် စိတ်နှလုံးတော်နှင့် ညီညွတ်သောသူဟု သူ၏အကျင့်ကို ဖော်ပြခြင်းခံရခဲ့၏။ ထို့ကြောင့် သူသည် တိုင်းပြည်၏ အမြင့်မြတ်ဆုံးသော ရာထူးကို ရခဲ့ခြင်းဖြစ်ပါသည်။

ဒါဝိဒ်အား ရှင်ဘုရင်အဖြစ် ဘိသိက်ပေးဖို့ရန် လာခဲ့ကြသော ထိုလူကြီးများက ရှမွေလအားဖြင့် ဘုရားသခင် မိန့်တော်မူခဲ့သော ဒါဝိဒ်အကြောင်းကို သိခဲ့ကြကြောင်း ဖော်ပြခဲ့ကြပါသည်။ အစတွင်၊ ရှောလု၏အိမ်တော်သည် ဗယ်္ာမိန်အမျိုး၌ အာဏာတည်မြဲစေဖို့ရန် ကြိုးစားတိုက်ခိုက်ခဲ့ပါသည်။ သို့သော်လည်း၊ ဘုရားသခင်က ယုဒအမျိုးမှ ဆင်းသက်လာသော ဒါဝိဒ်သာလျှင် ရှင်ဘုရင်အမွေကို ဆက်ခံမည့်သူဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ဒါဝိဒ်သည် အရွယ်ကောင်းစဉ် ဣသရေလရှင်ဘုရင်ဖြစ်လာခဲ့ပြီး၊ နှစ်ပေါင်း လေးဆယ်၊ ဟေဗြုန်မြို့မှ ၇ နှစ်နှင့် ယေရုရှလင်မြို့မှ ၃၃ နှစ် အုပ်ချုပ်ခဲ့ပါသည်။ ထိုသို့ တိုင်းပြည်တခုလုံး၏ ရှင်ဘုရင်ဖြစ်လာဖို့ရန် ရှည်လျားသောခရီးကို လျှောက်လှမ်းခဲ့ပါသည်။

ဟေဗြုန်မြို့သည် ယုဒအမျိုး အမွေခံရသောမြို့ဖြစ်ပါသည်။ သို့သော်လည်း၊ ယေရုရှလင်သည် ယုဒအမျိုးနှင့်ဗယ်္ာမိန်အမျိုးတို့ ပိုင်သောမြို့ဖြစ်ပါသည်။ ထို့ကြောင့် ဣသရေလအမျိုးအပေါင်းတို့အတွက် အိမ်တော်ဖြစ်လာဖို့ အကောင်းဆုံးဖြစ်ခဲ့ပါသည်။ မောရှေခေတ်၌ ဘုရားသခင်က ထိုအရပ်ကို မိမိ ရွေးကောက်သောနေရာဟု ဖော်ပြခဲ့ပါသည်။ ထိုမြို့၏အမည်သည် ယေဗု ဖြစ်၍ နေထိုင်သောသူများကို ယေဗုသိဟု ခေါ်ခဲ့ကြ၏။ ဒါဝိဒ်က ထိုမြို့ကို သိမ်းပိုက်ဖို့ရန် မိမိစစ်တပ်ကို နိုးဆော်လျက်၊ သိမ်းပိုက်နိုင်သောသူကို ဆုချမည်ဟု ဆိုခဲ့ပါသည်။ ယွာဘသည် မိမိတပ်ကို ဦးဆောင်လျက်၊ ထိုမြို့ကို သိမ်းပိုက်ခဲ့ပါသည်။ ထို့ကြောင့်၊ သူသည် ဒါဝိဒ်စစ်တပ်၏ စစ်ဗိုလ်ချုပ်ဖြစ်လာခဲ့၏။ ဇိအုန်းတည်းဟူသော၊ ဒါဝိဒ်၏မြို့တွင် ဒါဝိဒ်သည် ခံတပ်တည်ဆောက်ခဲ့ပါသည်။

နောက်တွင် ရှင်ဘုရင် ရှောလမုန်သည် ယုဒလူများ၏ အဓိက ဝတ်ပြုခြင်းနေရာဖြစ်သော ဗိမာန်တော်ကို ဤမြို့၌ တည်ဆောက်ခဲ့ပါသည်။ ထိုသို့ ဝတ်ပြုခြင်း အိမ်တော် တည်ဆောက်ဖို့ရန် ဘုရားသခင် သဘောတူခြင်းကို ကြည့်ခြင်းအားဖြင့်၊ ထိုနေရာသည် မောရှေအားဖြင့် မိန့်တော်မူခဲ့သော၊ မိမိ ရွေးကောက်ထားသည့် နေရာအမှန်ဖြစ်ကြောင်း သေချာခဲ့ပါသည်။

**ဆင်ခြင်ရန်** - ကျွန်တော်တို့ နေထိုင်သည့်နေရာကိုပင် ဘုရားသခင် ဆုံးဖြတ်တော်မူ၏။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၏ ဆုံးဖြတ်ချက်ချခြင်း၌ ကိုယ်တော်၏အလိုတော်ကို အစဉ်လိုက်နာမည်အကြောင်း မစတော်မူပါ။



သောကြာ၊ စက်တင်ဘာ (၁၈)
၂ ရာ ၂၁
ယောရှု ၉း၃၊ ၁၅-၁၇

*“ယောရှုသည်လည်း သူတို့ကို
. . . မိတ်သဟာယဖွဲ့၏”*

## အစာခေါင်းပါးမှုအကြောင်းရင်း ဖော်ပြခြင်း

ဘုရားသခင်က ဒါဝိဒ်အား၊ ဤဘေးဒဏ်သည် ဂိဗောင်လူတို့ကို သတ်ခဲ့သော ရှောလုကြောင့် ကျရောက်ခြင်းဖြစ်ကြောင်း မိန့်တော်မူခဲ့၏။ သူတို့သည် ယောရှုခေတ်၌ ဣသရေလအသက်ကြီးသူများက မသတ်မည်အကြောင်း ဂတိပြုခဲ့သော အမောရိအမျိုး ကျန်ကြွင်းသောသူများဖြစ်ကြပါသည်။ ထိုဂတိတော်သည် နှစ်ပေါင်းများစွာ တည်ခဲ့ပါသည်။ ထိုသူတို့သည် ဣသရေလ၏ကျွန်များဖြစ်ကြပြီး၊ ထင်းခွဲခြင်း၊ ရေခပ်ခြင်းအမှုတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

ခါနန်ပြည်ကို သိမ်းပိုက်ဖို့ရန် ယောရှု စခန်းချနေစဉ်၊ သူတို့သည် ကြောက်ရွံ့သဖြင့်၊ ယောရှုနှင့် ဣသရေလအသက်ကြီးသူတို့ကို လှည့်စားလျက်၊ သူတို့ထံပူးပေါင်းခဲ့ပါသည်။ ရှင်ဘုရင်ရှောလုက ထိုပူးပေါင်းမှုကို သိခဲ့သော်လည်း၊ ဂိဗောင်လူများကို သတ်ခဲ့ပါသည်။ ခေတ်အဆက်ဆက် ထိုပူးပေါင်းမှုသည် တည်မြဲခဲ့ပါသည်။ ဣသရေလသည် ထိုဂတိသစ္စာကို ဖောက်ဖျက်ခဲ့သောကြောင့် ပေးဆပ်ရမည်ဖြစ်ပါသည်။ ထိုသို့သောအမှုသည် “သင်၏ဘုရားသခင် ထာဝရဘုရား၏နာမတော်ကို မုသားနှင့်ဆိုင်၍ မမြွက်မဆိုနှင့်” (ထွက် ၂၀း၇) ဟူသော၊ ဘုရားသခင်၏ပညတ်တော်ကို ချိုးဖောက်ရာရောက်၏။ ရှောလုသည် ထိုဂတိကို လျစ်လျူရှုခဲ့သောကြောင့်၊ ဘုရားသခင်သည် တပြည်လုံး ပြစ်ဒဏ်ခံစေတော်မူခဲ့၏။ အကြောင်းမှာ ထိုဂတိသစ္စာသည် တပြည်လုံးနှင့်ဆိုင်သောအရာဖြစ်၏။

ဣသရေလနိုင်ငံ၌ ကျရောက်သော ထိုဘေးဒဏ်၏အကြောင်းရင်းကို ဒါဝိဒ် သိသောအခါ၊ ကုစားဖို့ရန် ခြေလှမ်းစတင်ခဲ့ပါသည်။ ဂိဗောင်လူတို့အား သင်တို့အဖို့ အဘယ်သို့ပြုရမည်နည်းဟု မေးခဲ့ပါသည်။ သူတို့က ရှောလု မိသားစု၏ သားခုနစ်ဦးကို ကြိုးဆွဲချဖို့ရန် သူတို့ထံ အပ်ပေးမည်အကြောင်း တောင်းလျှောက်ခဲ့ပါသည်။ နာကျင်စရာ အလွန်ကောင်းလှပါသည်။ သို့သော်လည်း၊ အပြစ်ကျူးလွန်ခြင်း၌ ပေးဆပ်စရာ ရှိပါသည်။ ဣသရေလနှင့် ဂိဗောင်လူများ ပူးပေါင်းခြင်းဂတိကဝတ်သည် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း၊ တည်လျက်ရှိခဲ့ပါ၏။ ယောရှုသည် လှည့်စားခြင်း ခံခဲ့ရသော်လည်း၊ ထိုပူးပေါင်းမှုကို လေးစားခဲ့ပါသည်။ ဘုရားသခင်၏နာမတော်ကို ရိုသေလေးစားခြင်း ရှိရပါမည်။

ဘုရားသခင်၏နာမတော်ကို မုသားနှင့်ဆိုင်၍ မမြွက်မဆိုနှင့် ဟူသောအချက်သည် ပညတ်တော်ဆယ်ပါးထဲမှ တပါးဖြစ်ပါသည်။ ဤတတိယမြောက် ပညတ်တရားက ဘုရားသခင်၏နာမတော်၊ ဂုဏ်ပုဒ်၊ နှုတ်ကပတ်တော်နှင့် ပြုသောအမှုများကို သန့်ရှင်းစေလျက်၊ ရိုသေ လေးစားခြင်း ရှိရမည်အကြောင်း တောင်းလျှောက်ခဲ့ပါသည်။ ဘုရားသခင်၏နာမတော် အလွဲသုံးစား ပြုခြင်းကို တားမြစ် ထားပါသည်။ ယောရှုခေတ်၌ ပြုခဲ့သော ထိုပူးပေါင်းမှုကို ရှောလုသည် လျစ်လျူရှုခဲ့သောကြောင့်၊ ပြစ်ဒဏ်ခံရမည့်အချိန် ကျရောက်လာခဲ့ခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အပြစ်၏အခ ပြစ်ဒဏ်သည် ဘုရားသခင် ချိန်းချက်သတ်မှတ်သောအချိန်၌ ရောက်လာတတ်၏။
**ဆုတောင်းချက်-** အဖဘုရား၊ အပြစ်အလုံးစုံကို ရှောင်ရှားမည်အကြောင်း မစတော်မူပါ။

*"ထိုသို့သောအမှုသည် ကောင်းသောအမှုဖြစ်၏။ ငါတို့ကို ကယ်တင်တော်မူသော အရှင်ဘုရားသခင် နှစ်သက်တော်မူသောအမှုလည်း ဖြစ်၏"*

## ဒါဝိဒ်သည် ဘုရားသခင်ထံ အဖြေရှာခဲ့၏

ဒါဝိဒ်သည် ဝိညာဉ်အရေးကို အလေးထားသော ခေါင်းဆောင်ဖြစ်သောကြောင့်၊ ခက်ခဲသောအခြေအနေများတွင်၊ ဘုရားသခင်၏ လမ်းပြတော်မူခြင်းကို မရှာဘဲ မနေခဲ့ပါ။ သူ၏မှူးမတ်များထဲတွင် မိမိကဲ့သို့ ဘုရားတရား၌ ကိုင်းရှိုင်းသောသူရှိသည်ဟု တယောက်မျှ ဖော်ပြထားခြင်း မရှိပါ။ ရှင်ဘုရင်နှင့်အလွန်ရင်းနှီးသောသူများမှာ ယဇ်ပုရောဟိတ်များသာဖြစ်ပါလိမ့်မည်။ သူတို့သည် ဝိညာဉ်ပိုင်းဆိုင် ခေါင်းဆောင်များဖြစ်ကြပြီး၊ ခက်ခဲသည့် အခြေအနေများ၌ ရှင်ဘုရင်သည် သူတို့၏ အကြံကို တောင်းတတ်ပါသည်။ သို့သော်လည်း၊ ဒါဝိဒ်သည် ပြသနာ ကြုံတွေ့သောအချိန်တိုင်း၌ ဘုရားသခင်၏လမ်းညွှန်မှုကို တောင်းလျှောက်တတ်၏။ သူရေးသားထားသည့် အချို့သော ဆာလံသည် ခက်ခဲသောအမှု ကြုံတွေ့သောအချိန်၌ သူ့စိတ်ခံစားချက် ဖော်ထုတ်ခြင်းများဖြစ်ပါသည်။ သူသည် မိမိ၏ဆုတောင်းခန်းထဲတွင်၊ ဘုရားသခင်ထံ မိမိ၏စိတ်နှလုံးကို သွန်းလောင်းတတ်ပါသည်။ သူကိုးစားသော ဘုရားသခင်ထံမှ အဖြေကို ရမည်အကြောင်း ကြိုးစားဆုတောင်းတတ်ပါသည်။

ဒါဝိဒ်၌ ဘုရားသခင်နှင့်ဆိုင်သော အတွေ့အကြုံများစွာ ရှိခဲ့ပါသည်။ ဘုရားသခင်သည် သူ့ကို ရွေးချယ်ခဲ့ပြီး၊ ဣသရေလရှင်ဘုရင်အဖြစ် တင်မြှောက်ခဲ့ပါသည်။ ရှမွေလ၏ ဘိသိက်ပေးခြင်းကို ခံရပြီးနောက်၊ သူသည် ရာဇပလ္လင်ပေါ်၌ ထိုင်ရဖို့ရန် ခရီးရှည်လျှောက်လှမ်းခဲ့ရပါသည်။ နောက်ဆုံးတွင်၊ ဘုရားသခင်က ဣသရေလနိုင်ငံကို သူ့လက်ထဲသို့ ပေးအပ်ခဲ့ပါသည်။ ယခုကြုံတွေ့ရသော အခက်အခဲသည် သူကြုံတွေ့ခဲ့သောအမှုများစွာထဲမှ တခုဖြစ်ပြီး၊ ဒါဝိဒ်သည် မိမိ၏ခွန်အားနှင့် စိတ်သက်သာခြင်း၏ အရင်းအမြစ်ကို ကောင်းကောင်းသိခဲ့ပါသည်။

ဒါဝိဒ်နှင့် ရှေးရှင်ဘုရင်များ ကြုံတွေ့ခဲ့သော အတွေ့အကြုံများသည် ယခုခေတ်သစ် နိုင်ငံ့ခေါင်းဆောင်များ ကြုံတွေ့ရသည့်အရာနှင့် ခြားနားမှု မရှိပါ။ ယနေ့၌လည်း စီးပွားရေး အမြင်မရှိသောကြောင့်ငင်း၊ ဘသာဝဘေးအန္တရာယ်ကြောင့်ငင်း၊ အစာခေါင်းပါးမှု ကြုံတွေ့နိုင်ပါသည်။ သို့သော်လည်း၊ ယနေ့ခေါင်းဆောင်များသည် ဘုရားသခင်ထံ အဖြေ ရှာကြလိမ့်မည် မဟုတ်ပါ။ သူတို့သည် မသိသော်လည်း၊ ဘုရားသခင်သည် အဆုံးစွန် အာဏာရှိတော်မူ၏။ ဒါဝိဒ်၏နည်းလမ်းကို လိုက်လျှောက်ခဲ့ကြပါလျှင်၊ ပြောင်းလဲမှု ကြီးကြီးမားမားရှိပါလိမ့်မည်။ နိုင်ငံ့ပြသနာများ ဖြေရှင်းဖို့ရန် နိုင်ငံ့ခေါင်းဆောင်များအား ဘုရားသခင် အဖြေပေးမည်အကြောင်း၊ ယနေ့ယုံကြည်သူတို့၌ မိမိတို့၏ခေါင်းဆောင်များအတွက် ဆုတောင်းပေးရမည့် တာဝန်ရှိပါသည်။

သခင် ယေရှုခရစ်တော်နှင့် တမန်တော်တို့သည် ယနေ့ ကျွန်ုပ်တို့၏ဆရာများဖြစ်ကြပါသည်။ သူတို့၏အသက်တာနှင့် အားပေးမှုများသည် ကျွန်ုပ်တို့အတွက် လိုက်လျှောက်ရမည့် စံနမူနာဖြစ်ကြပါသည်။ သင် သတိပြုပါသလား။

**ဆင်ခြင်ရန်** - သင်နှင့်အကျွန်ုပ်အတွက် ဘုရားသခင်ထံ၌ ယနေ့ အဖြေရှိတော်မူ၏။
**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်တို့၏တိုင်းပြည်နှင့်လူမျိုးကို ကောင်းကြီးပေးတော်မူပါ။





*"ငါတို့အမွေကို ငါတို့အဖို့ ရွေးပေးတော်မူ၏"*

## ဒါဝိဒ်၏မြို့တော် ယေရုရှလင်မြို့

ယေရုရှလင်မြို့သည် ယုဒအမျိုးထံ ယောရှု သတ်မှတ်ပေးခဲ့သောအမွေ၌ ပါဝင်ခဲ့ပါသည်။ ဒါဝိဒ်သည် ယုဒအမျိုးဖြစ်၍ ရှင်ဘုရင်ဖြစ်လာသောအခါ၊ ထိုမြို့ကို ဒါဝိဒ်၏မြို့ဟု သမုတ်လျက် ယနေ့တိုင်အောင် ထိုသို့ ခေါ်ခဲ့ကြပါသည်။

ဒါဝိဒ်က ယေရုရှလင်ကို ဣသရေလ၏ မြို့တော်အဖြစ် သတ်မှတ်ခဲ့ပါသည်။ ဒါဝိဒ်နောက်မှ နန်းတက်လာခဲ့သော မင်းဆက် နှစ်ဆယ်နီးပါး အုပ်စိုးသောအချိန်အထိ ထိုသို့ ဖြစ်ခဲ့ပါသည်။ ထိုမြို့ကို ဗာဗုလုန် မင်းကြီး နေဗုခပ်နေဇာက ၅၈၆ ဘီစီတွင် ဖျက်ဆီးလျက်၊ ယုဒလူများကို ကျွန်အဖြစ် ခေါ်ဆောင်ခဲ့ပါသည်။ သို့သော်လည်း၊ နှစ်ပေါင်း ၇၀ ကျွန်ခံပြီးနောက်တွင်၊ ပြန်လာခဲ့ကြပြီး၊ ထိုမြို့ကို ပြန်လည် ပြုပြင်ခဲ့ကြပါသည်။ ပြန်လာသောသူတို့သည် ဗိမာန်တော်ကို ရှေးဦးစွာ တည်ဆောက်ခဲ့ကြ၏။ ထို့နောက်၊ နေဟမိ ပြန်လာခဲ့ပြီး၊ မြို့ရိုးများကို ပြန်လည် တည်ဆောက်ခဲ့ပါသည်။ ခရစ်တော် ကြွလာခဲ့ပြီး၊ ယေရုရှလင်မြို့၌ များစွာသောအမှုကို ပြုတော်မူခဲ့ပါသည်။ ဤမြို့၌ များစွာသော ပရောဖက်ပြုချက်များကို ပြည့်စုံစေတော်မူခဲ့၏။ ထိုမြို့ကို အေဒီ ၇၀ တွင်၊ ရောမလူတို့က ဒုတိယအကြိမ် ဖျက်ဆီးခဲ့ကြပါသည်။ ထိုမြို့သည် ခေတ်သစ် ဣသရေလ တည်ထောင်သောနှစ် ၁၉၄၈ ခုနှစ်မတိုင်မီအထိ၊ တပါးအမျိုးသားတို့၏ လက်အောက်၌ ကျရောက်ခဲ့ပါသည်။ ဒုတိယ အကြိမ် ခရစ်တော် ကြွလာတော်မူသောအခါ၊ အရှေ့ဘက် ဂိတ်တံခါးမှ ယေရုရှလင်မြို့သို့ ဝင်လာတော်မူမည်ဖြစ်ပါသည်။ ယေရုရှလင်မြို့ကို ဣသရေလလူတို့၏မြို့တော်အဖြစ် သတ်မှတ်ခြင်းဖြင့်၊ ဒါဝိဒ်သည် ယေရုရှလင်မြို့အား ကောင်းကင်အိမ်တော်အဖြစ် ပုံဆောင်စေခဲ့ပါ၏။

တုရုမင်းနှင့် ဒါဝိဒ် မိတ်ဖွဲ့ခြင်းသည် သူ၏အာဏာကို ပို၍ခိုင်ခံ့စေခဲ့ပါသည်။ တုရုမင်းကြီး ဟိရံက ထိုအချိန်၌ ဒါဝိဒ်သည် ဣသရေလလူအပေါင်း၏ရှင်ဘုရင်ဖြစ်ကြောင်း သိခဲ့ပါသည်။ ဒါဝိဒ်သည် ရှင်ဘုရင် မဖြစ်မီကတည်းက၊ ဣသရေလသာမက၊ အခြားပြည်များ၌လည်း သူ့သတင်း ကျော်စောခဲ့ပါသည်။ ထို့ကြောင့်၊ ဟိရံသည် ဒါဝိဒ်အတွက် နန်းတော် တည်ဆောက်ဖို့ရန် လက်ဆောင်များနှင့်တကွ သံတမန်များနှင့် လက်သမားများ၊ ပန်းရန်ဆရာများကို စေလွှတ်ခဲ့ပါသည်။

ထိုအထောက်အပံ့တို့သည် ဒါဝိဒ်အတွက် အလွန်အသုံးဝင်ခဲ့ကြပါသည်။ မိမိအတွက် နေစရာ နန်းတော် တည်ဆောက်မည်ဖြစ်ပါသည်။ ယခုအခြေအနေသည် ရှောလု ထံမှ ထွက်ပြေးနေရသော အချိန်နှင့် လုံးဝ ဆန့်ကျင်ဖက်ဖြစ်ခဲ့ပါသည်။ ထိုအချိန်၌ အိမ် မရှိ၊ ကျောက်တောင်ဂူထဲ၌ နေထိုင်ခဲ့ရ၏။ ယခုတွင်၊ ဘုရားသခင်သည် ဒါဝိဒ်အား ဣသရေလ ရှင်ဘုရင်အဖြစ် ခန့်အပ်တော်မူသည်ဖြစ်၍ ဘုရင့် အရိုက်အရာနှင့် ထိုက်တန်သောအရာများကို ပိုင်ဆိုင်လာခဲ့ပါသည်။ ထိုအမှုအလုံးစုံကို ပြုတော်မူသောသူသည် ဘုရားသခင်ဖြစ်ကြောင်း ဒါဝိဒ်သိခဲ့ပါသည်။ ငြိမ်ချမ်းစွာ နားခိုနိုင်သောနေရာ ရှိခဲ့ပြီး၊ တိုင်းပြည်အုပ်ချုပ်ဖို့ရန် သင့်တော်သောမြို့ပိုင်ဆိုင်ခဲ့ပါသည်။ ဒါဝိဒ်သည် ထိုမြို့ကို တိုးတက်စေခဲ့ပြီး၊ ရှင်ဘုရင်၏တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းရွက်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် အကျွန်ုပ်လိုအပ်သောအရာ မှန်သမျှကို သိတော်မူ၏။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏အမှုတော် ထမ်းရွက်ဖို့ရန် အကျွန်ုပ်လိုအပ်သောအရာ အားလုံးကို မစတော်မူပါ။

သောကြာ၊ ဇူလိုင် (၁၇)
၂ ရာ ၅
ဆာလံ ၄၅း၁-၇

*"အိုဘုရားသခင်၊ ကိုယ်တော်၏ပလ္လင်သည်
နိစ္စထာဝရပလ္လင်ဖြစ်ပါ၏။ ကိုယ်တော်၏နိုင်ငံသည်
တရားသဖြင့်စီရင်သော နိုင်ငံဖြစ်ပါ၏"*

## ဒါဝိဒ်သည် ဘုရားသခင်၏ခွဲခန့်တော်မူခြင်းဖြင့် ရှင်ဘုရင်ဖြစ်လာခဲ့၏

ဘုရားသခင်၏ အခွင့်တော်အားဖြင့် သူသည် ဣသရေလ ရှင်ဘုရင်ဖြစ်လာခဲ့ကြောင်း ဒါဝိဒ် သိမှတ်ခဲ့ပါသည်။ Matthew Henry က ဤသို့ ရှင်းပြခဲ့ပါသည် - "ဒါဝိဒ် အစိုးရသည် တည်မြဲ ခိုင်ခံ့သော အစိုးရဖြစ်ပါသည်။ ဒါဝိဒ်သည် တည်ကြည်ကောင်းမွန်သော ရှင်ဘုရင်ဖြစ်ပါသည်။ ထိုနည်းတူ၊ ဒါဝိဒ်၏သားတော်သည်လည်း ဖြစ်၍၊ ထိုသူအားဖြင့် ကျွန်တော်တို့အားလုံးသည်လည်း ဘုရားသခင်ရှေ့၌ ရှင်ဘုရင်၊ ယဇ်ပုရောဟိတ်ဖြစ်ကြပါသည်။ ယခုအစဉ်၌ဖြစ်သော ခိုင်ခံ့ကျော်ကြားသည့် နိုင်ငံကဲ့သို့ ဣသရေလနိုင်ငံ မရှိတော့ပါ။ များစွာသောလူတို့သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် မျက်နှာသာပေးခြင်းကို ခံခဲ့ကြသော်လည်း၊ နားမလည်ကြ၊ နှိမ့်သိမ့်ခြင်း မခံရကြ။ ချီးမြှောက်ခြင်း ခံရခြင်း၊ နားလည်သဘောပေါက်ခြင်းသည် ဝမ်းမြောက်စရာအကြောင်းဖြစ်၏။ ဒါဝိဒ်ပိုင်ဆိုင်သောအရာသည် မိမိလူများအတွက်ဖြစ်ပြီး၊ ဘုရားသခင် ပြုတော်မူသောအမှုဖြစ်ပါသည်။ ထိုသို့ဖြင့် သူသည် သူ့လူများအတွက် ကောင်းကြီးမင်္ဂလာဖြစ်လျက်၊ သူ့လက်အောက်၌ ပြည်သူများသည် ဝမ်းမြောက်ခြင်း ရှိကြဖို့ရန် ဖြစ်ပါသည်။"

ဒါဝိဒ်သည် ရှင်ဘုရင် အာဏာကို ခိုင်ခံ့စေခဲ့ပါသည်။ သူသည် အလွန်တော်သော အုပ်ချုပ်ရေးသမားနှင့် ရဲရင့်သော စစ်သူရဲဖြစ်ပါသည်။ ထို့ကြောင့်၊ ဘုရားသခင် ရွေးနှုတ်တော်မူသော လူမျိုး၏ ရှင်ဘုရင် တပါးအဖြစ် မိမိ၏ တာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။ သူ၏အသိအမြင်သည် တိုင်းပြည်အတွက် ဘုရားသခင် ကြံစည်တော်မူချက်နှင့် ကိုက်ညီလျက်ရှိတတ်ပါသည်။

ရှင်ဘုရင်ဖြစ်သည်အတိုင်း ဒါဝိဒ်သည် မိမိတိုင်းပြည်ကို ကာကွယ်ရမည်ဖြစ်ပါသည်။ ဖိလိတ္တိလူတို့သည် သူ့ကို တိုက်ခိုက်လာသောကြောင့်၊ ရှင်ဘုရင်အနေဖြင့် ပထမဆုံး သူတို့ကို တိုက်ခိုက်ခဲ့ပါသည်။ သူသည် ထိုရန်သူဟောင်းများအကြောင်းကို ကောင်းကောင်း သိသဖြင့် ကြောက်ရွံ့ခြင်း မရှိခဲ့ပါ။ ဖိလိတ္တိလူတို့ကို ရင်ဆိုင်တိုက်ခိုက်ဖို့ရန် သူသည် အဆင်သင့်ရှိခဲ့ပါသည်။ ဤတိုက်ပွဲကလည်း သူသည် ရှင်ဘုရင် ဖြစ်ထိုက်ကြောင်း ပြသရာရောက်ပါသည်။ သူသည် ဘုရားသခင်၏ အလိုတော်ကို မတောင်းလျှောက်ဘဲ အဘယ်တိုက်ပွဲကိုမျှ မတိုက်ခဲ့ပါ။ ထို့ကြောင့် သူသည် ဘုရားသခင်၏ အလိုတော်ကို တောင်းလျှောက်ခဲ့ပါသည်။ ထိုအခါ ဘုရားသခင်က ချက်ချင်း အဖြေပေးတော်မူလျက်၊ လမ်းပြခဲ့သောကြောင့်၊ သူသည် ထိုတိုက်ပွဲ၌ အောင်မြင်မှု ရခဲ့ပါသည်။

ဣသရေလသည် အာဗြဟံ ခေတ်ကတည်းမှ ဘုရားသခင် ရွေးနှုတ်တော်မူသော လူမျိုးဖြစ်ပါသည်။ ဘုရားသခင်က ထိုလူမျိုးကို လမ်းပြ ခေါ်ဆောင်တော်မူခဲ့၏။ ဒါဝိဒ်သည် ရွေးနှုတ်ကယ်တင်ခြင်းအမှုနှင့် ဆိုင်သောအစီအစဉ်၌ ပါဝင်ခဲ့သောသူဖြစ်ပါသည်။ ဘုရားသခင်၏ ထာဝရနှင့်ဆိုင်သော အစီအစဉ်၌ သင်အဘယ်နေရာ၌ ပါဝင်ပါသနည်း။ ယေရှုသည် ဒါဝိဒ်၏ ကြီးမြတ်သော သားတော်ဖြစ်ပြီး၊ သင့်ကို ကယ်တင်ဖို့ရန် ကြွလာခဲ့၏။ ယေရှုကို ယခု လက်ခံပါလော့။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် အရာခပ်သိမ်းကို ဤကမ္ဘာမတည်မရှိမီ ခွဲခန့်တော်မူ၏။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်သည် မိမိ၏တာဝန်ကို ကျေပွန်စွာ ထမ်းရွက်မည်အကြောင်း လမ်းပြမစတော်မူပါ။



ဗုဒ္ဓဟူး၊ စက်တင်ဘာ (၁၆)
၂ ရာ ၂၁
တရား ၂၈း၄၉-၅၃

*"လူမျိုးကို ဝေးသောအရပ်၊ မြေကြီးစွန်းမှ
ထာဝရဘုရားသည် ခေါ်၍ သင့်ကို
တိုက်စေတော်မူမည်"*

## ဒါဝိဒ်အပေါ် အစာခေါင်းပါးမှု ကျရောက်ခဲ့၏

ဒါဝိဒ်သည် ပုန်ကန်သူနှစ်ဦးကို အနိုင်ယူပြီးနောက် ယေရုရှလင်မြို့၌ တည်ငြိမ်အေးချမ်းစွာ နေထိုင်ခဲ့ပါသည်။ ရှင်ဘုရင်ဖြစ်သည်နှင့်အညီ၊ တိုင်းပြည်၌ ကျရောက်နိုင်သော မတော်တဆမှုများအတွက် ပြင်ဆင်လျက် လိုအပ်သည့်အချိန်၌ လိုအပ်သောအမှုကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယခုအခါ၊ သူသည် အစာခေါင်းပါးခြင်း၊ ဂိဗောင်လူများ၊ ရှောလု၏မိသားစုနှင့် ဖိလိတ္တိလူ လူကောင်ကြီးများကို ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ပါသည်။ ထိုအမှုပြသနာများကို ဖြေရှင်းဖို့ရန် ဒါဝိဒ်သည် အစကတည်းမှ ဘုရားသခင်အား တောင်းလျှောက်ဖို့လိုအပ်ကြောင်း သိခဲ့ပါသည်။ ထိုသို့ပြုခြင်းဖြင့်၊ သူသည် မှန်ကန်သော နည်းလမ်းကို တွေ့ရှိလျက်၊ ပြသနာများကို ဖြေရှင်းနိုင်ခဲ့ပါသည်။ သူသည် ဘုရားသခင်၏အလိုတော်ကို ကြိုးစားရှာဖွေလျက်၊ ဘုရားသခင်ကို ယုံကြည်ကိုးစားခဲ့ပြီး၊ အောင်မြင်မှု ရခဲ့ပါသည်။

အစာခေါင်းပါးမှုသည် တတိုင်းပြည်လုံး ကြုံတွေ့ရသော အခက်အခဲ ပြသနာဖြစ်သောကြောင့် ဒါဝိဒ် ဖြေရှင်းရမည့်အမှုဖြစ်ပါသည်။ ပြည်သူပြည်သားတို့သည် စားစရာမရှိခဲ့ကြသောကြောင့် ရှင်ဘုရင်ထံ အကူအညီ တောင်းလာခဲ့ကြ၏။ ထိုအစာခေါင်းပါးမှုသည် သုံးနှစ် ကြာမြင့်ခဲ့ပါသည်။

မိုးမရွာသောကြောင့် အစာခေါင်းပါးမှု ကျရောက်လာ၏။ ရေမရှိသောကြောင့် စားပင်များသည် မကြီးထွားနိုင်ဘဲ၊ နို့ရည်နှင့်အသားကို ထုတ်ပေးသည့် တိရိစ္ဆာန်များသည်လည်း သေကြလိမ့်မည်ဖြစ်၏။ လူတို့သည်လည်း ထိုကောင်းကင်မှကျလာသော မိုးရေကို မှီခိုခဲ့ကြသည်ဖြစ်သောကြောင့် သေကြပါလိမ့်မည်။ ထိုသို့သော ဘေးဒုက္ခ ကြုံတွေ့သောအခါ၊ ပြည်သူပြည်သားတို့သည် ရှင်ဘုရင်၏ မစမှုကို မျှော်လင့်ခဲ့ကြပါသည်။ ယခုအဖြစ်အပျက်၌ အသေအပျောက်ရှိမရှိကို ဖော်ပြ မထားခဲ့ပါ။ သို့သော်လည်း၊ ဤအမှုသည် သုံးနှစ်လုံးလုံးကြာမြင့်သော ဘေးဒုက္ခကြီးတခု ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ရှင်ဘုရင်သည် ထိုအမှုကို အထူးဂရုစိုက်ခဲ့ပါသည်။ ဤအမှုသည် သူတို့၏အပြစ်ကြောင့် ဘုရားသခင် ပြုတော်မူသောအရာဖြစ်ကြောင်း သူသိနားလည်လာခဲ့ပါသည်။ ထို့ကြောင့်၊ သူသည် ဘုရားသခင်ထံ ဆုတောင်းလျက် တောင်းလျှောက်မှုပြုခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် အပြစ်ကို ဆန့်ကျင်တော်မူ၏။
**ဆုတောင်းချက်-** အဖဘုရား၊ အခက်အခဲတိုင်း၌ ကိုယ်တော်၏မျက်နှာကို ရှာမည်အကြောင်း အကျွန်ုပ်အား သတိရစေတော်မူပါ။

*"ဘုရားသခင်သည် လူအသီးသီးတို့အား ယုံကြည်ခြင်းကို ဝေပေးတော်မူသည်နှင့်အညီ၊ ကိုယ်ကို လျောက်ပတ်စွာထင်ရမည်အကြောင်း"*

## မမျှော်လင့်သောနေရာမှ ဘုရားသခင်သည် မစခြင်းပေးတော်မူ၏

ယွာဘသည် အောင်မြင်ခြင်း တံပိုး မှုတ်ခဲ့ပါသည်။ ထို့နောက်၊ သူသည် သူ့လူများနှင့်အတူ ယေရုရှင်လင်မြို့သို့ ရှင်ဘုရင်ထံ ပြန်သွားခဲ့ကြ၏။ ထိုအမှုသည် ဒါဝိဒ်နှင့် သူ့လူများအတွက် အံ့ဩဝမ်းမြောက်စရာ ဖြစ်ခဲ့ပါသည်။ မိမိ၏ရာဇပလ္လင်ကို ကာကွယ်လျက် ထိုပုန်ကန်သူနှစ်ဦးကို အနိုင်ရခဲ့သောကြောင့် သူသည် စိတ်သက်သာရာရခဲ့ပါသည်။ သူသည် မိမိတိုင်းပြည်၌ရှိသော လူများ၏အကြောင်းကို ကောင်းကောင်း နားလည်သဘောပေါက်ခဲ့ပါသည်။ ခြုံငုံပြောရလျှင်၊ ထိုရန်သူများအလယ်၌ ဣသရေလကို ဦးဆောင်နိုင်သောအခွင့်ပေးတော်မူသောသူသည် ဘုရားသခင်ဖြစ်ပါသည်။

ဤသည်ကား ဒါဝိဒ်အတွက် အောင်မြင်မှု တခုဖြစ်ပါသည်။ Matthew Henry ကဤသို့ ဖော်ပြထားပါသည်၊

"သစ္စာဖောက်ကို လက်ခံခဲ့သော ထိုမြို့အား တိုက်ခိုက်ခြင်းသည် တရားသောအမှုဖြစ်၏။ ခရစ်တော်၏ အုပ်စိုးမှုကို လက်မခံသော၊ ဆန့်ကျင်ပုန်ကန်လိုသော တပ်မက်ခြင်းကို ပြုစုကျွေးမွေးသော စိတ်နှလုံးကို မတိုက်ခိုက်ရသလော။ ဆင်ခြင်တုံတရားရှိသော မိန်းမသည် မိမိ၏ဉာဏ်ပညာနှင့်ဆိုင်သော အစီအစဉ်အားဖြင့် ယွာဘကို ကျေနပ်စေသည်သာမက၊ ထိုမြို့ကို ကယ်တင်ခဲ့ပါသည်။ ဉာဏ်ပညာသည် ယောကျ်ား မိန်းမနှင့် ရာထူးဂုဏ်ကို ရွေးတော်မမူ၊ များစွာသောအကြောင်းတရားသိခြင်း၌လည်း မတည်။ ဉာဏ်ပညာသည် ပြဿနာ ကြုံတွေ့သောအခါ၊ ထိုပြဿနာ ပျောက်ကွယ်လျက်၊ ကောင်းကျိုး ဖြစ်ပွားစေရန်အတွက် နားလည်သဘောပေါက်ခြင်းဖြင့် အမှုပြုတတ်ပါသည်။ အချင်းချင်း တိုင်ခိုက်သောသူများသည် အချင်းချင်း နားလည်မှုရှိခဲ့ကြလျှင်၊ များစွာသော ပြဿနာကို ဆီးတားနိုင်ကြပါလိမ့်မည်။ နှစ်ဖက်စလုံး လှည့်စားခြင်း မခံရဖို့ လိုပါသည်။ ငြိမ်းချမ်းခြင်းအတွက် လိုအပ်သောအရာတခုမှာ သစ္စာဖောက်သောသူ အရှုံးပေး ဝန်ခံခြင်း ဖြစ်ပါသည်။ ဤသည်ကား အပြစ်ပြုသောလူတို့ပေါ် ဘုရားသခင်၏အမှုဖြေရှင်းနည်းလည်း ဖြစ်ပါသည်။ အပြစ်သည် သစ္စာဖောက်ဖြစ်ပါသည်။ တပ်မက်ခြင်းသည် ပုန်ကန်သောသူဖြစ်၏။ ထို့ကြောင့်၊ ထိုအမှုများကို အပြစ်လွှန်ကျူးခြင်းနှင့်တကွ ဖယ်ရှားပါလော့။ သို့ဆိုလျှင်၊ အရာအားလုံး ကောင်းသွားပါလိမ့်မည်။ ထိုမှတပါး ငြိမ်းချမ်းမှုအတွက် အခြားသောနည်းလမ်း မရှိပါ။"

ယွာဘသည် ဒါဝိဒ်၏ စစ်ဗိုလ်ချုပ် ဆက်လက်ဖြစ်ခဲ့ပြီး၊ အခြားသော မှူးမတ်များတို့သည် မိမိတို့၏ တာဝန်ကိုယ်စီ ထမ်းရွက်ခဲ့ကြပါသည်။ ထိုခက်ခဲသောကာလအပြီးတွင်၊ ဒါဝိဒ်သည် ထိုသို့ ယေရုရှလင်မြို့၌ မြဲမြံတည်ငြိမ်စွာ ရပ်တည်ခဲ့ပါသည်။ သူသည် ထိုရာထူးအတွက် ဘိသိက်ပေးခြင်းခံရသောသူဖြစ်သောကြောင့်၊ သူ၏အောင်မြင်မှုများသည် အထက်အရပ်မှလာသော အောင်မြင်မှုဖြစ်ပါသည်။ ဆန့်ကျင်သောသူသည် ကျဆုံးလိမ့်မည်။ ဘုရားသခင် ဖော်ပြတော်မူသောအရာကို အစဉ် နာခံလိုက်လျှောက်ပါလော့။

**ဆင်ခြင်ရန်** - ခေါင်းဆောင်မှု အရည်အချင်းသည် ဘုရားသခင် ပေးသနားတော်မူသော ဆုကျေးဇူးဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်တို့အသင်းတော်၌ ငြိမ်သက်ခြင်း စိုးမိုးစေတော်မူပါ။ ထိုအခါ ကြီးမြတ်သောအမှုကို ကျွန်တော်တို့ ဆောင်ရွက်လိမ့်မည်။





*"ကိုယ်တော်သည် လူမျိုးထက် အဆင်းလှပါ၏"*

## ဒါဝိဒ်သည် သေတ္တာတော်ကို ယေရုရှလင်မြို့သို့ သယ်ဆောင်ခဲ့၏ (၁)

ဒါဝိဒ်သည် သူ၏မြို့တော်သစ်ဖြစ်သော ဒါဝိဒ်၏မြို့၌ ရှင်ဘုရင်အဖြစ် အခြေချခဲ့ပါသည်။ ယေရုရှလင်မြို့သည် ဘုရားသခင် ရွေးချယ်တော်မူသောနေရာဖြစ်ကြောင်း အတည်ပြုခဲ့ပါသည်။ ရာဇပလ္လင်အတွက် ကြိုးစားခဲ့သောကြောင့်၊ ဝိညာဉ်အရေးများကို ဘေးဖယ်ထားခဲ့ပါသည်။ ထိုသို့ပြုခြင်းသည် မှားယွင်းကြောင်း သူသိခဲ့ပါသည်။ ထို့ကြောင့်၊ ပဋိညာဉ်သေတ္တာတော်ကို နေရာသစ်သို့ သယ်ဆောင်လာဖို့ရန် ယခုသည်အချိန်ကောင်းဖြစ်သည်ဟု သူသိမြင်ခဲ့၏။ ထိုသို့ ပထမအကြိမ် သေတ္တာတော် သယ်ဆောင်လာသောအခါ၊ လူ့အမှားကြောင့် အဆင်မပြေဖြစ်ခဲ့ပါသည်။ သေတ္တာတော် သယ်ယူပုံ မှားယွင်းခဲ့ပါသည်။ သို့သော်လည်း၊ နောက်ဆုံးတွင် သေတ္တာတော်အား မိမိနေရာသို့ ဝမ်းမြောက်ဝမ်းသာ ယူဆောင်နိုင်ခဲ့ပါသည်။ သေတ္တာတော် ရောက်လာသောအခါ၊ ဒါဝိဒ်သည် ပွဲတော်ဆင်နွှဲလျက်၊ ယဇ်ပူဇော်ခဲ့ပါသည်။ မိခါလသည် ဒေါသထွက်ခဲ့သော်လည်း၊ ဒါဝိဒ်သည် အလေးမထားဘဲ၊ ထာဝရဘုရားရှေ့၌ မိမိ၏ဝမ်းမြောက်ခြင်းသည်မှန်ကြောင်း ကာကွယ်ခဲ့၏။

ပဋိညာဉ် သေတ္တာတော်သည် ဝတ်ပြုကိုးကွယ်ခြင်း၌ အဓိကကျသောအရာ ဖြစ်ခဲ့ပါသည်။ သေတ္တာတော်ကို တဲတော်၏ အသန့်ရှင်းဆုံး နေရာတွင် ထားခဲ့ကြပြီး၊ ဘုရားသခင် ဖော်ပြထားသည်အတိုင်း ထိုအရပ်၌ ယဇ်ပုရောဟိတ်က အမှုပြုတော်မူ၏။ ထိုသို့ ဝတ်ပြုခြင်းကို မောရှေ ခေတ်မှစ၍ ဖိလိတ္တိလူတို့က သေတ္တာတော် လုယူသောအချိန်၊ ယဇ်ပုရောဟိတ် ဧလိ၏အချိန်အထိ ပြုခဲ့ကြပါသည်။ ထိုသေတ္တာတော်သည် ဣသရေလပြည်သို့ ရောက်လာခဲ့သော်လည်း၊ လူမျိုးအကြား မကျေနပ်မှုများကြောင့် တည်ရှိရမည့်နေရာမှန်သို့ မရောက်ခဲ့ပါ။

ယခုတွင်၊ ရှင်ဘုရင် ဒါဝိဒ်သည် ငြိမ်းချမ်းစွာ အခြေချပြီးဖြစ်သောကြောင့်၊ ဝိညာဉ်ရေးရာ နိုးထမှုကို ဆောင်ရွက်ရန် အချိန်ကောင်းဖြစ်သည်ဟု သိမြင်ခဲ့ပါသည်။ ထိုသေတ္တာတော်ကို ဝတ်ပြုခြင်း နေရာမှန်သို့ သယ်ဆောင်လာဖို့ရန် နေ့ရက် သတ်မှတ် ပေးခဲ့ပါသည်။ ထိုအချိန်တွင်၊ ယေရုရှလင်မြို့သည် ဣသရေလလူအပေါင်းတို့ အဓိကထားသောနေရာ ဖြစ်လာခဲ့ပါသည်။ ထို ဘုရားသခင် ရွေးချယ်တော်မူသော ယေရုရှလင်မြို့မှ ထွက်လာသော အမိန့်တော်အတိုင်း တိုင်းပြည်တခုလုံး နေထိုင်လှုပ်ရှားခဲ့ကြပါသည်။ ထိုနည်းတူ၊ ဝိညာဉ်ရေးရာနှင့်ဆိုင်သောအမှုအလုံးစုံ၏အဓိကကျသော သေတ္တာတော်သည်လည်း ထိုနေရာ၌ ရှိဖို့လိုအပ်ပါသည်။ ထိုသေတ္တာတော်ကို ခေရုဗိမ်များအလယ်၌ကျိန်းဝပ်တော်မူသော ဘုရားသခင် ထာဝရဘုရား၏ သေတ္တာတော်ဟု ခေါ်ဝေါ်ခဲ့ကြပါသည်။ ထိုသေတ္တာတော်သည် ဖိလိတ္တိလူများ ပြန်လည်ပေးအပ်သောအချိန်မှစ၍ ဂိဗာမြို့ အဘိနဒပ်အိမ်တွင် တည်နေခဲ့ပါသည်။ ဒါဝိဒ်သည် နိုင်ငံ့အရေး၌ အလုပ်များသော်လည်း၊ သေတ္တာတော်ကို မိမိ၏နေရာအမှန်သို့ ယူဆောင်လာဖို့ရန် ယဇ်ပုရောဟိတ်များအား ကူညီဖို့လိုအပ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အမှုတော် ကျေပွန်စွာ ဆောင်ရွက်ဖို့ရန် ရဲရင့်ခြင်းသတ္တိ လိုအပ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ အရေးကြီးဆုံးသော အမှုတော်ကို လျစ်လျူမရှုမည်အကြောင်း အကျွန်ုပ်အား မစတော်မူပါ။

တနင်္ဂနွေ၊ ဇူလိုင် (၁၉)
၂ ရာ ၆
ဆာလံ ၆၂

*"ဘုရားသခင်သည် တကြိမ် ဗျာဒိတ်ပေးတော်မူပြီ။ နှစ်ကြိမ်မြောက် ငါကြားရသော ဗျာဒိတ်တော်ဟူမူကား . . . "*

## ဒါဝိဒ်သည် သေတ္တာတော်ကို ယေရုရှလင်မြို့သို့ သယ်ဆောင်ခဲ့၏ (၂)

သေတ္တာတော် ပြည်လည်သယ်ဆောင်ခြင်းအမှု၌ မည်သို့သယ်ဆောင်ရမည်အကြောင်း ပညတ္တိကျမ်းကို ဖတ်ရှုလေ့လာဖို့ ပျက်ကွက်ခဲ့ကြပါသည်။ ထိုသေတ္တာတော် သယ်ဆောင်ခြင်းအမှု၌ ဒါဝိဒ်သည် လူသုံးသောင်းကို စုဝေးစေခဲ့ပါသည်။ သူတို့ရောက်လာကြသောအခါ၊ အဘိနဒပ်၏သားများဖြစ်သော၊ ဩဇနှင့်အဟိဩတို့သည် နွားလှည်းပေါ်သို့ သေတ္တာတော်ကို တင်လျက်၊ လှည်းကို သူတို့ နှစ်ဦးက မောင်းခဲ့ကြပါသည်။

ထိုသေတ္တာတော် နောက်မှ ဒါဝိဒ်နှင့် သူ၏လူများတို့သည် သီချင်းဆိုလျက်၊ တီးမှုတ်လျက် လိုက်လာခဲ့ကြပါသည်။ ထိုအဖြစ်အပျက်ကို ဤသို့ဖော်ပြခဲ့ပါသည်။ "ဒါဝိဒ်နှင့် ဣသရေလအမျိုးသား အပေါင်းတို့သည် စောင်း၊ တယော၊ ပတ်သာ၊ နှဲခရာ၊ ခွက်ကွင်းတို့ကို ကိုင်လျက်၊ ထာဝရဘုရား ရှေ့တော်၌ အားထုတ်၍ တီးမှုတ်ကြ၏" (၂ ရာ ၆း၅)။ ပြည်သူလူထုအတွက် ကြီးမြတ်သောနေ့ပင် ဖြစ်ပါသည်။ ထိုသို့တီးမှုတ်လျက် သီချင်းဆိုကြခြင်းက ဣသရေလလူတို့အတွက် သေတ္တာတော်၏ အရေးပါမှုကို ထင်ရှားစေခဲ့ပါသည်။ ထိုသေတ္တာတော် ပြုလုပ်ခြင်းအဆင့်ဆင့်ကို ထွက်မြောက်ရာကျမ်း ၂၅ ထဲတွင်၊ ဘုရားသခင်က မောရှေထံ အလျား အနံများကို ဖော်ပြတော်မူခဲ့၏။ သေတ္တာတော်ကို ဗေဇလေလက ပြုလုပ်ခဲ့ပါသည်။ ထိုသေတ္တာတော်ထဲတွင် ပညတ်တော်ဆယ်ပါး၊ အာရုန်၏ တောင်ဝှေးနှင့် မန္နမုန့်များ ထည့်ထားပါသည်။ တောလည်ရာကျမ်း ၃း၃၀-၃၁ အရ၊ သေတ္တာတော်ကို လေဝိအမျိုးသားများက ကြည့်ရှု သယ်ဆောင်ကြရမည်ဖြစ်ပါသည်။ ထိုသေတ္တာတော်သည် ဘုရားသခင်၏ ပညတ်တရားနှင့် သန့်ရှင်းခြင်း သင်္ကေတဖြစ်ပါသည်။ ထိုသေတ္တာတော်ကို မိမိနေရာ၌ ထားလျက်၊ ဘုရားသခင်သည် ဣသရေလ၏ရှင်ဘုရင်ဖြစ်ကြောင်း အောက်မေ့ဖို့ရန်ဖြစ်၏။ ဣသရေလအမျိုးအတွက် အပြစ်ဖြေခြင်းကိုလည်း ပံ့ဆောင်ခဲ့ပါသည်။ ထိုသေတ္တာတော်ကို အသန့်ရှင်းဆုံး နေရာ၌ ထားလျက်၊ ထိုနေရာသည် ဝတ်ပြုကိုးကွယ်ခြင်း၏ အဓိကနေရာဖြစ်ပြီး၊ အနာဂတ်အတွက်လည်း အကျိုးရှိခဲ့ပါသည်။ ထိုပံ့ဆောင်ခြင်းတရားများတို့ကြောင့် ဤလူမျိုး၏ ဝိညာဉ်ရေးရာအမှု၌ ဤသေတ္တာတော်ကို ဘယ်လိုမှ လျစ်လျူရှု၍ မရပါ။

ဩဇနှင့်အဟိဩက သေတ္တာတော် တင်ဆောင်ထားသော နွားလှည်းကို မောင်းနှင်ခဲ့ကြပြီး၊ ထိုသို့ သယ်ဆောင်ခြင်းကို ဘုရားသခင် လက်ခံတော်မမူ။ နွားများက လှည်းကို လှုပ်ခဲ့ကြပါသည်။ ဩဇက သေတ္တာတော် မကျအောင် လက်ဖြင့် ကိုင်ခဲ့ပါသည်။ ထိုအခါ၊ ဒါဝိဒ်၊ လေဝိလူများနှင့် လူထု၏ အသိဉာဏ်နည်းပါးခြင်းအကြောင်း ထင်ရှားလာခဲ့ပါသည်။ ဘုရားသခင်သည် အမျက်ထွက်လျက်၊ ဩဇကို ဒဏ်ခတ်သဖြင့် ထိုနေရာ၌ သေခဲ့ပါသည်။ ထိုအခါ၊ ဝမ်းမြောက်ခြင်းသည် ငိုကြွေးခြင်း အဖြစ်သို့ ပြောင်းလဲခဲ့ပါသည်။ ဒါဝိဒ်သည် ကြောက်ရွံ့သဖြင့်၊ သေတ္တာတော်ကို ယေရုရှလင်သို့ မည်သို့ သယ်ဆောင်ရမည်အကြောင်း ဘုရားသခင်ထံ မေးလျှောက်ခဲ့ပါသည်။ ဤနေရာ၌ အမှားနှစ်ခု ကျူးလွန်ခဲ့ပါသည်။ မောရှေ၏ ပညတ္တိကျမ်းထဲတွင်၊ သေတ္တာတော်ကို လေဝိအမျိုးသားများက ထမ်းရွက်သယ်ဆောင်ရမည်ဟု ဖော်ပြခဲ့ပါသည်။ ထိုသေတ္တာတော်ကို အဘယ်သူမျှ ထိခွင့် မရှိပါ။ ပညတ်တော် လိုက်လျှောက်ခြင်းအရေးပါမှုကို ဖော်ပြလျက်ရှိပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင် တကြိမ် မိန့်ဆိုတော်မူ၏၊ ကျွန်တော်တို့ နှစ်ကြိမ် ကြားနာရပါမည်။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တရားတော်များကို ကျွန်တော် သေချာ ဂရုစိုက်နားထောင်လိုပါသည်။



တနင်္လာ၊ စက်တင်ဘာ (၁၄)
၂ ရာ ၂၀
ယောဘ ၄၂း၁-၅

*"ကိုယ်တော်သည် အလုံးစုံကို တတ်နိုင်တော်မူကြောင်း . . . အကျွန်ုပ်သိပါ၏"*

## ဒါဝိဒ်၏လူတို့သည် ရှေဘကို ရင်ဆိုင်ခဲ့ကြ၏

ဒါဝိဒ် ယခု အဓိကထားရမည့်အမှုမှာ ရှေဘ၏ပုန်ကန်မှုအား အနိုင်ယူဖို့ဖြစ်ပါသည်။ ဤအမှုသည် အဗရှလုံ၏ပုန်ကန်မှုဖြစ်ပြီးနောက် ချက်ချင်းဖြစ်ပေါ်လာသော ရှင်ဘုရင်အပေါ် ဆန့်ကျင်မှု ဖြစ်ခဲ့သော်လည်း၊ တဖက်တွင် ကောင်းသောအချက် ရှိပါသည်။ ထိုအမှုက ဒါဝိဒ်အား မိမိ၏ စစ်မှန်သော မိတ်ဆွေများကို သိခွင့်ရစေခဲ့ပါသည်။ ထို့ပြင် အခြားဖြစ်ပေါ်လာနိုင်သော ပုန်ကန်မှုများအတွက် သတိပေးခေါင်းလောင်းသံဖြစ်လျက်၊ ထိုအမှုအတွက် ပြင်ဆင်နိုင်ခဲ့ပါသည်။

ပုန်ကန်မှုအကြောင်းကို ယခု အာရုံပြုခဲ့ကြပါသည်။ အစ၌၊ ရှေဘသည် ဣသရေလလူ အများစု၏ ထောက်ခံမှုကို အားကိုးခဲ့ပါသည်။ အားကြီးသော ယုဒလူအပေါင်းတို့က သူ့ကို လိုက်ရှာခဲ့ကြပါသည်။

သို့သော်လည်း၊ ဒါဝိဒ်ကို တိုက်ခိုက်လိုသောသူတိုင်းက ဒါဝိဒ်နှင့် သူ့လူများသည် စစ်ရေး၌ အလွန် အတွေ့အကြုံရှိကြသောသူများဖြစ်ကြကြောင်း သိထားကြဖို့လိုပါသည်။ အဖိုးအခ ပေးဖို့လည်း အဆင်သင့်ရှိကြဖို့ လိုပါသည်။ ယခု၌လည်း ထိုသို့ ဖြစ်ခဲ့ပါသည်။ ရှေဘ၌ လူဦးရေများပြားစွာ ရှိသော်လည်း၊ ဒါဝိဒ်၏လူများသည် စစ်ပွဲ အတွေ့အကြုံရှိသောသူ၊ အနိုင်ရဖို့ရန် အစွမ်းအစရှိသော သူများဖြစ်ကြပါသည်။ ယွာဘ ဦးဆောင်လျက် အဘိရှဲနှင့်အတူ ရှေဘကို လိုက်ရှာခဲ့ကြပါသည်။ သူတို့သည် ဗက်မာခပြည်၏မြို့တိုင်အောင် သူ့ကို လိုက်ခဲ့ကြပြီး၊ စစ်ပွဲသည် ပြင်းထန်ခဲ့ပါသည်။ ထိုသို့ တိုက်ပွဲ ဆက်လက်ဖြစ်ပွားခဲ့လျှင်၊ ထိုမြို့သည် ဖျက်ဆီးခြင်း ခံလျက်၊ အသေအပျောက်ရှိခဲ့ပါလိမ့်မည်။

ရှေဘသည် ထိုမြို့၌ နေထိုင်သောသူ မဟုတ်ဘဲ၊ သူ၏ပုန်ကန်မှုကြောင့် ဗက်မာခပြည်ကို အန္တရာယ်ဖြစ်စေပါလိမ့်မည်။ မိန်းမတဦးသည် ရှေဘ၏ခေါင်းကိုဖြတ်လျက်၊ ယွာဘနှင့် ငြိမ်းချမ်းရေး ယူဖို့ စီစဉ်ခဲ့ပါသည်။ ထိုမိန်းမသည် လာ၍ မိမိ၏အစီအစဉ်ကို ယွာဘအား ပြောပြခဲ့ပြီး၊ ပြောသကဲ့သို့ ပြုခဲ့ပါသည်။ ထိုမိန်းမသည် ရှေဘ၏ခေါင်းကို ဖြတ်လျက်၊ ယွာဘရှေ့သို့ ပစ်ချခဲ့ပါသည်။ ထိုသို့ဖြင့် ပုန်ကန်သူ ရှေဘ၏ဘဝ အဆုံးသတ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - လိုအပ်သောအချိန်၌ ဘုရားသခင်သည် ထင်မှတ်မထားသောအရာနှင့် လူများကို အသုံးပြုလျက် မစတော်မူတတ်၏။ ကိုယ်တော်သည် သစ္စာရှိ၏။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၏အောင်မြင်မှုသည် ကိုယ်တော်ထံမှဖြစ်ကြောင်း သိမှတ်မည်အကြောင်း၊ ကိုယ်တော်၏အလိုတော်၌ အကျွန်ုပ်အား အစဉ်တည်စေတော်မူပါ။

တနင်္ဂနွေ၊ စက်တင်ဘာ (၁၃)
၂ ရာ ၂၀
ဆာလံ ၂၃

*“ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။ ငါသည် ဆင်းရဲမခံရ”*

## ရှေဘသည် ဒါဝိဒ်၏တပ်ထဲ၌ ဆန့်ကျင်မှုအချို့ဖြစ်ပွားစေခဲ့၏

ရှေဘ၏ပုန်ကန်မှုကြောင့် ဒါဝိဒ်သည် မိမိ၏မိတ်ဆွေအစစ်များကို သိခွင့်ရခဲ့ပါသည်။ ရှေဘသည် ဒါဝိဒ်၏ အင်အား စွမ်းရည်ကို အထင်သေးမိခဲ့ပါသည်။ တဖက်တွင်၊ ဉာဏ်ပညာရှိသော ဒါဝိဒ်သည် နည်းဗျူဟာ ပိုင်နိုင်သောသူဖြစ်ပြီး၊ ပုန်ကန်မှု စတင်သောအချိန်မှစ၍ သတင်းအလုံးစုံကို ကြားသိခဲ့ပါသည်။ သို့သော်လည်း၊ သူ၏ယုံကြည်ကိုးစား စိတ်ချမှုသည် သူ့အင်အား၌ မတည်ဘဲ၊ ဆုတောင်းခြင်း၌ တည်ခဲ့ပါသည်။

ဒါဝိဒ်သည် ဘုရားသခင် ဘိသိက်ပေးခြင်း ခံရသောသူဖြစ်၍၊ မိမိသားတော်ကိုယ်တိုင် ဦးဆောင်ခဲ့သော ပထမပုန်ကန်မှုကို အနိုင်ယူခဲ့ပါသည်။ ဒါဝိဒ်သည် လွယ်လွယ် အရှုံးမပေးတတ်သော ရဲရင့်သောသူလည်း ဖြစ်ပါသည်။ “ငါသည် ဆင်းရဲမခံရ” ဟုဆာလံထဲတွင်၊ ရေးသားသောအခါ၊ သူသည် မိမိ၏အခက်အခဲအပေါင်း၌ မစတော်မူမည့် ဘုရားသခင်၏တန်ခိုးတော်ကို ယုံကြည်ကိုးစားခဲ့ခြင်းဖြစ်ပါသည်။ ဝိညာဉ်အသိဉာဏ် ကင်းမဲ့ခြင်းသည် ပုန်ကန်မှုကိုပြုသော ခေါင်းဆောင်၊ ရှေဘ၏ ကျဆုံးခြင်းဖြစ်ပါသည်။ သူသည် မိမိ၏အင်အားကို အလွန်အားကိုးခဲ့ပြီး၊ တံပိုးကို မှုတ်လျက်၊ မိမိ၏ ကျဆုံးခြင်းကို ဖန်တီးခဲ့ပါသည်။

ထိုပုန်ကန်မှုကြောင့် ဒါဝိဒ်၏လူများအကြား၌ စိတ်ဝမ်းကွဲခြင်းရှိခဲ့ပါသည်။ ထို့ကြောင့်၊ ယုဒလူမျိုးတို့သည် ရှင်ဘုရင်အား ယေရုရှလင်မြို့သို့ ပို့ဆောင်လာခဲ့ကြပါသည်။ အဗရှလုံ ညစ်ညူးစေခဲ့သောအိမ်တော်ကို စောင့်ရှောက်ဖို့ ထားခဲ့သော အမျိုးသမီးများ မိမိအိမ်တော်၌ ရှိခဲ့ကြပါသည်။ ဒါဝိဒ်က ထိုသို့တို့ကို သီးခြားထားလျက်၊ သူတို့၏ကျန်ရှိနေသေးသောဘဝကို မုဆိုးမကဲ့သို့ နေထိုင်ခဲ့ကြရပါသည်။

အာမသသည် သူ၏စစ်ဗိုလ်တဦးဖြစ်၍ ယွာဘနှင့်အတူ အမှုထမ်းရွက်ခဲ့ပါသည်။ ဒါဝိဒ်က သုံးရက်အတွင်း ယုဒအမျိုးသားများကို စုဝေးစေဖို့ရန် သူ့ကို အမိန့်ပေးခဲ့ပါသည်။ ရှင်ဘုရင်၏အမိန့်အတိုင်း သူသည် သွားလုပ်ခဲ့သော်လည်း၊ ရှင်ဘုရင် ချမှတ်ထားသော အချိန်ထက် ပိုကြာခဲ့ပါသည်။ ဒါဝိဒ်က အဘိရှဲအား ရှေဘသည် အဗရှလုံထက် အန္တရာယ် ပိုပြုလိမ့်မည်ဟု ပြောခဲ့ပါသည်။ ထိုအခါ၊ ရှေဘကို မလွတ်စေဘဲ လိုက်ဖို့ရန် အဘိရှဲအား အမိန့်ပေးလျက်၊ အာမသသည် ပူးပေါင်းခဲ့ပါသည်။ ယွာဘသည် စစ်ဗိုလ်ချုပ်ဖြစ်နေသေးသော်လည်း၊ ရှင်ဘုရင်က အာမသအား တိုက်ရိုက် အမိန့်ပေးခဲ့သောကြောင့် စိတ်ပျော်ရွှင်ခြင်း မရှိဟု ထင်ရပါသည်။ သူသည် တိတ်တဆိတ် ကြံစည်လျက်၊ သူ့ကို သတ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ရှုပ်ထွေးသောအမှု၌ပင် ဘုရားသခင်၏ လမ်းပြကွယ်ကာပြုစုခြင်းသည် အလုပ်လုပ်လျက်ရှိပါ၏။

**ဆုတောင်းချက်-** အဖဘုရား၊ အဘယ်ရှုပ်ထွေးသောအမှုကိုမဆို ကျော်လွှားနိုင်မည်အကြောင်း အကျွန်ုပ်အား ဉာဏ်ပညာ ပေးသနားတော်မူပါ။



တနင်္လာ၊ ဇူလိုင် (၂၀)
၂ ရာ ၆
ဆာလံ ၇၀း၁-၅

*“အကျွန်ုပ်မူကား၊ ဆင်းရဲငတ်မွတ်ပါ၏။ အိုဘုရားသခင်၊ အကျွန်ုပ်ရှိရာသို့ အလျင်အမြန် ကြွလာတော်မူပါ”*

## ဒါဝိဒ်သည် သေတ္တာတော်ကို ယေရုရှလင်မြို့သို့ သယ်ဆောင်ခဲ့၏ (၃)

အသန့်ရှင်းဆုံးနေရာသို့ ဝင်ခွင့်ရှိသော ယဇ်ပုရောဟိတ်သည် ဆည်းလည်းဆွဲထားလျက်၊ လက်ကောက်ဝတ်၌ ကြိုးချည်ထားရမည်ဖြစ်ပါသည် (နှိုင်း - ထွက် ၂၈း၃၃-၃၅)။ ရည်ရွယ်ချက်မူကား၊ ထိုသို့သန့်ရှင်းသောနေရာ၌ အမှားတခုခုကြောင့် ယဇ်ပုရောဟိတ်သည် ဘုရားသခင်၏ ဒဏ်ခတ်ခြင်းကို ခံလျက် သေခဲ့ပါလျှင်၊ ဆည်းလည်း မမြည်တော့ဘဲ ရှိလိမ့်မည်၊ ထိုအခါ အလောင်းကို ကြိုးဖြင့် ဆွဲထုတ်ဖို့ရန်ဖြစ်ပါသည်။ ဩဇ သေဆုံးခြင်းကြောင့် အရာရာတိုင်း ရပ်တန့်ခဲ့ရပါသည်။

ဒါဝိဒ်သည် ဆုံးဖြတ်ချက် ချရမည်ဖြစ်၏။ ဖြစ်ပျက်သောအမှုကြောင့် သူသည် ကြောက်ရွံ့လျက်၊ စိတ်မပျော်မရွှင်ဖြစ်ခဲ့ပြီး၊ ထိုအရပ်ကို ပေရဇာဇ ဟုသမုတ်ခဲ့၏။ သေတ္တာတော်ကို အနီးဆုံးသောအိမ်သို့ လမ်းလွှဲ၍ ယူဆောင်ခဲ့ကြပါသည်။ ထိုအိမ်သည် ဩဗဒေဒုံ၏အိမ်ဖြစ်၍ ထိုအိမ်၌ သုံးလ တည်ရှိနေခဲ့ပါသည်။ ထိုသို့ ဘုရားသခင်၏သေတ္တာတော်ကို အိမ်၌ ထားခဲ့သောကြောင့်၊ ဘုရားသခင်သည် ဩဗဒေဒုံ၏မိသားစုကို ကောင်းကြီးပေးတော်မူခဲ့၏။ ဩဇသည် သေတ္တာတော်မည်သို့ သယ်ဆောင်ရမည်အကြောင်းကို မသိခဲ့ဟု ဖော်ပြထားခြင်း မရှိပါ။ ဒါဝိဒ်ကိုယ်တိုင်ကလည်း ပညတ်တရား၌ ဘုရားသခင်၏ မိန့်တော်မူချက်ကို အထူးဂရုမစိုက်ခဲ့ပါ။ ဩဇ၏သေဆုံးခြင်းက သူတို့သည် ဘုရားသခင်၏ပညတ်တော်ကို လျစ်လျူရှုခဲ့ကြကြောင်း ထုတ်ဖော်ခဲ့ပါသည်။ သူတို့အားလုံး အပြစ်ရှိခဲ့ကြပြီး၊ သင်ခန်းစာအဖြစ် ဩဇသည် သေဆုံးခဲ့ရ၏။ အထူးသဖြင့် လေဝိအမျိုးသားတို့သည် မိမိတို့၏ ဝတ္တရားနှင့် ဘုရားသခင်၏ပညတ်တရားကို လျစ်လျူရှုခဲ့ကြကြောင်း ထင်ရှားလှပါသည်။ ကျွန်တော်တို့သည်လည်း ဘုရားသခင်အပေါ် ကျွန်ုပ်တို့၏တာဝန် ကျေပွန်ကြပါသလား။

နောက်ဆုံးတွင်၊ ဒါဝိဒ်သည် သေတ္တာတော်အား မိမိနေရာအရပ်သို့ သယ်ဆောင်ခဲ့ပါသည်။ သုံးလကြာပြီးနောက်၊ ဒါဝိဒ်၏မြို့တော်သို့ သေတ္တာတော်ကို ရှင်ဘုရင် ယူဆောင်လာခဲ့ပါသည်။ ယခုတွင်၊ သေတ္တာတော်ကို ဘုရားသခင်၏ပညတ်တရားအတိုင်း သယ်ဆောင်လာခဲ့ခြင်းဖြစ်ပါသည်။ ဒါဝိဒ်သည် ပြုသောအမှုတိုင်း၌ ဘုရားသခင်၏အမိန့်တော်နှင့် ကိုက်ညီမှုရှိမရှိ အထူးဂရုစိုက်ခဲ့ပါသည်။ သူနှင့် ဣသရေလလူတို့သည် သေတ္တာတော်ရှေ့မှ ချီတက်ခဲ့ကြပါသည်။ ခြေလှမ်း ခြောက်လှမ်းတိုင်း၌ ဒါဝိဒ်သည် နွားနှင့် ဆူဖြိုးသောအကောင်ကို ယဇ်ပူဇော်ခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ ယဇ်ပူဇော်ခြင်းသည် ဘုရားသခင်၏စကား နာခံခြင်းနှင့် ဆက်ကပ်ခြင်းကို ဖော်ပြလျက်ရှိပါသည်။ သေတ္တာတော် သယ်ဆောင်ခြင်းအမှု၌ ယခုဘယ်အမှားမှ မကျူးလွန်မိအောင် ဒါဝိဒ် အထူးသတိပြုခဲ့ပါသည်။ သူသည် ကလျက် ခုန်လျက် လာခဲ့ကြောင်း၊ ယဇ်ပုရောဟိတ် ဝတ်လုံကို ဝတ်ခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ ဤသည်ကား ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်လျက် မိသာဟာရဖွဲ့ခြင်းပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် တရားသောသူဖြစ်တော်မူ၏။ သနားကြင်နာတတ်သောသူလည်းဖြစ်တော်မူ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်တော် မှားယွင်းသောအခါ ခွင့်လွှတ်တော်မူပါ။

အင်္ဂါ၊ ဇူလိုင် (၂၁)
၂ ရာ ၆
ဆာလံ ၄၆း၁-၇

*"ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားသည် ငါတို့နှင့်အတူရှိတော်မူ၏။ ယာကုပ်အမျိုး၏ဘုရားသခင်သည် ငါတို့ ခိုလှုံရာဖြစ်တော်မူ၏"*

## ဒါဝိဒ်သည် သေတ္တာတော်ကို ယေရုရှလင်မြို့သို့ သယ်ဆောင်ခဲ့၏ (၄)

သေတ္တာတော် ပြန်လည်သယ်ဆောင်ခြင်း၌ ပါဝင်ခဲ့ကြသောသူအပေါင်းတို့၏ အပြုအမူနှင့် အဖြစ်အပျက်များကို ဖော်ပြထားခဲ့ပါသည်။ ရှင်ဘုရင်သည် ရှေ့ဆုံးမှ ပျော်ရွှင်စွာ ပါဝင်ခဲ့ပါသည်။ ထိုသေတ္တာတော် ပြန်လည်သယ်ဆောင်ခြင်းအမှု၌ တွေ့ရသော ဝမ်းမြောက်ခြင်းသည် ဣသရေလ အတွက် တပြည်လုံး ဝမ်းမြောက်ခြင်းဖြစ်ပြီး၊ သာသာရေးနှင့်ဆိုင်သောအရာလည်းဖြစ်ပါသည်။ သီချင်းဆိုခြင်း၊ တီးမှုတ်ခြင်းကို စည်းလုံးညီညွတ်စွာပြုခဲ့ကြပါသည်။ ဩဇ သေဆုံးပြီးနောက်တွင်၊ သူတို့သည် ပို၍ သတိထားလျက်၊ ဆင်နွှဲခဲ့ကြလိမ့်မည်ဖြစ်သောကြောင့်၊ ပို၍အဓိပ္ပါယ်ရှိပါလိမ့်မည်။

ခရစ်ယာန်များသည်လည်း ဘုရားသခင်ထံ ချီးမွမ်းသီချင်းများ ဆိုသောအခါ စည်းလုံး ညီညာမှု ရှိရပါမည်။ ယုဒ ၂၀-၂၃ ထဲတွင်၊ ကျွန်ုပ်တို့အား အသန့်ရှင်းဆုံးသော ယုံကြည်ခြင်း၌ တည်ဆောက်ရမည်အကြောင်း၊ ဇာတိသဘောနှင့် စွန်းကွက်သော အဝတ်ကိုပင် စက်ဆုပ်ရွံ့ရှာရမည် အကြောင်း သတိပေး တိုက်တွန်းခဲ့ပါသည်။ ကျွန်ုပ်တို့၏ ဘုရားသခင် ချီးမွမ်းခြင်းနှင့် လောကီလူတို့၏ အပျော်ကျူးခြင်းသည် လုံးဝ ခြားနားရမည်ဖြစ်ပါသည်။ သမ္မာကျမ်းစာနှင့်ကိုက်ညီသော ခရစ်ယာန် သည် သမ္မာကျမ်းစာအတိုင်း မှန်ကန်စွာ ချီးမွမ်းကြရမည်ဖြစ်ပါသည်။

သေတ္တာတော်သည် နောက်ဆုံးတွင် ဒါဝိဒ်၏မြို့သို့ ရောက်ရှိလာခဲ့ပါသည်။ ရှင်ဘုရင်သည် တဲတော်ကို ပြင်ဆင် ဆောက်လုပ်ခဲ့ပါသည်။ ထို့ကြောင့်၊ သေတ္တာတော်ကို ပညတ္တိကျမ်း၌ ဖော်ပြထား သည့်အတိုင်း မိမိနေရာ၌ တည်ထားခဲ့ကြပါသည်။ သေတ္တာတော် သယ်ဆောင်ခြင်း၊ ယဇ်ပူဇော်ခြင်း နှင့် ဝမ်းမြောက်ရွှင်လန်းခြင်းတို့သည် ဘုရားသခင်အပေါ် ဣသရေလလူထု၏ ဝမ်းမြောက်ခြင်းကို ပြသခြင်းပင်ဖြစ်ပါသည်။ ဒါဝိဒ်သည် နိုင်ငံတော်နှင့် ဘာသာရေးခေါင်းဆောင်ဖြစ်သည်အတိုင်း၊ သေတ္တာတော် ရောက်ရှိလာခြင်းကြောင့် လူထုအတွက် ပွဲကျင်းပပေးခဲ့ပါသည်။

မိခါလ (ဒါဝိဒ်၏မိန်းမ) က လူထုအလယ်၌ ပျော်ရွှင်လျက် ကခုန်နေသော သူ့ခင်ပွန်းကို မြင်သောအခါ၊ စိတ်ထဲမှ မထီမဲ့မြင်ပြုခဲ့၏။ ဒါဝိဒ်က မိမိဝမ်းမြောက်ရခြင်းအကြောင်းကို ရှင်းပြလျက် သူမကို ပြန်လည် ချေပခဲ့၏။ ဒါဝိဒ်၌ အားနည်းချက်များစွာ ရှိခဲ့ပါသည်။ သို့သော်လည်း၊ အသက်တာ ၌ ဘုရားသခင် နှစ်သက်သောအရာကို ကြိုးစား ပြုခဲ့ပါသည်။ ဘုရားသခင်အပေါ် ထားရှိသော မိမိ၏ စိတ်သဘောထားကိုလည်းကောင်း၊ ဘုရားသခင်နှင့် မိမိ၏ဆက်နွှယ်မှုကိုလည်းကောင်း မိမိ စပ်ဆိုသော ဆာလံများထဲ၌ ဖော်ပြခဲ့ပါသည်။ သူသည် မိမိလူမျိုးနှင့်တိုင်းပြည်ကို ချစ်လျက်၊ ဣသရေလ၌ ဝိညာဉ်ရေးရာအမှုတော်ကို အထူးဆောင်ရွက်ခဲ့ပါသည်။ သူသည် စုံလင်သောသူ မဟုတ်သော်လည်း၊ ဘုရားသခင်နှင့်အတူ သွားလာသောသူဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "ထာဝရဘုရားသည် အကြင်အမျိုး၏ဘုရားဖြစ်၍ . . . ထိုအမျိုးသည် မင်္ဂလာရှိ၏" (ဆာလံ ၃၃း၁၂)။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ် လွန်ကျူးသောအပြစ်များကို ခွင့်လွှတ်တော်မူပါ။



စနေ၊ စက်တင်ဘာ (၁၂)
၂ ရာ ၂၀
ရောမ ၁၃း၁-၅

*"အစိုးရသော မင်းအာဏာစက်၏အုပ်စိုးခြင်းကို လူတိုင်းဝန်ခံစေ"*

## ဒါဝိဒ်သည် အသစ်သောဆန့်ကျင်မှုကို ရင်ဆိုင်ခဲ့ရ၏

ဒါဝိဒ်ကြုံတွေ့ခဲ့ရသော ဆန့်ကျင်တိုက်ခိုက်မှုနှင့် အခက်အခဲများသည် ခေတ်သစ် အာဏာ လုပွဲ၌ ကြုံတွေ့ရသောအရာနှင့် ခြားနားမှု မရှိခဲ့ပါ။ ယေရုရှလင်မြို့သို့ ပြန်လာနေစဉ်၊ ဗိယာန်မိန် အမျိုး၊ ရှေဘသည် ဆန့်ကျင်ဖို့ ပြင်ဆင်ခဲ့ပါသည်။ သူသည် ယေရုရှလင်မြို့သို့ ရောက်လာခဲ့၏။

အဗရှလုံ သေဆုံးသောအချိန်၌ ရှင်ဘုရင်၏ မျက်နှာသာပေးမှုကို ခံလိုသော အဖွဲ့ရှိခဲ့ပါ သည်။ ရှင်ဘုရင်၏ အလေးပေးမှုကို မခံရသောသူတို့သည် အခြားသောအာဏာစက်ကို ဖွဲ့စည်း လိုခဲ့ကြပါသည်။ ဗယာမိန်အမျိုးသား ရှေဘသည် ဒါဝိဒ်အား ဆန့်ကျင်ဖို့ရန် အခွင့်အရေး မြင်ခဲ့၏။

ရှေဘသည် ဒါဝိဒ်၏ အတွင်းလူအဖြစ် နေရာ မရခဲ့သောကြောင့်၊ အာဏာကို လိုချင်ခဲ့၏။ အဗရှလုံ နည်းတူ၊ သူက ထိုမြင့်မြတ်သောရာထူးသည် ဘုရားသခင် ခွဲခန့်တော်မူခြင်းအားဖြင့် ဖြစ်သည်ကို မသိခဲ့ပါ။ သူသည် ဇာတိသဘောဖြင့် ချဉ်းကပ်ခဲ့ပြီး၊ လူ့အင်အားကို အားကိုးခဲ့ပါသည်။ သူသည် ကျဆုံးဖို့ ထိုသို့ ပြုခဲ့ပါသည်။ သူက ဒါဝိဒ်၏နန်းတော်သည် တည်ငြိမ်ခိုင်ခံ့မှု မရှိသေး ကြောင်းနှင့် အဗရှလုံကို အားပေးခဲ့သည့် အာဏာလိုချင်သောသူများ ရှိကြကြောင်း သိခဲ့ပါသည်။ သူသည် တံပိုးမှုတ်လျက်၊ ဒါဝိဒ်၌ သူတို့သည် အဘယ် ဝေစုမှ မရှိကြောင်း ဆိုခဲ့ပါသည်။ သူသည် ဒါဝိဒ်ကို မထီမဲ့မြင်ပြုလျက်၊ ဣသရေလလူများအား မိမိတို့ တဲများသို့ ပြန်သွားဖို့ရန် တိုက်တွန်းခဲ့၏။

ဣသရေလ၌ ရှေဘ၏ တိုက်တွန်းမှုကို နားထောင်သောသူ အများအပြားရှိခဲ့ပါသည်။ သူတို့သည် ဒါဝိဒ်ထံမှ ထွက်သွားလျက်၊ ရှေဘနောက်သို့ လိုက်ခဲ့ကြ၏။ သို့သော်လည်း၊ ဒါဝိဒ်သည် လုံးဝ တုန်လှုပ်ခြင်း မရှိခဲ့ပါ။ ယုဒအမျိုး၌ မိမိအပေါ် သစ္စာရှိသောသူ အများအပြားရှိပါသည်။ ရှေဘသည် ဒါဝိဒ်အား အထင်သေးခဲ့လျက်၊ မိမိ နောက်လိုက် ပိုများသည်ဟု ထင်မှတ်ခဲ့ပါသည်။ သူ လိုအပ်ခဲ့သော အခြားအရေးကြီးသည့်အချက်များကို သူ သတိမပြုခဲ့ပါ။

**ဆင်ခြင်ရန်** - အုပ်စိုးသောသူအား ဘုရားသခင် ခန့်ထားတော်မူခြင်းဖြစ်၏။

**ဆုတောင်းချက်-** အဖဘုရား၊ ခေါင်းဆောင်ရွေးချယ်ခြင်း၌ ကိုယ်တော်၏လမ်းပြမှုကို နာခံမည် အကြောင်း မစတော်မူပါ။

သောကြာ၊ စက်တင်ဘာ (၁၁)
၂ ရာ ၁၉
ဇေဖက် ၅း၁၃-၁၇

*“ပညာမဲ့ကဲ့သို့မဟုတ်၊ ပညာရှိကဲ့သို့ စေ့စေ့မြေ့မြေ့ကျင့်ဆောင်မည်အကြောင်း သတိပြုကြလော့”*

## ဒါဝိဒ်သည် ယေရုရှလင်မြို့၌ စတင် အခြေချခဲ့၏

ဒါဝိဒ်သည် မိမိ၏ရာဇပလ္လင် ပြန်ရဖို့ သေချာလာသောအခါ၊ ကလဲ့စားချေလိုခဲ့သောသူများအား အဖြေပေးခဲ့ပါသည်။ သူသည် ဣသရေလ ရှင်ဘုရင် ဖြစ်သေးကြောင်းနှင့် ရန်သူမလိုလားကြောင်း မိန့်တော်မူခဲ့၏။ ဒါဝိဒ်သည် အပြစ်များစွာကို ဖုံးအုပ်တတ်သော ချစ်ခြင်းမေတ္တာ ပညတ်တရားကို နားလည်ခဲ့ပါသည်။ ထိုတရားကို ထိုအခြေနေ၌ အသုံးပြုလျက်၊ ရန်ပြုတိုက်ခိုက်ခြင်းကို စိုးရိမ်ပူပန်စရာ မလိုဘဲ၊ နိုင်ငံတည်ငြိမ်လာအောင် ဆောင်ရွက်ခြင်း၌ အမှန်အသုံးဝင်ခဲ့ပါသည်။ သူသည် မိမိရန်သူများကို မိတ်ဆွေဖွဲ့ခဲ့ပါသည်။

ဒါဝိဒ်၏ဘဝ၌ အခြားအမည်းစက်တခုမှာ အဗရှလုံ၏ ပုန်ကန်မှုပင်ဖြစ်ပါသည်။ ထိုအမှု၌ သူကိုယ်တိုင်သည်လည်း အပြစ်မကင်းပါ။ ထို့ကြောင့်၊ မိမိ၏ရာဇပလ္လင်ကို ငြိမ်းချမ်းစွာ ပြန်လည်ရရှိဖို့ သတိထားကြိုးစားခဲ့ပါသည်။ သူသည် အရာရာတိုင်း ကောင်းမွန်စွာ ဖြစ်လာမည်အကြောင်း အထူးကြိုးစားခဲ့ပါသည်။ ထို့ကြောင့်၊ သူသည် သူ့မိတ်ဆွေနှင့်ရော၊ ရန်သူများနှင့်ရော ပြန်လည်သင့်မြတ်ခြင်း ပြုခဲ့ပါသည်။

ဂိလဒ်ပြည်သား ဗာဇိလဲသည် ဒါဝိဒ် ထွက်ပြေးစဉ် အကူအညီများစွာ ပေးခဲ့သော ဒါဝိဒ်၏ မိတ်ဆွေကောင်းဖြစ်ပါသည်။ ထိုသူသည် ယေရုရှလင်မြို့သို့ ပြန်သွားမည့် ရှင်ဘုရင်အား လိုက်လံပို့ဆောင်ခဲ့သောသူများတွင် တဦးဖြစ်ပါသည်။ ဒါဝိဒ်သည် ဗာဇိလဲကို ချစ်သောကြောင့်၊ မိမိနှင့်အတူ ယေရုရှလင်မြို့သို့ လာရောက် နေထိုင်ဖို့ရန် ဖိတ်ခေါ်ခဲ့ပါသည်။ သူသည် အသက် ရှစ်ဆယ်ရှိပြီဖြစ်၍ ရှင်ဘုရင်၏ဖိတ်ခေါ်မှုကို လက်မခံခဲ့ပါ။ သို့သော်လည်း သူတို့နှစ်ဦးသည် မိတ်ဆွေကောင်း ဆက်လက် ဖြစ်ခဲ့ကြပါသည်။ မိမိ၏ကျွန် ခိမဟံအား ဒါဝိဒ်နှင့် လိုက်သွားဖို့ရန် မိတ်ဆက်ခဲ့ပါသည်။

ရှင်ဘုရင်က ခိမဟံကို လက်ခံခဲ့ပြီး၊ ဗာဇိလဲအား နှုတ်ဆက်ခဲ့ပါသည်။ ယေရုရှလင်မြို့သို့ ပြန်သွားဖို့ရန် ဒါဝိဒ်သည် ယောဒန်မြစ်ကို ဖြတ်ကူးစဉ် သူ့လူအပေါင်းတို့သည် သူနှင့်အတူရှိခဲ့ကြ၏။ ယုဒအမျိုးသားများနှင့် ဣသရေလအမျိုးသားတို့သည် ရှင်ဘုရင်နှင့် မိမိတို့ သက်ဆိုင်သည်ဖြစ်၍ ရှင်ဘုရင်ကို မိမိတို့ ပို့ဆောင်မည်ဟု ငြင်းခုံခဲ့ကြပါသည်။ ယုဒအမျိုးသားများက နိုင်ခဲ့ပါသည်။

ဒါဝိဒ် ကြုံတွေ့ခဲ့သော အခက်အခဲများက သူ့ကို ဘုရားသခင် ပို၍ကြောက်ရွံ့မှု ရှိစေခဲ့၏။ ထိုအမှုများက သူ့ကို ကျေးဇူးတရားသိတတ်သော၊ ကောင်းသော စိတ်နှလုံးကို ပိုင်ဆိုင်စေခဲ့ပါသည်။ မိမိလူများအား ဘုရားသခင် အခက်အခဲကြုံတွေ့စေခြင်း၌ ရည်ရွယ်ချက် အစဉ် ရှိခဲ့ပါသည်၊ သူတို့သည် ဘုရားသခင်၏စကားကို နာခံမည်အကြောင်း သင်ယူဖို့ရန် ဖြစ်ပါသည်။ ဘုရားသခင်၏ အလိုတော်သို့ သင့်စိတ်နှလုံးကို ယနေ့ ဆက်ကပ်ပါလော့။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ကြုံတွေ့ရသော သင်ခန်းစာများကို အသုံးပြုလျက် ကြီးမြတ်သောအရာများကို သွန်သင်တော်မူတတ်၏။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်ကို မုန်းသောသူအပါအဝင်၊ လူအပေါင်းကို ချစ်နိုင်မည်အကြောင်း မစတော်မူပါ။



ဗုဒ္ဓဟူး၊ ဇူလိုင် (၂၂)
၂ ရာ ၇
၅ ရာ ၁၇း၁-၂

*“အကြံတော်ရှိသမျှအတိုင်း ပြုတော်မူပါ။ ဘုရားသခင်သည် ကိုယ်တော်နှင့်အတူ ရှိတော်မူသည်”*

## ဘုရားသခင်၏အိမ်တော် တည်ဆောက်ဖို့ရန် ဒါဝိဒ် တင်ပြခြင်း (၁)

ဘုရားသခင် နှစ်သက်တော်မူသောအရာကို ပြုဖို့ရန် ဒါဝိဒ်သည် အစဉ် အဆင်သင့်ရှိခဲ့၏။ ရှင်ဘုရင် ဖြစ်လာသောအခါ၊ မောရှေခေတ်၌ ဖြစ်သကဲ့သို့၊ ဘုရားသခင် ဝတ်ပြုခြင်း အစီအစဉ်ကို တိုင်းပြည်၌ စနစ်တကျ ဆောင်ရွက်လိုခဲ့ပါသည်။ ပဋိညာဉ် သေတ္တာတော်ကို မိမိတည်ရှိရမည့် နေရာ၊ ဒါဝိဒ်၏ မြို့တော်သို့ ယူဆောင်လာခဲ့၏။ ဂတိတော်ပြည်၌ အခြေချ နေထိုင်ခဲ့ရကြသောကြောင့်၊ တဲ၌ မဟုတ်ဘဲ သူတို့သည် အိမ်များ၌ နေထိုင်ခဲ့ကြပါသည်။ ထို့ကြောင့်၊ ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ဖို့ရန် တဲတော် မဟုတ်ဘဲ၊ အိမ်တော် တည်ဆောက်ဖို့ရန် စိတ်ကူးရှိခဲ့ပါသည်။ ထိုအမှုကို ဘုရားသခင်၏ပရောဖက်ထံ တင်ပြသောအခါ၊ ဘုရားသခင်၏အဖြေကား၊ ဒါဝိဒ်သည် မိမိ၏အိမ်တော်ကို တည်ဆောက်မည်မဟုတ်၊ သူ့သားက တည်ဆောက်မည်ဟူ၍ ဖြစ်ပါသည်။ ဘုရားသခင်က ထာဝရအိမ်တော်နှင့်ဆိုင်သော ဂတိတော်ထားခဲ့ပါသည်။ ဒါဝိဒ်သည် ဝမ်းမြောက်ခြင်းရှိလျက်၊ ဘုရားသခင်အား ဝမ်းမြောက်စွာ ဝတ်ပြုကိုးကွယ်ခဲ့ပါသည်။

ဒါဝိဒ်သည် ယခုအခါ နန်းတော်၌ ထိုင်နေလျက်၊ ဘုရားသခင်သည် ရန်သူအပေါင်း၏လက်မှ ငြိမ်ဝပ်စွာ နေရသောအခွင့်ကို ပေးတော်မူကြောင်း သိမှတ်ခဲ့ပါသည်။ သူသည် ရှင်ဘုရင်ဖြစ်လာခဲ့ပြီး၊ နေစရာ နန်းတော်လည်း ရှိပြီဖြစ်ပါသည်။ သူသည် အိမ်မှ ထွက်ပြေးလျက်၊ တောတောင်နှင့်ဂူများထဲ၌ နေထိုင်ခဲ့သောအချိန်ကို ပြန်လည်တွေးတောခဲ့ပါသည်။ ထိုအချိန်၌ သူသည် နေ့စဉ်ဘုရားသခင်ကွယ်ကာမှုကို ယုံကြည် ကိုးစားလျက် အသက်ရှင်ခဲ့ရ၏။ အခက်အခဲအမျိုးမျိုးကို ရင်ဆိုင် ဖြတ်ကျော်ခဲ့ရ၏။ ကိုယ်တော်အတူပါရှိတော်မူ၏ ဟူသော ဘုရားသခင်၏ဂတိတော်ကို အစဉ် ကိုးစားခဲ့ပါသည်။ ထိုအချိန်၌ သူ၏အဓိကရည်ရွယ်ချက်သည် အသက်ရှင်ရမည်ဟူသော အချက်တခုတည်းသာလျှင် ဖြစ်ခဲ့ပါသည်။ ထိုခက်ခဲသောအချိန်ကို မျှော်လင့်ခြင်းဖြင့် ရင်ဆိုင်ကျော်လွှားခဲ့ပါသည်။

ရှင်ဘုရင်သည် ယခုအခါ၊ အန္တရာယ်ကင်းစွာ အာရဇ် သစ်သားအိမ်၌ နေထိုင်ခွင့်ရခဲ့၏။ သို့သော်လည်း၊ သူပြုလိုသောအမှု ဟူမူကား၊ ဘုရားသခင်၏ကွယ်ကာစောင့်ရှောက်တော်မူခြင်းအတွက် ကျေးဇူးတော် ချီးမွမ်းခြင်းပင် ဖြစ်ပါသည်။ ဣသရေလလူတို့သည် မောရှေလက်အောက်၌ အဲဂုတ္တုပြည်မှ ထွက်လာခဲ့ပြီးနောက် ပုံမှန် ဘုရားသခင် ဝတ်ပြုကိုးကွယ်ခြင်းကို စတင်ခဲ့ကြကြောင်း ဒါဝိဒ် သိမှတ်ခဲ့ပါသည်။ ထိုနှစ်ပေါင်း ၄၀ အတွင်းတွင်၊ ဝတ်ပြုကိုးကွယ်ခြင်းကို တဲတော်၌ ပြုလုပ်ခဲ့ကြပါသည်။ တဲတော်သည် ဖြုတ်တပ်၍ ရသော တဲအိမ်ဖြစ်၍ ဘုရားသခင်၏လူတို့သည် ခရီးသွားစဉ် သယ်ဆောင်လျက်၊ စခန်းချစဉ် တပ်ဆင်တည်ခဲ့ကြပါသည်။ ထို့ကြောင့်၊ ဒါဝိဒ်သည် ဝတ်ပြုကိုးကွယ်ခြင်းအတွက် အတည်ဖြစ်သော အိမ်တော် တည်ဆောက်လိုခဲ့ပါသည်။

ထိုအမှုကို ဘုရားသခင်၏ပရောဖက် နာသန်ထံ ထုတ်ဖော်ခဲ့ပါသည်။ နာသန်သည် သဘောတူခဲ့ပြီး၊ စိတ်ကူးရှိသည်အတိုင်း ပြုဖို့ မိန့်ဆိုခဲ့ပါသည်။

**ဆင်ခြင်ရန်** - ကောင်းသောအမှုသည် ကောင်းသောစိတ်နှလုံးမှ ထွက်လာတတ်၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏အမှုတော် ဆောင်ရွက်ခြင်း၌ ကျွန်တော် မည်သို့ တိုးတက်ခြင်းရှိမည်အကြောင်း တွေးတောစဉ်းစားလိုပါ၏။

*"ထာဝရဘုရားသည် သင့်ဘက်၌နေ၍ အကြံထမြောက်စေတော်မူသဖြင့်၊ အမိန့်တော်ရှိသည်အတိုင်း သင်သည် သင်၏ဘုရားသခင် ထာဝရဘုရား၏အိမ်တော်ကို တည်ဆောက်ရလိမ့်မည်"*

## ဘုရားသခင်၏အိမ်တော် တည်ဆောက်ဖို့ရန် ဒါဝိဒ် တင်ပြခြင်း (၂)

အဲဂုတ္တုပြည်မှ ထွက်ခွါပြီးနောက်၊ ဘုရားသခင်က တဲတော် တည်ဆောက်မည့် ပုံစံကို မောရှေထံ ပေးတော်မူခဲ့၏။ ဣသရေလလူတို့သည် ထိုတဲတော်ကို စခန်းချသောနေရာ၌ ချက်ချင်းတပ်ဆင်လျက်၊ ခရီးသွားသောအခါ အလွယ်တကူ ဖြုတ်ယူသယ်ဆောင်နိုင်ကြပါသည်။ ထိုတဲတော်သည် ဘုရားသခင်အား ကောင်းမွန်စွာ ကိုးကွယ်ဝတ်ပြုနိုင်ဖို့ရန် ဖြစ်ပါသည်။ ဘုရားသခင်၏ လမ်းညွှန်ချက်များအတိုင်း ပြုလုပ်ခဲ့ကြပါသည်။

ထို့ကြောင့်၊ ဂတိတော်ပြည်၌ နန်းတော်တွင် နေထိုင်ခွင့်ရသော ဒါဝိဒ်အနေဖြင့်၊ ထိုသို့ ဘုရားသခင်အတွက် အိမ်တော် တည်ဆောက်ဖို့ တင်ပြခြင်းသည် အဓိပ္ပါယ်မရှိသောအရာ မဟုတ်ပါ။ ပြည်သူတို့သည်လည်း မိမိတို့အိမ်၌ နေထိုင်ကြပြီး၊ နောက်ထပ် ပြောင်းရွှေ့ဖို့ မရည်ရွယ်ကြပါ။ သို့သော်လည်း၊ ဝတ်ပြုကိုးကွယ်ဖို့ရန် အိမ်တော်နှင့်ပတ်သက်ပြီး ဘုရားသခင်ထံမှ ဖော်ပြချက် မရှိခဲ့ပါ။ ဒါဝိဒ်က ဝတ်ပြုကိုးကွယ်မည့် အိမ်တော် လိုအပ်ကြောင်း တွေးတောခဲ့ပါသည်။ နာသန်ကလည်း သဘောတူခဲ့ပါသည်။ သို့သော်လည်း၊ ဘုရားသခင်က မိမိ၏အလိုတော်ကို သူတို့အား သိစေတော်မူ၏။ ထိုအဖြစ်အပျက်ကို သုံးသပ်ကြပါစို့။

နန်းတော်၌ ငြိမ်ချမ်းစွာ နေခွင့်ရသော ဒါဝိဒ်သည်၊ မိမိ၏အချိန်နှင့် ခံစားရသော ကောင်းကြီးများကို ဘုရားသခင်၏အမှုတော်အတွက် မည်သို့ အကောင်းဆုံး အသုံးပြုရမည်နည်းဟု စဉ်းစားခဲ့ပါသည်။ သေတ္တာတော် တည်ထားရမည့် ဗိမာန်တော် တည်ဆောက်ဖို့ စိတ်ကူးခဲ့၏။ နာသန်သည် ပရောဖက် အနေဖြင့် မဟုတ်ဘဲ၊ ဘုရားသခင်ကို ကြောက်ရွံ့သော လူတဦးအနေဖြင့်၊ ဒါဝိဒ်၏ တင်ပြခြင်းကို သဘောတူလျက် အားပေးခဲ့ပါသည်။ ကျွန်တော်တို့သည် ကောင်းမွန်သော သူတပါး၏ ရည်ရွယ်ချက်များကို အားပေးလျက်၊ အခွင့်ရလျှင် ပါဝင်အားဖြည့်ကြရပါမည် (Matthew Henry)။

ဘုရားသခင်က နာသန်အားဖြင့် ဒါဝိဒ်အား၊ ဘုရားသခင်အတွက် အိမ်တော် မဆောက်ဖို့ရန် တားမြစ်ခဲ့ပါသည်။ နောက်၌ (ရှောလမုန်အား တာဝန်ပေးသောအခါ) ၅ ရာ ၂၂း၈ ထဲတွင်၊ ဘုရားသခင်က ဒါဝိဒ်အား တိုက်ပွဲ၌ များစွာသော အသွေးသွန်းလောင်းစေသောကြောင့်၊ မိမိအတွက် အိမ်တော် တည်ဆောက်ခွင့် မပေးရခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ထိုအချက်ကို ယခု ကျမ်းပိုဒ်၌ အသေးစိတ် ဖော်ပြထားခြင်း မရှိပါ။ ဘုရားသခင် ပေးတော်မူသောအမှု၊ ဒါဝိဒ်လုပ်ဆောင်ရမည့် အခြားအမှု များစွာ ရှိပါ၏။ ဘုရားသခင်သည် ပိုရေးကြီးသောအချက်ကို ရှေးဦးစွာ ဖော်ပြခဲ့ပါသည်။ ဘုရားသခင်က ဒါဝိဒ်အား မိမိအတွက် နေစရာ အိမ်တော် မလိုအပ်ဟု မိန့်တော်မူခဲ့၏။ သို့သော်လည်း၊ ဒါဝိဒ်သည် ဘုရားသခင်အတွက် ကောင်းသောအမှုကို ပြုလိုခြင်းရှိကြောင်း သူ၏ စိတ်ဆန္ဒကို ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။

**ဆင်ခြင်ရန်** - ချစ်တတ်သောစိတ်နှလုံးသည် ဘုရားသခင်အတွက် ကောင်းသောအမှုကို ပြုဖို့ရန် ကြံစည်တတ်၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ဘုန်းတော် ထင်ရှားစေမည့်အရာကိုသာ ပြုမည်အကြောင်း အကျွန်ုပ်အား မစတော်မူပါ။





*"အဘယ်သူကိုမျှ ရန်တုံ့မမူကြနှင့်"*

## ဒါဝိဒ်သည် ယေရုရှလင်မြို့သို့ ပြန်ဖို့ရန် ဆုံးဖြတ်ခဲ့၏

ဒါဝိဒ်က ဇာဒုတ်နှင့် အဗျာသာ (ယဇ်ပုရောဟိတ်များ) အား ယေရုရှလင်မြို့သို့ ရှင်ဘုရင်ကို ပြန်လည် ခေါ်ဆောင်ဖို့ရန် ယုဒအမျိုးအသက်ကြီးသူများထံ စကားပြောဖို့ တိုက်တွန်းခဲ့ပါသည် (၂ ရာ ၁၉း၁၁)။ သူတို့၏အမှုတော်သည် တိုင်းပြည်၏ ဝိညာဉ်ရေးရာလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်ဖြစ်ပါသည်။ ယဇ်ပုရောဟိတ် ရှမွေလသည် ဒါဝိဒ်အား ရှင်ဘုရင်အဖြစ် ဘိသိက်ပေးခဲ့၏ (ယဇ်ပုရောဟိတ်၏ ဘိသိက်ပေးခြင်း မရှိဘဲ ရှင်ဘုရင် မဖြစ်နိုင်ပါ)။ ပုန်ကန်မှုကြောင့် ရှုပ်ထွေးမှု ရှိခဲ့ပြီး၊ ယဇ်ပုရောဟိတ်များသည် ဒါဝိဒ်နှင့်အတူ မြို့ထဲမှ ထွက်ခွာခဲ့ကြပါသည် (၂ ရာ ၁၅း၂၄)။ ထို့နောက် အန္တရာယ် မရှိတော့သောအခါ၊ ဒါဝိဒ်က သူတို့ကို ယေရုရှလင်မြို့သို့ ပြန်သွားစေခဲ့ပါသည် (၂ ရာ ၁၅း၂၇-၂၉)။

ရှင်ဘုရင်က ယုဒအမျိုးသားတို့အား ရှင်ဘုရင်ကို မိမိ၏မြို့တော်သို့ ပြန်ခေါ်ဖို့ရန် လူလွှတ်လျက် ပြောစေခဲ့ပါသည်။ သူတို့သည် ရှင်ဘုရင်၏အဆွေအမျိုးဖြစ်ကြပါသည်။ ရှင်ဘုရင်က အာမသအား ယွာဘနေရာ၌ စစ်ဗိုလ်ချုပ်ဖြစ်မည်ဟု ဂတိပေးခဲ့ပါသည်။ ထိုအခါ၊ ယုဒအမျိုးသားတို့သည် ရှင်ဘုရင် ပြန်လာဖို့ကို စီစဉ်ခဲ့ကြပါသည်။ သူတို့သည် ရှင်ဘုရင်အား ယောဒန်မြစ်တဖက်သို့ ပို့ဆောင်ခဲ့ကြပါသည်။ ရှင်ဘုရင်ကို ကျိန်ဆဲခဲ့သော ရှိမိသည် လာ၍ ပြန်လည်သင့်မြတ်ခြင်း တောင်းလျှောက်ခဲ့ပါသည်။ ရှောလု၏ကျွန် ဇိဘသည်လည်း မိမိ၏သား ဆယ့်ငါးယောက်နှင့်အတူ လာ၍ ဒါဝိဒ်အား အားပေးထောက်ခံခဲ့ကြ၏။ ယေရုရှလင်မြို့သို့ ပြန်လာခြင်း အစီအစဉ်သည် အဆင်ပြေလျက်ရှိပါ၏။

ဒါဝိဒ်သည် မိမိရန်သူများအပေါ် ကျေးဇူးပြုတော်မူခဲ့ပါသည်။ သူ၏ကျွန်များကမူ ခြားနားသောအမြင်ရှိလျက်၊ ရှိမိသည် ပြစ်ဒဏ်ခံထိုက်သည်ဟု ဆိုကြ၏။ အကြောင်းမှာ ရှင်ဘုရင်အပေါ် ရိုးသားသောစိတ် မရှိဟု ဆိုကြ၏။ ရှင်ဘုရင်က ရှိမိသည် အသေသတ်ခြင်းမခံရဟု ဂတိပေးခဲ့၏။ ရှင်ဘုရင် ကျေးဇူးပြုခဲ့သော နောက်တဦးမှာ ယောနသန်၏သား၊ မေဖိဗောရှက်ဖြစ်ပါသည်။ အဗရှလုံ ပုန်ကန်နေစဉ် သူသည် ယေရုရှလင်မြို့၌ ကျန်နေခဲ့ပါသည်။

မေဖိဗောရှက်သည် ငြိမ်းချမ်းရေးယူဖို့ ဒါဝိဒ်အား လာတွေ့ခဲ့ပါသည်။ သူသည် ရှင်ဘုရင် ယေရုရှလင်မြို့မှ ထွက်သွားသောနေ့မှစ၍ မိမိကိုယ်ကို သန့်ရှင်းရေးမလုပ်သဖြင့် အလွန်ကြည့်ရဆိုးခဲ့ပါသည်။ သူသည် လှည့်စားခံရကြောင်း မိမိကိုယ်ကို ကာကွယ်ခဲ့၏။ ရှင်ဘုရင်က သူ၏ပိုင်ဆိုင်မှုကို ဇိဘအား မျှဝေပေးရမည်ဟု ဆိုခဲ့ပါသည်။ ပုန်ကန်မှုကို အားပေးခဲ့သောသူတို့အား ပြစ်ဒဏ်ပေးရမည်ဟု တိုက်တွန်းခဲ့သော မိမိကျွန်များကို ဒါဝိဒ်က ငြင်းဆိုခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ကျေးဇူးတော်သည် ကြီးမားသောရန်သူကိုပင် ပြန်လည်သင့်မြတ်စေတော်မူ၏။

**ဆုတောင်းချက်-** အဖဘုရား၊ လူအပေါင်းတို့နှင့် သင့်တင့်လျောက်ပတ်စွာ နေနိုင်မည်အကြောင်း ထိုကျေးဇူးတော်ကို အကျွန်ုပ်အား ပေးတော်မူပါ။

ဗုဒ္ဓဟူး၊ စက်တင်ဘာ (၉)
၂ ရာ ၁၉
သု ၂၂း၁-၅

*“စိတ်နှိမ့်ချခြင်း၊ ထာဝရဘုရားကို ကြောက်ရွံ့ခြင်း ကျေးဇူးကြောင့် စည်းစိမ်၊ ဂုဏ်အသရေ၊ အသက်ကို ရတတ်၏”*

## ယွာဘ၏စကားကို နှိမ့်ချသောစိတ်ဖြင့် ဒါဝိဒ်နာခံခဲ့၏

ယွာဘသည် ဆက်လက်ပြီး ရှင်ဘုရင်အား မိမိကျွန်များထံ သွားရောက်စကားပြောဖို့ရန် တိုက်တွန်းခဲ့ပါသည်။ ရှင်ဘုရင်သည် မသွားဘဲနေလျှင်၊ ဘယ်သူမှ သူ့ကို ထောက်ခံအားပေးမည် မဟုတ်ကြောင်း ရဲရင့်စွာ ဆိုခဲ့၏။ ဒါဝိဒ်သည် ရှင်ဘုရင်ဖြစ်၍ စစ်သူရဲလည်းဖြစ်သောကြောင့်၊ အတွေ့အကြုံများစွာ ရှိခဲ့ပါသည်။ သားတော် အဗရှလုံ သေဆုံးခြင်းကြောင့်သာ သူသည် စိတ်အား ငယ်လျက်ရှိခဲ့ခြင်းဖြစ်ပါသည်။ အဗရှလုံ၏ပုန်ကန်မှုကို ရင်ဆိုင်တိုက်ခိုက်ဖို့ရန် အမိန့်ပေးခဲ့သော အချိန်၌ အသေအပျောက်ရှိလိမ့်မည်ကို သိထားခဲ့ပါလိမ့်မည်။ သို့သော်လည်း၊ ထိုပုန်ကန်မှု၏အဓိက ခေါင်းဆောင်ဖြစ်သော အဗရှလုံသည် အသက်ရှင်ခွင့်ရခဲ့လိမ့်မည်ဟု သူမျှော်လင့်ခဲ့ပါသည်။

ယွာဘသည် အဗရှလုံကို လျင်မြန်စွာ သတ်ခဲ့ပါသည်။ အကြောင်းမှာ သူသေမှ တိုက်ပွဲ ချုပ်ငြိမ်းမည်အကြောင်း သိထားခဲ့၏။ အဗရှလုံသည် သစ်ကိုင်းပေါ်၌ တွဲလွဲဆွဲနေသည်ဖြစ်သော ကြောင့် အလိုလို သေခဲ့ပါလိမ့်မည်။ သို့သော်လည်း၊ ယွာဘသည် သူအမှန်သေဆုံးကြောင်း သေချာ စေလိုခဲ့ပါသည်။ ဒါဝိဒ်သည် အခြေအနေကို နားလည်သဘောပေါက်ခဲ့သော်လည်း၊ မိဘမေတ္တာစိတ် က သူ့ကို အနိုင်ယူခဲ့ပါသည်။ ထိုပြဿနာကို ဖြေရှင်းဖို့ရန် ယွာဘ ဝင်ရောက်စွက်ဖက်ခဲ့ပါသည်။

စစ်ဗိုလ်ချုပ်ဖြစ်သော ယွာဘက ဒါဝိဒ်အား ပြည်သူများထံ သွားရောက် စကား မပြောဘဲ နေလျှင် မိမိထံ သစ္စာခံသော အစေခံကျွန်ရှိလိမ့်မည် မဟုတ်ကြောင်း ဆိုခဲ့ပါသည်။ ထိုအခါ၊ အခြေ အနေသည် ကြုံတွေ့ခဲ့ပြီးသောအရာထက် ပိုဆိုးလာမည်ဖြစ်ပါသည်။ ယွာဘ၏စကားသည် အလွန် မှန်သောကြောင့် ရှင်ဘုရင်က နာခံခဲ့၏။ ထိုအခါ၊ ဒါဝိဒ်သည် ထလျက်၊ မိမိကျွန်တို့အား စကားပြော ဖို့ရန် တံခါးဝ၌ ထိုင်နေခဲ့ပါသည်။

လူတို့သည် သူတို့၏ရှင်ဘုရင်စကားကို ကြားနာဖို့ လာခဲ့ကြ၏။ တိုက်ပွဲများစွာ ဆင်နွှဲခဲ့ ပြီး၊ အဓိကရန်သူဖြစ်သော ဖိလိတ္တိလူများလက်မှ တိုင်းပြည်ကို ကယ်နှုတ်ခဲ့သော ဒါဝိဒ်၌ အဘယ် အမှုဖြစ်သနည်းဟု အံ့သြခဲ့ကြပါသည်။ သို့သော်လည်း၊ ရှင်ဘုရင်သည် မိမိ၏သားတော် အဗရှလုံထံမှ ထွက်ပြေးခဲ့ရ၏။ သူသည် နိမ့်ကျသောဘဝသို့ ရောက်ခဲ့သော်လည်း၊ အကောင်းမြင်ခဲ့ကြပါသည်။ ယခု အဓိက လုပ်ဆောင်ရမည့်အမှုသည် ရှင်ဘုရင်အား ယေရုရှလင်မြို့သို့ ခေါ်ဆောင်ရန်ဖြစ်ပါ သည်။ မိမိနန်းတော်ရှိ ရာဇပလ္လင်၌ ရှင်ဘုရင် ပြန်လည်ထိုင်ခြင်းသည် အဓိကကျလျက်ရှိပြီး၊ မှူးမတ် တို့သည်လည်း မိမိတို့၏နေရာအမှန်ကို ပြန်ရဖို့လိုအပ်ခဲ့ပါသည်။ ဒါဝိဒ်ကို ဆန့်ကျင်ခဲ့သောသူတို့ သည်လည်း ပြန်လည် သစ္စာခံလာခဲ့ကြပြီး၊ ရှင်ဘုရင်အား ယေရုရှလင်မြို့သို့ ပြန်လာစေလိုခဲ့ကြ၏။ ရှင်ဘုရင်သည် မိမိရာဇပလ္လင်၌ ထိုင်လျက်၊ မှူးမတ်အပေါင်းတို့သည် မိမိတို့၏နေရာ၌ ထိုင်ကြမှ သာလျှင်၊ အုပ်ချုပ်မှု ယန္တရားသည် ထိရောက်စွာ လည်ပတ်နိုင်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ခက်ခဲသောကာလ၌ စစ်မှန်သော မိတ်ဆွေ သိမှတ်နိုင်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်အသက်တာ၌ ကိုယ်တော်၏ အဆုံးစွန် တန်ခိုးအာဏာ အစဉ် အစိုးရပါစေသော်။



သောကြာ၊ ဇူလိုင် (၂၄)
၂ ရာ ၇
မသဲ ၂၄း၁-၂

*“ငါအမှန်ဆိုသည်ကား၊ မဖြိုမချဘဲ ကျောက်တစ်ခုပေါ်မှာ တစ်ခုမျှ မတည်မနေရဟု မိန့်တော်မူ၏”*

## ဘုရားသခင်၏အိမ်တော် တည်ဆောက်ဖို့ရန် ဒါဝိဒ် တင်ပြခြင်း (၃)

ဒါဝိဒ် တည်ဆောက်ဖို့ရန် တင်ပြသည့် အိမ်တော်သည် ဗိမာန်တော် အဆောက်အအုံ ဖြစ်ပါသည်။ ကျွန်ုပ်၏ ဆရာကြီး (ကွယ်လွန်ပြီးဖြစ်သော Rev Dr Timothy Tow) က အသင်းတော် ကဲ့သို့သော အဖွဲ့အစည်းသည် သမိုင်းမှတ်တိုင် မဟုတ်ဘဲ၊ အမှုတော်ဆောင် လှုပ်ရှားမှုဖြစ်သည်ဟု မှတ်ချက်ချခဲ့ဖူးပါသည်။ များစွာသောလူတို့သည် အသင်းတော် အဆောက်အအုံကို အဓိက အလေးထား တတ်ကြ၏။ လှပ ခိုင်ခံ့မှု ရှိမရှိ အထူးအလေးထားတတ်ကြပါသည်။ ထိုအမှုသည် ဘုရားသခင်အတွက် မိမိတို့၏ ဆက်ကပ်မှုအမှန် ဆိုလျှင် ကောင်းပါ၏။ သို့သော်လည်း၊ ကြွားဝါဖို့ သက်သက်ဆိုလျှင်၊ ကျော်စောလိုခြင်းသာဖြစ်၍ ဝိညာဉ်အကျိုး မရှိပါ။

ဒါဝိဒ် ခေတ်ကာလ၌လည်း ထိုသို့ဖြစ်ပါသည်။ ဘုရားသခင်သည် မိမိလူတို့အား၊ ဘုရားသခင်၏ အိမ်တော်သည် အဆောက်အအုံ သက်သက်၊ အုတ် သဲ ကျောက်၊ အာရစ်သစ်သား သက်သက် မဟုတ်ဘဲ၊ ဘုရားသခင်ထံ ဆက်ကပ်သော စိတ်နှလုံးပင်ဖြစ်ကြောင်း အသိပေးတော်မူ၏။ ထိုအချက်ကို ဘုရားသခင်က ဒါဝိဒ်အား “သင် မတည်ဆောက်ရ” ဟု မိန့်တော်မူသောအချိန်၌၊ ဒါဝိဒ်၏စိတ်နှလုံးထဲသို့ ထည့်သွင်းလိုသောအချက်ပင်ဖြစ်ပါသည်။ ဘုရားသခင်၏အိမ်တော်ဟု ထိုအချိန်ထိ ခေါ်ဝေါ်ခဲ့သောအရာသည် တဲတော် အဆောက်အအုံဖြစ်ခဲ့ပါသည်။ ထို့ကြောင့်၊ လုံလောက်မှု ရှိပါပြီ။ အဆောက်အအုံသည် အဓိက မဟုတ်ပါ။

ဘုရားသခင်က ဒါဝိဒ်အတွက် ပြုတော်မူခဲ့သောအမှုကို ပြန်လည် ဖော်ပြခဲ့၏။ သိုးခြံထဲမှ နှုတ်ယူလျက်၊ မိမိလူတို့ကို အုပ်စိုးသောရှင်ဘုရင်အဖြစ် ခန့်ထားတော်မူ၏။ မိမိလူမျိုး ဣသရေလ အတွက် နေစရာပြည်ကိုလည်း ဂတိထားတော်မူခဲ့၏။ ဒါဝိဒ်၏ မိသားစုအား ကြီးပွားစေမည်ဟုလည်း မိန့်တော်မူခဲ့ပါသည်။ ထိုသို့ မိန့်တော်မူခြင်းမှာ ဒါဝိဒ်သည် မိမိအတွက် လောကီ အိမ်တော် တည်ဆောက်ဖို့ကို အလေးမထားဖို့ရန် ဘုရားသခင် ဆိုလိုခြင်းဖြစ်ပါသည်။

နောက်ပိုင်းတွင်၊ ဘုရားသခင်၏အိမ်တော် တည်ဆောက်ဖြစ်ခဲ့သော်လည်း၊ ထိုအိမ်တော်က ဣသရေလ၏ ဆိုးသွမ်းသော ဘုရင်အားလုံးကို သန့်ရှင်းစေတော်မမူခဲ့ပါ။ အိမ်တော်သည် ယေရုရှလင်မြို့၌ တည်ရှိသော်လည်း၊ ဘုရားသခင်ထံမှ စိတ်ဖေါက်ပြန်လျက် လူတို့သည် ရုပ်တု ကိုးကွယ်ခဲ့ကြပါသည်။ နောက်ဆုံးတွင်၊ ရန်သူများ၏ ဖျက်ဆီးခြင်း ခံဖို့ရန် ဘုရားသခင် ခွင့်ပြု တော်မူခဲ့၏။ သင်ယူရမည့် သင်ခန်းစာမှုကား၊ အဆောက်အအုံ မရှိလျှင်ပင် ဘုရားသခင်ကို ဝတ်ပြု ကိုးကွယ်ခြင်းပြုနိုင်သည် ဟူသောအချက်ဖြစ်ပါသည်။

ယနေ့ အသင်းတော်၏ အဓိက အရည်အသွေးကား အဘယ်နည်း။ ဝိညာဉ်ရေးရာ အရည် အသွေး ဖြစ်ရပါမည်။ ထိုအသင်းတော်၌ သန့်ရှင်းသူများ နေထိုင်ကြပါသည်။ ယေရှုသည် ဒုတိယ ဗိမာန်တော်၌ အမှုတော် ဆောင်ခဲ့ပြီး၊ ထိုအိမ်တော် ဖျက်ဆီးခြင်းခံရမည်အကြောင်း ကြိုတင် ဖော်ပြ ခဲ့ပါသည်။ သို့သော်လည်း၊ ဘုရားသခင်၏ နိုင်ငံတော်သည် ထာဝရတည်၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နိုင်ငံတော်သည် ရွေးနှုတ်ခြင်းခံရသောသူ၏စိတ်နှလုံးထဲရှိ စစ်မှန်သော ယုံကြည်ခြင်းပေတည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော့်နိုင်ငံတော်၏ ကောင်းကြီးမင်္ဂလာကို ကျွန်တော် ခံရလိုပါ၏။

စနေ၊ ဇူလိုင် (၂၅)

၂ ရာ ၇

မသဲ ၁း၁-၁၇

*"ဒါဝိဒ်တို့မှ ဆင်းသက်တော်မူသော ယေရှုခရစ်၏ ဆွေတော်စဉ်မျိုးဆက် စာရင်းဟူမူကား"*

## ဒါဝိဒ်က ယေရှုသည် မေရှိယဖြစ်ကြောင်း သိခဲ့ပါသည်

ဘုရားသခင်က ဒါဝိဒ်အား သင်၏အမျိုးအနွယ်ကို အစဉ်အမြဲ ငါတည်စေမည်ဟု ဂတိထားတော်မူခဲ့ပါသည်။ ဘုရားသခင်က ဒါဝိဒ် အမျိုးအနွယ်၏ နိုင်ငံတော်ကို ထာဝရ တည်စေမည်ဟု မိန့်တော်မူခဲ့၏။ ထိုအချက်က ဒါဝိဒ် မင်းဆက်၏ ထူးခြားမှုကို ထင်ရှားစေပါသည်။ ထို့ကြောင့်၊ ထိုအမှုပြည့်စုံစေဖို့ရန် ဘုရားသခင်၏သားတော် လူ့ဇာတိခံဖို့ လိုအပ်ခဲ့ပါသည်။ ထိုအမှုအတွက် ဘုရားသခင်သည် ဒါဝိဒ်၏ အမျိုးအနွယ်ကို ရွေးချယ်ခဲ့ပါသည်။

"အစဉ်မပြဲ" (၂ ရာ ၇း၁၃) ဟူသော စကား ပြည့်စုံစေဖို့ရန် လူ့အနေဖြင့် မဖြစ်နိုင်ပါ။ ထို့ကြောင့် ဘုရားသခင်၏ အံ့ဘွယ်ဝင်ရောက်စွက်ဖက်မှု လိုအပ်ပါသည်။ ဘုရားသခင်သာလျှင် ထိုအမှုကို တတ်နိုင်တော်မူ၏။ ဘုရားသခင်က မိမိသည် သူ၏အဘဖြစ်လျက်၊ သူသည် မိမိ၏သားဖြစ်မည်အကြောင်း ဒါဝိဒ်အား မိန့်တော်မူခဲ့ပါသည်။ ထိုအမှုသည် ကျွန်တော်တို့ သိကျွမ်းလျက်ရှိသော ခရစ်စ္စမတ် အဖြစ်အပျက်၌ ဘုရားသခင် ပြည့်စုံစေတော်မူ၏။ ယေရှုခရစ်တော်၏ မျိုးစဉ်မျိုးဆက် စာရင်း ဖော်ပြထားသော ရှင်မသဲနှင့် ရှင်လုကာထဲတွင်၊ ဒါဝိဒ်၏အမည် ဖော်ပြထားပါသည်။ ယေရှုအား ဒါဝိဒ်၏သား ဟုဖော်ပြခဲ့ပါသည်။ ဘုရားသခင်၏သားတော် လူ့ဇာတိ ခံယူခြင်းသည် လူတို့အား အပြစ်မှ ကယ်နှုတ်ဖို့ရန်ဖြစ်ပါသည်။ နာသန်၏စကားသည် ဒါဝိဒ်အတွက် ဘုရားသခင်၏ အဖြေဖြစ်ခဲ့ပါသည်။ ဒါဝိဒ်သည် ယေရှုကို ယုံကြည်လျက်၊ ကိုယ်တော်အား "အကျွန်ုပ်၏သခင်" (ဆာလံ ၁၆း၂၊ ၃၅း၂၃၊ ၁၁၀း၁) ဟုခေါ်ခဲ့ပါသည်။

ဒါဝိဒ်သည် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းလျက်၊ ဆုတောင်း ပဌနာပြုခဲ့ပါသည်။ ဒါဝိဒ်သည် နှိမ့်ချသောစိတ်ဖြင့် ဘုရားသခင်ကို ခေါ်လျက်၊ လူမျိုးတကာတို့တွင် ဣသရေလအမျိုးကို ချီးမြှောက်တော်မူသောကြောင့် ကျေးဇူးတော် ချီးမွမ်းခဲ့ပါသည်။ မေရှိယကြောင့် ဣသရေလအမျိုးသည် ကြီးမြတ်သောလူမျိုးဖြစ်ပါသည်။ ဒါဝိဒ်၏ ပဌနာစကားအချို့မူကား၊ "အကြောင်းမူကား၊ ဣသရေလအမျိုး၏ ဘုရားသခင် ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၊ ကိုယ်တော်က၊ သင်၏အမျိုးအနွယ်ကို ငါတည်စေမည်ဟု ကိုယ်တော်ကျွန်အား ဗျာဒိတ်ပေးတော်မူ သောကြောင့်၊ ကိုယ်တော်ကျွန်သည် ဤကဌနာကို ရှေ့တော်၌ ပြုချင်သောစိတ်ရှိပါ၏" (၂ ရာ ၇း၂၇) ဟူ၍ ဖြစ်ပါသည်။ ဘုရားသခင်သည် ဣသရေလကို ထာဝရ တည်စေပါသည်။ ထိုလူမျိုး ရွေးချယ်ခံရခြင်းသည် ဒါဝိဒ် ပဌနာပြုခြင်း၏ အကြောင်းရင်းတခု ဖြစ်ပါသည်။ ဒါဝိဒ်ထံ ထားတော်မူသော ဂတိတော်အပေါင်းသည် မေရှိယနှင့်ပတ်သက်သောအရာများဖြစ်ကြပါသည်။ ထိုမေရှိယသည် အပျိုကညာ မာရိမှ မွေးဖွားလာသော ယေရှု ခရစ်တော်ပင်ဖြစ်ပါသည်။ ယေရှုသည် ကောင်းကင်ဘုံသို့ တက်သွားတော်မူခဲ့ပြီး၊ တဖန် ကြွလာတော်မူလိမ့်မည်။ ဘုရားသခင်၏သားတော်ကို ယုံကြည်လျက်၊ ထာဝရ အသက် ပိုင်ဆိုင်ပြီး၊ အသက်ရှင်ပါလော့။

**ဆင်ခြင်ရန်** - ဣသရေလ၌ ဒါဝိဒ်၏ဖြစ်တည်မှုသည် ရွေးနှုတ်ကယ်တင်ခြင်းနှင့်ဆိုင်သော ဘုရားသခင်၏ထာဝရ အစီအစဉ်၏ အစိတ်အပိုင်းတခုဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ယေရှုခရစ်တော် တဖန်ကြွလာတော်မူမည့်အကြောင်း ဂတိတော် အလျင်အမြန်ပြည့်စုံခြင်း ရှိပါစေသော်။



အင်္ဂါ၊ စက်တင်ဘာ (၈)

၂ ရာ ၁၉

သု ၄း၁-၅

*"ငါ့စကားကို သင်၏နှလုံး၌ သွင်းမိ၍၊ ငါ့ပညတ်တို့ကို ကျင့်စောင့်သဖြင့် အသက်ရှင်လော့"*

## ယွာဘက ဒါဝိဒ်အား ဆုံးမပဲ့ပြင်ခဲ့၏

ဒါဝိဒ်သည် အဗရှလုံကြောင့် ဆက်လက် ငိုကြွေးမြည်တမ်းခဲ့ပါသည်။ ယွာဘသည် လာ၍ ရှင်ဘုရင်ကို ဆုံးမခဲ့ပါသည်။ အဗရှလုံ သေရသည့်အကြောင်းကို ပြောကြားခဲ့ပါသည်။ ဒါဝိဒ်အား အားပေးလျက်၊ လူများတို့ထံ စကားပြော၍ ယေရုရှလင်မြို့သို့ ပြန်သွားဖို့ရန် အစီအစဉ်ဆွဲဖို့ ယွာဘက တိုက်တွန်းခဲ့ပါသည်။ နောက်ဆုံးတွင်၊ ရှင်ဘုရင်သည် မိမိ၏ထီးနန်းနှင့် ရာဇပလ္လင်ကို ပြန်လည်ရယူဖို့ရန် ယေရုရှလင်မြို့သို့ ချီတက်ခဲ့ပါသည်။

ဣသရေလ၏ စစ်ဗိုလ်ချုပ် ယွာဘက ဒါဝိဒ်သည် အဗရှလုံကြောင့် ဝမ်းနည်းငိုကြွေးနေသေးကြောင်း သိခဲ့ပါသည်။ ထိုနေ့၏အောင်မြင်မှုသည် ဝမ်းနည်းကြေကွဲခြင်းအဖြစ်သို့ ပြောင်းလဲခဲ့၏။ တိုင်းပြည်အမှု ကိစ္စဖြစ်သောကြောင့်၊ ယွာဘသည် အချိန်မဖြုန်းသင့်ဟု ထင်ခဲ့ပါသည်။ ချက်ချင်း အမှု ဆောင်ရွက်ဖို့ လိုအပ်ပါသည်။ ဉာဏ်ပညာရှိစွာ ချဉ်းကပ်ဖို့ လိုပါသည်။ ယွာဘသည် ရာထူးအနေဖြင့်၊ ရှင်ဘုရင် လက်အောက်၌ ဒုတိယနေရာ၌ရှိပါသည်။ ထို့ကြောင့်၊ ရှင်ဘုရင်သည် အမှုမဆောင်ရွက်နိုင်လျှင်၊ သူက ရှင်ဘုရင်ကိုယ်စား ဆောင်ရွက်ရမည်ဖြစ်ပါသည်။

တိုင်းပြည်သည် ရှုပ်ထွေးသောအခြေအနေ၌ ရပ်တည်နေပါသည်။ အဗရှလုံကို ထောက်ခံအားပေးသောသူတို့သည် အဘယ်အမှုဖြစ်လာမည်ကို စောင့်ကြည့်နေခဲ့ကြ၏။ ဒါဝိဒ်သည်လည်း စိတ်ခံစားချက်ကြောင့် တိုင်းပြည်ကို မဦးဆောင်နိုင်ဖြစ်ခဲ့ပါသည်။ ထို့ကြောင့်၊ ယွာဘသည် ရှင်ဘုရင်အား ရင်ဆိုင်ဖို့ရန် ဆုံးဖြတ်ချက်ချခဲ့ပါသည်။ "ယွာဘသည် ရှင်ဘုရင်ထံ အိမ်ထဲသို့ဝင်၍၊ ကိုယ်တော်၏အသက်မှစ၍ သားတော်သမီးတော်၊ မိဖုရားမောင်းမမိသံတို့၏အသက်ကို ကယ်တင်သော ကိုယ်တော်ကျွန်တို့ကို ယနေ့ အရှက်ကွဲစေတော် မူပြီ။ ရန်သူတို့ကိုချစ်၍ အဆွေခင်ပွန်းတို့ကို မုန်းတော်မူ၏။ မှူးမတ်များ၊ ကျွန်များတို့ကို ပမာဏပြု တော် မမူကြောင်းကို ယနေ့ထင်ရှားစွာပြတော်မူပြီ။ အဗရှလုံသည် အသက်ရှင်၍ ကျွန်တော်မျိုး အပေါင်းတို့သည် ယနေ့သေလျှင် အားရတော်မူလိမ့်မည်ဟု ယနေ့ကျွန်တော်မြင်ပါ၏" (၂ ရာ ၁၉း၅-၆) ဟုဆိုခဲ့၏။

ဒါဝိဒ်သည် စိတ်နှိမ့်ချသောသူဖြစ်သည်နှင့်အညီ ထိုစကားက သူ့ကို အနိုင်ယူခဲ့ပါသည်။ သူသည် ခေါင်းဆောင်ဖြစ်သောကြောင့်၊ ယွာဘ၏စကားသည် မှန်ကန်ကြောင်း သိခဲ့ပါသည်။ မိမိ၏ စိတ်ခံစားချက်ကို ဘေးဖယ်မထားခဲ့လျှင် ကြီးမားသော ပြဿနာ ဖြစ်ပွားလာနိုင်ကြောင်း သိခဲ့ပါသည်။ သူသည် သဘောတူလျက်၊ နာခံခဲ့ပါသည်။

**ဆင်ခြင်ရန်** - ခေါင်းဆောင်သည် ရွေးချယ်စရာရှိသောအခါ အကြံအမျိုးမျိုးကို စဉ်းစားတွေးတောတတ်၏။

**ဆုတောင်းချက်-** အဖဘုရား၊ သူတပါး၏မစခြင်း ဘယ်အချိန်၌ ရှာရမည်အကြောင်း အကျွန်ုပ်အား ပြသတော်မူပါ။

*"သန့်ရှင်းတော်မူသောဘုရားကို သိကျွမ်းသောသဘောသည် ဉာဏ်ဖြစ်၏"*

## ဒါဝိဒ်သည် သားတော် သေဆုံးသောကြောင့် ငိုကြွေးမြည်တမ်းခဲ့၏

၂ ရာ ၁၈း၁၈ ၌တွေ့ရသော အဗရှလုံအကြောင်း ဖော်ပြချက်သည် သူ့ဘဝနိဂုံးဖြစ်၍ ဣသရေလ သမိုင်း၏အခန်းကြီးတခု ပြီးဆုံးခဲ့ပါသည်။ ဖော်ပြထားသော ကျောက်တိုင်မှုကား ယနေ့တိုင် တည်လျက်ရှိပါသည်။ အဗရှလုံ၏ ပထမဆုံးအပြစ်သည် မိမိ၏ဖခင်ကို ဆန့်ကျင်ပုန်ကန်ခြင်း ဖြစ်ပါသည်။ ထွက် ၂၀း၁၂ ထဲတွင်၊ ဤသို့ ပညတ်ထားတော်မူ၏၊ "သင်၏အသက်တာရှည်မည် အကြောင်း၊ သင်၏မိဘကိုရိုသေစွာပြုလော့။" ထိုပညတ်တရားကို သူချိုးဖောက်ခဲ့ပြီး၊ သေခြင်းသို့ ရောက်ခဲ့၏။

ပုန်ကန်ခြင်း၏အခသည် သေခြင်းပင်ဖြစ်ပါသည်။ ဒါဝိဒ်သည် မိမိ၏သားတော် အသက်ရှင်မည်ကို လိုလားခဲ့သော်လည်း၊ ထိုအမှုသည် မိဘမေတ္တာနှင့် တိုင်းပြည်ဦးဆောင်မှု အကြား လွန်ဆွဲပွဲကဲ့သို့ဖြစ်ခဲ့ပါသည်။ သင်ခန်းစာမှုကား၊ ဆန့်ကျင်ပုန်ကန်မှုကို ရှောင်ရှားလျက်၊ ဘုရားသခင်၏စကားကို နာခံလိုက်လျှောက်ပါ ဟူ၍ဖြစ်ပါသည်။ ရောမ ၁၃ ထဲ၌ တွေ့ရသော တိုက်တွန်းချက်မှုကား၊ ဘုရားသခင် ခန့်ထားတော်မမူသော အာဏာစက် အစိုးရမရှိ၊ မိဘအပါအဝင် တိုင်းပြည်အစိုးရ၏ အာဏာစက်တို့သည် ဘုရားသခင်ခန့်ထားတော်မူခြင်းအားဖြင့်ဖြစ်ကြပါသည်။

အစ၌၊ အဟိမတ်သည် အဗရှလုံ သေဆုံးသည့်သတင်းကို ဒါဝိဒ်ထံ ပြောကြားလိုခဲ့သော်လည်း၊ ယွာဘက တားမြစ်ခဲ့ပါသည်။ ထို့နောက်၊ အဟိမတ်နှင့် ကုရှိ ကထိုသတင်းကို ရှင်ဘုရင်ထံ ကြားပြောခဲ့ကြ၏။ အဗရှလုံ သေဆုံးကြောင်း ဒါဝိဒ် ကြားသိသောအခါ၊ ပြင်းစွာ ငိုကြွေးလျက်၊ သင့်ကိုယ်စား ငါမသေပါလေတကား ဟုဆိုခဲ့ပါသည်။ ဒါဝိဒ်၏စိတ်နှလုံးထဲ၌ လွန်ဆွဲပွဲဖြစ်ပွားခဲ့ပါသည်၊ သူ့သားအပေါ် မိဘမေတ္တာအပြည့် ရှိခဲ့ပါသည်၊ သို့သော်လည်း၊ တဖက်တွင်၊ မိမိ၏ရာဇပလ္လင်ကို ကာကွယ်ဖို့လိုအပ်ခဲ့ပါသည်။ ယွာဘသည် ထိုအမှုကို ခြားနားစွာ မြင်လျက်၊ မိမိကောင်းသည်ဟု ထင်သည့်အတိုင်း ပြုခဲ့ပါသည်။

ဒါဝိဒ် ကြုံတွေ့နေရသော ပြဿနာ၏အရင်းအမြစ်သည် များစွာသော မိန်းမယူခြင်းပင်ဖြစ်ပါသည်။ သူသည် မိန်းမ များစွာယူလျက်၊ သားသမီးများစွာ ရှိခဲ့ပါသည်။ သူတို့ကို ကောင်းကောင်း အုပ်စိုး ထိန်းကျောင်းဖို့ သူ့အတွက် ခက်ခဲလှပါသည်။ ရှေးခေတ်ကာလ၌ ဘုရားသခင်သည် ထိုအမှုကို သည်းခံခဲ့သော်လည်း၊ အစအဦးမှဖြစ်သော "တစ်လင် တစ်မယား" စနစ်သည် တည်လျက်ရှိပါ၏။ မိသားစုသည် လူအဖွဲ့အစည်း၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - မိမိသာသာ ပြဿနာ မဖန်တီးပါနှင့်။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်အား နာခံသော စိတ်သဘော ပေးသနားတော်မူပါ။





*"အိုထာဝရဘုရား၊ အကျွန်ုပ်၌ ဆန့်ကျင်ဘက်ပြုသောသူတို့ကို ဆန့်ကျင်ဘက်ပြုတော်မူပါ။ အကျွန်ုပ်ကို စစ်တိုက်သောသူတို့ကို တိုက်တော်မူပါ"*

## ဒါဝိဒ်သည် ဖိလိတ္တိလူတို့အား အနိုင်ယူခဲ့၏

ဒါဝိဒ်သည် မိမိအား ရန်ပြုလာနိုင်သော အိမ်နီးချင်းလူမျိုးများကို အနိုင်တိုက်ခြင်းဖြင့် မိမိ၏အာဏာကို ကြီးထွားကျယ်ပြန့်စေခဲ့ပါသည်။ မိမိအား လာမတိုက်ခိုက်ရဲအောင် မိမိ၏စစ်တပ် အင်အားကို ပြသခဲ့ပါသည်။ ဣသရေလ၏အင်အားကို ပြသလျက်၊ ကြီးထွားစေခဲ့ပါသည်။ သူ၏ ကြိုးစားမှုများ၌ ဘုရားသခင် အတူပါရှိတော်မူကြောင်း သိခဲ့ပါသည်။

ဒါဝိဒ်သည် ရန်သူများကို တိုက်ခိုက်အနိုင်ယူလျက်၊ ဥစ္စာပစ္စည်းများ သိမ်းယူခဲပါသည်။ မိမိခေတ်၌ ဣသရေလကို အင်အားကြီးနိုင်ငံ ဖြစ်စေခဲ့ပါသည်။ သူသည် မိမိ၏အုပ်ချုပ်ရေးကိုလည်း မြဲမြံခိုင်ခံ့စေခဲ့ပါသည်။ သူသည် အုပ်ချုပ်ရေးမှူးများကို ခန့်ထားလျက်၊ တိုင်းပြည်ကို ဖြောင့်မတ်ခြင်း တရားဖြင့် အုပ်ချုပ်ခဲ့ပြီး၊ ပြည်သူပြည်သားအပေါင်းတို့အား တရားမျှတစွာ အုပ်ချုပ်ခဲ့ပါသည်။ သူပြုသောအမှုတိုင်း၌ ဘုရားသခင်၏လက်တော် ပါဝင်ကြောင်း သိမှတ်ခဲ့ပါသည်။

ဖိလိတ္တိလူတို့သည် ဣသရေလ၏ အိမ်နီးချင်းဖြစ်လျက်၊ အစဉ် ရန်ပြုတတ်ကြ၏။ သူတို့သည် တရားသူကြီးများ ခေတ်၌ ဣသရေလကို တိုက်ခိုက်စိုးမိုးခဲ့ပြီး၊ ရှင်ဘုရင် ရှောလု ခေတ်၌လည်း ဣသရေလကို တိုက်ခိုက်ခဲ့ပါသည်။ သူတို့သည် ရှင်ဘုရင်ရှောလုကို အနိုင်ယူခဲ့ကြပြီး၊ သူ့သားများနှင့် အတူ တိုက်ပွဲ၌ သေဆုံးခဲ့ပါသည်။ ရှောလု၏ မင်းဆက်ကို အဆုံးသတ်စေခဲ့ကြပါသည်။ ဒါဝိဒ်သည် ဖိလိတ္တိလူ လူကောင်ကြီး ဂေါလျတ်ကို သတ်ခဲ့ပြီးနောက် နာမည်ကျော်စောခဲ့ပါသည်။ ထိုသို့ဖြင့် သူတို့အကြား ဆက်လက် စစ်ဖြစ်လျက်၊ ဖိလိတ္တိလူတို့သည် ဣသရေလ၏ ပဋိညာဉ် သေတ္တာတော်ကိုပင် လုယူခဲ့ကြပါသည်။

ဒါဝိဒ်သည် ဖိလိတ္တိလူတို့၏ အားသာချက်နှင့်အားနည်းချက်ကို ကောင်းကောင်း သိခဲ့ပါသည်။ သူတို့သည် လွယ်လွယ် လက်လျှော့မည့်သူများ မဟုတ်၊ ထိန်းချုပ်ဖို့ လိုအပ်ကြောင်း သိခဲ့ပါသည်။ ထို့ကြောင့် ထိုရန်သူကို အနိုင်ယူမည့်နည်းလမ်း ရှာကြံခဲ့ပါသည်။ ပထမအကြိမ်တွင်၊ ဖိလိတ္တိလူတို့ လက်ထဲမှ ဂါသမြို့ကို သိမ်းပိုက်ခဲ့ပါသည်။ ထိုခေတ်ကာလတွင်၊ သိမ်းပိုက်ခြင်းခံရသော လူမျိုးသည် အနိုင်ရသောလူမျိုးထံ အခွန်ဆက်သရပါသည်။ ဤသည်ကား၊ အနိုင်ရသောသူ၏ အင်အားကြီးမှုနှင့် သိမ်းပိုက်ခြင်းခံရသောသူသည် အနိုင်ရသောသူ၏ လက်အောက်ခံဖြစ်ကြောင်း ပြသခြင်းပင်ဖြစ်ပါသည်။ ဒါဝိဒ်သည် ဘုရားသခင်ကို ယုံကြည်ကိုးစားခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် နည်းဗျူဟာ ဆုံးဖြတ်ချက်အတွက် အသိဉာဏ် ပေးတော်မူ၏။
**ဆုတောင်းချက်-** အဖဘုရား၊ ဖြစ်လာမည့် အန္တရာယ်မှ အကျွန်ုပ်ကို ကွယ်ကာတော်မူပါ။

တနင်္လာ၊ ဇူလိုင် (၂၇)
၂ ရာ ၈
ရှသ ၁း၁-၅

*"သူတို့သည် . . . မောဘပြည်သို့သွား၍ နေကြ၏"*

## ဒါဝိဒ်သည် မောဘကို ရင်ဆိုင်ခဲ့၏

အဘယ်တိုင်းပြည်အဆို စစ်တပ်အင်အားကို အဓိက အားကိုးခဲ့ကြပါသည်။ ထိုအချက်ကို ဒါဝိဒ် သိသဖြင့်၊ မိမိစစ်တပ်ကို ကောင်းမွန်စွာ တည်ထောင်ခဲ့ပါသည်။ ဣသရေလ၏ နောက်ထပ် ရန်သူမှာ အရှေ့ဘက် ယောဒန်မြစ် တစ်ဖက်ကမ်း၌ ရှိသော မောဘပြည်ဖြစ်ပါသည်။ ဤလူမျိုးသည်လည်း ဣသရေလနှင့် အရင်ကတည်းက ဆက်နွယ်မှု ရှိခဲ့ပါသည်။ မောရှေနှင့် ယောရှု ခေတ်ကတည်း၌ သူတို့သည် ဣသရေလကို တိုက်ခိုက်ခဲ့ပါသည်။ သူတို့သည် လောတ၏ မျိုးဆက်များဖြစ်ကြပါသည်။ မောဘပြည်သည် ကြီးထွားလာခဲ့ပြီး၊ ဘုရင်များက အုပ်ချုပ်ခဲ့ပါသည်။

ငြိမ်းချမ်းသော အချိန်များ ရှိသကဲ့သို့၊ ပြဿနာနှင့်ရင်ဆိုင်ရသော အချိန်များ ရှိတတ်ပါသည်။ ဒါဝိဒ်သည် ဖြစ်ပေါ်လာနိုင်သော ရန်သူ၏တိုက်ခိုက်မှုကို သိခဲ့ပါသည်။ သူတို့သည် အလွန်ကြမ်းကြုတ်ခဲ့ကြပြီး၊ ဣသရေလ ရှင်ဘုရင်သည်လည်း သူတို့ကို ကောင်းကောင်း သိခဲ့၏။ ထို့ကြောင့် အရှေ့ဘက်မှ ပေါ်ပေါက်လာနိုင်သော မောဘလူတို့၏ တိုက်ခိုက်မှုကို ဖယ်ရှားဖို့လိုပါသည်။ ဒါဝိဒ်၏ အနိုင်ရမှုကို ဤသို့ ဖော်ပြထားပါသည်။ "မောဘပြည်ကိုလည်း လုပ်ကြံ၍ ပြည်သားတို့ကို မြေပေါ်မှာ လှဲချသဖြင့်၊ ကြိုးနှင့်တိုင်းလျက် သုံးစုတွင် နှစ်စုကို သတ်၏။ တစ်စုကို ချမ်းသာပေး၏။ ထိုသို့အမျိုးသားတို့သည် ဒါဝိဒ်၌ကျွန်ခံ၍ အခွန်ဆက်ရ၏" (၂ ရာ ၈း၂)။ နယ်နိမိတ် ကာကွယ်ကျယ်ပြန့်စေခြင်းက ဒါဝိဒ်၏အင်အား ကြီးထွားမှုကို ပြသခဲ့ပါသည်။ ဤအဖြစ်အပျက်သည် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ ကျော်၌ ဖြစ်ပျက်သောအရာဖြစ်ပါသည်။ ဘုရားသခင် ပြုတော်မူခဲ့သော အမှုဖြစ်ပြီး၊ ယခုအချိန်၌လည်း အံ့ဘွယ်အမှုများကို ဘုရားသခင် ပြုတော်မူ၏။

မောဘပြည်အကြောင်းကို ထပ်၍ ဖော်ပြမည် ဆိုလျှင်၊ ဤပြည်သည် အားကြီးသော ဘုရင်များ အုပ်ချုပ်ခဲ့သော ပြည်ဖြစ်ပါသည်။ ဣသရေလလူမျိုးများ အဲဂုတ္တုပြည်မှ ထွက်မြောက်လာချိန်ကတည်းက ရှိခဲ့သောပြည်ဖြစ်ပါသည်။ သူတို့သည် ဣသရေလလူတို့အား သူတို့၏ပြည်မှ ဖြတ်လျှောက်သွားခွင့် မပေးခဲ့ကြပါ (သူကြီး ၁၁း၁၇-၁၈)။ သူတို့သည် ဣသရေလကို ကျိန်ဆဲဖို့ရန် မိဒျန်ပြည်သားတို့အား ပူးပေါင်းခဲ့ကြပါသည် (တော ၂၂း၄)။ ထို့ပြင် သူတို့သည် ဣသရေလနှင့် အခြား ဆက်နွယ်မှု ရှိသေး၏။ ရှသ ဝတ္ထုတွင်၊ ဣသရေလနှင့် မောဘလူတို့အကြား၌ ကောင်းမွန်သော ဆက်ဆံရေးရှိခဲ့ပါသည်။ နောမိနှင့်သူ၏မိသားစုသည် မောဘပြည်၌ သွားရောက်ခိုလှုံခဲ့ကြ၏။ ဒါဝိဒ်သည် ရှောလုနှင့် တိုက်ခိုက်စဉ်၊ ဒါဝိဒ်၏မိဘများကို သူတို့ ကြိုဆိုခဲ့ကြ၏။ ထိုအမှုအားလုံးအားဖြင့် ဒါဝိဒ်သည် မောဘပြည်အကြောင်းကို သိခဲ့ပါသည်။ သူတို့ကို ရင်ဆိုင်သောအခါ၊ သူတို့၏ အားသာချက်နှင့် အားနည်းချက်များကို ဒါဝိဒ် သိခဲ့ပါသည်။ ဤအမှုအပေါင်းနောက်ကွယ်၌ ဘုရားသခင်၏လက်တော် တည်လျက်ရှိခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မိမိ၏ရည်ရွယ်ချက်များကို ပြည့်စုံစေဖို့ရန် သံတမန်နည်းလမ်းနှင့် စစ်ပွဲများကို အသုံးပြုတော်မူတတ်၏။

**ဆုတောင်းချက်-** အဖဘုရား၊ စစ်ပွဲအတွင်း၌ပင် ကိုယ်တော်၏ငြိမ်သက်ခြင်း သက်ရောက်စေတော်မူပါ။



တနင်္ဂနွေ၊ စက်တင်ဘာ (၆)
၂ ရာ ၁၈
သု ၇း၁-၄

*"ငါ့ပညတ်တို့ကို စောင့်ရှောက်၍ အသက်ရှင်လော့။ ငါပေးသောတရားကို ကိုယ်မျက်ဆန်ကဲ့သို့ စောင့်လော့"*

## အဗရှလုံသည် တိုက်ပွဲ၌ အသတ်ခံရ၏

တိုက်ပွဲစစချင်း၊ အဗရှလုံ၏ စစ်သားများစွာ အသတ်ခံခဲ့ရပါသည်။ ဘုရားသခင် ခန့်ထားတော်မူခြင်းမရှိသော ဒါဝိဒ်၏သားတော်ကို ထောက်ခံအားပေးခဲ့ခြင်းဖြင့် အဗရှလုံ၏ အကြံပေးများသည် ဘုရားသခင်၏အလိုတော်ကို မထီမဲ့မြင်ပြုခဲ့ကြပါသည်။ သူတို့သည် ဘုရားသခင်နှင့် မိဿဟာယဖွဲ့ခြင်း မရှိခဲ့ကြကြောင်း ထင်ရှားလှပါသည်။

အဗရှလုံသည် စစ်သူရဲများထံမှ မိမိကိုယ်ကို မကာကွယ်ခဲ့ပါ။ ရှေးဘုရင်များသည် ရှေ့တန်း၌မိမိ၏စစ်တပ်ကို ဦးဆောင်လေ့ရှိကြပါသည်။ သို့သော်လည်း သူတို့သည် မိမိတို့၏လုံခြုံမှုကို ဂရုစိုက်ခဲ့ကြပါသည်။ အတွေ့အကြုံနည်းပါးသော အဗရှလုံသည် မိမိအသက်ကို အန္တရာယ်ထဲသို့ ကျရောက်စေခဲ့၏။ အဗရှလုံသည် ကာကွယ်မည့်သူ မပါဘဲ မြည်းကိုစီးခဲ့ပါသည်။ တောထဲမှ မည်သို့ထွက်၍ လွတ်မြောက်မည်ကို မသိခဲ့ပါ။ သူသည် ဘုရင့်သားတော်ဖြစ်၍ အခြေခံစစ်ရေးကိုပင် မလေ့လာခဲ့ပါ။ ဇဖရိမ်တောထဲ၌ မြည်းကို စီးလျက် သွားခဲ့စဉ်၊ သပိတ်ပင်၌ ငြိသဖြင့်၊ မြည်းသည် ထွက်ပြေးလျက်၊ သူသည် တွဲလွဲဆွဲလျက် ကျန်နေခဲ့ပါသည်။ သူသည် အလွန်စိတ်သဘောခိုင်မာ ပြင်းပြသောသူဖြစ်သောကြောင့်၊ စစ်ပွဲ၌ သတိထားရမည့် လိုအပ်သော ကြိုတင်ပြင်ဆင်မှုကို အလေးမထားခဲ့ပါ။

အဗရှလုံသည် သစ်ကိုင်း၌ ထိုသို့ ငြိလျက် တွဲလွဲဆွဲလျက် နေစဉ်၊ မိမိကိုယ်ကို လွတ်မြောက်အောင် မတတ်နိုင်ခဲ့ပါ။ ထိုသို့ တွဲလွဲဆွဲလျက် နေသော အဗရှလုံအား ဒါဝိဒ်၏လူတဦးက မြင်ခဲ့ပြီး၊ ယွာဘထံ သတင်းပေးခဲ့ပါသည်။ ဒါဝိဒ်၏ စစ်ဗိုလ်ချုပ်သည် အဗရှလုံ သေဆုံးသည်ကို မြင်လိုခဲ့၏။ အကြောင်းမှာ၊ အဗရှလုံ သေလျှင် စစ်ပွဲ ချုပ်ငြိမ်းမည်ဟု သူထင်ထားခဲ့ပါသည်။ အဗရှလုံအကြောင်း မိမိထံ သတင်းပို့သောသူအား ယွာဘက အဗရှလုံကို သင် သတ်ခဲ့သင့်သည်ဟု ဆိုခဲ့ပါသည်။ ထိုသူက စစ်ဗိုလ်များအား အဗရှလုံကို မသတ်ဖို့ရန် ရှင်ဘုရင် မှာထားတော်မူကြောင်းကို သူတို့အားလုံး ကြားသိခဲ့ကြကြောင်း ဆိုခဲ့ပါသည်။ ထို့နောက်၊ ယွာဘနှင့် သူ့လူများက အဗရှလုံကို သတ်ခဲ့ကြပြီး၊ စစ်ပွဲ ပြီးဆုံးကြောင်း တံပိုးမှုတ်ခဲ့ကြပါသည်။ သူသည် ရှင်ဘုရင်၏အမိန့်ကို မထီမဲ့မြင်ပြုလျက် ဖီဆန်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏တရားသည် လူ့တရားအထက်၌ စိုးမိုးတည်တော်မူ၏။

**ဆုတောင်းချက်-** အဖဘုရား၊ သေခြင်း ရှင်ခြင်းအမှု၌ ပြုရမည့်အရာကို အကျွန်ုပ်အား ပြတော်မူပါ။

*"ငါ့သား၊ ငါပေးသောတရားကို မမေ့နှင့်။ ငါ့ပညတ်တို့ကို သင်၏နှလုံးစောင့်ရှောက်ပါစေ"*

## အမိန့်ပေးခြင်းအမှု၌ ယွာဘသည် ဒါဝိဒ်နှင့် ခြားနားခြင်းရှိ၏

ဒါဝိဒ်သည် ဆုတောင်းသောသူဖြစ်၍ မိမိအမှုကို ဘုရားသခင်ထံ ဆက်ကပ်ခဲ့ပါသည်။ သို့သော်လည်း၊ ယွာဘသည် ရှင်ဘုရင်၏အလိုတော်နှင့် ဆန့်ကျင်သော နောက်ဆုံး ဆုံးဖြတ်ချက်ကို မိမိအလိုအတိုင်း ချမှတ်ခဲ့ပါသည်။ ဒါဝိဒ်က လူအပေါင်းရှေ့၌ စစ်ဗိုလ်သုံးဦး (ယွာဘ၊ အဘိရှဲနှင့် အိတ္တဲ) အား အဗရှလုံအပေါ် သနားညှာတာမှုရှိဖို့ရန် အမိန့်ပေးခဲ့ပါသည်။ ဒါဝိဒ်၏ဖခင်မေတ္တာက အဗရှလုံအား မသတ်ဖို့ရန် တောင်းဆိုစေခဲ့ပါသည်။ ထိုအမှု၌ Matthew Henry က ဤသို့ဆိုခဲ့ပါသည်၊ "ဒါဝိဒ်သည် အဘယ်သို့ မကောင်းမှုကို ကောင်းမှုဖြင့် တုန့်ပြန်နိုင်ခဲ့ပါသနည်း။ အဗရှလုံသည် ဒါဝိဒ်အား သေစေလိုခဲ့ပါလိမ့်မည်။ ဒါဝိဒ်မူကား အဗရှလုံကို အသက်ရှင်စေလိုခဲ့၏။ ဤအမှုသည် ဘုရားသခင်အပေါ် လူတို့၏ မိုက်မဲမှု၊ လူတို့အပေါ် ထားရှိသော ဘုရားသခင်၏ အံ့ဘွယ် ဂရုဏာတရားနှင့် တူညီမှုရှိခဲ့ပါသည်။ ယခုတွင်၊ ဣသရေလလူတို့သည် ဘုရားသခင်နှင့် ဘုရားသခင်၏ ဘိသိက်ပေးခြင်း ခံရသောသူ ဆန့်ကျင်ခြင်းအမှု၏ ဆိုးကျိုးကို မြင်တွေ့ခဲ့ရပါသည်။"

စစ်ဗိုလ်များက ရှင်ဘုရင်၏အခက်အခဲကို နားလည်ခဲ့ကြပါသည်။ စစ်တပ် ချီတက်ခဲ့ပြီး၊ တိုက်ပွဲစတင်ခဲ့ပါသည်။ ထိုတိုက်ပွဲသည် ဧဖရိမ်တော၌ ဖြစ်ပွားခဲ့ပါသည်။ စစချင်း၊ အဗရှလုံကို ထောက်ခံအားပေးသောသူတို့သည် ဒါဝိဒ်၏ကျွန်များရှေ့၌ အသတ်ခံခဲ့ကြရပြီး၊ လူနှစ်သောင်း သေဆုံးခဲ့ပါသည်။

စစ်မြေပြင်သည်လည်း အဗရှလုံဘက်၌ မရှိခဲ့ပါ။ သမ္မာကျမ်းစာ၌၊ ဒါးဖြင့်သေသောသူထက် တော၌ ဆုံးရှုံးသောသူ သာ၍များကြသည်ဟု ဖော်ပြခဲ့ပါသည်။ ဒါဝိဒ်၏လူတို့သည် ရှောလုထံမှ ထွက်ပြေးခဲ့ကြစဉ် တောတောင်အနေအထားကို သိကျွမ်းနားလည်ခဲ့ကြပါသည်။ တောအရပ်၌ စစ်တိုက်ခြင်းသည် လွယ်ကူသောအမှု မဟုတ်ပါ။ ထို့ကြောင့်၊ အဗရှလုံ၏လူတို့သည် ဆုံးရှုံးခဲ့ကြ၏။ ယွာဘ၌ ပို၍စစ်ရေးကျွမ်းကျင်သော စစ်သူရဲများ ပိုင်ဆိုင်ထားပါသည်။ ဘုရားသခင်က ထိုအချက်ကို အသုံးပြုတော်မူလျက်၊ ယွာဘအား အောင်မြင်မှုပေးတော်မူခဲ့၏။

**ဆင်ခြင်ရန်** - အောင်မြင်သည်ဖြစ်စေ၊ ကျဆုံးသည်ဖြစ်စေ၊ အကျွန်ုပ်တို့၏အလို (သို့) ကြိုးစားမှု မဟုတ်ဘဲ၊ ဘုရားသခင်၏အလိုတော်အတိုင်းဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်ကို ကိုယ်တော် ပိုင်ပါ၏။ ကိုယ်တော်အဖို့ ရပ်တည်ဖို့ရန် ခွန်အားပေးတော်မူပါ။





*"အကြောင်းမူကား၊ ငါတို့သည် အသွေးအသားရှိသောရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရကြသည် မဟုတ်"*

## ဒါဝိဒ်သည် မိမိ၏ စစ်တပ်အင်အားကို ပြသခဲ့ပါသည်

ဣသရေလရှင်ဘုရင်သည် အခွင့်ရှိတိုင်း ဖြစ်ပေါ်လာနိုင်သောအန္တရာယ်ကို ကြိုတင်လက်ဦးမှုယူလျက် အနိုင်ယူတတ်၏။ ထိုသို့ပြုရခြင်းသည် မိမိ၏တိုင်းပြည် အေးချမ်းစွာ နေထိုင်နိုင်ရန်ဖြစ်ပါသည်။ (ရှုရိပြည်၌ပါဝင်သော) ဇောဘမင်းကြီး၊ ဟာဒဒေဇာ သည်လည်း ဣသရေလကို လာတိုက်နိုင်ချေရှိ၏။ ထို့ကြောင့် ဒါဝိဒ်သည် သူ့ကို သတ်လျက်၊ ဥဖရတ်မြစ်နားအထိ မြေကို သိမ်းပိုက်ခဲ့ပါသည်။ ဟာဒဒေဇာသည် စစ်တပ်နှင့် မြင်းတပ်တို့ဖြင့် အင်အားကြီးသော ရှင်ဘုရင်ဖြစ်ပါသည်။ သို့သော်လည်း၊ ဒါဝိဒ်သည် ကြောက်ရွံ့ခြင်းမရှိဘဲ၊ နည်းဗျူဟာကောင်းကောင်းဖြင့် ချဉ်းကပ်ခဲ့ပါသည်။

သူသည် ဇောဘမင်းကြီးကို သတ်ခဲ့ပြီး၊ နယ်မြေ သိမ်းယူခဲ့၏။ "ဒါဝိဒ်သည် တိုက်ဖျက်၍၊ ရထားတစ်ထောင်၊ မြင်းစီးသူရဲခုနစ်ထောင်၊ ခြေသည် သူရဲနှစ်သောင်းကို ဖမ်းဆီး၍ ရထားတစ်ရာကို သိမ်းထားပြီးမှ၊ အခြားသောမြင်းရထားရှိသမျှတို့ကို ဖျက်ဆီးလေ၏" (၂ ရာ ၈း၄)။ ဘုရားသခင်အတူပါရှိတော်မူသောကြောင့်၊ ဒါဝိဒ်သည် စစ်ရေးပိုင်း၌ အလွန်ထူးချွန်သောသူဖြစ်ပါသည်။ သူသည် စစ်ပွဲ၌ ဘယ်တော့မှ မရှုံးနိမ့်ခဲ့ပါ။ ဒါဝိဒ်ကို တိုက်ခိုက်သော ဇောဘမင်းကြီးအား ရှုရိလူတို့သည် စစ်ကူသောအခါ၊ သူသည် ရှုရိစစ်သားများစွာကို သတ်ခဲ့ပါသည်။ ဘုရားသခင် ဘိသိက်ပေးတော်မူသောသူသည် ရန်သူအပေါင်းကို အနိုင်ယူလျက် အုပ်စိုးခဲ့ပါသည်။ ဤသည်ကား ဖော်ပြထားခဲ့သည့်အတိုင်း၊ ဒါဝိဒ်ထံ ဘုရားသခင် ထားတော်မူသော ဂတိတော်ပင်ဖြစ်ပါသည်။

ဒါဝိဒ်သည် ဒမာသက်မြို့နှင့် ရှုရိလူတို့ကို သိမ်းပိုက်ခဲ့ပါသည်။ ထိုမြို့၌ မြို့စောင့်တပ်များ ချထားလျက်၊ သူတို့သည် ဒါဝိဒ်၏ကျွန်များဖြစ်လာလျက်၊ အခွန်ဆက်သရကြ၏။ ဒါဝိဒ်၏ အောင်မြင်မှုသော့ချက်ကို ၂ ရာ ၈း၆ တွင်ဖော်ပြခဲ့ပါသည် - "ဒါဝိဒ် သွားလေရာရာ၌ ထာဝရဘုရားစောင့်မတော်မူ၏။" ရွှေငွေသည် အလေးချိန်အတိုင်း ငွေကြေးတန်ဖိုးရှိပါသည်။ ထိုအရာများကို ဒါဝိဒ် သိမ်းယူခဲ့ပြီး၊ ရှုရိလူတို့ကလည်း အခွန်အဖြစ် ဆက်သခဲ့ကြ၏။ ဇောဘမင်း၊ ဟာဒဒေဇာ၏ ကျွန်များ စွဲကိုင်သော ရွှေဒိုင်းလွှားများကို သိမ်းယူလျက်၊ ယေရုရှလင်မြို့သို့ ဆောင်ယူခဲ့ပါသည်။ အခြားမြို့များမှ များစွာသော ကြေးဝါများကိုလည်း သိမ်းယူခဲ့ပါသည်။ ထိုလူမျိုးများအပေါ် အနိုင်ယူခဲ့သော ဒါဝိဒ်၏ အစွမ်းသတ္တိသည် ဘုရားသခင်ပေးသနားတော်မူသော တန်ခိုးတော်ကြောင့် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - မြေပြင်စစ်ပွဲ အောင်နိုင်ခြင်းကဲ့သို့ ဝိညာဉ်စစ်ပွဲအောင်နိုင်ခြင်းသည် အရေးကြီးလှပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၌တည်သော အကျွန်ုပ်၏ယုံကြည်ခြင်းသည် ဝိညာဉ်အောင်မြင်မှုကို ဖြစ်ပွားပါစေသော်။

ဗုဒ္ဓဟူး၊ ဇူလိုင် (၂၉)
၂ ရာ ၈
ဒေ ၅း၁၈-၂၀

*"ဘုရားသခင် ပေးသနားတော်မူသော စည်းစိမ်ဥစ္စာကို ရသောလူတိုင်း မိမိအဖို့ကို ခံ၍ ဝင်စားခြင်းငှါလည်းကောင်း၊ . . . ဘုရားသခင့် ကျေးဇူးတော်ကြောင့် အခွင့်ရှိ၏"*

## ဒါဝိဒ်၏ အောင်မြင်မှုများ အဆက်

ဒါဝိဒ်သည် စစ်ရေးနှင့်သံတမန်ရေးရာတွင် အလွန်ထူးချွန်သောသူဖြစ်ပါသည်။ သံတမန်ရေးရာသည် ပိုထိရောက်၍ အကျိုးရှိမည်ဟု သိမြင်သောအခါ၊ ထိုသို့ လုပ်ရှားဖို့ တွန့်တိုခြင်း မရှိခဲ့ပါ။ ဟာမတ်မင်းကြီး တောဣသည် ဇောဘမင်းကြီး ဟာဒဒေဇာ၏ရန်သူဖြစ်ပါသည်။ သူသည် မိမိ၏ရန်သူကို ဒါဝိဒ်က အနိုင်ယူသဖြင့် စိတ်ချမ်းသာရာရခဲ့ပါသည်။ ထို့ကြောင့်၊ သူသည် ဒါဝိဒ်အား မိတ်ဖွဲ့ခဲ့ပါသည်။ သူသည် ဒါဝိဒ်က သူ့ရန်သူ ဇောဘမင်းကြီးကို တိုက်ခိုက်ခဲ့သောကြောင့် ကောင်းကြီးပေးဖို့ရန် သားတော် ယောရံကို စေလွှတ်ခဲ့ပါသည်။ ထိုသို့ ဒါဝိဒ်က အနိုင်တိုက်ခဲ့သောကြောင့် တောဣသည် ဝမ်းမြောက်ခဲ့ပါသည်။ ယောရံသည် ဒါဝိဒ်ထံ ငွေဖလား၊ ရွှေဖလားနှင့် ကြေးဝါဖလားများကို လက်ဆောင်အဖြစ်ယူလာခဲ့ပါသည်။ ထို့ကြောင့် ဒါဝိဒ်၏ဘဏ္ဍာသည် များပြားခဲ့ပါသည်။ ဒါဝိဒ်က ထိုအရာအားလုံးကို ဘုရားသခင်ထံ ဆက်ကပ်ခဲ့ပါသည်။

"ဒါဝိဒ် ပိုင်ဆိုင်သော အဖိုးတန်အရာ အားလုံးသည် ဆက်ကပ်သောအရာ၊ ဗိမာန်တော်တည်ဆောက်ဖို့ရန်ဖြစ်ပါသည်။ ဒါဝိဒ်သည် ရွှေရုပ်တုများကို ဖျက်ဆီးခဲ့ပြီး (၂ ရာ ၅း၂၁)၊ ရွှေဖလားများကို ဆက်ကပ်ခဲ့ပါသည်။ ထို့ကြောင့်၊ ဒါဝိဒ် သားတော်၏ကျေးဇူးတော်အားဖြင့် လူ့အသက်ကယ်တင်ခြင်းအမှုတွင်၊ ဘုရားသခင်ကို ဆန့်ကျင်သောအရာများ၊ တပ်မက်ခြင်းစသည်တို့ကို ဖျက်ဆီးလျက်၊ ဘုန်းတော်ထင်ရှားစေမည့်အရာကို ဆက်ကပ်ခဲ့ပါသည်။ ဘုရားသခင်သည် မိမိ၏ အစေခံကျွန်များကို အမျိုးမျိုးဖြင့် အသုံးပြုတော်မူ၏။ အချို့ကို ဒါဝိဒ်ကဲ့သို့ ဝိညာဉ် တိုက်ပွဲ၌၎င်း၊ အချို့သောသူများကို ရှောလမုန်ကဲ့သို့၊ ဝိညာဉ် အိမ်တော် တည်ဆောက်ခြင်းအမှု၌၎င်း၊ ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေဖို့ရန် အသုံးပြုခဲ့ပါသည်" (Matthew Henry)။

ဒါဝိဒ်သည် စစ်တပ်အင်အား၌ ကျော်ကြားခဲ့ပါသည်။ သူသည် မိမိတိုင်းပြည်၏ နယ်နိမိတ်အားလုံးကို လုံခြုံစွာ ထိန်းချုပ်နိုင်ခဲ့ပါသည်။ သူသည် ရန်လာပြုနိုင်သော ရန်သူအပေါင်းကို အနိုင်ယူခဲ့သောကြောင့်၊ ငြိမ်းချမ်းစွာ နေနိုင်ခဲ့ပါသည်။ ဧဒုံပြည်တလျှောက်၌ အစောင့်တပ်များ ချထားခဲ့ပါသည်။ အပြင်ရန်သူ မရှိသောကြောင့်၊ သူသည် တိုင်းပြည်၏ လိုအပ်ချက်များကို လုပ်ဆောင်နိုင်ခဲ့ပါသည်။ သွားလေရာရာ၌ ဘုရားသခင် စောင့်ရှောက်တော်မူခဲ့၏။ ဘုရားသခင်၏ဘုန်းတော် ထင်ရှားလျက်ရှိပါသည်။ ဒါဝိဒ်သည် လူအပေါင်းတို့၌ တရားမျှတစွာ စီရင်လျက်၊ ဖြောင့်မတ်မှန်ကန်စွာ အမှုပြုခဲ့ပါသည်။ သူသည် အလွန်တော်သော စီမံခန့်ခွဲရေးမှူးလည်းဖြစ်ပြီး၊ ဣသရေလနိုင်ငံ အုပ်ချုပ်ရေး၌ ဌါနအသီးသီးတို့တွင် အုပ်ချုပ်ရေးမှူးများ ခန့်အပ်ထားခဲ့ပါသည်။

**ဆင်ခြင်ရန်** - ကောင်းသောအရာအားလုံး ဘုရားသခင်ထံမှ ဖြစ်လာ၏။
**ဆုတောင်းချက်-** အဖဘုရား၊ ရွှေ ငွေထက်၊ ကိုယ်တော်နှင့်အကျွန်ုပ်၏ ဆက်နွယ်မှုကို ပိုတန်ဖိုးထားမည်အကြောင်း မစတော်မူပါ။



သောကြာ၊ စက်တင်ဘာ (၄)
၂ ရာ ၁၈
ဆာလံ ၃၅း၁-၄

*"အို ထာဝရဘုရား၊ အကျွန်ုပ်၌ ဆန့်ကျင်ဘက်ပြုသောသူတို့ကို ဆန့်ကျင်ဘက်ပြုတော်မူပါ"*

## ဒါဝိဒ်သည် အဗရှလုံကို တိုက်ဖို့ရန် သွားခဲ့၏

ယခုအချိန်ထိ၊ အဗရှလုံ ပြုသောအမှုအပေါင်းသည် ပုန်ကန်ခြင်းအမှုဖြစ်၏။ သူသည် ဘုရားသခင်၏အခွင့်မပါဘဲ၊ ဣသရေလူတို့၏ သဘောမပါဘဲ၊ ရှင်ဘုရင်ဖြစ်လာဖို့ရန် ရုန်းကန်ကြိုးစားနေခဲ့ပါသည်။ အဗရှလုံကို ပြန်တိုက်ဖို့ရန် ဒါဝိဒ်သည် မိမိစစ်တပ်ကို ဖွဲ့စည်းဖို့လိုပါသည်။ သူက မိမိစစ်ဗိုလ်များအား အဗရှလုံအပေါ် သနားညှာတာဖို့ရန်၊ အဗရှလုံကို မသတ်ဖို့ရန် အမိန့်ပေးခဲ့ပါသည်။ သူ့လူများသည် စစ်တပ်အလုံးအရင်းဖြင့် တောထဲသို့ စစ်တိုက်ဖို့ရန် ချီတက်ခဲ့ကြ၏။ စစ်သူရဲများစွာ သေဆုံးခဲ့ကြပြီး၊ ထိုအထဲတွင် အဓိကခေါင်းဆောင်လည်း ပါဝင်ခဲ့ပါသည်။ ထိုက်ပွဲပြီးဆုံးခဲ့သော်လည်း၊ ဒါဝိဒ်အတွက်မူ ဝမ်းနည်းစရာ အလွန်ကောင်းခဲ့ပါသည်။

ရှင်ဘုရင်သည် မိမိစစ်တပ်ကို သေချာဖွဲ့စည်းလျက်၊ လူတို့ကို ရေတွက်ခဲ့ပါသည်။ တိုင်းပြည်သည် နှစ်ခြမ်းကွဲလျက်၊ အချို့သည် အဗရှလုံ ဘက်၌ရပ်တည်ခဲ့ကြပြီး၊ အချို့သည် ဒါဝိဒ်နှင့်အတူရပ်တည်ခဲ့ကြ၏။ ရှင်ဘုရင်သည် မိမိစစ်တပ်ကို စစ်ဗိုလ်သုံးဦး ဦးဆောင်စေခဲ့ပါသည်။ ထိုသုံးဦးမှာ ယွာဘ၊ ယွာဘညီ အဘိရှဲနှင့် အိတ္တဲတို့ဖြစ်ကြပါသည်။ သူတို့တဦးချင်းစီ၌ တူညီသော စစ်သူရဲအရေအတွက် ရှိကြပါသည်။

ဒါဝိဒ်က မိမိစစ်သူရဲများနှင့် ရှေ့တန်းမှ တိုက်ပွဲဝင်မည်ဟု ဆိုသော်လည်း၊ လူများတို့က ထိုသို့ မပြုဖို့ တောင်းဆိုခဲ့ကြပါသည်။ သူတို့က မိမိတို့သည် ပြေးသော်လည်း ရန်သူက သာမန်လူမိမိတို့ကို အမှုမထား၊ မိမိတို့ တဝက်သေသော်လည်း ရန်သူသည် အမှုထားလိမ့်မည်မဟုတ်ဟု ဆိုခဲ့ကြပါသည်။ ထိုအခါ၊ ဒါဝိဒ်သည် သဘောတူလျက်၊ သူတို့အကောင်းဆုံးဟု ထင်သောအမှုကို ပြုခဲ့ပါသည်။ စစ်သူရဲတို့သည် တထောင်တပ်ဖြင့် စစ်တိုက်ဖို့ ထွက်သွားကြစဉ် သူသည် မြို့တံခါးဝ၌ ရပ်နေခဲ့ပါသည်။

ဒါဝိဒ်သည် မိမိ၏စစ်ဗိုလ်သုံးဦးအပေါ် တာဝန်ပေးအပ်ခဲ့ပါသည်။ ယွာဘ၌ အဗရှလုံအမှုနှင့်ပတ်သက်ပြီး အစီအစဉ် ရှိခဲ့ပါသည်။ ဘုရားသခင်ကလည်း အဗရှလုံ ကြုံတွေ့ရမည့်အမှုကို ခွဲခန့်မှတ်သားထားတော်မူခဲ့ပါသည်။

**ဆင်ခြင်ရန်** - ခက်ခဲသောဆုံးဖြတ်ချက်ချဖို့ လိုအပ်သောအချိန်၌လည်း ဘုရားသခင် လမ်းပြတော်မူ၏။
**ဆုတောင်းချက်-** အဖဘုရား၊ သေခြင်း ရှင်ခြင်း အမှု၌ အကျွန်ုပ်အား လမ်းပြတော်မူပါ။

ကြာသပတေး၊ စက်တင်ဘာ (၃)

၂ ရာ ၁၇
ဆာလံ ၄၀း၁-၄

*"ထာဝရဘုရားကို ကိုးစားသောသူသည် မင်္ဂလာရှိ၏"*

## ဒါဝိဒ်သည် အောင်မြင်ခြင်း စတင် ရရှိလာ၏

ဒါဝိဒ်သည် ယောဒန်မြစ်တဘက်၌ ခိုလှုံခဲ့ပါသည်။ အဗရှလုံက သူ့အကြံကို လက်မခံခဲ့သောကြောင့်၊ အဟိသောဖေလသည် သစ္စာဖောက်ကဲ့သို့ မှတ်ထားခြင်း ခံရမည်ကို သိခဲ့ပါသည်။ ထို့ကြောင့်၊ အဟိသောဖေလသည် မိမိအိမ်သို့ ပြန်သွားလျက်၊ အိမ်မှုရေးရာကို စီရင်ပြီးမှ ကြိုးဆွဲချ၍ သေခဲ့ပါသည် (၂ ရာ ၁၇း၂၃)။

ဟုရှဲ၏အကြံသည် အဗရှလုံ တဘက်၌ အလုပ်ဖြစ်ခဲ့ပါသည်။ အဗရှလုံသည် ဒါဝိဒ်ကို အနိုင်ယူဖို့ရန် မိမိ၌သေချာသော အစီအစဉ် မရှိဘဲ၊ မိမိတပ်ထဲ၌ ရှုပ်ထွေးမှုရှိခဲ့ပါသည်။ သူသည် အာမသအား စစ်ဗိုလ်ချုပ်အဖြစ် ခန့်ထားခဲ့ပါသည်။ ယွာဘသည် ဒါဝိဒ်ဘက်၌ ရပ်တည်ခဲ့၏။ သို့သော်လည်း၊ အဗရှလုံ၏စစ်တပ်သည် ကောင်းမွန်စွာ ပြင်ဆင်ထားခြင်း မရှိ၊ ဒါဝိဒ်၏လူများကို ယှဉ်နိုင်မည်မဟုတ်ပါ။ ဟုရှဲ၏စကားသည် ကောင်းသောအသီး သီးစပြုခဲ့ပါသည်။

မဟာနိမ်မြို့တွင်၊ နေစရာအိမ်နှင့် စားစရာမရှိဘဲ ဒါဝိဒ်သည် စစ်ပြေးဒုက္ခသည်ဖြစ်ခဲ့ပါ၏။ ဒါဝိဒ်နှင့်သူ့လူများအတွက် စားစရာနှင့် နေစရာ ပေးဖို့ရန် ဘုရားသခင်သည် ရှောဘိ၊ မာခိလနှင့် ဗာဇိလဲတို့ကို နှိုးဆော်ခဲ့ပါသည် (၂ ရာ ၁၇း၂၇-၂၉)။ ထိုသို့ဖြင့် သူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းတော်မူခဲ့ပါသည်။ ထိုအမှုအားလုံးသည် ဘုရားသခင်၏မစတော်မူခြင်းဖြစ်သောကြောင့် ဒါဝိဒ်အတွက် ခွန်အားဖြစ်ခဲ့လျက်၊ သူ၏ရှေ့အနာဂတ်သည်လည်း ပိုကောင်းလိမ့်မည်ဟု မျှော်လင့်ရပါသည်။ ယခု သူကြုံတွေ့နေရသောအခြေအနေသည် ရှောလုလက်ထက်၌ ကြုံတွေ့ရသော အန္တရာယ်ထက် ပိုကောင်းပါ၏။

ဒါဝိဒ်သည် အောင်မြင်ခြင်းရဖို့ နီးစပ်လျက်၊ သေချာခဲ့ပါသည်။ ဘုရားသခင်၏ ခွဲခန့်တော်မူခြင်းအားဖြင့် အဗရှလုံသည် ရှုံးနိမ့်ရမည်ဖြစ်၏။ ပညတ်တရား၌ မိဘကို ရိုသေရမည်ဟု ဖော်ပြထားပါသည်။ သို့သော်လည်း၊ အဗရှလုံသည် မိမိ၏ဖခင်ကို ဆန့်ကျင်ပုန်ကန်ခဲ့ပါသည်။ အဗရှလုံ ကြုံတွေ့ရမည့်အမှုသည် ဘုရားသခင်ထံမှ ဒဏ်ခတ်ခြင်းဖြစ်ပါသည်။ ဖြစ်ပျက်သောအမှုအလုံးစုံသည် နိုင်ငံရေးသက်သက် မဟုတ်ဘဲ၊ မိသားစု ဆွေမျိုး သစ္စာဖောက်ခြင်းဖြစ်ပါသည်။ အဗရှလုံ၏ဘုရင်ဖြစ်လိုသောစိတ်သဘောက သူ့အသိစိတ်ကို အမှောင်ဖုံးလျက်၊ ထိုပုန်ကန်မှု၏ဆိုးသွမ်းမှုကို မမြင်နိုင်ခဲ့ပါ။ ဝမ်းနည်းခြင်း တစုံတရာ ရှိခဲ့လျှင်ပင်၊ ထိုအမှုကို ပြောင်းပြန်လှည့်၍ မရတော့ပါ။

ဘုရားသခင်၏ပညတ်တရားကို နာခံလိုက်လျှောက်လျက်၊ ဘုရားသခင် ဂတိထားတော်မူသော ငြိမ်သက်ခြင်းဖြင့် အသက်ရှင်ပါလော့။

**ဆင်ခြင်ရန်** - လူ့အလို ရည်ရွယ်ချက်သည် အပြစ်ကို ပို၍ ဆိုးရွားစေ၏။
**ဆုတောင်းချက်-** အဖဘုရား၊ "ကိုယ်တော်ကို မပြစ်မှားဘဲ နေနိုင်မည်အကြောင်း၊ ဗျာဒိတ်တော်ကို နှလုံးထဲမှာ သိုထားပါပြီ" (ဆာလံ ၁၁၉း၁၁)။



ကြာသပတေး၊ ဇူလိုင် (၃၀)

၂ ရာ ၉
၁ ကော ၁၃

*"မေတ္တာသည် စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည် ငုဏ်ပြိုင်ခြင်းမရှိ။ ဝါကြွားခြင်းမရှိ . . . "*

## ယောနသန်၏သားအပေါ် ဒါဝိဒ်၏သနားကြင်နာခြင်းစိတ်သဘော

ဒါဝိဒ်သည် ဘုရားသခင်က မိမိအား ဣသရေလနိုင်ငံ၌ ထိုသို့ဘုရင့် ရာထူးပေးရခြင်းအကြောင်းကို သိခဲ့ပါသည်။ သူသည် ဘုရားသခင်ကို ယုံကြည်ကိုးစားလျက်၊ မိမိဂတိကိုလည်း စောင့်ခဲ့ပါသည်။ ဒါဝိဒ်နှင့် ယောနသန်အကြား၌ မိတ်ဆွေ ဂတိသစ္စာပြုခဲ့ကြပါသည်။ သို့သော်လည်း၊ ယောနသန်သည် ခမည်းတော် ရှောလုနှင့်အတူ၊ မိမိ၏ညီအစ်ကိုများနှင့် တိုက်ပွဲ၌ အသတ်ခံရခဲ့ပါသည်။ ထိုဂတိသစ္စာကို စောင့်လျက် သနားကြင်နာမှု ပြဖို့ရန် ဒါဝိဒ်သည် ယောနသန်၏ဆွေမျိုးကို ရှာခဲ့ပါသည်။

ရှောလု၏ကျွန် ဇိဘက ယောနသန်၏သားကို ရှာပေးခဲ့ပါသည်။ ထို့ကြောင့်၊ ဒါဝိဒ်သည် ယောနသန်၏သား မေဖိဗောရှက်ကို ဘုရင့် မိသားစုဝင်သို့ ဖိတ်ခေါ်ခဲ့ပြီး၊ မိမိ၏စားပွဲ၌ အတူတကွ စားသုံးစေခဲ့ပါသည်။ ရှင်ဘုရင်က ထိုသူအား ရှောလု၏ပိုင်ဆိုင်မှုကိုလည်း ပေးခဲ့ပါသည်။ ဒါဝိဒ်ပြသခဲ့သော ချစ်ခြင်းမေတ္တာသည် ဘုရားသခင်ထံမှဖြစ်ပါ၏။ ရှောလု မိသားစု ဝမ်းနည်းဖွယ်အဖြစ်ဆိုးကြုံတွေ့ပြီးနောက်၊ ဒါဝိဒ်သည် နန်းတက်ခြင်းအမှု၌ အလုပ်များနေခဲ့ပါသည်။ သို့သော်လည်း၊ ရှောလု မိသားစုအပေါ်၌ ချစ်ခြင်းမေတ္တာ ပြသခဲ့ပါသည်။ မိမိအပေါ် ရှောလု ရန်ပြုခဲ့သောအမှုများကို ဘေးဖယ်ထားလျက်၊ ရှောလုအား ဘုရားသခင်၏ဘိသိက်ခြင်းခံရသောသူဟု သတ်မှတ်ခဲ့ပါသည်။ ထို့ပြင်၊ ရှောလု၏သား ယောနသန်နှင် ဒါဝိဒ်သည် မိတ်ဆွေကောင်းဖြစ်လျက်၊ သူတို့အကြား၌ ခိုင်မာသော ချစ်ခြင်းမေတ္တာရှိခဲ့ပါသည်။ ရှောလုနှင့် ဒါဝိဒ်အကြား ပြင်းထန်သော တိုက်ခိုက်မှုရှိခဲ့သောအချိန်၌ ယောနသန်သည် ဒါဝိဒ်အတွက် စိတ်သက်သာရာဖြစ်ခဲ့ပါသည်။ သူတို့သည် အချင်းချင်း ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ပြသခဲ့ကြပါသည်။ ဒါဝိဒ်သည် သူတို့ပြုခဲ့သော ဂတိသစ္စာကို အောက်မေ့လျက်၊ ပြုရမည့်တာဝန်ကိုလည်း သိနားလည်ခဲ့ပါသည်။

နောက်၌ ရှင်ပေါလုက ၁ ကော ၁၃ ထဲတွင် ရေးသားလိမ့်မည့် ချစ်ခြင်းမေတ္တာအကြောင်းကို ဒါဝိဒ်က လက်တွေ့ဖော်ပြခဲ့ပါသည်။ မေဖိဗောရှက် အပေါ် ထားရှိသော ဒါဝိဒ်၏ သနားကြင်နာခြင်းသည် ချစ်ခြင်းမေတ္တာကို အမှန်ဖော်ပြလျက်ရှိပါသည်။ ပညတ်တရားတို့တွင် အဘယ်တရားသည် အကြီးမြတ်ဆုံးဖြစ်ပါသနည်းဟု သခင်ယေရှု မေးလျှောက်ခြင်းခံရသောအခါ၊ ယေရှုက ချစ်ခြင်းမေတ္တာသည် အကြီးမြတ်ဆုံးဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ဘုရားသခင်ကို ချစ်လျက်၊ ကိုယ်နှင့် စပ်ဆိုင်သောသူကို ချစ်ဖို့ တိုက်တွန်းခဲ့ပါသည်။ ထိုတရားကို ဒါဝိဒ်သည် စိတ်နှလုံးထဲ၌ သိမ်းထားလျက်၊ အခွင့်ကောင်းရသည်နှင့် လက်တွေ့ ဖော်ပြခဲ့ပါသည်။ သူသည် ဘုရားသခင်အပေါ် မပြစ်မှားမည်အကြောင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို စိတ်နှလုံးထဲ၌ သိမ်းဆည်းထားခဲ့ပါသည်။

**ဆင်ခြင်ရန်** - သန့်ရှင်းသောဝိညာဉ်တော်သည် စည်းလုံးခြင်း စိတ်သဘောကို ပေးတော်မူ၏။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်နှင့် ညီအစ်ကိုများအား ခရစ်တော်၏စိတ်သဘောက စည်းလုံးစေပါစေသော်။

၂ ရာ ၉
မသဲ ၁၉း၁၆-၁၉

*“ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်ပါလော့”*

## ဒါဝိဒ်သည် အမြင့်မြတ်ဆုံးသောအကျင့်မင်္ဂလာကို ချီးမြှောက်ခဲ့၏

ချစ်ခြင်းမေတ္တာသည် သတင်းကောင်း၏ အဓိကလက္ခဏာဖြစ်ပါသည်။ “ဘုရားသခင်သည် . . . လောကီသားတို့ကို ချစ်တော်မူ၏” (ယောဟန် ၃း၁၆)၊ “ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်” (ရောမ ၅း၈)။ ဤအချက်တို့ကို ဓမ္မသစ်ထဲ၌ ရှင်းနိုးစွာ တွေ့ရပါသည်။ သခင်ယေရှုသည် ချစ်ခြင်းမေတ္တာကို အထူးအမြတ် ဖော်ပြခဲ့ပါသည်။ ဒါဝိဒ်သည် သတင်းကောင်းကို သိနားလည်ခဲ့ပါသည်။ ထိုအချက်ကို သူရေးစပ်ခဲ့သော ဆာလံများ ထဲ၌ တွေ့ရပါ၏။ ယုံကြည်သူများကို ထိုအချိန်၌ ခရစ်ယာန်ဟု မခေါ်ခဲ့ကြသော်လည်း၊ ဒါဝိဒ်သည် ခရစ်တော်၌တည်သော ကယ်တင်ခြင်းကို သိနားလည်ခဲ့ပါသည်။ သူသည် ခရစ်ယာန် စစ်စစ်ဖြစ်ခဲ့ ပါသည်။ သူသည် ပညတ်တော်ဆယ်ပါးကို သိနားလည်ခဲ့ပါသည်။ ယေရှုက ဘုရားသခင်ကို ချစ်လော့၊ ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်လော့ဟု အချုပ်အားဖြင့် ဖော်ပြခဲ့ပါသည်။ မိတ်ဆွေ ယောနသန်၏သားအပေါ် ထားရှိသော ဒါဝိဒ်၏ ချစ်ခြင်းမေတ္တာသည် အကြောင်းမဲ့ ချစ်ခြင်းမေတ္တာ ဖြစ်ပါသည်။ မေဖိဗောရှက်သည် ခြေဆွံ့သောသူဖြစ်သော်လည်း၊ ဒါဝိဒ်သည် အမှုမထားဘဲ ချစ်ခဲ့ပါသည်။ ချစ်ခြင်းမေတ္တာသည် အရာရာတိုင်းကို သည်းခံတော်မူ၏။ မေဖိဗောရှက်အပေါ် ချစ်ခြင်းမေတ္တာ ပြသခဲ့ပါသည်။

ဒါဝိဒ်သည် မေဖိဗောရှက်အား သူနေထိုင်ရာ လောဒေဗာရွာမှ သွားခေါ်စေခဲ့ပါသည်။ အခြား ရှောလု၏မိသားစုဝင် တယောက်မျှ ဖော်ပြခြင်း မရှိပါ။ သူသည် အနီးဆုံး ဆွေမျိုးဖြစ်ကြောင်း ဇီဘာ ဖော်ပြခဲ့ပါသည်။ သူသည် ရောက်လာသောအခါ၊ ရှင်ဘုရင် ဒါဝိဒ်ရှေ့၌ ရှိသေခြင်းဖြင့် ပြပ်ဝပ် ရှိခိုးခဲ့ပါသည်။ အချင်းချင်း သိကျွမ်းလာခဲ့ပြီး၊ ဒါဝိဒ်က သူ့ကို သနားကြင်နာစွာ စကားပြောခဲ့ပါသည်။ ဒါဝိဒ်သည် ရှောလုနှင့်မိမိအကြား၌ရှိခဲ့သော မကောင်းမှုကို မေ့လျက်၊ ကောင်းသောအရာကိုသာ စိတ်ထဲ၌ထားပြီး ထိုသို့ ချစ်ခြင်းမေတ္တာပြသခြင်းဖြစ်ပါသည်။ ချစ်ခြင်းမေတ္တာသည် များစွာသော အပြစ်ကို ဖုံးအုပ်ထားကြောင်း သိခဲ့ပါသည်။ ယောနသန်နှင့်မိမိအကြားရှိ ဂတိသစ္စာကို အောက်မေ့ လျက်၊ ဒါဝိဒ်သည် မေဖိဗောရှက်ကို အသိအမှတ်ပြု၍ ကောင်းမွန်စွာ ဆက်ဆံခဲ့ပါသည်။ ဒါဝိဒ်၌ ပြုရမည့် တာဝန်များစွာ ရှိခဲ့သော်လည်း၊ မိတ်ဆွေ၏သား မေဖိဗောရှက်အတွက် အချိန်ပေးလျက်၊ မိမိနှင့်အတူ နေ့တိုင်း မိမိစားပွဲ၌ အစားအစာ သုံးဆောင်ခဲ့ပါသည်။

ဒါဝိဒ်သည် ကောင်းသောအရာကို လက်တွေ့ သွန်သင်ပေးသောဆရာ တစ်ပါးဖြစ်ပါသည်။ သူပြုသော ကောင်းသောအရာများက ထိုအမှုကို ဖော်ပြလျက်ရှိပါသည်။ သူပြုသောအမှုများ၌လည်း သူ၏ ပညာဉာဏ်ကြီးမားမှုကို တွေ့ရပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် သူ့ကို သွန်သင် တော်မူသောဆရာဖြစ်ပါသည်။ သူသည် အငယ်ဆုံးသားဖြစ်သော်လည်း၊ ငယ်စဉ်ကပင် မိမိအစ်ကို များထံ ယုံကြည်မှုရှိရှိ စကားပြောခဲ့ပါသည်။ သူသည် ယနေ့ထက်တိုင် ဆရာဖြစ်လျက်၊ ကျွန်တော်တို့ သည် သူ့ထံမှ ဆက်လက် သင်ယူကြရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သမ္မာကျမ်းစာ၌ အခြေပြုသော ချစ်ခြင်းမေတ္တာသည် မေတ္တာစစ်ဖြစ်၏။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၏ ခရစ်ယာန် အကျင့်သဘောသည် ချစ်ခြင်းမေတ္တာဖြစ် ပါစေသော်။





၂ ရာ ၁၇
ဆာလံ ၆၁

*“အဘမဆုံးမသောသား တစ်စုံတစ်ယောက် ရှိသလော”*

## အဟိသောဖေလ ရှုံးနိမ့်ခြင်းသည် ဘုရားသခင်၏ခွဲခန့်ခြင်းဖြစ်၏

အဗရှလုံက ဟုရှဲ ပြောခဲ့သော ဒါဝိဒ်အကြောင်းသည် အမှန်ဖြစ်ကြောင်း သိခဲ့ပါသည်။ အဟိသောဖေလ၏အကြံကို ဖျက်ဆီးမည်အကြောင်း ဘုရားသခင်က ထိုသို့ပြောဖို့ရန် ဟုရှဲအား ခွန်အားပေးခဲ့ခြင်းဖြစ်ပါသည်။ အဗရှလုံနှင့် သူနှင့်အတူရှိသောသူများက ဟုရှဲ၏အကြံသည် ပိုကောင်းကြောင်း သဘောတူခဲ့ကြပါသည်။ ထိုသို့ဖြစ်ရခြင်းသည် ထိုအမှု၌ ဘုရားသခင်၏လက်တော် ပါရှိသောကြောင့်တည်း။ ၂ ရာ ၁၇း၁၄ က ဘုရားသခင်သည် အဖြစ်အပျက်အားလုံးကို ထိန်းချုပ် ထားတော်မူကြောင်း ထင်ရှားစေခဲ့ပါသည်။

ဟုရှဲသည် အဗရှလုံနှင့် ပြောဆိုခဲ့သောစကားကို ယဇ်ပုရောဟိတ်များဖြစ်သော အဗျာသာ နှင့် ဇာဒုတ်တို့ထံ သတင်းပို့ခဲ့ပါသည်။ သူတို့သည် ဒါဝိဒ်၏လုံခြုံမှုအတွက် သတင်းပို့မည့်သူများ အဖြစ် တာဝန်ပေးခြင်းခံရသောသူများဖြစ်ကြပါသည်။ ယောနသန်နှင့် အဟိမတ်သည် ယေရုရှလင်မှ ဒါဝိဒ်ပုန်းခိုရာနေရာသို့ တိတ်တဆိတ် ထွက်သွားဖို့ရန် တာဝန်ပေးခဲ့ကြပါသည်။

လူကလေး တယောက်က သူတို့ကို မြင်လျက်၊ အဗရှလုံထံ လျှောက်လေ၏။ ထို့ကြောင့် သူတို့ပြုမည့်အမှု၌ အန္တရာယ်ရှိလာခဲ့ပါသည်။ သို့သော်လည်း၊ သူတို့နှစ်ဦးသည် ပါးနပ်စွာ ပုန်းခိုလျက် တိတ်တဆိတ် လှုပ်ရှားခဲ့ကြပါသည်။ သူတို့သည် “ဗာဟုရိမ်မြို့တွင် အိမ်တစ်အိမ်သို့ ဝင်သဖြင့်” (၂ ရာ ၁၇း၁၈) ရေတွင်းထဲ၌ ပုန်းခဲ့ကြပါသည်။ “မိန်းမသည် ရေတွင်းဝကို ဖုံးပြီးမှ ဆန်ကိုလှန်း၍ ထားသောကြောင့် ထိုအမှုသည် မထင်ရှား” (၂ ရာ ၁၇း၁၉)။

အဗရှလုံ၏လူများ ရောက်လာပြီး၊ သူတို့ကို ရှာကြသောအခါ၊ ထိုမိန်းမက ချောင်းတဘက် သို့ ကူးကြပြီဟု ဆိုခဲ့ပါသည်။ အဗရှလုံ၏လူတို့သည် သူတို့ကို ရှာမတွေ့သောအခါ၊ ယေရုရှလင်မြို့သို့ ပြန်သွားခဲ့ကြပါသည်။ ထိုသတင်းပို့နှစ်ဦးသည် ရေတွင်းထဲမှ ထွက်လာခဲ့ကြပြီး၊ သူတို့၏တာဝန်ကို ဆက်လက် ဆောင်ရွက်ခဲ့ကြပါသည်။ သူတို့သည် ဒါဝိဒ်ထံ သတင်းပို့ခဲ့ကြ၏ (၂ ရာ ၁၇း၂၁)။ ထိုအခါ၊ အဗရှလုံသည် မိမိတို့အား လိုက်မမှီမည်အကြောင်း၊ ဒါဝိဒ်သည် သူနှင့်အတူနေသောသူများ နှင့်တကွ ယောဒန်ဖြစ်တဘက်သို့ ချက်ချင်းကူးခဲ့ကြပါသည်။ ဆုတောင်းသောသူဖြစ်သည်နှင့်အညီ၊ ဒါဝိဒ်သည် ဘုရားသခင်၏ဂတိတော်၌ ခိုလှုံလျက်၊ ထိုသို့ ဉာဏ်ပညာရှိစွာ လှုပ်ရှားခဲ့ပါသည်။

**ဆင်ခြင်ရန်** - “မုန်တိုင်းကြား၌လည်း ခရစ်တော်အတူပါရှိလျှင် ဝမ်းမြောက်ခြင်းရှိနိုင်၏။”
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၏ ဆုံးဖြတ်ချက်ချခြင်းတိုင်း၌ ကိုယ်တော်အတူ ပါရှိတော် မူပါ။

၂ ရာ ၁၇
ယောရှု ၁း၆-၉

*"အားယူ၍ ရဲရင့်ခြင်း ရှိလော့"*

## ဟုရှဲသည် အဗရှလုံ၏တပ်ထဲ၌ ကြောက်ရွံ့ခြင်း ရှိစေခဲ့၏

အဗရှလုံက ဟုရှဲ၏အတွေးအမြင်ကို မေးမြန်းခဲ့ပါသည်။ အဟိသောဖေလ ပေးခဲ့သော အကြံကို ပြောပြလျက်၊ လက်ခံသင့်မသင့်၊ အခြားအကြံရှာ သင့်မသင့် မေးမြန်းခဲ့၏။ ဟုရှဲက၊ "အဟိသောဖေလ ပေးသောအကြံသည် ယခုကာလ၌ မလျော်ပါ" (၂ ရာ ၁၇း၇) ဟုဖြေခဲ့ပါသည်။ ထို့နောက်၊ ဟုရှဲသည် အဗရှလုံနှင့် သူနှင့်ရှိသောသူများ၏စိတ်နှလုံးထဲသို့ ကြောက်ရွံ့ခြင်းရှိစေဖို့ရန် စတင် စကားပြောခဲ့ပါသည်။ ၂ ရာ ၁၇း၁၄တွင်၊ "ထာဝရဘုရားသည် အဗရှလုံ၌ ဘေးရောက်စေခြင်းငှါ၊ အဟိသောဖေလ ပေးသော အကြံကောင်းကို ဖျက်စေမည်အကြောင်း စီရင်တော်မူ၏" ဟုဖော်ပြခဲ့ပါသည်။

ဟုရှဲက ဒါဝိဒ်သည် လွယ်လွယ်အရှုံးမပေးတတ်သော ဣသရေလ ရှင်ဘုရင်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ သူတို့သည်လည်း ဒါဝိဒ်၏စိတ်သဘောကို သိခဲ့ကြပါသည်။ ဟုရှဲ ပြောစကားဟူမူကား၊ "ခမည်းတော်နှင့် သူ၏လူတို့သည် ခွန်အားကြီးသောသူဖြစ်ကြောင်းကိုင်၎း၊ ယခုမူကား တော၌ သားငယ်ပျောက်သော ဝံမကဲ့သို့ ပြင်းထန်သောစိတ်ရှိကြောင်းကိုင်၎း၊ ကိုယ်တော် သိတော်မူ၏။ ခမည်းတော်သည်လည်း စစ်သူရဲဖြစ်၍ လူများတို့နှင့်အတူ မအိမ်တတ်။ ယခုမှာ သူသည် မြေတွင်းတစ်စုံတစ်ခု၌ ပုန်းလျက်နေပါလိမ့်မည်။ သို့မဟုတ် အခြားသောအရပ်၌ ပုန်းလျက် နေပါလိမ့်မည်။ လူအချို့တို့သည် အဦးလဲ၍သေလျှင် ထိုသတင်းကိုကြားသောသူက၊ အဗရှလုံနောက်သို့ လိုက်သောသူသည် ဆုံးရှုံးကြပြီဟု ကြားပြောကြပါလိမ့်မည်။ ထိုအခါ၊ ရဲရင့်သောသူ၊ ခြင်္သေ့နှလုံးကဲ့သို့ နှလုံးရှိသောသူသည် စိတ်ပျက်ပါလိမ့်မည်။ ခမည်းတော်သည် ခွန်အားကြီးသောသူ ဖြစ်ကြောင်းကိုင်၎း၊ သူ၌ပါသောသူတို့သည် ရဲရင့်ခြင်းသတ္တိရှိသောသူ ဖြစ်ကြောင်းကိုင်၎း၊ ဣသရေလအမျိုးသားအပေါင်းတို့သည် သိကြပါ၏" (၂ ရာ ၁၇း၈-၁၀) ဟူ၍ဖြစ်ပါသည်။ သူသည် ဒါဝိဒ်၏ စိတ်သဘောနှင့် သူ့လူများအကြောင်းကို သေချာ ဖော်ထုတ်ခဲ့ပါသည်။ သူတို့သည်လည်း ဒါဝိဒ်၏ အရင် အောင်မြင်မှုများနှင့် ဣသရေလရှင်ဘုရင်ဖြစ်လာခဲ့ခြင်းအကြောင်းကို သိမှတ်ခဲ့ကြပါသည်။ ဟုရှဲ၏အကြံသည် အချိန်ဆွဲခြင်း နည်းဗျူဟာဖြစ်ပါသည်။

အဗရှလုံထံ ဟုရှဲပေးသောအကြံမူကား၊ ဒါဝိဒ်ကို အနိုင်ယူဖို့ရန် ဒန်မြို့မှစ၍ ဗေရရှေဘမြို့တိုင်အောင် ဣသရေလလူတို့ကို စုစည်းလျက်၊ စစ်တိုက်ဖို့ရန်ဖြစ်ပါသည်။ ထိုမှသာ သူတို့သည် ဒါဝိဒ်ကို အနိုင်ရမည်ဖြစ်ပါသည်။ သူသည် သဘာဝကျသော အကြံကို ပေးလျက်၊ ထိုသို့ မဟုတ်လျှင် ဒါဝိဒ်ကို အနိုင်ယူနိုင်မည်မဟုတ်ကြောင်း သေချာ ပြောပြခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ကို ကြောက်ရွံ့သော သံတမန်တို့သည် ဘုရားသခင်၏ ဆုကျေးဇူး ဖြစ်ကြပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ပညာရှိ ပေးသော အကြံကို ကျွန်တော် လိုက်လျှောက်လိုပါ၏။





၂ ရာ ၉
ရောမ ၈း၃၅-၃၉

*"အကွာစေသည်သာမက ငါတို့ကို ချစ်တော်မူသောသူ၏ ကျေးဇူးတော်ကြောင့်၊ ငါတို့သည် ထိုအမှုခပ်သိမ်းတို့ကို ခံစဉ်တွင်ပင် အထူးသဖြင့် အောင်မြင်ကြ၏"*

## ယောနသန်နှင့်သူ့အကြားရှိ ပဋိညာဉ်ကို ဒါဝိဒ် စောင့်ထိန်းခဲ့၏

ရှမွေလက ဒါဝိဒ်အား ဣသရေလ၏အနာဂတ် ရှင်ဘုရင်အဖြစ် ဘိသိက်ပေးခဲ့သောအခါ၊ ဒါဝိဒ်သည် မိမိဆောင်ရွက်ရမည့်အမှုများ ဆောင်ရွက်ခြင်း၌ စိတ်အားငယ်ခြင်းမရှိခဲ့ပါ။ သူသည် မှန်ကန်သော ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပြီး၊ သေချာ လုပ်ဆောင်ခဲ့ပါသည်။ ယောနသန်ထံ ပြုခဲ့သော ဂတိသစ္စာကိုလည်း မမေ့လျော့ခဲ့ပါ။ ဒါဝိဒ်သည် စစ်မှန်သော ချစ်ခြင်းမေတ္တာကို လက်တွေ့ ဖော်ဆောင်ခဲ့ပါသည်။

မိမိထံ ရှေ့ရောက်လာသော မေဖိဗောရှက်သည် ကြောက်ရွံ့ခြင်းရှိကြောင်း ဒါဝိဒ် သိမြင်ခဲ့ပါသည်။ သို့သော်လည်း၊ ဒါဝိဒ်က မိမိ၏ချစ်ခြင်းမေတ္တာအမှန်ကို ပြသ သိရှိစေခဲ့ပါသည်။ ဒါဝိဒ်က မေဖိဗောရှက်အား သူ့ဖခင်ကြောင့် သူ့အပေါ် သနားကြင်နာခြင်းရှိမည်အကြောင်း ပြောပြခဲ့ပါသည်။ မေဖိဗောရှက်ကို မင်းသားကဲ့သို့ ဆက်ဆံခဲ့ပါသည်။ ပုံမှန်အနေဖြင့်၊ ယောနသန်သည် ရှင်ဘုရင်ဖြစ်လာလျက်၊ မေဖိဗောရှက်သည် အလိုလို မင်းသားဖြစ်လာမည်ဖြစ်ပါသည်။ ထို့ကြောင့်၊ ဒါဝိဒ်က ထိုအခွင့်ထူးကို ပေးခဲ့၏။ ထို့ပြင်၊ သူ့အဘိုး (ရှောလု) ပိုင်ဆိုင်သောအရာများကို ပေးမည်ဟု ဂတိပေးခဲ့ပါသည်။ ထိုအမှုကိုင်၎း၊ မေဖိဗောရှက်၏ပိုင်ဆိုင်မှုများကို စီမံခွဲခန့်လျက် သူ့အတွက် အမှု ဆောင်ရွက်ဖို့ရန် ဒါဝိဒ်က ဇိဘအား တာဝန်ပေးခဲ့ပါသည်။ နန်းတော်၌ မေဖိဗောရှက်အား နေရာလည်း ပေးခဲ့ပါသည်။ မေဖိဗောရှက်အား မင်းသားနေရာ၌ ဒါဝိဒ် ခန့်ထားခြင်းသည် စစ်မှန်သော ချစ်ခြင်းမေတ္တာ ပြသခြင်းဖြစ်ပါသည်။

ဒါဝိဒ်သည် ဖြောင့်မတ်ခြင်းတရားဖြင့် အုပ်ချုပ်လျက်၊ တရားမျှတမှု ရှိစေခဲ့ပါသည်။ နန်းတော်၌ ဖြစ်ပျက်သောမှုများကို ပြည်သူပြည်သားတို့ထံ ဖော်ပြခဲ့ပါသည်။ ဣသရေလပြည်သူများသည် ရှင်ဘုရင်ကို စံနမူနာပြုလျက် ဘုရားသခင်၏ပညတ်တရားကို လိုက်လျှောက်ခဲ့ကြပါသည်။ ဒါဝိဒ်သည် ရှောလုလက်ထက်၌ အခက်အခဲများစွာ ကြုံတွေ့ခဲ့သော်လည်း၊ ဘုရားသခင်သည် သူ့ကို ရှင်ဘုရင်အရာ၌ ခန့်ထားတော်မူကြောင်း သူတို့ သိခဲ့ကြပါသည်။ ဒါဝိဒ်သည် ကလဲ့စားချေခြင်း စိတ်သဘော မရှိခဲ့သည်သာမက၊ ချစ်ခြင်းမေတ္တာကို ပြသခဲ့ပါသည်။ ချစ်ခြင်းမေတ္တာသည် အပြစ်တရား၌ မဟုတ်ဘဲ၊ သမ္မာတရား၌ ဝမ်းမြောက်ခြင်းရှိကြောင်း ပြသခဲ့ပါသည်။ ဒါဝိဒ်သည် ထိုတရားကို သိနားလည်လျက်၊ ကောင်းသောအသီးကို အသက်တာ၌ ထင်ရှားစေခဲ့ပါသည်။ ယောနသန်ထံ ဂတိသစ္စာပြုသည်နှင့်အညီ၊ သစ္စာရှိစွာ လက်တွေ့ လိုက်လျှောက်ခဲ့ပါသည်။ အကောင်းဆုံး လုပ်ဆောင်ခဲ့၏။ ဂတိသစ္စာပြုခြင်းတွင်၊ ဘုရားသခင်သည် အဓိကသက်သေဖြစ်လျက်၊ ဂတိပြုသောသူများသည် မိမိတို့တာဝန်ကို လုပ်ဆောင်ရမည်ဖြစ်ပါသည်။ မိမိမိတ်ဆွေအပေါ် ပြုခဲ့သော ဂတိသစ္စာနှင့် ပတ်သက်ပြီး ဒါဝိဒ်သည် ဘုရားသခင်ရှေ့၌ မိမိတာဝန်ရှိကြောင်း သိခဲ့ပါသည်။ ယောနသန်သည်လည်း၊ သက်ရှိထင်ရှားရှိခဲ့ပါလျှင်၊ ဒါဝိဒ်ပြုသကဲ့သို့ သစ္စာရှိစွာ ပြုခဲ့ပါလိမ့်မည်။ ဂတိသစ္စာ စောင့်ထိန်းခြင်းသည် ဘုရားသခင်ရှေ့၌ ပြုရမည့်တာဝန်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ပဋိညာဉ် စောင့်ထိန်းခြင်းသည် ဘုရားသခင်အား ကိုးစားခြင်းဖြစ်၏။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်သည် မိမိ၏ဝိညာဉ်တာဝန်ဝတ္တရား၌ သစ္စာရှိမည် အကြောင်း သွန်သင်တော်မူပါ။

တနင်္ဂနွေ၊ ဩဂုတ် (၂)
၂ ရာ ၉
ဆာလံ ၁၀၃း၁-၈

*"အို ငါ့ဝိညာဉ်၊ ထာဝရဘုရားကို ကောင်းကြီးပေးလော့။ ကျေးဇူးတော်အပေါင်းကို မမေ့လျော့နှင့်"*

## ဒါဝိဒ်သည် ရှောလု၏ပိုင်ဆိုင်မှုများနှင့်ပတ်သက်ပြီး အမိန့်ချခဲ့၏

ရှင်ဘုရင် ရှောလု၌ ပိုင်ဆိုင်မှုများစွာ ရှိခဲ့ပါသည်။ ယောနသန်နှင့် သူ၏ညီအစ်ကိုတို့သည် ထိုအရာများကို အမွေဆက်ခံကြရမည်ဖြစ်သော်လည်း၊ သူတို့သည် တိုက်ပွဲ၌ သေဆုံးခဲ့ကြ၏။ ထို့ကြောင့် သူ့မြေးသည် အမွေဆက်ခံမည့်သူဖြစ်ပါသည်။ ဒါဝိဒ်သည် မေဖိဗောရှက်အား မိမိအိမ်တော်သို့ ဖိတ်ခေါ်သောအခါ၊ ရှောလု၏ကျွန် ဇိဘအား မေဖိဗောရှက်၏အိမ်တော်ထိန်းအဖြစ် ခန့်အပ်ခဲ့ပြီး၊ ဇိဘ၏သားများနှင့် ကျွန်များတို့သည် ယောနသန်၏သားအတွက် လယ်ထွန်လျက် အလုပ်လုပ်ပေးကြရမည်ဟု အမိန့်ပေးခဲ့ပါသည်။

ဒါဝိဒ်က ဇိဘအား မေဖိဗောရှက်ရှေ့၌ ထိုညွှန်ကြားချက်ကို ပေးခဲ့၏။ ဇိဘသည် ယုံကြည်စိတ်ချရသော အစေခံကျွန်ဖြစ်၍ မိမိတာဝန်ကို ကျေပွန်ခဲ့ပါသည်။ ဒါဝိဒ်သည် ရှင်ဘုရင်ဖြစ်လျက် အာဏာရှိခဲ့သော်လည်း၊ ဘုရားသခင်၏ နှိမ့်ချသော အစေခံကျွန်ဖြစ်ပါသည်။ သူသည် လူအပေါင်းကို မေတ္တာစိတ်ဖြင့် ဆုံးမညွှန်ကြားတတ်၏။ လူအပေါင်းတို့အား သနားကြင်နာခြင်းဖြင့် ဆက်ဆံတတ်၏။ မေဖိဗောရှက်သည် ဘုရင့်မိသားစု၌ နေရာတစ်နေရာ ပိုင်ဆိုင်ခဲ့ပါသည်။ သူသည် ဒါဝိဒ်၏ ချီးမြှောက်ခြင်း ခံရသည်ဖြစ်၍ ဘုရင့်စားပွဲ၌ အစဉ် စားသောက်ရသောအခွင့်ကို ရခဲ့ပါသည်။ ကျမ်းစာက မေဖိဗောရှက်၌ မိက္ခာဟူသော သားတစ်ဦးရှိသည်ဟု ဖော်ပြခဲ့သော်လည်း (၂ ရာ ၉း၁၂)၊ မိသားစုအကြောင်း ဆက်လက်ဖော်ပြခြင်း မရှိပါ။ သူသည် ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ထိုသို့ ဒါဝိဒ်၏ ဖိတ်ခေါ်ခြင်းကို ခံရသည်ဖြစ်၍ ဒါဝိဒ်သည် သူ့ကို ကောင်းမွန်စွာ ဆက်ဆံခဲ့ပါသည်။ ထိုသို့ ဖိတ်ခေါ်ခြင်း မခံရမီ၊ သူသည် သာမန်ပြည်သူကဲ့သို့ နေထိုင်ခဲ့ပါသည်။ သူ၏ မင်းမျိုးမင်းနွယ်ဖြစ်ခြင်းကိုပင် သတိမထားဘဲ နေသည်ဟု ထင်မှတ်ရပါသည်။ ထို့ကြောင့်၊ ရှင်ဘုရင်၏ဖိတ်ခေါ်ခြင်း ခံရသောအခါ၊ အံ့သြခြင်း ရှိခဲ့ပါလိမ့်မည်။

ဒါဝိဒ်သည် မိမိ၏အကောင်းဆုံး မိတ်ဆွေ အပေါ် ထားရှိသော ဂတိသစ္စာကို အမှန်စောင့်ထိန်း ပြသလိုခဲ့ပြီး၊ ထိုအကျိုး ခံစားရမည့်သူသည် မေဖိဗောရှက်ဖြစ်ခဲ့ပါသည်။ ရှောလုနှင့် သူ့သားများ ကွယ်လွန်ခဲ့သောအချိန်၌ ဒါဝိဒ်၏ ငိုကြွေးမြည်တမ်းခြင်းစကားက သူ၏ချစ်ခြင်းမေတ္တာကို ပြသခဲ့ပြီးဖြစ်ပါသည်။ ၁ ကော ၁၃ ၌ ဖော်ပြခဲ့သော ချစ်ခြင်းမေတ္တာကို ဒါဝိဒ်အသက်တာ၌ မြင်တွေ့ရပါသည်။ သူသည် ချစ်ခြင်းမေတ္တာရှိလျက်၊ မှန်ကန်သောသူဖြစ်ပါသည်။ သူတပါး၏ ပိုင်ဆိုင်မှုကို ဂရုစိုက် အလေးထားခြင်းသည် ကောင်းမွန်သော ဆက်ဆံရေးကို ပြသဖော်ပြသော အချက် တချက်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - စစ်မှန်သော ချစ်ခြင်းမေတ္တာကို ဘယ်အရာနှင့်မှ နှိုင်း၍မရပါ။ ထိုကြီးမြတ်သော ပညတ်တရားကို စောင့်ရှောက်ဖို့ ဘုရားသခင် မိန့်တော်မူ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာ ကျင့်စဉ်သည် ချစ်ခြင်းမေတ္တာဖြစ်မည်အကြောင်း မစတော်မူပါ။



တနင်္လာ၊ ဩဂုတ် (၃)
၂ ရာ ၁၇
ဟေဗြဲ ၁၂း၇-၁၁

*"သင်တို့သည် ဆုံးမတော်မူခြင်းကို ခံလျှင်၊ သားတို့ကိုပြုသကဲ့သို့၊ ဘုရားသခင်သည် သင်တို့ကို ပြုတော်မူ၏။ အကြောင်းမူကား၊ အဘ မဆုံးမသောသား တစုံတစ်ယောက်ရှိသလော"*

## ဒါဝိဒ်သည် တန်ပြန်တိုက်ခိုက်ဖို့ ကြံစည်နေစဉ် အဗရှလုံသည် အုပ်စိုးခဲ့၏

ယေရုရှလင်မြို့ကို သိမ်းပိုက်သောအခါ အဗရှလုံအား ရှင်ဘုရင်အဖြစ် ချီးမြှောက်ခဲ့ကြ၏။ သူ့နောက်ကို လိုက်သော စစ်တပ် အတော်အသင့်ရှိခဲ့ပါသည်။ သူသည် မိမိအား အကြံပေးမည့် အသက်ကြီးသူများအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ အဟိသောဖေလသည် အကြီးဆုံးသော အကြံပေးအမတ်ဖြစ်ခဲ့ပါသည်။ သူက အဗရှလုံအား ဒါဝိဒ်ကို မည်သို့ ဖမ်းဆီးမည်အကြောင်း အကြံပေးခဲ့ပါသည်။ ဟုရှဲသည်လည်း မျက်နှာရသော အကြံပေးတဦးဖြစ်ပါသည်။ ဟုရှဲ၏ အကြံသည် အဟိသောဖေလ၏အကြံနှင့် မတူ၊ ထိုအခါ အဗရှလုံသည် ဟုရှဲ၏အကြံကို လက်ခံခဲ့၏။ ဟုရှဲသည် အဗရှလုံအား ကြောက်ရွံ့မှုရှိစေလျက်၊ ချက်ချင်း မတိုက်ဘဲ သတိထား တိုက်ရမည်ဟု အကြံပေးခဲ့၏။ ထိုသတင်းအလုံးစုံကို တာဝန်ပေးထားသော သတင်းပို့သူများက ဒါဝိဒ်အား ပြောကြားခဲ့ကြပါသည်။ ဤအချက်သည် ပုန်ကန်သော သားတော်အပေါ် အနိုင်ရခြင်း အစဟု သတ်မှတ်နိုင်ပါသည်။

အသစ်သော "ရှင်ဘုရင်" သည် မိမိ၏အကြံပေးအဖွဲ့ကို အသက်ကြီးသူများဖြင့် ဖွဲ့စည်းခဲ့ပါသည်။ အဟိသောဖေလသည် အဗရှလုံနှင့် ရင်းနှီးသောသူတို့တွင် ထင်ရှားသောသူ ဖြစ်ပါသည်။ သူသည် အဗရှလုံထံ သစ္စာခံပြီးနောက်၊ ထိုအကြံပေးအဖွဲ့၌ ဦးဆောင်သောသူဖြစ်ခဲ့ပါသည်။ သူသည် ဒါဝိဒ်ထံ အမှုထမ်းခဲ့သော်လည်း၊ ပုန်ကန်သောသူကို ပူးပေါင်းခဲ့ပါသည်။ အဗရှလုံ နန်းထိုင်သောအခါ၊ အဟိသောဖေလသည် အကြီးဆုံးသော အကြံပေးအမတ်ဖြစ်လာခဲ့ပါသည်။ သူသည် ထိုသို့ နာမည်ကျော်စောသော ရာထူးကို ပိုင်ဆိုင်ဖို့ရန် အဗရှလုံအား အောင်မြင်စေလိုခဲ့ပါသည်။

အဟိသောဖေလသည် ရှင်ဘုရင်ထံ ဒါဝိဒ်ကို မည်သို့အနိုင်ယူမည်အကြောင်း ပထမဆုံး အကြံပေးခဲ့သောသူဖြစ်ပါသည်။ သူသည် လူများကို ဦးဆောင်လျက်၊ ဒါဝိဒ်ကို သတ်မည်ဟု ဂတိပေးခဲ့ပါသည်။ ဒါဝိဒ် မရှိတော့သဖြင့်၊ လူအပေါင်းတို့သည် အသစ်သော ရှင်ဘုရင် နောက်သို့ လိုက်ခဲ့ကြမည်ဟု ထင်မှတ်ခဲ့ပါသည်။ သူ၏အစီအစဉ်သည် အောင်မြင်လိမ့်မည်ဟု ထင်မှတ်ခဲ့ပါသည်။ ကျမ်းစာထဲ၌ အဟိသောဖေလ၏အကြံကို အဗရှလုံနှင့် အသက်ကြီးသောသူများ သဘောကျခဲ့ကြကြောင်း ဖော်ပြခဲ့ပါသည်။ သို့သော်လည်း၊ ရှင်ဘုရင်သည် အဟိသောဖေလ၏ စကားကို အလုံးစုံ သဘောမတူခဲ့ပါ။ နောက်ထပ် အခြားအကြံ လိုချင်ခဲ့ပါသည်။ ဟုရှဲသည် ဒါဝိဒ်၏ အကြံပေးအမတ်တဦးဖြစ်ပြီး၊ အဟိသောဖေလ၏ အကြံကို အနိုင်ယူဖို့ရန် သူလျှိုအဖြစ် စေလွှတ်ခြင်း ခံရသောသူဖြစ်ပါသည်။ အဟိသောဖေလ အကြံပြုနေစဉ်၊ သူသည် ငြိမ်သက်စွာ နေခဲ့ပါသည်။

**ဆင်ခြင်ရန်** - လူတို့၏ဆုံးဖြတ်ချက်များသည် ဘုရားသခင်၏အကြံအစည်ကို စုံလင်စေတတ်၏။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၏ဆုံးဖြတ်ချက်များသည် ကိုယ်တော်၏ကောင်းသော အကြံအစည်ကို ပြည့်စုံပါစေသော်။

တနင်္ဂနွေ၊ ဩဂုတ် (၃၀)
၂ ရာ ၁၆
သု ၄း၂၃-၂၇

*"သင်သွားရာလမ်းကို စူးစမ်း၍၊ သွားလေရာရာ၌ တည်ကြည်ခြင်း ရှိစေလော့"*

## အဗရှလုံသည် ယေရုရှလင်၌ အုပ်စိုးခဲ့၏

အဗရှလုံသည် ယေရုရှလင်မြို့သို့ ချီတက်လျက်၊ နန်းတော်ကို သိမ်းပိုက်ခဲ့ပါသည်။ သူ၏ အကြံပေးအမတ်အဖြစ် အဟိသောဖေလ ပါဝင်ပူးပေါင်းခဲ့၏။ သူသည် ဒါဝိဒ်လက်အောက်၌လည်း ထိုအမှုကို ထမ်းရွက်ခဲ့ပါသည်။ သို့သော်လည်း၊ ပုန်ကန်သော သားတော်ဘက်၌ ရပ်တည်ခဲ့ပါသည်။ အဗရှလုံသည် ရှင်ဘုရင်ဖြစ်လာဖို့ ပို၍အင်အားကြီးမားသည်ဟု သူထင်မှတ်ခဲ့ပါသည်။ ဒါဝိဒ်၏ အခြား အကြံပေးမှုကား ဟုရှဲဖြစ်ပါသည်။ သူသည် ဒါဝိဒ်အပေါ် သစ္စာရှိ၏။ ထို့ကြောင့်၊ ဒါဝိဒ်က မိမိ၏တန်ပြန်တိုက်ခိုက်ခြင်း နည်းဗျူဟာ၌ သူ့ကို ပါဝင်စေခဲ့ပါသည်။

ဒါဝိဒ်သည် အဟိသောဖေလ၏ အကြံအစည်ကို အနိုင်ယူဖို့ရန် အတွင်းသူလျှိုအဖြစ် ဟုရှဲကို စေလွှတ်ခဲ့ပါသည်။ သူသည် ဒါဝိဒ်၏ ပုန်ကန်သောသားတော်ထံသွားလျက်၊ သူ့ကို ထောက်ခံကြောင်း ပြသခဲ့ပါသည်။ အဗရှလုံက အဘယ့်ကြောင့် မိမိမိတ်ဆွေကို စွန့်ပစ်ခဲ့သနည်းဟု မေးခဲ့၏။ ဟုရှဲက ဒါဝိဒ်ထံ အမှုထမ်းရွက်ခဲ့သကဲ့သို့၊ သူ့ထံ၌ အမှုထမ်းရွက်မည်ဟု ဆိုခဲ့ပါသည်။ ထိုသို့ဖြင့်၊ ရှင်ဘုရင်ဖြစ်လာမည့်သူကို ထောက်ခံကြောင်း ပြသခဲ့၏။ အဟိသောဖေလသည် အဗရှလုံ ယုံကြည်ရသောသူဖြစ်ခဲ့ပြီး၊ အဘယ်သို့ ပြုအပ်သနည်းဟု အဗရှလုံက သူ့ကို မေးခဲ့ပါသည်။ သူ၏အကြံသည် အလွန်ရုက်စရာကောင်းလှပါသည်။ နန်းတော်မှ ထွက်ခွာခဲ့စဉ်၊ ဒါဝိဒ်က ကိုယ်လုပ်တော်မိန်းမများကို နန်းတော် စောင့်ရှောက်ဖို့ရန် ထားခဲ့ပါသည်။ အဟိသောဖေလက အဗရှလုံအား ခမည်းတော်၏ ကိုယ်လုပ်တော်မိန်းမများထံ ဝင်ဖို့ရန် အကြံပေးခဲ့ပြီး၊ အဗရှလုံကလည်း အဟိသောဖေလ၏အကြံကို မဆင်မခြင် ယုံကြည်ခဲ့ပါသည်။ ထိုအမှုကို နေ့ခင်း လူတို့အမြင်၌ ပြုခဲ့ပြီး၊ ဒါဝိဒ်၏အရှက်ရစရာ ပို၍များပြားစေခဲ့ပါသည်။

အဟိသောဖေလ ပေးသောအကြံသည် မှားယွင်းခဲ့သော်လည်း၊ တဖက်တွင်၊ ထိုအဖြစ်အပျက်အားလုံး၌ ဘုရားသခင်၏ ခွင့်ပြုတော်မူခြင်းလက်တော်ကို တွေ့ရပါသည်။ ဒါဝိဒ်သည် ဥရိယ၏မိန်းမကို တိတ်တဆိတ် ယူခဲ့၏။ ဘုရားသခင်က ထိုပြစ်ဒဏ်ကို ဣသရေလလူအပေါင်းရှေ့၌ ကျရောက်စေမည်ဟု မိန့်တော်မူခဲ့၏။

ဒါဝိဒ်ခံရသော အရှက်တရားသည် ပြစ်ဒဏ်ဖြစ်သကဲ့သို့၊ တဖက်တွင်၊ သူသည် နောင်တရခဲ့သောကြောင့်၊ ဘုရားသခင်၏ကျေးဇူးတော်လည်းဖြစ်ပါသည်။ သူသည် ထိုအရှက်ရစရာဘဝကို သည်းခံလျက်၊ ဘုရားသခင်ကို ဆက်လက် ယုံကြည်ကိုးစားခဲ့ပါသည်။ သမ္မာကျမ်းစာက လူအပေါင်းတို့သည် အပြစ်ပြုကြပြီ၊ ဘုရားသခင်၏ဘုန်းအသရေတော်ကို ရှုတ်ချကြပြီ (ရောမ ၃း၂၃) ဟု ဖော်ပြခဲ့ပြီး၊ ထိုလူအပေါင်းတို့၌ ဒါဝိဒ်လည်း ပါဝင်ခဲ့ပါသည်။ နောင်တရခြင်းနှင့် ယုံကြည်ခြင်းက ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်စေပြီး၊ မျှော်လင့်ခြင်း ပေးတော်မူ၏။ သင့်အပြစ်များကို ယနေ့ နောင်တရပါလော့၊ သို့ပြုလျှင် ဘုရားသခင် ခွင့်လွှတ်တော်မူလိမ့်မည်။

**ဆင်ခြင်ရန်** - "အကျွန်ုပ်သည် အပြစ်သား၊ ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်း ခံရသောသူ ဖြစ်ပါသည်။"

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်အပြစ်များအတွက် ကိုယ်တော်၏ကျေးဇူးတော်သည် အစဉ်လုံလောက်လျက်ရှိပါ၏။



တနင်္လာ၊ ဩဂုတ် (၃)
၂ ရာ ၁၀
သု ၂၆း၁၇-၂၈

*"မီးခဲချင်းပြုသကဲ့သို့၎င်း၊ ထင်းသည်မီးကို မွေးသကဲ့သို့၎င်း၊ ရန်တွေ့တတ်သောသူသည် ခိုက်ရန်မှုကို ပြုစုတတ်၏"*

## ဒါဝိဒ်သည် အမ္မုန်ကို အောင်နိုင်ခဲ့၏

ဒါဝိဒ်သည် မိမိတိုင်းပြည်ကို အုပ်ချုပ်လျက် ကာကွယ်ခဲ့ပါသည်။ သူသည် ဖြစ်နိုင်လျှင် အရင် မိတ်ဆွေဖွဲ့လျက်၊ လိုအပ်မှသာလျှင် စစ်ရေးဖြင့် ဖြေရှင်းတတ်၏။ ဤသည်ကား ရှင်ဘုရင်အနေဖြင့် သူ၏တာဝန်လည်းဖြစ်ပါသည်။ ကျမ်းပိုဒ်၌တွေ့ရသည်အတိုင်း၊ ဒါဝိဒ်သည် အမ္မုန်၏ အသစ်သော ရှင်ဘုရင်အား မိတ်ဖွဲ့ဖို့ ကမ်းလှမ်းခဲ့သော်လည်း၊ သူသည် ဒါဝိဒ်ကို မထီမဲ့မြင်ပြုခဲ့၏။ ထို့ကြောင့်၊ ရှုရိနှင့်အမ္မုန်သည် ပူးပေါင်းလျက် ဣသရေလကို စစ်တိုက်ခဲ့ကြပါသည်။ ဒါဝိဒ်၏စစ်တပ်က အနိုင်ယူလျက်၊ တဖန် မိမိ၏စစ်အင်အားကြီးမားမှုကို ပြသခဲ့ပါသည်။ ထိုအောင်မြင်မှုကို အသုံးပြုပြီး ဣသရေလ၌ ငြိမ်းချမ်းရေး တည်မြဲစေခဲ့၏။ ဒါဝိဒ်အပေါ်၌ တည်သော ဘုရားသခင်၏လက်တော်ကိုဖော်ပြထင်ရှားစေခဲ့ကြပါသည်။

အမ္မုန် ရှင်ဘုရင် နာဟတ် ကွယ်လွန်ခဲ့၏။ သူသည် ဒါဝိဒ်၏မိတ်ဆွေဖြစ်ခဲ့ပြီး၊ သံတမန်အရေး၌ ကောင်းမွန်သော ဆက်ဆံရေးရှိလျက် ငြိမ်းချမ်းစွာ နေထိုင်ခဲ့ပါသည်။ ဟာနုန်သည် အဘနေရာ၌ ရှင်ဘုရင်ဖြစ်လာခဲ့၏။ ဒါဝိဒ်အနေဖြင့် သံတမန်များကို စေလွှတ်လျက်၊ မိသားစုအား နှိမ့်သိမ့်မှုပေးခြင်းသည် ပြုလုပ်သင့်သည့် အမှုဖြစ်ပါသည်။ အရင် ရှင်ဘုရင် လက်ထက်ကတည်းမှ ရှိခဲ့သော သူတို့အကြား ငြိမ်းချမ်းရေး တည်မြဲဖို့လည်း ဒါဝိဒ် ဆန္ဒရှိခဲ့ပါသည်။ ကျွန်တော်တို့သည် လူအပေါင်းတို့နှင့် အသင့်အတင့် နေထိုင်ကြရပါမည်ဟု နောက်၌ ရှင်ပေါလု ဖော်ပြထားသောအချက် (ရောမ ၁၂း၈) နှင့်ကိုက်ညီစွာ ဒါဝိဒ် နေထိုင်ခဲ့ပါသည်။ အိမ်နီးချင်း နိုင်ငံများနှင့် ငြိမ်းချမ်းစွာ နေလိုခဲ့ပါသည်။ သူက နာဟတ်၏သား ဟာနုန်၌ ငါကျေးဇူးပြုမည်ဟု ဆိုခဲ့ပါသည်။

ဒါဝိဒ်၏ အစေခံ သံတမန်တို့သည် အမ္မုန်ပြည်သို့ သွားခဲ့ကြ၏။ ထိုရှင်ဘုရင်သစ်သည် အိမ်နီးချင်းနိုင်ငံနှင့် မည်သို့ ငြိမ်းချမ်းရေး တည်မြဲစေမည်အကြောင်း အတွေ့အကြုံမရှိခဲ့ပါ။ သူ၏အကြံပေးများက ဒါဝိဒ်၏အပြုအမူကို လွဲမှားစွာ အနက်ကောက်ခဲ့ကြ၏။ ဒါဝိဒ်သည် နာဟတ်အပေါ် အမှန်တကယ် လေးစားမှုရှိသောကြောင့် နှစ်သိမ့်ဖို့ရန် မိမိကျွန်များကို စေလွှတ်ခဲ့သည် မဟုတ်ဟု ဟာနုန်အား အကြံပေးခဲ့ကြ၏။ ဒါဝိဒ်၏ကျွန်များအား သူလျှိုများအဖြစ် စွပ်စွဲခဲ့ကြပါသည်။ ထို့ကြောင့်၊ သူတို့အကြား၌ ရှိခဲ့သော သံတမန်ရေးရာ ဆက်ဆံမှု ဆက်လက် မတည်မြဲနိုင်တော့ဘဲ၊ မလိုအားအပ်သော ဆိုးကျိုးဖြစ်ပေါ်လာခဲ့ပါသည်။

**ဆင်ခြင်ရန်** - ပညာရှိသောသူသည် အခက်အခဲနှင့်ရင်ဆိုင်ရသောအခါ နည်းလမ်း မရှိဘဲ မနေ။

**ဆုတောင်းချက်-** အဖဘုရား၊ အခက်အခဲကြားထဲ၌ မှန်ကန်စွာ လှုပ်ရှားမည်အကြောင်း လမ်းပြတော်မူပါ။

အင်္ဂါ၊ ဩဂုတ် (၄)
၂ ရာ ၁၀
ဆာလံ ၃၇း၇-၁၄

*"ထာဝရဘုရားရှေ့၌ ငြိမ်ဝပ်စွာနေ၍၊ ကိုယ်တော်ကို ငံ့လင့်လော့"*

## အမ္မုန်နှင့်ဣသရေလအကြား၌ရှိသော ငြိမ်းချမ်းရေး ပျက်ပြယ်ခဲ့၏

အမ္မုန်အမျိုး မှူးမတ်တို့၏ အကြံပေးမှုက တိုင်းပြည်နှစ်ခုအကြား ရှိခဲ့သော ငြိမ်းချမ်းရေးကိုဖျက်ဆီးခဲ့ပါသည်။ ချက်ချင်း ရန်သူအဖြစ်သို့ ရောက်ခဲ့ကြ၏။ ဒါဝိဒ်၏ကျွန်များအပေါ် သူတို့၏ စွပ်စွဲမှုသည် အခြေအမြစ်မရှိသော၊ မိမိတို့၏ အယူအဆသက်သက်ဖြစ်ပါသည်။ သူတို့၏စိတ်သဘောသည် ကွယ်လွန်ခဲ့သော ရှင်ဘုရင်၏စိတ်သဘောနှင့် ဆန့်ကျင်ဖက်ဖြစ်ပါသည်။ သူလျှိုဖြစ်ကြလိမ့်မည်ဟူသော သူတို့၏အယူအဆကို ထိုရှင်ဘုရင်အသစ်က မှန်ကန်သည်ဟု ယူဆခဲ့ပါသည်။

Matthew Henry က ဤသို့ သုံးသပ် ဖော်ပြခဲ့ပါသည် - "နာဟတ်သည် ဣသရေလ၏ ရန်သူဖြစ်ခဲ့သော်လည်း၊ ဒါဝိဒ်အပေါ် ကျေးဇူးပြုခဲ့ပါသည်။ ဒါဝိဒ်ကလည်း ထိုကျေးဇူးကို ပြန်လည်ဆပ်လိုခဲ့ပါသည်။ ဖာရိရှဲတဦးသည် ထောင်လွှားသောစိတ်ဖြင့် အလှူပေးခဲ့လျှင်၊ ဘုရားသခင်သည် ကောင်းကြီးပေးမည် မဟုတ်သော်လည်း၊ ထိုအလှူလက်ခံရရှိသောသူသည် ကျေးဇူးတင်ရပါမည်။ မိမိ အိမ်နီးချင်းအပေါ် စိတ်ထားကောင်း မရှိသောသူတို့သည်၊ မိမိတို့အပေါ် ထိုအိမ်နီးချင်းများက စိတ်ကောင်း ထားကြလိမ့်မည်မဟုတ်ဟု ထင်မှတ်ထားတတ်ကြပါသည်။ အမှန်မှာ ထိုသို့ ထင်မှတ်ခြင်းသည် မှားယွင်းသော အယူအဆဖြစ်ပါသည်။ ထိုသို့သောစိတ်သဘောသည် သူတပါးကို မချစ်၊ မိမိကိုယ်ကိုသာ ချစ်သော သူများ၏စိတ်ထားဖြစ်ပါသည်။ စိတ်ထားကောင်းသောသူသည် ထိုသို့ သူတပါး၏ အယူမှားခြင်းကို ခံရလျှင်လည်း အံ့သြခြင်းရှိကြလိမ့်မည် မဟုတ်ပါ။ ချစ်ခြင်းမေတ္တာသည် မကောင်းသော စိတ်ထား မရှိပါ။ သူတို့ ခေတ်ကာလ၏ ဓလေ့ထုံးစံအရ၊ ဟာနုန်သည် ဒါဝိဒ်၏ သံတမန်များအား အလွန်ရှက်စရာကောင်းသော အပြုအမူဖြင့် ဆက်ဆံခဲ့ပါသည်။ ဒါဝိဒ်သည် မိမိ၏ကျွန်များကို အထူးဂရုစိုက်ခဲ့ပါ၏။ မတရားသော အရှက်ရစေခြင်းအကြောင်းကို စိတ်ထဲ၌ မထားဘဲ နေကြပါစို့၊ ထိုအရှက်တရားသည် မကြာမီ ပျောက်ကွယ်လိမ့်မည်၊ ပြုသောသူတို့ပေါ် ပြန်လည် ကျရောက်ပါလိမ့်မည်၊ မုတ်ဆိတ်များသည် မကြာမီရှည်လာခဲ့သည်အတိုင်း၊ မတရား စွပ်စွဲခြင်း ခံရသော သူတို့၏ဂုဏ်သက္ခာသည်လည်း မကြာမီပြန်လည် ရှည်ထွက်လာလိမ့်မည်။ ဘုရားသခင်သည် သင်၏ဖြောင့်မတ်ခြင်းတရားကို အလင်းကဲ့သို့ ပေါ်ထွက်စေပါလိမ့်မည်၊ ထို့ကြောင့်၊ စိတ်ရှည်စွာ ထာဝရဘုရားကို စောင့်ပါလော့၊ ဆာလံ ၃၇း၆၊ ဆာလံ ၃၇း၇။"

ထိုအပြုအမူက၊ မျှော်လင့်ခဲ့သည်အတိုင်း၊ ထိုတိုင်းပြည်နှစ်ပြည်အကြား၌ ဆက်ဆံရေး တင်းမာစေခဲ့ပါသည်။ အမ္မုန်သည် ဘုရားသခင်ကို မကိုးကွယ်သော နိုင်ငံဖြစ်သော်လည်း၊ ဒါဝိဒ်သည် အိမ်နီးချင်းနိုင်ငံဖြစ်သည်အလျောက် သူတို့နှင့် ကောင်းမွန်သော ဆက်ဆံရေးရှိဖို့ရန် လိုလားခဲ့ခြင်းဖြစ်ပါသည်။ ယခု အသစ်သော အခြေအနေကို ကိုင်တွယ်ဖို့ရန် ဒါဝိဒ်သည် ဘုရားသခင်ထံမှ လာသော ဉာဏ်ပညာ လိုအပ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ခိုက်ရန်ပြုခြင်းသည် ဖျက်ဆီးတတ်သောအရာဖြစ်ပြီး၊ ငြိမ်းချမ်းခြင်းသည် ပြုစုတတ်သောအရာ ဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ငြိမ်သက်ခြင်းသည် အကျွန်ုပ်အသက်တာကို အုပ်စိုးပါစေသော်။



စနေ၊ ဩဂုတ် (၂၉)
၂ ရာ ၁၆
ရောမ ၈း၃၀-၃၄

*"ဘုရားသခင်သည် ငါတို့ဘက်၌ ရှိတော်မူလျှင်၊ အဘယ်သူသည် ငါတို့တစ်ဖက်၌ နေနိုင်မည်နည်း"*

## ဒါဝိဒ်၏နိမ့်ကျသောဘဝ၌ ဘုရားသခင်၏အကြံအစည်

ဒါဝိဒ်၏ရန်သူများက ဒါဝိဒ် ရှင်ဘုရင်ဖြစ်လာခြင်း အသေးစိတ်အကြောင်းအရာကို မသိခဲ့ကြပါ။ ဒါဝိဒ် ယခုကြုံတွေ့ရသော နိမ့်ကျသောဘဝ၌ ကောင်းကျိုးနှင့် ဆိုးကျိုးရှိပါသည်။ မိမိ၏ရန်သူနှင့် မိတ်ဆွေ ခွဲခြားနိုင်ဖို့ရန် အချိန်ကောင်းဖြစ်လာခဲ့ပါသည်။ ထို့ပြင် ဘုရားသခင်ထံ ပို၍ နီးစေလျက်၊ စစ်မှန်သော မိတ်ဆွေတို့နှင့်လည်း ပိုရင်းနှီးစေခဲ့ပါသည်။ တဖက်တွင်၊ ဒါဝိဒ်၌ အမှားလုံးဝမရှိဟု မဆိုလိုပါ။ ဗာသရှေဘနှင့်ပတ်သက်သော အပြစ်များသည် ဒါဝိဒ်ဘဝ၌ အမည်းစက်ဖြစ်ခဲ့ပါသည်။ ယခုခံရသော နိမ့်ကျသည့်ဘဝသည်လည်း ထိုအပြစ်များအတွက် ဆုံးမခြင်းလည်းဖြစ်ပါ၏။ ဤရှက်စရာ နိမ့်ကျသည့်ဘဝကို ဒါဝိဒ်သည် သည်းခံလျက်၊ ဘုရားသခင်၏ကျေးဇူးတော်ကို မျှော်လင့်ရပါမည်။ သူသည် နောင်တရခဲ့ပါသည်၊ ထို့ကြောင့် ဆုတောင်းလျက် သည်းခံနိုင်ခြင်းဖြစ်ပါသည်။

ဒါဝိဒ်၏မိတ်ဆွေများက ပြန်တိုက်ဖို့ ဆန္ဒရှိခဲ့ကြ၏။ အဘိရှဲ (ဒါဝိဒ်၏တူ) သည် ဒါဝိဒ်၏ စစ်သူရဲ တဦးဖြစ်ပါသည်။ သူသည် ရှိမိ၏ ကျိန်ဆဲခြင်းကြောင့် အမျက်ထွက်ခဲ့၏။ သူသည် ဒါဝိဒ်အတွက် ဂလဲ့စားချေလိုခဲ့ပါသည်။ အဘိရှဲက ရှိမိအား "ခွေးသေကောင်" (၂ ရာ ၁၆း၉) ဟု ခေါ်ခဲ့ပြီး၊ သူ့လည်ပင်းကို ဖြတ်ဖို့ရန် ဒါဝိဒ်ထံ ခွင့်တောင်းခဲ့ပါသည်။ ဒါဝိဒ်က ခွင့်မပြုခဲ့ပါ။ အဘိရှဲအား ဒါဝိဒ်က၊ ရှိမိသည် မိမိအား ကျိန်ဆဲပါလေစေ၊ ဘုရားသခင်က ထိုသို့ ကျိန်ဆဲဖို့ရန် ခွင့်ပြုတော်မူ၏ဟု ဆိုခဲ့ပါသည်။ မိမိကိုယ်ထဲမှ ထွက်သော သားတော်ကပင်လျှင် မိမိအသက်ကို ရှာခဲ့ကြောင်း ဒါဝိဒ်က အဘိရှဲအား ဆိုခဲ့၏။ ထို့နောက်၊ "ထိုဗယ်္ယာမိန်အမျိုးသားသည် ထိုမျှမက အခွင့်ရှိလိမ့်မည်" (၂ ရာ ၁၆း၁၁) ဟုဆို၏။ ဘုရားသခင်သည် မိမိ၏ ဒုက္ခကို ကြည့်ရှုတော်မူလျက်၊ ကောင်းသော အကျိုးကို ဖြစ်စေမည်အကြောင်း၊ ဒါဝိဒ်သည် မိမိ၏ဆန္ဒကို ဖော်ထုတ်ခဲ့ပါသည်။

ဒါဝိဒ်သည် ထိုသို့ ဘုရားသခင်ကိုသာ ယုံကြည်ကိုးစားသောသူဖြစ်ပါသည်။ သူ့မိတ်ဆွေများသည် သူ့ထံမှ ဝိညာဉ်သင်ခန်းစာများစွာ သင်ယူခဲ့ကြပါသည်။ သူတို့အားလုံးက ရှိမိကို လျစ်လျူရှုခဲ့ကြပြီး၊ သူလည်း ဘာမှ မတတ်နိုင်ခဲ့ပါ။ ရှိမိသည် အဗရှလုံကို ထောက်ခံအားပေးသောသူများကို ကိုယ်စားပြုခဲ့ပါသည်။ ထိုအဖွဲ့က ဒါဝိဒ်သည် ရာဇပလ္လင်ကို မတရားရယူခဲ့သည်ဟု ထင်မှတ်ခဲ့ကြ၏။ သို့သော်လည်း၊ ဒါဝိဒ်သည် ဘုရားသခင်၏ အထူး ဘိသိက်ပေးခြင်းခံရသောသူဖြစ်ပါသည်။ ထိုသို့ ပုန်ကန်ခြင်း ခံရသောအချိန်၌ပင်၊ ဒါဝိဒ်သည် တိုင်းပြည်ကို ဦးဆောင်နိုင်ခဲ့ပါသည်။ ယခုကြုံတွေ့ရသော ဒုက္ခ၊ နိမ့်ကျသောဘဝကို ဘုရားသခင်က ဆုံးမခြင်းသဘောဖြင့် ခွင့်ပြုတော်မူခဲ့သောအမှုဖြစ်ပါသည်။ ဤသည်ကား၊ ဘုရားသခင်၏ လမ်းပြကွယ်ကာ ပြုစုစောင့်ရှောက်တော်မူခြင်းအမှုပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အခက်အခဲ ဝန်းရံခြင်းခံရသောအခါ ဘုရားသခင်ပေးတော်မူသော ဉာဏ်ပညာသည် အလွန်အသုံးဝင်လှ၏။

**ဆုတောင်းချက်-** အဖဘုရား၊ အရေးကြီးသောအချိန်၌ စည်းလုံး ငြိမ်သက်ခြင်း စိတ်ဘသောကို အကျွန်ုပ်အား ပေးသနားတော်မူပါ။

သောကြာ၊ ဩဂုတ် (၂၈)
၂ ရာ ၁၆
မသဲ ၅း၁၀-၁၂

*"ဖြောင့်မတ်ခြင်းတရားကြောင့်
နှောင့်ယှက်ညှဉ်းဆဲခြင်းကို ခံရသောသူတို့သည်
မင်္ဂလာရှိကြ၏"*

## ဒါဝိဒ်ကို ကူညီဖို့ရန် မိတ်ဆွေစစ်များ ရောက်လာခဲ့ကြ၏

ဇိဘနှင့် သူကဲ့သို့သော မိတ်ဆွေများသည် ဒါဝိဒ်ကို ကောင်းကောင်း သိခဲ့ကြပြီး၊ သူ့နောက်သို့ လိုက်ခဲ့ကြ၏။ ဇိဘသည် ရှေ့ဆုံးမှ ပါဝင်လျက်၊ ထိုနည်းတူ ဒါဝိဒ်၏ တောင်းဆိုမှုဖြင့် ယေရုရှလင်မြို့၌ ကျန်နေခဲ့သော ယဇ်ပုရောဟိတ်အပေါင်းလည်း ပါဝင်ခဲ့ကြပါသည်။ လိုအပ်သောအချိန်၌ အကူအညီရမည့်အကြောင်း၊ ရှင်ဘုရင်သည် ထိုသို့ နည်းဗျူဟာကျကျ နေရာချထားခဲ့ခြင်းဖြစ်ပါသည်။ ရှင်ဘုရင်နှင့်အတူ ထွက်သွားသောသူတို့သည်လည်း ရှင်ဘုရင်အား ကာကွယ်လျက် အလွန်အရေးပါသောအမှုကို ဆောင်ရွက်ခဲ့ကြပါသည်။

သို့သော်လည်း၊ ဒါဝိဒ်အတွက် အဓိက ခွန်အားနှင့် မျှော်လင့်ခြင်း အရင်းအမြစ်သည် မိမိ၏ ဘုရားသခင် ယုံကြည်ကိုးစားခြင်းပင်ဖြစ်ပါသည်။ ဒါဝိဒ်၏ လှုပ်ရှားမှုများကို အသေးစိတ်ယခု ဖော်ပြထားခြင်း မရှိပါ။ သို့သော်လည်း၊ အဗရှလုံနှင့် ပုန်ကန်ဆန့်ကျင်သောသူများကဲ့သို့ မဟုတ်ဘဲ၊ ဒါဝိဒ်သည် ဆုတောင်းသောသူဖြစ်ပါသည်။ ဤသည်ကား၊ ရန်သူများနှင့် သူ၏ခြားနားမှုပင်ဖြစ်ပါသည်။ သူရေးစပ်ထားသော ဆာလံများက သူ၏ဆုတောင်းခြင်းအသက်တာကို ထင်ရှားစေပါသည်။ သူသည် အရာရာတိုင်း၌ ဘုရားသခင်ကို ယုံကြည်ကိုးစားသောသူဖြစ်ပါသည်။ ဘုရားသခင်၏လမ်းပြတော်မူခြင်းကို အရင် မရှာဘဲ၊ အရေးကြီးသောအမှုကို ဘယ်တော့မှ မပြုခဲ့ပါ။ ဤသည်ကား၊ သူ၏ဉာဏ်ပညာနှင့် လုံခြုံမှု အရင်းအမြစ်ဖြစ်ပါသည်။

ရှင်ဘုရင်နေရာကို တပ်မက်သော အဗရှလုံသည် ဝိညာဉ် အသိဉာဏ် ကင်းမဲ့သောသူဖြစ်ပါသည်။ သူသည် မိမိ၏ရန်သူအပေါ် မကောင်းကြံစည်ခြင်း၌ အလွန်ပါးနပ် ကောက်ကျစ်သောသူဖြစ်ပါသည်။ ယခု သူ့ရန်သူသည် ခမည်းတော်ဖြစ်၏။ ရှင်ဘုရင်များကို ဘုရားသခင် ခန့်ထားတော်မူခြင်းဖြစ်ကြောင်းကို သူ မသိခဲ့ပါ။ ဆုတောင်းသော သန့်ရှင်းသူများသည် ဘုရားသခင်၏ မျက်နှာသာပေးခြင်းကို ခံရကြ၏။

ထိုသို့ ထွက်ပြေးစဉ်၊ ဒါဝိဒ်သည် ဗာဟုရိမ်မြို့သို့ ရောက်လာခဲ့ပြီး၊ ထိုမြို့တွင် ရှောလု၏ အမျိုးအနွယ် ရှိမိ ရှိလျက်၊ သူသည် ဒါဝိဒ်၏ ရန်သူဖြစ်လာခဲ့ပါသည်။ သူသည် ရှင်ဘုရင်အား လူများရှေ့၌ ကျိန်ဆဲခဲ့ပါသည်။ သူသည် ဒါဝိဒ်နှင့် ကျွန်များအပေါင်းတို့အား ကျောက်ခဲဖြင့် ပစ်ခဲ့ပါသည်။ ဒါဝိဒ်သည် ရဲရင့်သော သူ့လူများ၏ ကာကွယ်ခြင်းကို ခံရခဲ့ပါသည်။ သို့သော်လည်း၊ ထိုအမှုသည် ဒါဝိဒ်အတွက် နောက်ထပ် အရှက်ရစရာဖြစ်ခဲ့ပါသည်။ ရှိမိက ဒါဝိဒ်အား၊ ရှောလု မိသားစု၏ အသွေးကို ဘုရားသခင်က ဒါဝိဒ်အပေါ် ပြန်လည်ကျရောက်စေခဲ့ပြီဟု ဆိုခဲ့ပါသည်။ ဒါဝိဒ်သည် တိုင်းပြည်ကို မတရားသောနည်းဖြင့် ရယူခဲ့သည်ဟု ဆိုလျက်၊ အဗရှလုံကို ထောက်ခံအားပေးကြောင်း ဖော်ပြခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မိမိလူများကို ဘယ်တော့မှ ပစ်ထားတော်မမူ။
**ဆုတောင်းချက်-** ထာဝရဘုရား၊ ရန်သူများကို မည်သို့ တုန့်ပြန်မည်အကြောင်း အကျွန်ုပ်အား သွန်သင်ပေးတော်မူပါ။



ဗုဒ္ဓဟူး၊ ဩဂုတ် (၅)
၂ ရာ ၁၀
ဆာလံ ၅၉း၁-၅

*"ဒုစရိုက်ကိုပြုသောသူတို့အထဲက အကျွန်ုပ်ကို
နုတ်ယူ၍၊ အသက်ကို သတ်လိုသောသူတို့လက်မှ
ကယ်တင်တော်မူပါ"*

## ဟာနုန်သည် မှူးမတ်တို့၏စကားကို နားထောင်ခဲ့၏

ထိုအသစ်သော ရှင်ဘုရင်သည် ဒါဝိဒ်၏ကျွန်များကို အရှက်ရစေခဲ့ပါသည် (၂ ရာ ၁၀း၄)။ သူတို့ကို မသတ်ခဲ့သော်လည်း၊ အလွန်အရှက်ရစရာကောင်းသောအမှုကို သူတို့အပေါ် ပြုခဲ့ကြပါသည်။ ဟာနုန်၏ တုန့်ပြန်မှုကို ဒါဝိဒ်ကြားသိခဲ့ပါသည်။ အမ္မုန်ဘုရင်က သူတို့၏ မုတ်ဆိတ် တခြမ်းကိုရိတ်လျက်၊ အဝတ်ကို တင်ပါးတိုင်အောင် ဖြတ်စေခဲ့သောကြောင့်၊ သူတို့သည် အလွန်ရှက်ခဲ့ကြ၏။ ထိုအမှုသည် ဒါဝိဒ်အား မထီမဲ့မြင်ပြုခြင်းဖြစ်ပါသည်။ ထိုသို့သော တုန့်ပြန်ဆက်ဆံမှုကို ဒါဝိဒ် မျှော်လင့်ခဲ့လိမ့်မည် မဟုတ်ပါ။ သို့သော်လည်း၊ ထိုအသစ်သော ရှင်ဘုရင်၏ စိတ်သဘောကို သိခွင့်ရခဲ့ပါသည်။ ထိုအခြေနေ၌ ဣသရေလရှင်ဘုရင်သည် အမှုကို မကြီးထွားအောင်ကိုင်တွယ်ဖြေရှင်းခဲ့ပါသည်။

ဒါဝိဒ်က မိမိကျွန်များအား မုတ်ဆိတ်ရှည်လာသည်အထိ ယေရိခေါမြို့၌ နေကြရန် မိန့်ဆိုခဲ့ပါသည်။ သူတို့သည် ထိုသို့ နေခဲ့ကြပါသည်။ သို့သော်လည်း၊ ထိုမထီမဲ့မြင်ပြုခြင်း၌ နောက်ဆက်တွဲရှိခဲ့ပါသည်။ နှစ်နိုင်ငံအကြား သံတမန်ရေးရာ ပျက်သွားခဲ့ပြီး၊ စစ်ပွဲ စတင်ခဲ့ပါသည်။ ဟာနုန်၏ တုန့်ပြန်မှုသည် မရင့်ကျက်မှုဟု ခေါ်တွင်၍ ရပါသည်။ သို့သော်လည်း၊ စစ်ပွဲ ဆင်နွှဲဖို့အထိ မလိုအပ်ဟုထင်ရပါသည်။ ဒါဝိဒ်သည် ဘယ်အရာမဆို အဆင်သင့်ရှိခဲ့ပါသည်။ သူသည် ဣသရေလရှင်ဘုရင်ဖြစ်သည်နှင့်အညီ တိုင်းပြည်ကို ကာကွယ်ဖို့ရန် ဘယ်တော့မှ နောက်ဆုတ်မည် မဟုတ်ပါ။ အမ္မုန် ရှင်ဘုရင်က ဒါဝိဒ်၏ကျွန်များအပေါ် မိမိပြုသောအမှုသည် စစ်ကြေငြာခြင်းနှင့်တူသည်ဟု ထင်မှတ်ခဲ့ပါသည်။ ထို့ကြောင့် စစ်တိုက်ဖို့ ပြင်ဆင်ခဲ့ပါသည်။ ဒါဝိဒ်သည်လည်း အမ္မုန်၏လှုပ်ရှားမှုကိုချက်ချင်း နားလည်သဘောပေါက်ခဲ့ပါသည်။ ထိုအခါ၊ ရှောင်လွှဲမရသောအရာ ဖြစ်လာခဲ့ပါသည်။

ငြိမ်းချမ်းရေး မလိုလားသောအခါ၊ စစ်ပွဲ ဖြစ်ပွားတတ်၏။ ဒါဝိဒ်သည် ပြင်ဆင်လျက်၊ အမ္မုန်ကို တိုက်သဖြင့် အနိုင်ရခဲ့ပါသည်။ ဟာနုန်သည် ဒါဝိဒ်ကို တိုက်ဖို့ရန် အရည်အချင်းရှိသော စစ်သားများကို ငှါးရမ်းခဲ့ပါသည်။ များစွာသော စစ်သားကို စုစောင်းလျက် ပြင်ဆင်ခဲ့ပါသည်။ ဟာနုန် စုစောင်းသော စစ်တပ်အင်အားသည် အလွန်များပြားလှ၏။ သူတို့သည် သုံးဖွဲ့ဖြစ်၍ ခြေသည် သူရဲကောင်း နှစ်သောင်း၊ နောက်တဖွဲ့သည် တထောင်၊ နောက်ဆုံးတဖွဲ့သည် တသောင်းနှစ်ထောင်ဖြစ်ကြပါသည်။ သူ့ခမည်းတော် ကွယ်လွန်သောကြောင့် ဒါဝိဒ်က နှိမ့်သိမ့်ဖို့ရန် မိမိ၏ကျွန်များကို ရိုးသားစွာ စေလွှတ်ခြင်းကို ဟာနုန်က စစ်ပွဲအဖြစ် ပြောင်းလဲစေခဲ့ပါသည်။ ထို့ကြောင့် တိုက်ပွဲဆင်နွှဲခဲ့ကြရ၏။ ထိုသို့သောတိုက်ပွဲသည် နှုတ်အားဖြင့်သာ တိုက်ရသော စစ်ပွဲ မဟုတ်ဘဲ၊ လူ့အသက်ရှုံးဆုံးခြင်းနှင့်ဆိုင်သော တိုက်ပွဲဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ရှင်ဘုရင်၏မိုက်မဲမှုသည် ကြီးမားသော ဆုံးရှုံးမှုကို ဖြစ်စေတတ်၏။
**ဆုတောင်းချက်-** အဖဘုရား၊ လူ့အသက်ကို မသတ်ဘဲ၊ ကယ်တင်လိုသောစိတ်နှလုံးကို အကျွန်ုပ်အား ပေးသနားတော်မူပါ။

ကြာသပတေး၊ ဩဂုတ် (၆)
၂ ရာ ၁၀
ဆာလံ ၄၇

*"ဘုရားသခင်သည် လူမျိုးတို့တွင် စိုးစံတော်မူ၏"*

## မိုက်မဲသောဆုံးဖြတ်ချက်သည် တိုက်ခိုက်မှုကိုဖြစ်ပွားစေ၏

ယွာဘသည် ဒါဝိဒ်၏စစ်တပ်ကို ဦးဆောင်သော၊ ဣသရေလ၏ စစ်ဗိုလ်ချုပ်ဖြစ်ပါသည်။ ရှင်ဘုရင်က သူနှင့်တကွ ဣသရေလ၏ စစ်သူရဲအပေါင်းတို့ကို ရှေ့တန်းသို့ ပို့ခဲ့ပါသည်။ ဒါဝိဒ်သည် မည်သို့ လှုပ်ရှားရမည်အကြောင်း ဘုရားသခင်အား မေးလျှောက်ခြင်း အရင်မပြုဘဲ စစ်မတိုက်ခဲ့ပါ။ ဒါဝိဒ်သည် ငယ်ရွယ်စဉ်ကပင် စစ်သူရဲဖြစ်ခဲ့ပြီး၊ ရှင်ဘုရင်ဖြစ်လာသောအချိန်တွင်၊ စစ်ပွဲနှင့်ပတ်သက်၍ အတွေ့အကြုံများစွာ ရှိခဲ့ပါသည်။ တိုက်ပွဲပြင်းထန်သောအချိန်၌ မည်သို့ချဉ်းကပ်ရမည်ကိုလည်း သူကောင်းကောင်း သိခဲ့ပါသည်။

သူသည် ယွာဘနှင့်အခြားစစ်သူရဲများကို သင်ပေးခဲ့ပါသည်။ ထိုပူးပေါင်းစစ်တပ်ကို မည်သို့ရင်ဆိုင်တိုက်ခိုက်ရမည်အကြောင်း ဒါဝိဒ်သည် သေချာပြင်ဆင်ခဲ့ပါသည်။ ယွာဘသည် ဣသရေလစစ်တပ်ကို ဦးဆောင်လျက် ချီတက်ခဲ့ပါသည်။ မိမိတိုင်းပြည်အတွက် စစ်သူရဲများအား ရဲရင့်ခြင်းရှိကြဖို့ရန် တိုက်တွန်းနိုးဆော်ခဲ့ပါသည်။ ဣသရေလ မြို့ရွာများကို ဘုရားသခင်၏မြို့ရွာများဟု ခေါ်ခဲ့ပါသည်။ ထာဝရဘုရားသည် အလိုတော်ရှိသည်အတိုင်း စီရင်လိမ့်မည်ဟု ထပ်၍ပြောကြားခဲ့ပါသည်။ ထိုအချက်ကို ယွာဘသည် ဒါဝိဒ်ထံမှ သင်ယူခဲ့ခြင်းဖြစ်၏။ တိုက်ပွဲတွင်၊ ရန်သူဘက်စစ်သူရဲများစွာ သေဆုံးခဲ့ကြပါသည်။ ဣသရေလက သူတို့ကို နိုင်သဖြင့်၊ သူတို့သည် ထွက်ပြေးခဲ့ကြ၏။ ထာဝရဘုရားက ဣသရေလအား အောင်မြင်မှု ပေးတော်မူခဲ့ပါသည်။

ရှုရိလူတို့နှင့် အမ္မုန်အမျိုးသားတို့သည် ဒုတိယအကြိမ် ကြိုးစားခဲ့သော်လည်း၊ ဣသရေလ၏ အောင်မြင်ခြင်း လျှို့ဝှက်ချက်ကို မသိခဲ့ကြပါ။ ပထမအကြိမ် ရှုံးနိမ့်ပြီးနောက်၊ သူတို့သည် ပို၍များပြားသော စစ်တပ်ကို စုစည်းခဲ့ကြ၏။ ဒါဝိဒ်သည် ရှေ့တန်းသို့ ချီတက်လာခဲ့ပြီး၊ ရှုရိလူများကို တိုက်လျက်၊ ဣသရေလ စစ်တပ်ကို ဦးဆောင်ခဲ့ပါသည်။ သူတို့၏ စစ်ဗိုလ်ချုပ်အပါအဝင်၊ သူတို့ကို သတ်ခဲ့ပါသည်။ ထို့နောက်၊ ရှုရိ ပူးပေါင်းတပ်သည် ဒါဝိဒ်နှင့် ငြိမ်းချမ်းရေး ယူခဲ့ကြပါသည်။ ရှုရိလူတို့သည် အမ္မုန်အမျိုးသားတို့ကို နောက်ထပ် မကူညီတော့ပါ။

ဘုရားသခင်၏လက်တော်သည် ဒါဝိဒ်အပေါ်၌ တည်ခဲ့ပါသည်။ သူသည် ဘုရားသခင်ပေးတော်မူသော ဉာဏ်ပညာကို ပိုင်ဆိုင်လျက်၊ အောင်မြင်သောသူဖြစ်ခဲ့ပါသည်။ မိမိသွားရာလမ်းအတွက် ဘုရားသခင်၏လမ်းပြတော်မူခြင်းကို တောင်းလျှောက်ပါလော့။ ပြုသောအမှုများ၌ ကိုယ်တော်ကို ယုံကြည်ကိုးစားခြင်းရှိလော့၊ သို့ပြုလျှင် ဘုရားသခင်၏ကျေးဇူးတော်နှင့် ခွန်အားပေးတော်မူခြင်းအားဖြင့် သင်သည် အောင်မြင်ခြင်း ရရှိလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ကျွန်ုပ်တို့၏ တောင်းလျှောက်မှုကို အစဉ်နားစွင့်တော်မူ၏။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်ဆုတောင်းချက်ကို နားညောင်းလျက် အဖြေပေးတော်မူပါ။



ကြာသပတေး၊ ဩဂုတ် (၂၇)
၂ ရာ ၁၆
ဆာလံ ၄၆း၁-၇

*"ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားသည် ငါတို့နှင့်အတူရှိတော်မူ၏။ ယာကုပ်အမျိုး၏ ဘုရားသခင်သည် ငါတို့ခိုလှုံရာဖြစ်တော်မူ၏"*

## ဒါဝိဒ်သည် နိမ့်ကျသောဘဝကို သည်းခံခဲ့၏

မိမိနန်းတော်မှ ထွက်ခွာလျက် သွားစရာ နေရာ မရှိသော ဒါဝိဒ်၏ဘဝသည် အလွန်နိမ့်ကျသောဘဝဖြစ်ခဲ့ပါသည်။ သူသည် ဣသရေလ ရှင်ဘုရင်ဖြစ်ပြီး၊ ယခုအခါ သားတော်က သူ့ကို ထွက်ပြေးစေခဲ့ပါသည်။ သူ့ကို အားပေး သနားသောသူ များစွာရှိခဲ့ပါသည်။ ရှောလု အိမ်တော်၏ ကျွန်တဦးသည် ရှင်ဘုရင်၏ မိတ်ဆွေဖြစ်ခဲ့ပြီး၊ သူက အစားအစာကို ယူလာပေးလျက်၊ အားပေးခဲ့ပါသည်။ ဗင်္ယာမိန် အမျိုးသားထဲမှ အခြားသူစိမ်းတဦးမူကား ထိုဝမ်းနည်းဖွယ်အဖြစ်အပျက်ကို အခွင့်ကောင်းယူလျက်၊ ဒါဝိဒ်အား ကဲ့ရဲ့ခဲ့ပါသည်။ ရှင်ဘုရင်က မိမိကျွန်များအား ထိုသူကို အန္တရာယ် မပြုကြဖို့ရန် ဆီးတားခဲ့ပါသည်။

ထိုအချိန်တွင်၊ အဗရှလုံသည် နန်းတော်ကို သိမ်းပိုက်လျက်၊ မှတ်သားရမည်မှာ သူသည် ဒါဝိဒ်၏ တန်ပြန်တိုက်ခိုက်ခြင်း၌ ပါဝင်သော အကြံပေးပုဂ္ဂိုလ်၏ အကြံပေးမှုဖြင့် စတင်အမှုဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ပါသည်။ ဒါဝိဒ်သည် လွယ်လွယ် လက်မလျှော့ခဲ့ပါ။ သူသည် နန်းတော်သို့ ပြန်သွားဖို့ရန် သေချာ အစီအစဉ် ဆွဲထားခဲ့ပါသည်။ ထိုအချိန်၌၊ သူ့ကို သနားသော မိတ်ဆွေသည် လာ၍ ဒါဝိဒ်အား ခွန်အားပေးခဲ့ပါသည်။ ရှင်ဘုရင်သည် နန်းတော်မှ ထွက်ခွာခဲ့ပြီး၊ နေစရာ မရှိဖြစ်ခဲ့ပါသည်။ ထိုအတွေ့အကြုံသည် သူ့အတွက် ပထမအကြိမ် မဟုတ်ခဲ့ပါ။ ရှင်ဘုရင် ရှောလုက သူ့ကို သတ်ဖို့ရန် လိုက်ရှာသောအချိန်၌ သူသည် ထိုသို့သောအခြေအနေဖြင့် နေထိုင်ခဲ့ဖူးပါသည်။

ဇိဘသည် ရှောလု၏ကျွန်ဖြစ်ပြီး၊ ဒါဝိဒ်က မိမိနှင့်အတူ နန်းတော်၌ နေထိုင်ဖို့ရန် မေဖိဗောရှက် (ယောနသန်၏သား) အား ဖိတ်ခေါ်ခဲ့သောအချိန်၌ ရှောလု၏ပိုင်ဆိုင်မှုများကို ထိန်းသိမ်းစေဖို့ရန် တာဝန်ပေးခြင်းခံရသောသူလည်းဖြစ်ပါသည်။ ဇိဘသည် ထိုသို့ချီးမြှောက်ခြင်းခံခဲ့ရသောကြောင့်၊ ရှင်ဘုရင်၏မိတ်ဆွေဖြစ်လာခဲ့ပါသည်။ သူ၏ဝမ်းမြောက်ခြင်းကို ဖော်ပြဖို့ရန် အခွင့်ရလာခဲ့ပါသည်။ သူသည် ဒါဝိဒ်နှင့် သူ့လူများအားလုံးအတွက် လုံလောက်သော အစားအစာကို ယူလာပေးခဲ့၏။ ဒါဝိဒ်ထံ သူ၏သစ္စာရှိမှုကို ပြသခဲ့ပါသည်။ သူသည် ရှင်ဘုရင်ကို ကောင်းကောင်း သိခဲ့သည်ဖြစ်သောကြောင့်၊ ရှင်ဘုရင်သည် ယေရုရှလင်မြို့သို့ ပြန်သွားလိမ့်မည်အကြောင်း သိခဲ့သည်ဟု ထင်မှတ်ရပါသည်။ အဗရှလုံ၏ ပုန်ကန်မှုခံရသောအချိန်၌ ထိုသူ ပြုခဲ့သောအမှုသည် ဒါဝိဒ်အတွက် ခွန်အားဖြစ်ခဲ့ပါသည်။ သူ့ကို ထောက်ခံအားပေးသောသူ အချို့ရှိခဲ့ပါသည်။

**ဆင်ခြင်ရန်** - သူတပါးအပေါ်ထားရှိသော ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာသည် လိုအပ်သော အချိန်၌ အကူအညီပေးခြင်း၊ မစခြင်းအကြောင်းကို ဖြစ်စေတတ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်မည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ ဩဂုတ် (၂၆)
၂ ရာ ၁၅
ယာကုပ် ၄း၅-၁၀

*“ဘုရားသခင့်ရှေ့တော်၌ကိုယ်ကိုကိုယ်နှိမ့်ချကြလော့။ သို့ပြုလျှင် သင်တို့ကို ချီးမြှောက်တော်မူလိမ့်မည်”*

## ပုန်ကန်မှုကို အနိုင်ယူရန် ဒါဝိဒ်၏အစီအစဉ်

ဒါဝိဒ်သည် ထိုခေတ်ကာလရှိ ထူးချွန်ကျွမ်းကျင်သောသူအပေါင်းကို ပိုင်ဆိုင်ထားခဲ့ပြီး၊ မိမိကိုယ်တိုင်လည်း စစ်ရေးကျွမ်းကျင်သောသူဖြစ်ပါသည်။ သူသည် ရှောလုခေတ်၌ ထိုသို့ထွက်ပြေးခြင်းကို များစွာ ကြုံတွေ့ခဲ့ပါသည်။ ထိုအရည်အချင်းများအပြင်၊ ပို၍အရေးကြီးသောအရာတခုမှာ၊ ဒါဝိဒ်သည် ဆုတောင်းသောသူ ဖြစ်ပါသည်။ ဘုရားသခင်၏အလိုတော်ကို တောင်းလျှောက်ခြင်းမရှိဘဲ၊ ဘယ်အမှုကိုမျှ မပြုခဲ့ပါ။

မိမိ၏အစီအစဉ်၌ ယဇ်ပုရောဟိတ် ဇာဒုတ်၏အကူအညီကို ထည့်သွင်းခဲ့ပါသည်။ ထို့ကြောင့်၊ ဘုရားသခင်အား တောင်းလျှောက်သည်သာမက၊ သူသည် ယဇ်ပုရောဟိတ်အား ပဋိညာဉ်သေတ္တာတော်ကို ယေရုရှလင်မြို့သို့ ပြန်လည် ယူဆောင်ဖို့ရန် မိန့်တော်မူခဲ့၏။ သူသည် အတင်းပို့သောသူများနှင့်အတူ ယဇ်ပုရောဟိတ်အပေါင်းကို ပါဝင်စေခဲ့ပါသည်။ သာမန်ပြည်သူအမြင်၌ ဒါဝိဒ်သည် အနိမ်ခံဘဝသို့ ရောက်ခဲ့ပါသည်။ သို့သော်လည်း၊ ဒါဝိဒ်သည် ဘုရားသခင်ကိုသာ စေ့စေ့မျှော်ကြည့်ခဲ့ပါသည်။ သူသည် ထိုသို့ထွက်သွားစဉ် လူထုရှေ့၌ ငိုကြွေးခဲ့ပါသည်။ သို့သော်လည်း၊ ဘုရားသခင်သည် သူနှင့်အတူ ပါရှိတော်မူ၏။

ဒါဝိဒ်၏ အကြံပေးအမတ်ဖြစ်သော၊ အဟိသောဖေလသည် အဗရှလုံဘက်၌ ရပ်တည်လျက်၊ ဒါဝိဒ်အတွက် အဓိက အန္တရာယ်ဖြစ်လာခဲ့ပါသည်။ ဒါဝိဒ်သည် အဟိသောဖေလ၏ အကြံအစည်ကို အနိုင်ယူမည်အကြောင်း ဘုရားသခင်ထံ တောင်းလျှောက်ခဲ့ပါသည်။ ဒါဝိဒ်က ထို အဟိသောဖေလ၏ အကြံကို အနိုင်ယူဖို့ရန် အခြားအကြံပေးပုဂ္ဂိုလ်ကို ယေရုရှလင်မြို့သို့ စေလွှတ်လျက် တာဝန်ပေးခဲ့ပါသည်။ ဒါဝိဒ်၏ သူလျှိုကွန်ယက်တွင် ယဇ်ပုရောဟိတ်များပါဝင်ကြပြီး၊ သူ၏အကြံပေးအမတ်တဦးမှာ ဟုရှဲဖြစ်ပါသည်။ သူ့ကို တန်ပြန်တိုက်ခိုက်ခြင်းအတွက် ဒါဝိဒ် စီစဉ်ခဲ့၏။ ဟုရှဲသည် ဒါဝိဒ်ထံရောက်လာသောအခါ၊ အဝတ်ကို ဆုတ်လျက် ရောက်လာခဲ့၏။ ဒါဝိဒ်က သူ့ကို ယေရုရှလင်မြို့မှ ထွက်မသွားစေဘဲ၊ မိမိအတွက် သတင်းများကိုစုဆောင်းလျက် နေခဲ့ရမည်အကြောင်း နည်းဗျူဟာ ရေးဆွဲခဲ့ပါသည်။ ဒါဝိဒ်သည် အောင်မြင်မှုရယူရန် အသင့်ရှိနေခဲ့၏၊ အကြောင်းမှာ သူသည် ဘုရားသခင်ကို ယုံကြည်ကိုးစားခဲ့ပါသည်။

အဗရှလုံက ဒါဝိဒ်အား ယေရုရှလင်မြို့မှ ထွက်ခွာစေခဲ့ပါသည်။ သို့သော်လည်း၊ ထိုသို့သော အန္တရာယ်အကြား၌ပင်၊ ဒါဝိဒ်သည် ဘုရားသခင်ကို စေ့စေ့ကြည့်ရှုလျက်၊ ပြန်လာဖို့ အစီအစဉ်ချမှတ်ခဲ့ပါသည်။ ဘုရားသခင်က သူ့ကို လမ်းပြစောင့်မတော်မူ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏လူသည် ဘယ်တော့မှ နည်းလမ်း ကုန်ဆုံးသည်ဟူ၍ မရှိပါ။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်ဆုတောင်းချက် အဖြေပေးတော်မူမည့် ကိုယ်တော်ကို အစဉ် စောင့်လျက်နေမည်အကြောင်း မစတော်မူပါ။



သောကြာ၊ ဩဂုတ် (၇)
၂ ရာ ၁၁
၁ ယော ၂း၁၅-၁၇

*“ဘုရားသခင်၏အလိုတော်နှင့်အညီ ကျင့်သောသူမူကား၊ နိစ္စထာဝရတည်၏”*

## ဒါဝိဒ် သွေးဆောင်ခြင်း ခံရခဲ့၏ (၁)

လူ့စိတ်နှလုံးသည် လုံးဝယိုယွင်း ပျက်စီးခြင်းရှိသည်ဖြစ်၍၊ သွေးဆောင်ခြင်း၌ ကျဆုံးလျက်၊ အပြစ်ကို လက်တွေ့ကျူးလွန်တတ်၏။ ဒါဝိဒ်သည်လည်း သွေးဆောင်ခြင်း ခံရ၍ အပြစ် ကျူးလွန်ခဲ့ပါသည်။ ထိုအပြစ်သည် သူ့ဘဝ၌ ကြီးမားသော အမည်းစက်ဖြစ်ခဲ့ပါသည်။ သူသည် စစ်ရေးကျွမ်းကျင်သော ခေါင်းဆောင်ဖြစ်သော်လည်း၊ ယခုတခေါက်တွင်၊ သူ၏စစ်ဗိုလ်ချုပ်သည် စစ်မြေပြင်တွင်စစ်တိုက်လျက်ရှိပါသည်။ သူ၏စစ်သူရဲတို့သည် တိုင်းပြည်ကို ကာကွယ်လျက် စစ်တိုက်နေကြ၏။ ရှင်ဘုရင် ဒါဝိဒ်သည် တိုက်ပွဲကို ဦးဆောင်ခဲ့သင့်ပါသည်။ သို့သော်လည်း၊ သူသည် မိမိ၏တာဝန်ကို ပျက်ကွက်လျက်၊ နန်းတော်၌ အချိန်ဖြုန်းနေခဲ့ပါသည်။ ထိုအခါ သွေးဆောင်ခြင်း ရောက်ရှိလာ၏။

ဒါဝိဒ်သည် ညဦးယံ လျှောင်းစက်ရာမှ ထ၍ ဟိုဟိုဒီဒီ ကြည့်လျက် မိန်းမတယောက်ကို မြင်တွေ့ခဲ့၏။ နောက်ဆုံးတွင်၊ သူသည် မာရ်နတ်၏ကျော့ကွင်းထဲသို့ ကျလျက်၊ အလွန်ကြီးမားသော အပြစ်ကို ကျူးလွန်ခဲ့ပါသည်။ သူသည် မိမိ၏အပြစ်ကို ဖုံးကွယ်ဖို့ရန် ကြိုးစားခဲ့သော်လည်း၊ အမှန်တရားသည် ဖုံးကွယ်၍မရ၊ အချိန်တန်သောအခါ ပေါ်လာတတ်ပါသည်။ ဒါဝိဒ်သည် အပြစ်ကျူးလွန်ခဲ့ပြီး၊ ဘုရားသခင်နှင့်ပြန်လည် သင့်မြတ်ဖို့ရန် ဘုရားသခင်၏ ကျေးဇူးတော် လိုအပ်ခဲ့ပါသည်။ သွေးဆောင်ရာသို့ လိုက်ပါခြင်းသည် အပြစ်ဖြစ်ပါသည်။

ဘုရားသခင် ပြုစေလိုသောအမှုကို မပြုသောအခါ၊ ဒါဝိဒ်သည် သွေးဆောင်ခြင်းကို ခံရခဲ့ပါသည်။ ထိုအခါ၊ သူ၏စိတ်သည် မာရ်နတ်၏ အလုပ်ရုံဖြစ်လာခဲ့ပြီး၊ သူ့အတွက် ကြီးမားသော အန္တရာယ် ဖြစ်လာခဲ့ပါသည်။ သူ၏အဓိကတာဝန်သည် တိုင်းပြည်ကို ရန်သူလက်မှ ကာကွယ်ခြင်းဖြစ်သော်လည်း၊ သူသည် နန်းတော်၌ ကျန်နေခဲ့ပါသည်။ ထို့ပြင် တရားမျှတခြင်းနှင့်ဆိုင်သော သူ၏အခြားတာဝန်များကိုလည်း လျစ်လျူရှုခဲ့သည်ဟု ထင်မှတ်နိုင်ပါသည်။

ဒါဝိဒ်သည် ထိုသို့သော စိတ်သဘော အစဉ် ရှိခဲ့သည် မဟုတ်ပါ။ သူသည် မိမိ၏တာဝန်၌ အစဉ် တက်ကြွသောသူ၊ တာဝန် ကျေပွန်သောသူ ဖြစ်ခဲ့ပါသည်။ သို့သော်လည်း၊ ယခုမူကား၊ သွေးဆောင်ခြင်း အချိန်အခါ ဖြစ်ခဲ့ပါသည်။ သူသည် မိမိတာဝန်ကို မထမ်းရွက်သောကြောင့်၊ သူ၏စိတ်တို့သည် ယောင်လည်လည်ဖြစ်ခဲ့သည်ဟု ထင်ရပါသည်။ ကျမ်းစာထဲ၌၊ ထိုသို့တာဝန်လစ်ဟင်းသောအချိန်၌ သူသည် နန်းတော်မိုးပေါ်မှာ စင်္ကြံသွားစဉ် ရေချိုးနေသော မိန်းမတယောက်ကို မြင်တွေ့လျက်၊ သူမကို စွဲလမ်းခဲ့ပါသည်။ မကောင်းသောအကြံသည် သူ့ကိုချက်ချင်း ဖမ်းဆုပ်ခဲ့ပါသည်။ သူသည် ထိုအချိန်နာရီ၌ သတိမမူဘဲ ရှိနေခဲ့၏။

**ဆင်ခြင်ရန်** - သွေးဆောင်ခြင်းသည် စာတန်အစဉ်အသုံးပြုသော လက်နက်ဖြစ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ သွေးဆောင်ခြင်းသို့ ပို့ဆောင်ပေးနိုင်သောအရာမှန်သမျှကို ရှောင်ရှား မည်အကြောင်း အကျွန်ုပ်အား မစတော်မူပါ။

*"လက်ယာလက်ဖြစ်သော်လည်း သင့်ကို မှားယွင်းစေလျှင်၊ ထိုလက်ကို ဖြတ်ပစ်လော့။"*

## ဒါဝိဒ် သွေးဆောင်ခြင်း ခံရခဲ့၏ (၂)

ဒါဝိဒ်၏ ပထမခြေလှမ်းက တပ်မက်ခြင်းသို့ ခေါ်ဆောင်ခဲ့ပြီး၊ ထို့နောက် ဥပမာအနေဖြင့် ဖော်ပြမည်ဆိုလျှင်၊ ထိုတပ်မက်ခြင်း စစ်ပွဲ၌ သူရှုံးနိမ့်ခဲ့ပါသည်။ သူသည် တိုက်ပွဲတိုင်း၌ ရှုံးနိမ့်ခြင်းကို မခံစားခဲ့ရသော်လည်း၊ ယခု မာရ်နတ်၏လက်နက်နှင့် ကြုံတွေ့သောအခါ ကျဆုံးခဲ့ပါသည်။

ကျမ်းစာ၌ ထိုမိန်းမသည် အလွန်အဆင်းလှသည်ဟု ဖော်ပြခဲ့ပါသည်။ ဤအချက်၌ ယောကျ်ားများ၏အားနည်းချက် တည်လျက်ရှိပါသည်။ ဒါဝိဒ်သည် ထိုအချက်ကို သိခဲ့သော်လည်း၊ ထိုသွေးဆောင်ခြင်းထဲသို့ ကျဆုံးခဲ့ပါသည်။ မိမိ၏တာဝန်များကို ဆောင်ရွက်ဖို့ရန် နောက်လှည့်ရမည့်အစား သူသည် ထိုမိန်းမကို ဆက်လက် စိတ်ကူးယဉ်ခဲ့ပါသည်။ သူသည် သူ့မယားကို လွန်ကျူးခဲ့ပြီဖြစ်ပါသည်။ ယေရှုက ဘုရားသခင်၏ပညတ်တရားကို ကိုးကားလျက် ထိုသို့သော စိတ်ကူးမရှိဖို့ တားမြစ်တော်မူခဲ့၏။ သူသည် လူထုအား၊ "သူ့မယားကို မပြစ်မှားနှင့်" (ထွက် ၂၀း၁၄) ဟူသော ပညတ်တရားကို မိန့်တော်မူလျက်၊ မည်သူမဆို မိန်းမတယောက်ယောက်ကို တပ်မက်သောစိတ်နှင့် ကြည့်လျှင် စိတ်ထဲ၌ သူ့မယားကို ပြစ်မှားပြီဟုရှင်းပြတော်မူခဲ့၏ (မသဲ ၅း၂၇-၂၈)။ ဤအပြစ်၌ ကျဆုံးသောသူသည် ဒါဝိဒ်တဦးတည်းသာ မဟုတ်ပါ။ ယနေ့ များစွာသော ယောကျ်ားများသည် ဘုရားသခင်ရှေ့၌ ထိုအပြစ်ကို လွန်ကျူးခဲ့ကြပါသည်။ ထိုတရားကို သဘောတူလျက်၊ Matthew Henry ကဤသို့ သုံးသပ်ခဲ့ပါသည်၊

"ဒါဝိဒ်၏အပြစ်ကျူးလွန်ခြင်းအမှု၌ ဘယ်အရာက ထိုသို့ဖြစ်စေသည်ကို သုံးသပ်ကြပါစို့။ (၁) မိမိ၏တာဝန် လျစ်လျူခြင်း။ သူသည် ယေရုရှလင်မြို့၌ ကျန်နေခဲ့၏။ ကျွန်တော်တို့သည် မိမိ၏တာဝန်ကို မထမ်းဆောင်သောအခါ၊ သွေးဆောင်ခြင်းထဲသို့ ရောက်တတ်၏။ (၂) အနားယူခြင်းကို နှစ်သက်ခြင်း။ ပျင်းရိခြင်းသည် သွေးဆောင်သောသူအား အခွင့်ထူး ပေးတတ်၏။ (၃) ဟိုဟိုဒီဒီ မျက်စိ ကစားခြင်း။ သူသည် ယောဘကဲ့သို့ မိမိမျက်စိနှင့် ပဋိညာဉ် မပြုခဲ့ပါ (သို့) ဒီတကြိမ် မေ့လျော့ခဲ့ခြင်းလည်း ဖြစ်နိုင်ပါသည်။ အပြစ်လွန်ကျူးခြင်း အဆင့်ဆင့်ကို သုံးသပ်ပါလော့။ အပြစ်ပြုရာလမ်းသည် ကုန်းဆင်းလမ်းဖြစ်၍၊ မကောင်းမှုကို ပြုသောသူသည် လွယ်လွယ် ရပ်တန့်၍ မရပါ။ အပြစ်၏ကြောက်ရွံ့ရွံ့ရှာစရာကောင်းမှုကို သုံးသပ်ကြည့်ပါလော့။ ဒါဝိဒ်သည် မိမိကိုယ်တိုင် အပြစ်ရှိသောသူဖြစ်လျက်ပင်၊ အဘယ်သို့ သူတပါးအပေါ် အပြစ်ဖို့နိုင်ခဲ့ပါသနည်း။"

ဒါဝိဒ်သည် မိမိကိုယ်ကို မထိန်းချုပ်နိုင်သောကြောင့်၊ သွေးဆောင်ခြင်းထဲသို့ ကျဆုံးခဲ့ပါသည်။ သူသည် ထိုမိန်းမကို တပ်မက်လျက်၊ ထိုမိန်းမအကြောင်းကို မေးမြန်းစေခဲ့ပါသည်။ ဤသည်ကား၊ များစွာသော မိမိ၏ဆုံးဖြတ်ချက်များ၌ ဘုရားသခင်၏အလိုတော်ကို လိုက်လျှောက်ခဲ့သော ရှင်ဘုရင်တပါး ပြုရမည့်အမှုအဖြစ် လုံး၀ သင့်တော်ခြင်း မရှိခဲ့ပါ။ အပြစ်သည် ရာထူးဂုဏ်ပုဒ် ခွဲခြားခြင်း မပြုပါ။

**ဆင်ခြင်ရန်** - အပြစ်သွေးဆောင်မှု အောင်နိုင်ခြင်းသည် အစဉ်နာခံခြင်းရှိခြင်းဖြင့် ရနိုင်၏။
**ဆုတောင်းချက်-** အဖဘုရား၊ "အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေနှင့်" (မသဲ ၆း၁၃)။





*"အကြောင်းမူကား၊ မင်းကြီးသည် ထာဝရဘုရားကို ကိုးစား၍၊ အမြင့်ဆုံးသောဘုရား၏ ကရုဏာတော်ကြောင့် တည်ကြည်တတ်ပါ၏"*

## အဗရှလုံ၏ ပုန်ကန်ခြင်း အကြံအစည် ပျက်စီးခဲ့၏

အဗရှလုံသည် ဣသရေလပြည်တလျှောက်လုံး၌ သူလျှိုများကို စေလွှတ်လျက်၊ တံပိုးမှုတ်သံကို ကြားသောအခါ အဗရှလုံသည် ရှင်ဘုရင်ဖြစ်သည်ဟု ပြောဆိုစေခဲ့ပါသည်။ သူတို့က အဗရှလုံသည် ဟေဗြုန်မြို့၌ နန်းထိုင်တော်မူပြီဟု ပြောကြရမည်ဖြစ်ပါသည်။ ဤသည်ကား ခမည်းတော်၏ အာဏာကို သိမ်းယူခြင်း ပေတည်း။ သူသည် လူအယောက် နှစ်ရာနှင့်အတူ ယေရုရှလင်မြို့မှ ထွက်သွားခဲ့ပါသည်။ သူတို့သည် ရွေးချယ်ခြင်းခံသောသူများဖြစ်သော်လည်း၊ အဗရှလုံသည် ပုန်ကန်ဖို့ရန် စစ်တပ်ဖွဲ့စည်းလိုခဲ့ကြောင်းကို သူတို့ မသိခဲ့ကြပါ။ အကြံအစည်အားလုံး သေချာ ချမှတ်ထားခဲ့ပြီး၊ အခြေအနေသည် အဗရှလုံအား မျက်နှာပေးလျက်ရှိပါသည်။

ထိုပုန်ကန်မှုအကြံအစည်တွင်၊ အဗရှလုံသည် ဒါဝိဒ်၏ အနီးကပ် အကြံပေးအချို့ကိုလည်း မိမိဘက်ပါလာဖို့ရန် အတင်း ဆွဲဆောင်ခဲ့ပြီး၊ အဟိသောဖေလနှင့် အခြားငယ်သားအချို့လည်း သူ့ဘက် ပါလာခဲ့ကြပါသည်။ ဒါဝိဒ်ကို နှင်ချဖို့ရန် အစီအစဉ် အားလုံး ချမှတ်ခဲ့ကြ၏။ ထိုသို့ဖြစ်သော်လည်း၊ ဒါဝိဒ်သည် လွယ်လွယ်နှင်ချ၍ ရသောသူ မဟုတ်ခဲ့ပါ။ ထို့ပြင်၊ သူသည် ဣသရေလ၏ ရာဇပလ္လင်ကို အတင်း မလုယူခဲ့ပါ။ ဘုရားသခင်က ဘိသိက်ပေးတော်မူလျက်၊ အချိန်တန်သောအခါ ရှင်ဘုရင် ရှောလုကို ဖယ်ရှားလျက်၊ သူ့ကို ဣသရေလလူအပေါင်းက နှစ်သက်လျက် ရှင်ဘုရင်အဖြစ် တင်မြှောက်ခဲ့ကြခြင်းဖြစ်ပါသည်။ အဗရှလုံသည် ဘုရားသခင်၏ဘိသိက်ပေးခြင်း ခံရသောသူ မဟုတ်၊ ခမည်းတော်ကဲ့သို့ သူသည် ဘုရားသခင်၏စကားကို လိုက်လျှောက်သောသူ မဟုတ်ခဲ့ပါ။ သူသည် (Bunyan ၏ဘုရားဖူးစာအုပ်ထဲမှ ဇာတ်ဆောင်တဦး၏နာမည်ကို ယူခဲ့ပါလျှင်) လောကီပညာရှိ သာဖြစ်ပါသည်။ သူ၏အကြံအစည်တို့သည် သူ့အလိုအတိုင်း ဆက်လက် အဆင်ပြေလျက်ရှိပါသည်။ ထိုအမှုအားလုံးနှင့် သစ္စာဖောက်ဦးရေများကို ဒါဝိဒ် ကြားသိခဲ့ပါသည်။ ရှင်ဘုရင်သည် လျှင်မြန်စွာ ဆုံးဖြတ်ချက်ချလျက်၊ နောက်ဆုတ်ခြင်း နည်းဗျူဟာကို စီစဉ်ခဲ့ပါသည်။

ဣသရေလလူများ၏စိတ်နှလုံးသည် အဗရှလုံဘက်၌ ပါသွားပြီဟူသောသတင်းကို ကြားသိရသောအခါ၊ ဒါဝိဒ်သည် ယေရုရှလင်မြို့မှ ထွက်သွားဖို့ ဆုံးဖြတ်ခဲ့ပါသည်။ ပြန်လာမည့်အချိန်၌ အသုံးလိုသော သူအချို့ထားခဲ့သည်မှအပ၊ နန်းတော်၌ရှိသောသူအပေါင်းတို့သည် ထွက်သွားခဲ့ကြ၏။ အဗရှလုံက မိမိထံ သစ္စာရှိသောသူနှင့် ရှင်ဘုရင်ဘက်၌ ရပ်တည်သောသူ မည်သူဖြစ်သည်ကို မသိခဲ့ပါ။ ဒါဝိဒ်၏ကျွန်များတို့သည် နာခံလျက်၊ သူ့နောက်သို့ လိုက်ခဲ့ကြပါသည်။ ထိုများစွာသော လူများသည် ရှင်ဘုရင်နှင့်အတူ ထွက်ခွာခဲ့ကြ၏။ ဒါဝိဒ်သည် မိမိ၏အသက်ကို အဓိကထားခဲ့ပါသည်။ ထို့ကြောင့် လုံခြုံသောနေရာသို့ ထွက်သွားခဲ့ခြင်းဖြစ်ပါသည်။ ဒါဝိဒ်သည် မျှော်လင့်ချက်မမဲ့ခဲ့ပါ။ ဘိသိက်ပေးခြင်းခံရသောအချိန်မှစ၍ အတွေ့အကြုံများစွာ ရှိခဲ့ပါသည်။ ရှောလုနှင့် ရင်ဆိုင်နေခဲ့စဉ်၊ သူသည် လိမ္မာပါးနပ်စွာ လှုပ်ရှားခဲ့ပြီး သေချာသော ဆုံးဖြတ်ချက် ချမှတ်တတ်ခဲ့၏။

**ဆင်ခြင်ရန်** - ဉာဏ်ပညာရှိသော ခေါင်းဆောင်သည် စိတ်ပျက်ခြင်းမရှိဘဲ၊ မျှော်လင့်ခြင်းပြတင်းပေါက် တွေ့ရှိတတ်၏။
**ဆုတောင်းချက်-** အဖဘုရား၊ အခက်အခဲကြုံတွေ့သောအချိန်၌ မမြင်နိုင်သော ကိုယ်တော်၏ လက်တော်ကို အကျွန်ုပ်အား မြင်စေတော်မူပါ။

*"ထာဝရဘုရားသည် ချစ်တော်မူသောသူကို ဆုံးမတော်မူတတ်၏။ နှစ်သက်တော်မူသောသားကို ဒဏ်ခတ်တော်မူ၏"*

## အဗရှလုံ၏ ဉာဏ်နီဉာဏ်နက် ချဉ်းကပ်မှု အလုပ်ဖြစ်ခဲ့ပါသည်

အဗရှလုံသည် ရှင်ဘုရင်နေရာကို လုယူဖို့ရန် ကြံစည်ဖြင့်၊ ဉာဏ်နီဉာဏ်နက် အသုံးပြုခဲ့ပါသည်။ သူသည် ပြည်သူများအား မျှော်လင့်ချက်ပေးလျက်၊ ကောင်းမွန်စွာ ဆက်ဆံခဲ့ပါသည်။ သူတို့၏ ထောက်ခံမှုကို ရယူလိုခဲ့ပါသည်။ သူသည် ခမည်းတော်၏ကျော်ကြားမှုကို သိသဖြင့်၊ ပြည်သူများအား မိမိဘက်ပါလာအောင် ပါးနပ်စွာ ချဉ်းကပ်ခဲ့ပါသည်။ သူနှင့်တွေ့ဆုံခဲ့သောသူများသည် သူ၏အကြံအစည်ကို မရိပ်မိခဲ့ကြပါ။ သူတို့က အဗရှလုံ ပြုသောအမှုကို ဒါဝိဒ် သိသည်ဟု ထင်ခဲ့ကြပါသည်။

အဗရှလုံသည် ပြည်သူများကို ချစ်ခြင်းမေတ္တာ၊ သနားကြင်နာခြင်းဖြင့် ဆက်ဆံခဲ့ပြီး၊ သူတို့ကလည်း ရှင်ဘုရင်ဖြစ်လာမည့်သူ ပြုရမည့်အမှုဟု ထင်ခဲ့ကြပါသည်။ ကျမ်းစာ၌ သူသည် ဣသရေလလူတို့၏ စိတ်နှလုံးကို ခိုးလေ၏ဟု ဖော်ပြထားပါသည်။ အဗရှလုံသည် ထိုသို့သော ပုဂ္ဂိုလ်ဖြစ်ပါသည်။ သူသည် အာမနုန်အား သတ်ခဲ့သောအချိန်၌ ညီမ တာမာ အတွက် ဂလဲ့စားချေသည်ဟု ဆိုခဲ့ပါသည်။ တာမာအတွက် တရားမျှတမှု ရှာသကဲ့သို့ ပေါ်လွင်ထင်ရှားခဲ့ပါသည်။ ဂေရှုရမြို့မှပြန်လာသောအခါ၊ သူသည် မိမိအိမ်၌ နေလျက်၊ သာမန်အလုပ်ကို လုပ်ခဲ့ပါသည်။ နှစ်နှစ်လုံးလုံး ရှင်ဘုရင် တွေ့ရသောအခွင့် မရသောအခါ၊ ယွာဘကို အတင်းခေါ်လျက်၊ မိမိ၏ဆန္ဒကို ဖော်ထုတ်ခဲ့ပါသည်။ အာမနုန်သတ်ခြင်းအမှု၌ ရှင်ဘုရင် မည်သို့ စီရင်မည်ကို သိလိုခဲ့ပါသည်။ ထို့ကြောင့်၊ သူသည် ယွာဘ၏ မုယောစပါးလယ်ကို မီးရှို့ခဲ့ပါသည်။ ထိုအခါ သူ၏ဆန္ဒသည် ပြည့်စုံခဲ့ပါသည်။ အဗရှလုံသည် အလွန် ပါးနပ်ပြီး၊ ကောက်ကျစ်စဉ်းလဲခဲ့ပါသည်။ နောက်ဆုံးတွင်၊ သူသည် ရှင်ဘုရင်နေရာကို လုယူဖို့ရန် ကြံစည်ခဲ့ပြီး၊ ဒါဝိဒ်၏ စုံစမ်းရေးကွန်ယက်ကို ဖျက်ထောက်ခဲ့ပြီး၊ အောင်မြင်လုဖြစ်ခဲ့ပါသည်။

အဗရှလုံသည် ပုန်ကန်ဖို့ ပြင်ဆင်ခဲ့ပါသည်။ သူသည် သေချာပြင်ဆင်ခဲ့ပြီး၊ မိမိ၏ အကြံအစည်ကို လက်တွေ့ဖော်ဆောင်ဖို့ရန် အသင့်ရှိခဲ့ပါသည်။ ထိုအကြံအစည်ကို လက်တွေ့ဖော်ဆောင်ဖို့ရန် အဓိကကျသောမြို့သည် ဟေဗြုန်မြို့ဖြစ်ပါသည်။ ယေရုရှလင်ကို မြို့တော်အဖြစ် မသတ်မှတ်မီ ဒါဝိဒ်သည် ထိုမြို့မှ အုပ်စိုးခဲ့ပါသည်။ ထိုမြို့သည် ယေရှေ အမျိုးအနွယ်၏အိမ်တော်ဖြစ်ခဲ့ပါသည်။ ထိုမြို့သို့ သွားခြင်းသည် အံ့ဩစရာမရှိပါ၊ အကြောင်းမှာ ထိုမြို့သည် သူ့မိသားစုအိမ်ဖြစ်ပါသည်။ သူက ရှင်ဘုရင်အား မိမိသည် ဂေရှုရမြို့၌ နေခဲ့စဉ် ဂတိသစ္စာတခုပြုခဲ့ကြောင်း၊ ဟေဗြုန်မြို့၌ ထိုဂတိသစ္စာဝတ်ကို ဖြေမည်ဟု ပြောခဲ့ပါသည်။ ထိုသို့ ရှင်ဘုရင်၏ခွင့်ပြုချက်ကို တောင်းခဲ့ပါသည်။ သူသည် ရိုးရိုးသားသား ပြောဆိုခဲ့သောကြောင့်၊ ဒါဝိဒ်သည် ပုံမှန်မဟုတ်သောအမှု တစုံတခုမျှ မတွေ့ခဲ့ပါ။ ဒါဝိဒ်သည် ငြင်းပယ်ခြင်း မပြုဘဲ၊ ချက်ချင်း ခွင့်ပြုခဲ့ပါသည်။

**ဆင်ခြင်ရန်** - ပိုင်ဆိုင်သော ဆုကျေးဇူး များယွင်းစွာ အသုံးပြုခြင်းသည် မပိုင်ဆိုင်ခြင်းနှင့်တူ၏။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၏အပြောအဆိုတိုင်းသည် စစ်မှန်ခြင်းရှိမည်အကြောင်း မစတော်မူပါ။





*"စိတ်နှလုံးသည် ခပ်သိမ်းသော အရာထက် စဉ်းလဲတတ်၏။ အလွန်ယိုယွင်းသော သဘောရှိ၏"*

## ယိုယွင်းပျက်စီးသော လူ့စိတ်နှလုံး

ယခုအဖြစ်အပျက်က၊ "စိတ်နှလုံးသည် ခပ်သိမ်းသောအရာထက် စဉ်းလဲတတ်၏။ အလွန်ယိုယွင်းသော သဘောရှိ၏" (ယေရ ၁၇း၉) ဟူသောအချက်ကို ထင်ရှားစေပါသည်။ ထိုအပြစ်လွန်ကျူးခြင်းက လူ့စိတ်နှလုံး ယိုယွင်းပျက်စီးမှုကို ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ဒါဝိဒ်သည် ထိုအရာအားလုံးကို သိခဲ့သော်လည်း၊ ထိုအချိန်နာရီ၌ သူ၏အသိဉာဏ်သည် အမှောင်ဖုံးခဲ့ပါသည်။ ထို့ကြောင့်၊ သူပြုခဲ့သောအမှု၏ ဆိုးကျိုးကို မသိမြင်နိုင်ခဲ့ပါ။

ထိုမိန်းမသည် ဟိတ္တိလူ ဥရိယ၏ မယား၊ ဗာသရှေဘ ဖြစ်ကြောင်း ဒါဝိဒ် သိခဲ့ရ၏။ ဥရိယသည် ဒါဝိဒ်၏ သစ္စာရှိသော စစ်သူရဲတယောက်ဖြစ်ပြီး၊ ထိုအချိန်၌ သူသည် ယွာဘနှင့်အတူ တိုင်းပြည်အတွက် တိုက်ပွဲဝင်လျက် အမ္မုန်ပြည်၌ ရှိနေခဲ့ပါသည်။ ဒါဝိဒ်က ဥရိယ မရှိသည်ကို သိခဲ့ပါသည်။ သူသည် လူကိုစေလွှတ်လျက် ထိုမိန်းမကို မိမိထံ ခေါ်လာစေခဲ့ပါသည်။ ဒါဝိဒ်သည် ဗာသရှေဘအပေါ် သူ့မယားပြုကျင့်ခဲ့ပြီးနောက်၊ ဘာမှ မဖြစ်သကဲ့သို့ နေခဲ့ပါသည်။ သို့သော်လည်း၊ သူ့ကျွန်များက ထိုအမှုကို သိကြသည်ဖြစ်သောကြောင့် သူအတွက် အရှက်ရစရာဖြစ်ခဲ့ပါသည်။ သူတို့၏ ရိုသေလေးစားမှု ဆုံးရှုံးခဲ့သည်သာမက၊ ဒါဝိဒ်သည် နောက်ထပ်အပြစ်ကို လွန်ကျူးခဲ့ပါသည်။ သူသည် အပြစ်ကို ဖုံးကွယ်ဖို့ရန် နောက်ထပ် အပြစ်များကို လွန်ကျူးခဲ့ပါသည်။

ထိုပြစ်မှားခြင်းအားဖြင့်၊ ထိုမိန်းမသည် ကိုယ်ဝန်ရခဲ့၏။ ထိုသို့ ကိုယ်ဝန်ရှိကြောင်းကို တလနှစ်လ ကြာပြီးမှ ဒါဝိဒ်ထံ လူကို စေလွှတ်လျက် အသိပေးခဲ့သည်ဟု ထင်ရပါသည်။ နှစ်ပေါင်းများစွာ ကြာပြီးနောက်၊ ရှောလမုန် (ဗာသရှေဘ၏သား) သည် ဣသရေလ ရှင်ဘုရင် ဖြစ်လာခဲ့ပါသည် (ဤအမှုသည် အပ်စပ်ခြင်း မရှိသောအမှုတခုဖြစ်ပါသည်)။ ထိုရှောလမုန်၏ ကြီးမားသော အားနည်းချက်သည် များစွာသော မိန်းမကို နှစ်သက်ခြင်းပင်ဖြစ်ပါသည်။ (သူစိမ်းမိန်းမများနှင့် အရောတဝင်နေခြင်း၏ မိုက်မဲမှုကို သုတ္တံကျမ်းထဲတွင် သွန်သင်ဖော်ပြထားပါသည်)။

ဒါဝိဒ်အကြောင်းကို ပြန်ကြည့်ကြပါစို့။ ဒါဝိဒ်သည် အကျဉ်းအကျပ်ထဲသို့ရောက်ခဲ့ပါသည်။ သူသည် အပြစ်ကို ဖုံးကွယ်ဖို့ ကြိုးစားလေလေ၊ ပို၍အပြစ်ပြုလေလေဖြစ်ခဲ့ပါသည်။ တဦးတည်း နေရသောအချိန်များသည် သွေးဆောင်ခြင်းခံရသောအချိန်များဖြစ်ပါသည်။ ဒါဝိဒ်က အရာအားလုံး ဖုံးဖိထားခဲ့ပြီဟု ထင်မှတ်ခဲ့ပါသည်။ သို့သော်လည်း၊ ထိုသို့ အပြစ်တခုပြီး တခုပြုခြင်းသည် မာရ်နတ်၏လက်နက်ဖြစ်ခဲ့ပါသည်။ သူသည် သိနားလည်ခဲ့သင့်သော်လည်း၊ အပြစ်သွေးဆောင်ရာမှ ထွက်ပြေးဖို့ မကြိုးစားခဲ့ပါ။

**ဆင်ခြင်ရန်** - အပြစ်ကို ကုစားနိုင်သော တခုတည်းသောအမှုသည် နောင်တရခြင်းဖြစ်၏။
**ဆုတောင်းချက်-** အို အဖဘုရား၊ သေစေတတ်သော အပြစ်၏အဆိပ်မှ အကျွန်ုပ်ကို ကယ်နှုတ်တော်မူပါ။

တနင်္လာ၊ ဩဂုတ် (၁၀)
၂ ရာ ၁၁
ဂလာ ၅း၁၆-၂၁

*"ဝိညာဉ်ပကတိအတိုင်း ကျင့်ကြလော့။ ထိုသို့ကျင့်လျှင် ဇာတိပကတိ၏အလိုသို့ မလိုက်ဘဲ နေကြလိမ့်မည်"*

## ဒါဝိဒ်သည် မိမိ၏အရှက်ကို ဖုံးကွယ်ဖို့ ကြိုးစားခဲ့၏

ယခုဖြစ်ပျက်သောအမှုသည် မပေါက်ကြားဘဲရှိလိမ့်မည်ဟု ထင်မှတ်ရသော်လည်း၊ ဒါဝိဒ်သည် ရှင်ဘုရင်ဖြစ်သောကြောင့်၊ နောက်၌ လူအများထံ ပေါက်ကြားခဲ့ပါသည်။

ဒါဝိဒ်က ယွာဘအား ဥရိယ (ဗာသရှေဘ၏ယောကျ်ား) ကို အိမ်ပြန်စေဖို့ရန် မှာကြားခဲ့ပါသည်။ ဥရိယရောက်လာသောအခါ၊ ရှင်ဘုရင်က မိမိအိမ်သို့ ပြန်သွားဖို့ အခွင့်ထူး ပေးခဲ့ပါသည်။ သို့သော်လည်း၊ ဥရိယသည် သစ္စာရှိသော စစ်သူရဲဖြစ်၏။ မိမိ၏ရဲဘော်ရဲဖက်များသည် ရှေ့တန်း၌ စစ်တိုက်နေစဉ်၊ မိမိသည် အိမ်၌ မိန်းမနှင့်အတူနေခြင်းသည် စစ်ကျင့်ဝတ်နှင့် ဆန့်ကျင်သောအမှုဖြစ်ကြောင်း ဥရိယ သိခဲ့ပါသည်။ သူသည် ရှင်ဘုရင်၏ ညွှန်ကြားချက်ကို ငြင်းပယ်လျက်၊ အိမ်မပြန်ခဲ့ပါ။ နက်ဖန်နေ့၌ ရှင်ဘုရင်သည် ဥရိယအား အိမ်ပြန်ဖို့ရန် တိုက်တွန်းခဲ့သော်လည်း၊ ငြင်းခဲ့ပြန်ပါသည်။ ရှင်ဘုရင်သည် မိမိအပြစ် ဖုံးကွယ်ဖို့ ကြိုးစားမှု မအောင်မြင်ကြောင်း သိခဲ့ပါသည်။ ဘုရားသခင်သည် ဒါဝိဒ်၏အပြစ်ကို ဖော်ထုတ်လိုခဲ့ပါသည်။ ဒါဝိဒ်သည် ထိုအကြောင်းကို သိခဲ့သင့်ပါသည်။ သို့သော်လည်း၊ သူသည် ထိုအမှုအား ပိုဆိုးလာမည်ဟု ထင်မှတ် မထားခဲ့ပါ။ အပြစ်လွန်ကျူးသောသူအပေါင်းတို့သည် မိမိတို့၏ပျက်စီးခြင်းအတွက် အမှုပြုတတ်ကြပါသည်။

ဒါဝိဒ်သည် မကောင်းသောအကြံကို ကြံစည်လျက် အပြစ် ထပ်မံ ကျူးလွန်ခဲ့ပါသည်။ သူသည် ဥရိယအား သတ်ဖို့ ကြံစည်ခဲ့၏။ ဥရိယအား စစ်ပွဲပြင်းထန်သော ရှေ့တန်း၌ ထားစေလျက်၊ ထို့နောက် သူ့ထံမှ အခြားသူများ နောက်ဆုတ်စေပြီး၊ စစ်ပွဲ၌ ကျဆုံး စေဖို့ရန် ဒါဝိဒ်သည် ယွာဘထံသို့ စာရေးခဲ့ပါသည်။ ထို့နောက်၊ ယွာဘသည် ရှင်ဘုရင်၏ အကြံအတိုင်း ဆောင်ရွက်ခဲ့ပြီဖြစ်ကြောင်း သတင်းပြန်ပို့ခဲ့ပါသည်။ ဒါဝိဒ်သည် ယေရုရှလင်မြို့ရှိ မိမိနန်းတော်၌ နေခဲ့သော်လည်း၊ ဥရိယ သေဆုံးမှု၌ သူသည် အဓိကတရားခံဖြစ်ခဲ့ပါသည်။ ဒါဝိဒ်၏ ဥရိယ သေဆုံးစေလိုခြင်း အကြောင်းရင်းအား ယွာဘ သိသည် မသိသည်ကို ကျမ်းစာ၌ ဖော်ပြမထားပါ။ သို့သော်လည်း၊ ထိုပြစ်မှုအပေါင်းသည် ဒါဝိဒ် လက်ချက်ဖြစ်ပါ၏။

ဗာသရှေဘသည် သူ့ယောကျ်ား သေဆုံးခြင်းအကြောင်းရင်းမှန် အလုံးစုံကို မသိခဲ့ရပါ။ သူ့မယားပြစ်မှားခြင်းအမှု၌ သူသည်လည်း အပြစ်မကင်းပါ။ သူ့ယောကျ်ား သေဆုံးခြင်းသတင်းကို ကြားသိခဲ့ပြီး၊ သူသည် ငိုကြွေးဝမ်းနည်းခဲ့ပါသည်။ ဒါဝိဒ်သည် ထိုမိန်းမနှင့် မိမိ၏ဆက်ဆံမှုကို ဆက်လက် ဖော်ဆောင်ခဲ့ပါသည်။ ငိုကြွေးမြည်တမ်းခြင်း ကာလအချိန် ပြီးဆုံးပြီးနောက်တွင်၊ ဒါဝိဒ်သည် ထိုမိန်းမကို သွားခေါ်စေလျက်၊ မိမိ၏မယားအဖြစ် ယူခဲ့ပါသည်။ ဒါဝိဒ်ပြုသောအမှုက ဘုရားသခင်အား အမျက်ထွက်စေခဲ့ပါသည်။ ဒါဝိဒ် ကျူးလွန်သော ကြီးမားသည့်ပြစ်မှုသည် ထင်ရှားလျက်ရှိပြီး၊ သူ့ကိုပြန်လည်ပြုပြင်ဖို့ရန် ဘုရားသခင်၏လက်တော် လိုအပ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - အပြစ်သွေးဆောင်ခြင်းသို့ မလိုက်ပါနှင့် (သို့) ကျော့မိခြင်း ခံရလိမ့်မည်။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော့်နောက်တော်သို့ သစ္စာရှိစွာ လိုက်လျက်၊ အပြစ်ကို ရှောင်ရှား လိုပါ၏။



တနင်္ဂနွေ၊ ဩဂုတ် (၂၃)
၂ ရာ ၁၅
ဂလာ ၅း၂၂-၂၆

*"အချည်းနှီးသော ကျော်စောကိတ္တိကို တပ်မက်ခြင်း၊ အချင်းချင်း ချုပ်ချယ်နှောင့်ယှက်ခြင်း၊ အချင်းချင်း ငြူစူခြင်းတို့ကို ရှောင်၍နေကြကုန်အံ့"*

## အဗရှလုံ၏ ကျေနပ်ခြင်းမရှိသော စိတ်သဘော

အဗရှလုံသည် စိတ်နှလုံးခိုင်မာခြင်းရှိသော၊ ကျေနပ်ခြင်းမရှိနိုင်သော လူငယ်တဦးဖြစ်ပါသည်။ သူသည် ဒါဝိဒ်၏မိသားစု၌ အသစ်သောသမိုင်းကို စတင်ခဲ့ပါသည်။ သူသည် ဒါဝိဒ်၏ တတိယမြောက်သားဖြစ်ပါသည်။ အဗရှလုံသည် အာမနုန် (သားဦး) ကို သတ်ခဲ့ပြီး၊ ထီးနန်းကို သူ တပ်မက်ခဲ့ကြောင်း နောက်မှ သူ့လုပ်ရပ်အားဖြင့် ထင်ရှားလာခဲ့ပါသည်။ သူ့ရည်ရွယ်ချက်ကို ဒါဝိဒ်က မသိခဲ့ဘဲ၊ ရှောလမုန်အား မိမိဆက်ခံသူအဖြစ် ရာထားခဲ့ပါသည်။ အာမနုန် သတ်ခြင်းအမှု၌ အဗရှလုံသည် ဒါဝိဒ်နှင့် ပြန်လည်သင့်မြတ်ခဲ့ပြီးနောက်၊ သူသည် ပြင်းထန်သောရည်ရွယ်ချက်ရှိသည်ဖြစ်သောကြောင့်၊ ဒါဝိဒ်နှင့် ပြဿနာအသစ် စတင်ခဲ့ပါသည်။

အဗရှလုံသည် သစ္စာဖောက်လျက်၊ ဣသရေလလူတို့၏စိတ်နှလုံးကို သိမ်းပိုက်ခဲ့ပါသည်။ သူသည် လူများကို စည်းရုံးလျက်၊ သူ၏ရည်ရွယ်ချက်ကို ဆက်လက်အကောင်အထည်ဖော်ခဲ့ပါသည်။ ခမည်းတော်ကို ဆန့်ကျင်တိုက်ခိုက်ဖို့ရန် ကြံစည် ပြင်ဆင်ခဲ့ပါသည်။ ပြဿနာသည် ကြီးထွားလာခဲ့ပြီး၊ ဒါဝိဒ်သည် ယေရုရှလင်မြို့မှ ထွက်ပြေးခဲ့ရပါသည်။ သစ္စာဖောက်မှုသည် အလွန်ကြမ်းကြုတ်ခဲ့သည်ဖြစ်သောကြောင့်၊ ရွေးချယ်စရာလမ်းမရှိတော့ဘဲ ဒါဝိဒ်သည် နန်းတော်မှ ထွက်ခွာခဲ့ရပါသည်။ သို့သော်လည်း၊ ပြန်လာဖို့ရန် သူသည် အလျင်အမြန် နည်းဗျူဟာ ချမှတ်ရေးဆွဲခဲ့ပါသည်။

အဗရှလုံသည် ဣသရေလလူတို့၏စိတ်နှလုံးကို သိမ်းပိုက်ခဲ့ပြီး၊ မိမိကို ကာကွယ်ဖို့ရန် မြင်းတပ်များလည်း ပြင်ဆင်ခဲ့ပါသည်။ ဤသည်ကား မိမိအား လူထုက ထောက်ခံဖို့ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ အာမနုန် သတ်ပြီးနောက်၊ ငါးနှစ်အကြာ၌ သူသည် ရှင်ဘုရင်ကို တွေ့ဆုံခွင့်ရခဲ့ပါသည်။ ဖော်ပြခဲ့သည်အတိုင်း၊ သူသည် ခမည်းတော်နှင့် ပြန်လည်သင့်မြတ်ခြင်းရှိခဲ့ပါသည်။ ထိုအခါ၊ မိမိနှစ်သက်သောအမှုကို မိမိလုပ်ပိုင်ခွင့်ရှိသည်ဟု သူထင်မှတ်ထားခဲ့ပါသည်။ သူသည် ရှင်ဘုရင်၏ တံခါးဝ၌ စခန်းချလျက်၊ မိမိ၏မင်းမျိုးမင်းနွယ်ဖြစ်ခြင်းကို အခွင့်ကောင်းယူပြီး၊ တိုင်းပြည်အရေး၌ ဝင်ရောက်စွက်ဖက်ခဲ့ပါသည်။

သူသည် တရားစီရင်ခြင်းအတွက် ရှင်ဘုရင်ထံ လာသော ပြည်သူများကို ချဉ်းကပ်လျက်၊ စည်းရုံးခဲ့ပါသည်။ ကျမ်းစာ၌၊ "အဗရှလုံက၊ သင်သည် အဘယ်မြို့သားဖြစ်သနည်းဟု မေးလျှင်၊ ထိုသူက ကိုယ်တော်ကျွန်သည် ဤမည်သော ဣသရေလအမျိုးအနွယ်သားဖြစ်ပါ၏ဟု ပြန်လျှောက်သော်၊ အဗရှလုံက၊ သင့်အမှုသည် ဟုတ်မှန်လျောက်ပတ်ပေ၏။ သို့သော်လည်း သင့်အမှုကို ရှင်ဘုရင်မှစ၍ အဘယ်သူမျှ နားမထောင်ဟု ပြောဆိုတတ်၏။ တစ်ဖန်တုံ၊ ငါသည် ဤပြည်၌ တရားစီရင်သောမင်း ဖြစ်ပါစေ သော။ သို့ဖြစ်လျှင် တရားမှုရှိသော အမှုသည်အပေါင်း တို့သည် ငါ့ထံသို့လာ၍ ငါသည် တရားသဖြင့် စီရင်မည်ဟု ဆိုတတ်၏" (၂ ရာ ၁၅း၂-၄) ဟုဖော်ပြထားပါသည်။ ထိုနည်းအားဖြင့်၊ သူသည် သစ္စာရှိသော နောက်လိုက်တပည့်များစွာ စုစည်းနိုင်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - မိုက်မဲသောစိတ်တွင် ဆိုးညစ်သောအကြံအမြဲရှိတတ်၏။
**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်၏အကျင့်သည် ဝိညာဉ်တော်၏အသီးကို သီးပါစေသော်။

*"ခပ်သိမ်းသောအမှုအရာတို့သည် အဆုံးသို့ ရောက်လုသည် ဖြစ်သောကြောင့်၊ သမ္မာသတိ ရှိကြလော့။ ဆုတောင်းခြင်းအလိုငှါ စောင့်နေကြလော့"*

## အဗရှလုံသည် မိမိအမှုကို အဆုံးသတ်ဖို့ ရုန်းကန်ခဲ့၏

အဗရှလုံ ပြန်လာသောအခါ၊ ဒါဝိဒ်က မိမိအား လာမတွေ့ဘဲ၊ အိမ်၌ နေရမည်အကြောင်း အမိန့်ထုတ်ထားခဲ့ပါသည်။ အဖြစ်အပျက်ကို ကြည့်ခြင်းဖြင့်၊ ယွာဘနှင့် အဗရှလုံတို့သည် ဆက်သွယ်ခဲ့ကြပြီး၊ အဗရှလုံကိုယ်စား ယွာဘက လိုအပ်အရာကို ရှင်ဘုရင်ထံ တင်ပြခဲ့သည်ဟု ထင်ရပါသည်။ အဗရှလုံသည် မိမိ၏အမှုကို အဆုံးသတ်လိုခဲ့သော်လည်း၊ ရှင်ဘုရင်က မည်သည့်အချိန်၌ ဆွေးနွေးမည်ကို ဖော်ပြထားခြင်း မရှိခဲ့ပါ။ ရှင်ဘုရင်သည် အာမနုန် သေဆုံးခြင်းကြောင့် ဝမ်းနည်းပူဆွေးခဲ့ပြီး၊ တချိန်တည်းမှာဘဲ၊ အဗရှလုံအား ခံထိုက်သော ပြစ်ဒဏ်ပေးလိုခဲ့ပါသည်။ အဘယ်ဆုံးဖြတ်ချက်ကို မဆို ရှင်ဘုရင်နှင့် ပတ်သက်မှုရှိခဲ့ပါသည်။

အဗရှလုံ၏အကြောင်း ဖော်ပြချက်တွင်၊ သူသည် အလွန် အဆင်းလှသောသူဖြစ်ပါသည်။ သူ၏ဆံပင်ကို အထူးချီးမွမ်းထားပါသည်။ သူသည် စိတ်ဓာတ် ခိုင်မာသောသူဖြစ်ပါသည်။ သူ၌ သားသုံးယောက်နှင့် တာမာ အမည်ရှိသော သမီးတဦးရှိပါသည်။ သူမသည်လည်း အဆင်းလှသောကြောင့် ချီးမွမ်းခြင်းခံရသောသူဖြစ်ပါသည်။

အဗရှလုံသည် ယေရုရှလင်မြို့၌ နှစ်နှစ်လုံးလုံး နေခဲ့သော်လည်း၊ ရှင်ဘုရင်ကို မတွေ့ခဲ့ရပါ။ ယွာဘကို မိမိအား လာတွေ့ဖို့ရန် နှစ်ကြိမ် တောင်းဆိုခဲ့သော်လည်း၊ မတုန့်ပြန်ခဲ့ပါ။ ဖြစ်နိုင်သည်မှာ၊ ရှင်ဘုရင်သည် သူ့ကို မတွေ့လိုသေးသောကြောင့်၊ ယွာဘကလည်း ထိုအမှုကို ရင်မဆိုင်လိုသောကြောင့်ဖြစ်နိုင်ပါသည်။ ယွာဘ၏ဂရုစိုက်မှုကို ခံရမည်အကြောင်း၊ အဗရှလုံက မိမိကျွန်များအား ယွာဘ၏ မုယောစပါးလယ်ကို မီးရှို့စေခဲ့ပါသည်။ သူတို့သည် ခိုင်းသည့်အတိုင်း ပြုခဲ့ကြ၏။ ထိုအခါ၊ ယွာဘသည် အဗရှလုံအား အလျင်အမြန် သွားတွေ့ခဲ့ပါသည်။ ထို့ကြောင့်၊ အဗရှလုံသည် ရှင်ဘုရင်အား တွေ့လိုကြောင်း မိမိ၏ဆန္ဒကို ဖော်ပြရသောအခွင့် ရခဲ့ပါသည်။ မိမိ၌ အပြစ်တစုံတခုရှိခဲ့လျှင်၊ ရှင်ဘုရင်သည် မိမိအား သေဒဏ်ပင်ပေးပါစေဟု ဆိုခဲ့ပါသည်။ သူ၏တောင်းလျှောက်မှု အတိုင်း၊ ယွာဘသည် ဆောင်ရွက်လျက်၊ ငါးနှစ်အကြာ၌ သူသည် ရှင်ဘုရင်ကို တွေ့ခဲ့ရပါသည်။ ထိုတွေ့ဆုံမှုသည် သူတို့အတွက် ပြန်လည်သင့်မြတ်ခြင်း တွေ့ဆုံမှုဖြစ်ခဲ့ပါသည်။

အပြစ်အပျက်များကို အပေါ်ယံကြည့်မည်ဆိုလျှင်၊ လှည့်စားခြင်း၊ ဇာတိသဘော၏ အလိုလိုက်ခြင်း စသည်တို့ကို တွေ့ရပါသည်။ သို့သော်လည်း၊ ဘုရားသခင် မပါလျှင် သူတို့၏ကြိုးစားမှုတို့သည် အဓိပ္ပါယ်မရှိ၊ အချည်းနှီးဖြစ်ခဲ့ပါလိမ့်မည်အကြောင်း၊ သင်ခန်းစာ ရယူနိုင်ပါသည်။ ထာဝရဘုရား ဘက်၌ ရပ်တည်ပါလော့၊ သို့မှသာ သင်သည် လုံခြုံမှု ရှိလိမ့်မည်။ သမ္မာကျမ်းစာက ဤလောကကို မချစ်ဖို့ရန် ကျွန်ုပ်တို့အား မိန့်တော်မူ၏။ ခရစ်တော်၌ လုံခြုံမှုရှိပါသည်။ သင့်ကို ကယ်နှုတ်ဖို့ရန်နှင့် လမ်းပြတော်မူဖို့ရန် ခရစ်တော်ကို ကြိုးစားရှာပါလော့။

**ဆင်ခြင်ရန်** - မကောင်းသောအချက်များသည် ကောင်းသောအချက်များကို ထင်ရှားစေသော အရာဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်အသက်တာကို သူတပါးအတွက် အကျိုးရှိသော အသက်တာ ဖြစ်စေတော်မူပါ။





*"အို ဘုရားသခင်၊ ကျေးဇူးပြုချင်သော စေတနာစိတ်တော်ရှိသည်အတိုင်း၊ အကျွန်ုပ်ကို သနားတော်မူပါ"*

## ဘုရားသခင်သည် ဒါဝိဒ်၏အပြစ်ကို ဖော်ထုတ်ဖို့ နာသန်ကို စေလွှတ်ခဲ့၏

ဘုရားသခင်သည် ဒါဝိဒ်အပေါ် ကောင်းမြတ်တော်မူသည်ဖြစ်၍ နောင်တရဖို့ရန် အခွင့်အခါ ပေးတော်မူခဲ့ပါသည်။ သူ့အပြစ်ကို ဖော်ထုတ်ဖို့ရန် ပရောဖက်နာသန်ကို စေလွှတ်ခဲ့ပါသည်။ ဘုရားသခင်၏လူသည် ပုံဥပမာကို အသုံးပြုလျက်၊ သေချာ ချဉ်းကပ်ခဲ့ပါသည်။ နာသန်က ဒါဝိဒ်၏အပြစ်ကို ဖော်ထုတ်သောအခါ၊ ဒါဝိဒ်သည် မိမိ၏ကြီးမားသောအပြစ်ကို နားလည်လျက်၊ နောင်တရခဲ့ပါသည်။ မိမိအပြစ်၏နောက်ဆက်တွဲဆိုးကျိုးကို ရင်ဆိုင်ရမည်ဖြစ်ပါသည်။ မိမိ၏နောင်တရခြင်းအကြောင်းကို မိမိရေးသားသော ဆာလံ (ဆာလံ ၅၁) ထဲတွင် ဖော်ပြထားခဲ့ပါသည်။ နာသန်က ဒါဝိဒ်အား ဘုရားသခင်သည် သူ့အပြစ်ကို ဖယ်ရှားတော်မူမည်အကြောင်း ပြောပြခဲ့၏။ သူ့မယားပြစ်မှားခြင်းဖြင့် ရခဲ့သောသားသည် သေဆုံးခဲ့၏။ ထို့ကြောင့် ဒါဝိဒ်သည် အလွန်ဝမ်းနည်းခဲ့ပါသည်။ နာသန် ပြောသော ပုံဥပမာက ဒါဝိဒ်အား မိမိကိုယ်ကို အပြစ်တင်စေခဲ့ပါသည်။ ရှင်ဘုရင်အား ဝိညာဉ်ရေးရာ၌ အားနည်းစေခဲ့သော ထိုအဖြစ်အပျက်သည် ဣသရေလလူမျိုးအတွက် ဝမ်းနည်းစရာဖြစ်ခဲ့ပါသည်။

အစ၌ ဒါဝိဒ်သည် ဘာမှ မဖြစ်ခဲ့သကဲ့သို့ နေခဲ့သော်လည်း၊ ဘုရားသခင်သည် သိတော်မူလျက် လုံးဝ ဝမ်းမြောက်ခြင်း မရှိခဲ့ပါ။ ဒါဝိဒ်ထံ နာသန်ကို စေလွှတ်ခဲ့ပါသည်။ ပရောဖက်ထံပြောပြသော ဘုရားသခင်၏စကား အသေးစိတ်ကို ဖော်ပြမထားခဲ့ပါသည်။ သို့သော်လည်း၊ တိုင်းပြည်၏အာဏာအရှိဆုံးသောသူကို မည်သို့ချဉ်းကပ်ရမည်အကြောင်း ဉာဏ်ပညာပေးတော်မူခဲ့ပါသည်။ နာသန်သည် အမှုတခုကို စီရင်ပေးစေလိုသော ပုံစံဖြင့် ဒါဝိဒ်ကို ချဉ်းကပ်ခဲ့၏။ ထို့နောက် ဧည့်သည်တဦးအတွက် မိမိ၏သိုးစုထဲမှ မယူဘဲ၊ ဆင်းရဲသားတဦး၏ သိုးမကလေးတကောင်ကို သတ်ခဲ့သောသူဌေး ပုံပြင်ကို ပြောပြခဲ့ပါသည်။ ထိုအခါ၊ ဒါဝိဒ်သည် ထိုပုံပြင်၏ မတရားမှုကို ချက်ချင်း သိမြင်လျက်၊ အပြစ်ပြုသောသူအား သေဒဏ်ပေးလျက်၊ လေးဆအလျော်ပေးဖို့ အမိန့်ပေးခဲ့ပါသည်။ နာသန်၏ပုံပြင်သည် ဥပမာတခုဖြစ်ပါသည်။ အပြစ်လွန်ကျူးသောသူသည် ဒါဝိဒ်ကိုယ်တိုင်ဖြစ်ကြောင်း နာသန် ဖော်ပြခဲ့၏။ ထိုပုံပြင်၌ တွေ့ရသော ဆင်းရဲသားသည် ဥရိယ၊ ဗာသရှေဘဖြစ်ပါလိမ့်မည်။

နာသန်က ဒါဝိဒ်အား အပြစ်လွန်ကျူးသောသူဖြစ်ကြောင်း ဖော်ထုတ်ခဲ့ပါသည်။ ဒါဝိဒ်၏စီရင်ချက်သည် မောရှေ၏ ပညတ်တော်အတိုင်းဖြစ်၍ မှန်ကန်ပါ၏။ မည်သူမဆို သိုး (သို့) ဆိတ်တကောင်ကို ခိုးယူလျှင်၊ ပြစ်ဒဏ်ကား လေးဆ ပြန်လျော်ရမည်ဖြစ်ပါသည်။ နာသန်၏ ဉာဏ်ရှိမှုအားဖြင့် ဒါဝိဒ်သည် မိမိကိုယ်ကို စီရင်ခဲ့ပါသည်။ "ထိုသူသည်ကား . . . ကိုယ်တော်ပင်ဖြစ်၏" (၂ ရာ ၁၂း၇) ဟု ပရောဖက်က မိန့်ဆိုသောအခါ၊ မိမိပြုခဲ့သောအမှု၏ စက်ဆုပ်ရွံရှာစရာကောင်းမှုကို သိနားလည်ခဲ့ပါသည်။ ထိုဝမ်းနည်းစရာအဖြစ်အပျက်၌ ဒါဝိဒ်သည် အမှားကို ပြုပြင်လျက် နောင်တရခြင်းဖြင့် တုန့်ပြန်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ တရားမျှတမှုသည် လူကိုမရွေးပါ။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၌ နောင်တရသောစိတ်နှလုံး အစဉ်ရှိစေတော်မူပါ။

*“ငါတို့သည် ခပ်သိမ်းသော ဝန်တို့ကိုငင်း၊
နှောင့်ယှက်တတ်သော ဒုစရိုက်ကိုငင်း ပယ်ရှား၍၊
. . . အားမလျော့ဘဲ ပြေးကြကုန်အံ့”*

## ဘုရားသခင်၏ကျေးဇူးတော်ကို ဒါဝိဒ်အား သိမြင်စေခဲ့၏

ပရောဖက်က ဒါဝိဒ်အား ဘုရားသခင်ထံမှစကားတော်နှင့် ဒါဝိဒ်အတွက် ဘုရားသခင်ပြုတော်မူခဲ့သော ကောင်းမှုအပေါင်းကို ပြန်လည်ဖော်ပြခဲ့ပါသည်။ ထိုသို့သော နှစ်လိုဖွယ် မရှိသော အချိန်အခါမျိုး၌ ရှင်ဘုရင်အား စကားပြောဖို့ဆိုသည်မှာ နာသန်အတွက် ရဲရင့်ဖို့လိုအပ်ခဲ့ပါသည်။ ထို့ကြောင့်၊ သူသည် လိုအပ်သောအရာကို ရဲရင့်စွာ ပြုခဲ့ပါသည်။

ရှင်ဘုရင်ထံ ပြောကြားသော စကားအချို့ဟူမူကား၊ “သင်သည် ထာဝရဘုရား၏ပညတ်တရားတော်ကို မထီမဲ့မြင်ပြု၍ ရှေ့တော်၌ ဒုစရိုက်ကို အဘယ်ကြောင့် ပြုဘိသနည်း။ ဟိတ္တိလူဥရိယ၏အသက်ကို ဓားဖြင့်သတ်၍ သူ၏မယားကို သိမ်း လေပြီတကား။ ထိုသူကို အမ္မုန်အမျိုးသားဓားနှင့် သတ်လေပြီတကား” (၂ ရာ ၁၂း၉) ဟူ၍ဖြစ်ပါသည်။ ဒါဝိဒ်အား သူခံစားခဲ့သော ဘုရားသခင်၏ ကောင်းမြတ်တော်မူခြင်းအကြောင်းကို ပြောပြဖို့လိုအပ်ပါသည်။ တိုင်းပြည်၏ အမြင့်ဆုံးသော ရာထူးကို ပေးလျက်၊ ကောင်းသောအရာတို့ကို ခံစားစေသောကြောင့်၊ ဒါဝိဒ်သည် ကျေးဇူးတော်ကို ချီးမွမ်းဖို့ လိုပါသည်။ ငယ်ရွယ်စဉ်ကတည်းက ရှင်ဘုရင်ဖြစ်ဖို့ရန် ရွေးကောက်ခြင်းခံရလျက်၊ ရှေမွေလကို ဘိသိက်ပေးဖို့ရန် ဘုရားသခင် စေလွှတ်တော်မူခဲ့ပါသည်။ ရှင်ဘုရင် ရှောလုကြောင့်၊ ဒါဝိဒ်သည် နန်းတက်ဖို့ရန် အခက်အခဲကြုံတွေ့ခဲ့ရပါသည်။ အသက်အန္တရာယ် ဆုံးရှုံးရမည့်အရေးနှင့် မကြာခဏ ကြုံတွေ့ခဲ့ရသော်လည်း၊ ဘုရားသခင်သည် လမ်းခရီးတိုင်း၌ စောင့်ရှောက်ကွယ်ကာတော်မူခဲ့ပါသည်။

ဘုရားသခင်၏အချိန်ရောက်လာသောအခါ၊ ဒါဝိဒ်သည် ရှင်ဘုရင်ဖြစ်လာခဲ့ပါသည်။ ထိုအမှုများကို ပြန်လည် သတိရစေဖို့လိုအပ်ပါသည်။ အကြောင်းမှာ အပြစ်သည် သူ့မျက်စိကို ကွယ်စေလျက် ဘုရားသခင်ထံမှ ရရှိသော ထိုကျေးဇူးတရားများကို သတိမရဖြစ်ခဲ့ပါသည်။ ပရောဖက်က ဒါဝိဒ်အား သင်သည် ဘုရားသခင်၏ပညတ်တော်ကို မထီမဲ့မြင်ပြုလျက် ထိုအပြစ်ကို ပြုခဲ့ကြောင်း ဆိုခဲ့ပါသည်။ နောင်တမရလျှင်၊ အပြစ်သည် တိုးပွားများပြားလာတတ်၏။ ဒါဝိဒ်၏အမှုသည် ထိုသို့ဖြစ်ခဲ့ပါသည်။ ပထမအဆင့်တွင်၊ ဒါဝိဒ်သည် ကြည့်လျက်၊ တပ်မက်စိတ် ဝင်ခဲ့ပါသည်။ ထို့နောက်၊ သူ့မယားပြစ်မှားခြင်းအမှုနှင့် လူ့အသက်သတ်ခြင်း ဖြစ်လာခဲ့ပါသည်။ နောင်တရခြင်း၊ ထိန်းချုပ်ခြင်း မရှိသောအခါ၊ အပြစ်သည် ထိုသို့များစွာသောအမှုကို ဖြစ်ပွားစေတတ်ပါသည်။

နောင်တမရသောသူ၏ စိတ်နှလုံးမှ များစွာသော မကောင်းမှုများ ပေါ်ထွက်လာလိမ့်မည် ဖြစ်ပါသည်။ ဒါဝိဒ်၏အမှု၌ ထိုအချက်ကို ထင်ရှားစွာ တွေ့ရပါသည်။ အပြစ်ကို ကြာကြာ ဖုံးကွယ်၍ မရပါ၊ အချိန်တန်သောအခါ ပေါ်လာတတ်ပါသည်။ ဖြစ်ပျက်ခဲ့သောအမှုများကို ရှင်ဘုရင်နှင့်အတူရှိခဲ့သော ကျွန်များက သိခဲ့ကြပါလိမ့်မည်။ ဒါဝိဒ် အပြစ်၏ဆိုးကျိုး သက်ရောက်မှုသည် အလွန်ကြီးမားလှပါသည်။

**ဆင်ခြင်ရန်** - အပြစ်ကို ဖယ်ရှားစွန့်လွှတ်သောအခါ ခွင့်လွှတ်ခြင်း ရောက်လာတတ်၏။
**ဆုတောင်းချက်-** အဖဘုရား၊ နောက်တရခြင်းလမ်းကို ရွေးချယ်လိုပါ၏။





*“လူအပေါင်းတို့နှင့် အသင့်အတင့်နေ၍ ငြိမ်သက်ခြင်းကိုငင်း၊
သန့်ရှင်းခြင်းပါရမီကိုငင်း မှီအောင်လိုက်ကြလော့။ သန့်ရှင်းခြင်းပါရမီ
မရှိလျှင်၊ အဘယ်သူမျှ ထာဝရဘုရားကို မဖူးမမြင်ရ”*

## အဗရှလုံ အိမ်ပြန်လာခဲ့၏

အဗရှလုံသည် မိမိအတွက် တောင်းလျှောက်ပေးဖို့ရန် ယွာဘအား တောင်းဆိုခဲ့နိုင်ပါသည်။ ဒါဝိဒ်က အကြောင်းစုံ ကြားသိသောအခါ၊ ဖြစ်ပျက်သောအမှုကို ရှင်းလင်းစွာ သိမြင်ခဲ့ပါသည်။ ထိုနောက်၊ ထိုမိန်းမသည် အဖြစ်မှန်အလုံးစုံကို ပြောပြခဲ့ပါသည်။ ထိုအကြောင်းကို ကြားသိသောအခါ၊ ရှင်ဘုရင်က မိမိလက်တွေ့ လုပ်ဆောင်ဖို့ လိုအပ်ကြောင်း သိခဲ့ပါသည်။

ရှင်ဘုရင်နှင့် အပြန်အလှန်ပြောဆိုမှုကို ကြည့်ခြင်းဖြင့် ယွာဘ၏ အဓိပ္ပါယ်ရှိသော ချဉ်းကပ်မှုကို တွေ့မြင်ရပါသည်။ ရှင်ဘုရင်အား ဆန့်ကျင်လိုခြင်း မရှိ၊ တပြိုင်တည်းမှာဘဲ၊ အဗရှလုံ၏အမှုကိုလည်း အဆုံးသတ်စေလိုခဲ့ပါသည်။ ရှင်ဘုရင်ထံမှ နှစ်လိုဖွယ်သော အဖြေကို ရရှိဖို့ စောင့်ဆိုင်းလျက်ရှိ၏။ ယွာဘသည် ရှင်ဘုရင်၏ စစ်ဗိုလ်ချုပ်ဖြစ်သည်သာမက၊ နိုင်ငံ့အရေးနှင့် မိသားစုအရေးများ၌လည်း ရှင်ဘုရင်၏ အကြံပေးဖြစ်ခဲ့ပါသည်။

ဒါဝိဒ်က ယွာဘကို အဖြေပေးလျက်၊ အဗရှလုံအား ဂေရှုရမြို့မှ ခေါ်လာဖို့ရန် ခိုင်းစေခဲ့၏။ ရှင်ဘုရင်ထံ ပြောကြားခဲ့သော ထိုမိန်းမ၏ပုံဥပမာသည် ယွာဘ၏ဆန္ဒကို ဖော်ဆောင်ခဲ့ပါသည်။ ရှင်ဘုရင်သည် အဗရှလုံအမှုကို ဖြေရှင်းဖို့ရန် ဆုံးဖြတ်ချက် မချဘဲ နေခဲ့ပါသည်။ သို့သော်လည်း၊ ထိုဥပမာကို ကြားသိသောအခါ၊ ဒါဝိဒ်သည် သားတော်ကို ပြန်လာခွင့် ပေးခဲ့ပြီး၊ ယွာဘအား သွားခေါ်ဖို့ရန် ခိုင်းစေခဲ့၏။ အဗရှလုံ ထွက်ပြေးခြင်းသည် သုံးနှစ်ကြာခဲ့ပြီဖြစ်သော်လည်း၊ ဒါဝိဒ်သည် သူ့ကို မမြင်တွေ့လိုသေးပါ။ အဗရှလုံအား မိမိအိမ်သို့ သွားဖို့ရန် မိန့်တော်မူခဲ့၏။

စိတ်သက်သာရာတခုဟူမူကား၊ ရှင်ဘုရင်သည် သားတော်အပေါ် အဘယ်ပြစ်ဒဏ်မှ ချမှတ်ထားခြင်း မရှိခြင်းပင်ဖြစ်ပါသည်။ ရှင်ဘုရင်က အဗရှလုံအား ပြန်ခေါ်ဖို့ရန် အခွင့်ပေးသောအချိန်၌ ယွာဘ၏ တုန့်ပြန်မှုသည် ဤသို့ဖြစ်ပါသည်၏ - “ထိုအခါ ရှင်ဘုရင်က၊ ဤအမှုကို ငါစီရင်ရ၏။ သင်သွား၍ ထိုလုလင် အဗရှလုံကို တစ်ဖန်ခေါ်ရမည်ဟု ယွာဘအားမိန့်တော်မူ၏။ ယွာဘသည်လည်း မြေပေါ်မှာ ဦးချပြပ်ဝပ်လျက်၊ ကျွန်တော် သခင်အရှင်မင်းကြီး၊ ကိုယ်တော်ကျွန်အသနားတော်ခံသည်အတိုင်း အရှင်မင်းကြီး ပြုတော်မူသောကြောင့်၊ ကိုယ်တော်ကျွန်သည် ရှေ့တော်၌မျက်နှာရကြောင်းကို ကျွန်တော်သိပါသည်ဟု ကျေးဇူးတော်ကို ဝန်ခံလေ၏” (၂ ရာ ၁၄း၂၁-၂၂)။ ဤအဖြစ်အပျက်၏နောက်ကွယ်၌ ဘုရားသခင် လမ်းပြကိုင်တွယ်တော်မူခြင်းဖြင့်၊ ထိုသို့ ပြုခြင်းသည် လူ့အနေဖြင့် ပြုရမည့်တာဝန်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဆုံးမခြင်းသည် စိတ်နှလုံးခိုင်မာသောသူ အတွက်ဖြစ်၏။
**ဆုတောင်းချက်-** အဖဘုရား၊ “ကျွန်ုပ်တို့အား အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေနှင့်။

*"လူတို့သည် ရှေ့တော်၌ ကြောက်ရွံ့မည်အကြောင်း၊ ဘုရားသခင် ပြုတော်မူ၏"*

## ရှင်ဘုရင်သည် ထိုဥပမာစကား၌ အမှန်တရားကို မြင်တွေ့ခဲ့၏

ရှင်ဘုရင်က လွယ်ကူစွာ စီရင်ချက်ချလျက်၊ ထိုမိန်းမအား သူ့သား အသတ်ခံရမည် အဟုတ်ဟု ဂတိပေးခဲ့ပါသည်။ ထိုအခါ၊ မိန်းမက မိမိ၏ရည်ရွယ်ချက်ကို ရှင်ဘုရင်ထံ အပိုဒ်ငယ် ၁၃ ထဲ၌ဤသို့ ဖော်ပြခဲ့ပါသည် - "မိန်းမကလည်း၊ သို့ဖြစ်လျှင် ကိုယ်တော်သည် ဘုရားသခင်၏ လူတို့တဖက်၌ အဘယ်ကြောင့် ကြံစည်တော်မူသနည်း။ အရှင်မင်းကြီး နှင်ထုတ်သောသူကို တစ်ဖန်ခေါ်တော်မမူသဖြင့်၊ ကိုယ်ကိုအပြစ်တင်၍ စီရင်တော်မူပါပြီတကား။" ထိုအချက်များက ရှင်ဘုရင်အား သတိပြန်လည်ရစေလျက် ပြန်လည်သုံးသပ်စေခဲ့ပါသည်။

ထို့နောက် ထိုမိန်းမက မိမိ၏ဆန္ဒကို လိုက်လျောပေးမည်အကြောင်း ရှင်ဘုရင်အား တောင်းလျှောက်ခဲ့ပါသည်။ ရှင်ဘုရင်က မိမိ၏တောင်းလျှောက်မှုကို ခွင့်ပြုပေးမည်ဟု ထိုမိန်းမသည် ယုံကြည်ခဲ့၏။ ထိုပုံပြင်ကို သူမ မဖန်တီးခဲ့သော်လည်း၊ တေကောမြို့၌ရှိသော ပညာရှိမိန်းမဟု ခေါ်ခြင်း ခံရခဲ့ပါသည်။ သူသည် သမ္မာသတိရှိရှိ ရှင်ဘုရင်ထံ ပြောပြနိုင်ခဲ့ပါသည်။ နောက်၌ သူမ တောင်းလျှောက်ရခြင်း အကြောင်းရင်းကို ဖော်ပြခဲ့ပါသည်။ ထိုပုံဥပမာ၌ ထိုမိန်းမသည် မုဆိုးမဟု ဖော်ပြခဲ့ပါသည်။ အမှန်မှာ၊ သူမ၏ဉာဏ်ရှိမှုကြောင့် ထိုအမှုအတွက် ရွေးချယ်ခံခဲ့ခြင်းဖြစ်၏။

ယွာဘသည်လည်း ဤသရေလ၌ ခေါင်းဆောင်တဦးဖြစ်၍ ရှင်ဘုရင်နှင့်နီးကပ်စွာ နေထိုင်ရသောသူဖြစ်ပြီး၊ ထိုမိန်းမကို တမင် ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။ Matthew Henry ၏ သုံးသပ်ချက်အတိုင်း၊ ဤအမှု၌ ဝိညာဉ်သင်ခန်းစာရှိပါ၏၊ "ဤမုဆိုးမက သနားစရာကောင်းသော အပြစ်သားများတွက် ဘုရားသခင်၏ ဂရုဏာတော်နှင့်ခွင့်လွှတ်ခြင်းတရားကို မည်သို့ တောင်းလျှောက်ခဲ့ကြောင်း၊ ကျွန်တော်တို့ တွေ့မြင်နိုင်ပါသည်။ အပြစ်သားများ၏အခြေအနေသည် ဘုရားသခင်ထံမှ နှင်ထုတ်ခံရသောအခြေအနေဖြစ်ပါသည်။ ဘုရားသခင်သည် မိမိ၏ပညတ်တော်နှင့် တရားမျှတမှုကို ဆန့်ကျင်လျက်သော်ငြား၊ နောင်တမရသောသူကိုငြား၊ ပြစ်မှုကျူးလွန်သောသူကို အားပေးရာ ရောက်၍သော်ငြား၊ သူတပါး နာကျင်မှုအတွက်သော်ငြား၊ ဘယ်တော့မှ အဘယ်သူကိုမျှ ခွင့်လွှတ်ပေးတော် မမူ။"

ဒါဝိဒ်သည် ထိုပုံဥပမာ၏ရည်ရွယ်ချက်ကို သိခဲ့ပါသည်။ သူသည် တရားသူကြီးလည်း ဖြစ်သောကြောင့်၊ သင့်လျော်သော စီရင်ချက်ကို ချဖို့ရန် တောင်းလျှောက်ခြင်းဖြစ်ကြောင်း သိခဲ့ပါသည်။ ဤအမှုသည် ယွာဘက ရှင်ဘုရင်မိသားစုကို ကိုယ်စားပြုလျက် တောင်းလျှောက်သော အမှုဖြစ်သောကြောင့်၊ မိသားစုအရေးဟု ခေါ်နိုင်ပါသည်။ ထိုမိန်းမက အမှုအလုံးစုံကို ရှင်ဘုရင်အား ပြောပြခဲ့သောအခါ၊ ထိုအမှု၏ အရင်းအမြစ်ကို ချက်ချင်း သိမှတ်ခဲ့ပါသည်။ ယွာဘသည် ထိုရှုပ်ထွေးသောအမှုကို အဆုံးသတ်စေလိုခဲ့ပါသည်။

**ဆင်ခြင်ရန်** - "အကြံပေးနိုင်သောသူအများရှိလျှင်မူကား၊ ဘေးလွတ်တတ်၏" (သု ၁၁း၁၄)။
**ဆုတောင်းချက်-** အဖဘုရား၊ အချိန်တိုင်း၌ ကိုယ်တော်၏ကရုဏာတော်သည် အကျွန်ုပ်၏ မြော်လင့်ချက် ဖြစ်ပါစေသော်။





*"အိုဘုရားသခင်၊ အကျွန်ုပ်အထဲ၌ စင်ကြယ်သောနှလုံးကို ဖန်ဆင်းတော်မူပါ။ မြဲမြံတည်ကြည်သောသဘောကို အသစ်ပြုပြင်တော်မူပါ"*

## ဒါဝိဒ်သည် နောင်တရလျက်၊ အပြစ်ဒဏ်ကို ခံခဲ့ပါသည်

နာသန်၏ ပုံဥပမာကို တုန့်ပြန်ခြင်း၌ ရှင်ဘုရင်သည် မိမိကိုယ်ကို စီရင်ခဲ့ပါသည်။ နာသန်က ဒါဝိဒ်၏ အဆွေအမျိုးတို့သည် ဒါးဘေးနှင့် အစဉ် တွေ့ကြုံရကြလိမ့်မည်ဟု ထပ်ပြောခဲ့ပါသည်။ ဆိုလိုသည်မှာ၊ ဒါဝိဒ်၏ အမျိုးအနွယ်သည် ဒါးဘေးဖြင့် များစွာ သေကြလိမ့်မည်ဟူ၍ဖြစ်ပါသည်။ ထို့ပြင် ကျမ်းစာ၌ သူသည် လျှို့ဝှက်စွာ အပြစ်ပြုခဲ့သော်လည်း၊ ခံရမည့်ပြစ်ဒဏ်မူကား လူသိရှင်ကြား ခံရမည်ဟု ဖော်ပြထားပါသည်။

ဒါဝိဒ်သည် ထိုပြစ်ဒဏ်များကိုခံလျက် မိမိ၏ကျန်ရှိသောဘဝကို ဖြတ်သန်းရမည်ဖြစ်ပါသည်။ ထင်ရှားသည်မှာ အပြစ်တိုင်း ပြစ်ဒဏ်ခံထိုက်ပါသည်။ ထို့ပြင် နစ်နာသောသူထံ တရားမျှတမှုကို ဖော်ဆောင်ရပါမည်။ ဒါဝိဒ်သည် နောင်တရသောစိတ်ဖြင့် တုန့်ပြန်ခဲ့၏။ နာသန်၏စကားသည် ဘုရားသခင်ထံမှ ဖြစ်ကြောင်း သိလျက်၊ နာခံခဲ့ပါသည်။ ဘုရားသခင်အပေါ် ပြစ်မှားခဲ့ကြောင်း ဝန်ခံခဲ့ပါသည်။ နာသန်က ဒါဝိဒ်အား သင်သည် ခွင့်လွှတ်ခြင်းခံရသည်ဖြစ်၍ သေမည်မဟုတ်ကြောင်း အသိပေးခဲ့၏။ ဤသည်ကား ဒါဝိဒ်ထံ ဖော်ပြခဲ့သော၊ သိရှိစေလိုခဲ့သော ဘုရားသခင်၏ စိတ်သဘောဖြစ်ခဲ့ပါသည်။

ဒါဝိဒ်သည် မိမိအပြစ်၏ကြီးလေးမှုကို သိလျက်၊ နောင်တရခဲ့ပါသည်။ ဘုရားသခင်ထံ ဆုတောင်းလျက်၊ နောင်တရခြင်း ဆာလံကို ရေးသားခဲ့ပါသည်။ ထိုဆာလံ၏နောက်ခံအကြောင်းကို ခေါင်းစဉ်၌ ဖော်ပြခဲ့ပါသည်။ ဆာလံ ၅၁ ၏နိဒါန်း၌ "ဒါဝိဒ်သည် ဗာသရှေဘနှင့်မှားယွင်း၍၊ ပရောဖက်နာသန်၏ ဆုံးမခြင်းကို ခံပြီးမှ စပ်ဆိုသော ဆာလံ" ဟုဖော်ပြထားပါသည်။ သူသည် နောင်တရလျက်၊ ဘုရားသခင်၏ ဂရုဏာတော်ကို တောင်းလျှောက်ခဲ့ပါသည်။

ဒါဝိဒ်သည် မိမိ၏ခံစားချက် စိတ်သဘောထားကို မှန်ကန်စွာ ဖော်ပြခဲ့ပြီး၊ ထိုအမှန်တရားကို ဖော်ပြဖို့ရန် အကောင်းဆုံးသော စကားလုံးများကို အသုံးပြုခဲ့ပါသည်။ သို့သော်လည်း၊ အပြစ်၌ နောက်ဆက်တွဲ ဆိုးကျိုးရှိသည်ဖြစ်သောကြောင့်၊ ထိုအရာကို သူခံဖို့လိုပါသည်။ အကြောင်းမှာ၊ သူပြုသောအမှုကြောင့် ဘုရားသခင်၏ရန်သူများသည် ဘုရားသခင်ကို ကဲ့ရဲ့ခဲ့ကြ၏။ ထိုဆိုးကျိုးသည် ဗာသရှေဘနှင့်ရသော သား ဖျားနာခြင်းနှင့်သေခြင်းဖြင့် အစပြုခဲ့ပါသည်။ နာကျင်ခံစားရသော အချိန်အခါဖြစ်လျက်၊ ဒါဝိဒ်သည် မိမိ၏နာကျင်ခံစားမှုကို ဖော်ပြခဲ့ပါသည်။ ထိုသူငယ် ဖျားနာနေစဉ်၊ သူသည် ဆုတောင်းလျက်၊ အစာရှောင်ခဲ့ပြီး၊ အလွန် ဝမ်းနည်းခြင်းရှိခဲ့ပါသည်။ မိမိကျွန်များ၏ နှိမ့်သိမ့်ခြင်းကို ဂရုမစိုက်ဘဲ၊ သူငယ် အသက်ရှင်မည်ဟု မျှော်လင့်ခဲ့ပါသည်။ သို့သော်လည်း၊ ဘုရားသခင်သည် သူငယ် ကြုံတွေ့ရမည့်အမှုကို ဆုံးဖြတ်တော်မူခဲ့ပြီဖြစ်၏။

**ဆင်ခြင်ရန်** - အခက်အခဲကြုံတွေ့ရသောအချိန်တွင်၊ ဘုရားသခင်၏ကျေးဇူးတော်သည် အကျွန်ုပ်အတွက် အကောင်းဆုံးဖြစ်ပါ၏။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်ကို အစဉ် ကိုးစားမည်အကြောင်း မစတော်မူပါ။

သောကြာ၊ ဩဂုတ် (၁၄)
၂ ရာ ၁၂
ဆာလံ ၅၅း၁၆-၂၃

*"ထမ်းရွက်ရသောဝန်ကို ထာဝရဘုရား၌ချထားလော့။ သင့်ကို မစတော်မူမည်"*

## ဒါဝိဒ်သည် ပြန်လည်ပြုပြင်ခြင်းခံရ၏

ခုနစ်ရက်မြောက်သောနေ့တွင် သူငယ် သေဆုံးခဲ့ပါသည်။ သူငယ်အသက်ရှိစဉ် ကြားလျှောက်သောစကားကို နားမထောင်ခဲ့သည်ဖြစ်၍၊ ယခု သူငယ် သေဆုံးသောအခါ ကျွန်ုပ်တို့စကားကို ပို၍ပြင်းထန်စွာ တုန့်ပြန်လိမ့်မည်ဟု ထင်မှတ်လျက်၊ ထိုဝမ်းနည်းစရာသတင်းကို ဒါဝိဒ်အား ပြောကြားဖို့ရန် ကြောက်ရွံ့ခြင်းရှိခဲ့ကြ၏။ ဒါဝိဒ်သည် ကျွန်များအချင်းချင်း တိုးတိုးပြောနေကြသည်ကို မြင်ခဲ့၏။ သူငယ် သေဆုံးခဲ့ပြီဟု သူသိခဲ့ပါသည်။ ကျွန်များကို မေးသောအခါ၊ အမှန်ဖြစ်ကြောင်း ပြန်လျှောက်ခဲ့ကြ၏။ ဒါဝိဒ်၏ စိတ်ခံစားမှု ချက်ချင်းပြောင်းလဲခဲ့ပါသည်။ သူသည် ထ၍ ရေချိုးလျက်၊ အစာစားခဲ့ပါသည်။ ထိုအခါ၊ ကျွန်များတို့သည် အံ့ဩခြင်းရှိခဲ့ကြ၏။ သို့သော်လည်း၊ ဒါဝိဒ်က သူငယ်အသက်ရှိစဉ် ဘုရားသခင်သည် နေကောင်းကျန်းမာစေလျက်၊ အသက်ရှင်စေမည်အကြောင်း သူ ဆုတောင်းခဲ့ကြောင်း၊ ယခု သူငယ် သေဆုံးပြီဖြစ်သောကြောင့် သူလုပ်နိုင်သောအရာ ဘာမှ မရှိတော့ကြောင်း ကျွန်တို့အား ပြောကြားခဲ့ပါသည်။ ထိုသူငယ်သေဆုံးခြင်းသတင်းသည် သူ့အတွက် အလွန်ခံရခက်သော သတင်းဖြစ်ခဲ့ပါသည်။ သူသည် အလွန်ဆိုးညစ်သောအပြစ်ကို ကျူးလွန်ခဲ့သောကြောင့်၊ ပြစ်ဒဏ်သည်လည်း အလွန် နာကျင်လှသောအရာဖြစ်ပါသည်။ ထိုအတွေ့အကြုံက ဒါဝိဒ်ထံ ရှင်းလင်းစွာ စကားပြောခဲ့ပါသည်။

ထို့နောက်၊ ဒါဝိဒ်သည် ရှင်ဘုရင်၏တာဝန်ဝတ္တရားများကို ပြန်လည် ဆောင်ရွက်ခဲ့ပါသည်။ သူ၏အပြစ်ပြုခြင်းသည် သူ၏တာဝန် လစ်ဟင်းမှုကြောင့် ဖြစ်ခဲ့ပါသည်။ သူသည် ဆောင်ရွက်ရမည့်အမှု မဆောင်ရွက်သော အချိန်၌ သွေးဆောင်ခြင်း ခံခဲ့ရပါသည်။ စစ်ဗိုလ်ချုပ် ယွာဘသည် အမ္မုန်ပြည် ရဗ္ဗာမြို့၌ စစ်တိုက်လျက် နေခဲ့ပါသည်။ သူသည် ထိုမြို့ကို သိမ်းပိုက်ဖို့ရန် ရှင်ဘုရင် ဒါဝိဒ်အား လူလွှတ်၍ သွားခေါ်ခဲ့ပါသည်။ ရှင်ဘုရင်ကသာလျှင် နယ်မြေသစ်ကို သိမ်းပိုက်ရသောအခွင့်ရှိ၏။ ယခုတွင်၊ ထိုမြို့သည် ကြသရေလ လက်အောက်၊ ဒါဝိဒ်၏ အုပ်စိုးမှုအောက်၌ တည်ရှိခဲ့ပါသည်။ ဒါဝိဒ်သည် လာ၍ ထိုမြို့ကို သိမ်းပိုက်ခဲ့ပြီး၊ သူတို့က အမ္မုန်မင်းကြီး၏ သရဖူကို ချွတ်လျက်၊ အောင်မြင်မှု အထိမ်းအမှတ်အဖြစ် ဒါဝိဒ် ခေါင်းပေါ်မှာ တင်ခဲ့ကြပါသည်။ သူတို့သည် သိမ်းယူခဲ့သော ဥစ္စာများကို ယူလျက်၊ မြို့ကို ထိန်းချုပ်ခဲ့ကြ၏။ ဒါဝိဒ်သည် အစကတည်းမှ ထိုသို့ ပြုခဲ့ရမည်ဖြစ်သော်လည်း၊ မိမိအိမ်တော်၌ နားနေခဲ့သောကြောင့်၊ သွေးဆောင်ခြင်း ခံခဲ့ရခြင်းဖြစ်ပါသည်။

သင်၏အပြစ်သည် သင့်ကို ရှာဖွေ ဖော်ထုတ်လိမ့်မည်။ ဒါဝိဒ်၏အပြစ်သည် သူ့ကို ဖော်ထုတ်လျက်၊ ပြစ်ဒဏ်ခံရသောကြောင့်၊ သူသည် အလွန်နာကျင်ခံစားခဲ့ရပါသည်။ ဒါဝိဒ် အသက်တာ၌ ထိုသို့သောအဖြစ် ကျရောက်မည်ကို မျှော်လင့် မထားခဲ့ပါ။ သူသည် သစ္စာရှိလျက်၊ အပြစ်ကို ရွံရှာသောသူဖြစ်ပါသည်။ သို့သော်လည်း၊ စာတန်သည် အဘယ်သူကိုမျှ လွှတ်မထားပါ။ ကျွန်တော်တို့သည် အပြစ်ဟု ထင်ရသောအရာအားလုံးကို ရှောင်ရှားရမည်ဖြစ်ပါသည်။ အပြစ်ပြုမိသောအခါ၊ ဝန်ခံခြင်းနှင့် နောင်တရခြင်းသည် ဘုရားသခင်နှစ်သက်သောအရာဖြစ်ပါသည်။ ထိုနည်းဖြင့် စာတန်ကို ကျွန်တော်တို့ အနိုင်ယူနိုင်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ခွင့်လွှတ်ခြင်း ကျေးဇူးတော်နှင့် ပြည့်စုံတော်မူသောကြောင့်၊ ချီးမွမ်းကြပါလော့။

**ဆုတောင်းချက်-** အို ထာဝရဘုရား၊ ကျွန်ုပ်အပြစ်များအတွက် သေခံတော်မူသော ယေရှုကြောင့်၊ ကိုယ်တော်၏နာမတော် ဘုန်းကြီးပါစေသော်။



ဗုဒ္ဓဟူး၊ ဩဂုတ် (၁၉)
၂ ရာ ၁၄
ဒေ ၃း၁၀-၁၄

*"ဘုရားသခင် ပြုတော်မူသမျှသောအမှုသည် နိစ္စထာဝရ ဖြစ်သည်ကို ငါသိ၏"*

## ယွာဘသည် အဗရှလုံအတွက် တောင်းလျှောက်ပေးခဲ့၏

အဗရှလုံသည် အာမနုန်ကို သတ်ပြီးနောက် ထွက်ပြေးခဲ့ရပါသည်။ သူသည် လူ့အသွေးသွန်းခြင်းအမှု၌ အပြစ်ရှိသောကြောင့်၊ ဂေရှုရမြို့သို့ သွားရောက်ခိုလှုံခဲ့ပါသည်။ ယွာဘသည် ဒါဝိဒ်၏ စစ်ဗိုလ်ချုပ်ဖြစ်ပါသည်။ သုံးနှစ်ကြာပြီဖြစ်သောကြောင့်၊ အာမနုန်၏အမှုကိုလည်း မေ့လျော့ခြင်း ခံလာခဲ့ပါပြီ။ ထိုအခါ၊ ယွာဘက ဒါဝိဒ်သည် အဗရှလုံကို သတိရလျက်ရှိကြောင်း သိခဲ့ပါသည်။ ထို့ကြောင့်၊ သူ့ကို ယေရုရှလင်မြို့သို့ ပြန်ခေါ်လာဖို့ရန် တွေးတောစီစဉ်ခဲ့ပါသည်။ ထွက်ပြေးရာအရပ်မှ သားတော် ပြန်လာရသောအခွင့် ပေးဖို့ရန် ဘုရင်ထံသို့ ဉာဏ်ပညာရှိသော မိန်းမတဦးအား ပုံဥပမာ စကား ပြောစေခဲ့ပါသည်။ ထိုအခါ၊ ရှင်ဘုရင်သည် သဘောကျလျက်၊ ယွာဘအား အဗရှလုံကို ဂေရှုရမြို့မှ ပြန်ခေါ်လာဖို့ရန် ခိုင်းခဲ့ပါသည်။ အဗရှလုံသည် ပြန်လာခဲ့သော်လည်း၊ ရှင်ဘုရင်အား တွေ့ဆုံခွင့် မရခဲ့ပါ။ ဤသည်ကား၊ ဒါဝိဒ် မိသားစု၌ တွေ့မြင်ရသော ရှုပ်ထွေးမှုပင်ဖြစ်ပါသည်။ နှစ်နှစ်ကြာပြီးနောက်၌သာ အဗရှလုံသည် ရှင်ဘုရင်၏မျက်နှာကို မြင်တွေ့ခွင့်ရခဲ့၏။

ယွာဘသည် အဗရှလုံ၏အကြောင်းကို ပညာရှိသောမိန်းမကို အသုံးပြုလျက် ဥပမာစကားအားဖြင့် ဖော်ပြစေခဲ့ပါသည်။ ယွာဘသည် စစ်ဗိုလ်ချုပ်ဖြစ်သည်အတိုင်း မိမိတာဝန်၌ အလုပ်များနေတတ်ပါသည်။ သူသည် တိုင်းပြည်အကြောင်းကို ရှင်ဘုရင်နှင့်အတူ ပုံမှန်ဆွေးနွေး တတ်ကြ၏။ အဗရှလုံ၏အကြောင်းကိုလည်း သူတို့ ပြောဆိုခဲ့ပါလိမ့်မည်၊ အကြောင်းမှာ၊ သူသည် ဘုရင့်သားတော်ဖြစ်လျက်၊ ခမည်းတော်၏နေရာကို ဆက်ခံမည့်သူလည်း ဖြစ်နိုင်သောကြောင့်ပေတည်း။ သူသည် မိခင်၏ဆွေမျိုးများရှိရာ ဂေရှုရမြို့၌ ထွက်ပြေးနေခဲ့ရပါသည်။

ယွာဘက ရှင်ဘုရင်သည် သားတော်ကို သတိရကြောင်း သတိထားမိခဲ့ပါသည်။ ထို့ကြောင့် သားတော် ပြန်လာရသောအခွင့် ရှင်ဘုရင် ပေးစေဖို့ရန် သူသည် နည်းလမ်း ရှာကြံခဲ့ပါသည်။ ရှင်ဘုရင်က မည်သို့ တုန့်ပြန်မည်ကို မသိသော်လည်း၊ သူသည် ပုံဥပမာကို တွေးတောခဲ့ပါသည်။ ထို့နောက်၊ ပညာရှိသောမိန်းမအား ထိုပုံဥပမာကို ပြောပြခဲ့၏။ ထိုမိန်းမသည် မိမိအမှုကို စီရင်စေလိုသောသဘောဖြင့် ရှင်ဘုရင်ထံ ဝင်ရောက်ခဲ့ပါသည်။ မိမိသည် မုဆိုးမဖြစ်၍၊ မိမိ၌ သားနှစ်ဦးရှိလျက်၊ အချင်းချင်း တိုက်ခိုက်ခဲ့ကြပြီး၊ နောက်ဆုံးတွင် တဦး သေဆုံးခဲ့ပါသည်ဟု ဆိုခဲ့၏။ လူများနှင့် ပညတ်တရားက လူ့အသက်ကို သတ်သောသူအား သေဒဏ်ပေးဖို့ရန် တောင်းဆိုခဲ့ကြပါသည်။ ထိုအခါ၊ ထိုမိန်းမသည် သားနှစ်ဦးစလုံး ဆုံးရှုံးရမည်ဖြစ်ပါသည်။ ထိုသားကို သေဒဏ်ပေးဖို့ရန် ထုတ်လာပါဟု ထိုမိန်းမအား ဖိအားပေးခဲ့ကြပါသည်။ ထိုသို့ဆိုလျှင်၊ ထိုမိန်းမ၏မိသားစု၌ အမွေဆက်ခံမည့်သူ ရှိလိမ့်မည် မဟုတ်ပါ။ ထို့ပြင်၊ မိန်းမသည် နောက်ထပ် စကားများစွာ ပြောခဲ့ပါ၏။

**ဆင်ခြင်ရန်** - ဘုရားသခင် အစဉ်ရှိတော်မူသည်ဖြစ်သောကြောင့်၊ မျှော်လင့်ခြင်း အစဉ်ရှိတော်မူ၏။

**ဆုတောင်းချက်-** အဖဘုရား၊ အခြေအနေအားလုံး၌ အကျွန်ုပ်အား အဖြေပေးတော်မူပါ။

အင်္ဂါ၊ ဩဂုတ် (၁၈)
၂ ရာ ၁၃
ဆာလံ ၃၇း၁-၉

*“ထာဝရဘုရား၌ မွေ့လျော်ခြင်းရှိလော့။ သို့ပြုလျှင်၊ စိတ်နှလုံးအလို ပြည့်စုံရသောအခွင့်ကို ပေးတော်မူမည်”*

## ဒါဝိဒ်သည် ထာဝရဘုရား၏စီရင်မှုကြောင့် နာကျင်ခံစားခဲ့ရ၏

ငယ်စဉ်ကတည်းမှ ဒါဝိဒ်သည် ရဲရင့်ခြင်းရှိလျက်၊ ဘုရားသခင်ကို ယုံကြည်ကိုးစားလျက် အသက်ရှင်ခဲ့ပါသည်။ သူ၏နာမည် ကျော်ကြားခြင်းသည် ဖိလိတ္တိလူ လူကောင်ကြီးအား သတ်ခြင်းဖြင့် စတင်ခဲ့ပါသည်။ သူကိုယ်တိုင်က၊ ထိုစွမ်းဆောင်နိုင်ခြင်း ခွန်အားကို ဘုရားသခင် ပေးတော်မူခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ကြာသရေလ ရှင်ဘုရင်ဖြစ်လာဖို့ရန် ရုန်းကန်ခဲ့ရပါသည်။ သို့သော်လည်း၊ သူသည် လူသားတဦးပင်ဖြစ်ပါ၏။ ယနေ့ အာဒံ၏သားသမီးပေါင်းကဲ့သို့ပင် သူသည်လည်း အာဒံ၏အပြစ် အမွေကို ဆက်ခံခဲ့သောသူဖြစ်ပါသည်။ ယခုဖြစ်ပျက်သောအမှုက ထိုတရားကို ဖော်ပြလျက်ရှိပါသည်။

ထိုအခါ၊ အဗရှလုံသည် ဘုရင့်သားတော်အားလုံးကို သတ်ခဲ့သည်ဟု ဒါဝိဒ်ထံ သတင်းမှားရောက်ရှိခဲ့ပါသည်။ ရှင်ဘုရင်သည် ငိုကြွေးမြည်တမ်းလျက်၊ မိမိအဝတ်ကို ဆုတ်ပြီး၊ မြေပေါ်၌ တုံးလုံးနေ၏။ မိမိကျွန်တို့သည်လည်း ထိုနည်းတူ ပြုခဲ့ကြပါသည်။ အာမနုန်၏ (ဝမ်းကွဲ) မိတ်ဆွေဖြစ်သော၊ ယောနဒပ်က ရှင်ဘုရင် ကြားသိသော သတင်းသည် မဟုတ်မှန်ကြောင်း၊ အာမနုန်တဦးတည်းသာ အသတ်ခံရကြောင်း ပြောကြားခဲ့ပါသည်။ အဗရှလုံသည် ဤအမှုကို ကြာမြင့်စွာ ကြံစည်ခဲ့ပါသည်။

ထို့နောက် အဗရှလုံသည်လည်း ထွက်ပြေးခဲ့ရ၏။ ဒါဝိဒ်နှင့် ကျန်ရှိသောသားတော်အပေါင်းတို့သည် နန်းတော်၌ ကြုံတွေ့ရသော ထိုဒုတိယအကြိမ် သေခြင်းကြောင့် ဝမ်းနည်းကြေကွဲခဲ့ကြရ၏။ အာမနုန် သေဆုံးခြင်းကြောင့် သူတို့အပေါင်းသည် ငိုကြွေးခဲ့ကြပါသည်။ သူတို့သည်လည်း အသက် အန္တရာယ်နှင့် ကြုံတွေ့ရနိုင်သည်ဟု ထင်မှတ်ခဲ့ကြပါလိမ့်မည်။ အဗရှလုံသည် မိခင်နေခဲ့သော နေရာ ဂေရှုရမြို့သို့ ထွက်ပြေးခဲ့ပါသည်။ ထိုမြို့၌ သုံးနှစ် နေခဲ့ပါသည်။ ဒါဝိဒ်သည် အာမနုန်အမှု၌ စိတ်သက်သာရာရသောအခါ၊ အဗရှလုံအား သတိရလွမ်းစွတ်ခဲ့ပါသည်။

ဒါဝိဒ်သည် မိမိအပြစ်ဒဏ်ကို စတင်လက်တွေ့ ခံစားခဲ့ရပါသည်။ မိမိချစ်သောသူ သေဆုံးခြင်းကြောင့် ခံစားရသော နာကျင်မှုသည် လွယ်လွယ် ပျောက်ကွယ် မသွားတတ်ပါ။ သူသည် သူ့မယားကို ပြစ်မှားလျက်၊ လူ့အသက်ကို သတ်ခဲ့သောကြောင့်၊ ထိုသူတို့ခံစားခဲ့သော နာကျင်မှုကို သူကိုယ်တိုင်လည်း ခံစားခဲ့ရပါသည်။

ဤအမှုများကို ဒါဝိဒ်ကြုံတွေ့ရလိမ့်မည်ဟု မျှော်လင့်မထားခဲ့ပါ၊ သို့သော်လည်း၊ ဘုရားသခင်သည် ဖြောင့်မတ်သောသူ၊ တရားမျှတသောသူဖြစ်တော်မူ၏။ ဒါဝိဒ်သည် ဤနာကျင်ခံစားရသောအမှုများ၌ ဘုရားသခင်၏နှိမ့်သိမ့်မှုကို ရှာလျက်၊ အဖြေ တောင်းလျှောက်ရမည်ဖြစ်ပါသည်။

ဒါဝိဒ်၏နှိမ့်ချသောစိတ်သဘောက သူ့ကို လမ်းပြတော်မူခဲ့၏။ ဘုရားသခင်ရှေ့တော်၌ နှိမ့်ချသောစိတ်သဘောရှိလျက်၊ အသက်ရှင်ရမည်အကြောင်း သင်ခန်းစာဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အပြစ်၌ ဆိုးကျိုးရှိ၏။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်အား ဘယ်တော့မှ အပြစ်၏ကျေးကျွန် မဖြစ်ပါစေနှင့်။



စနေ၊ ဩဂုတ် (၁၅)
၂ ရာ ၁၃
၁ ကော ၆း၉-၁၁

*“မတရားသောသူသည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံရသည်ကို သင်တို့မသိကြသလော”*

## ဒါဝိဒ်၏မိသားစု၌ ရှုပ်ထွေးမှု

ဒါဝိဒ်သည် မိမိအပြစ်များမှ နောင်တရခဲ့ပြီး၊ ခွင့်လွှတ်ခြင်းခံလျက်၊ သေဘေးမှ လွတ်ခဲ့ပါသည်။ သို့သော်လည်း၊ ဘုရားသခင်၏စကားတော်ကို ပရောဖက် နာသန် မိန့်တော်မူသည်မှာ သူ၏မိသားစုသည် ဒါးဘေးမှ အစဉ်ကင်းလွတ်လိမ့်မည် မဟုတ်ဟူ၍ ဖြစ်ပါသည်။ ဒါဝိဒ်သည် မိမိအပြစ်၏အခကို ပေးဆပ်ခဲ့ရပါသည်။ သူကျူးလွန်သောအပြစ်၏အခကို ရိတ်ခဲ့ရပါသည်။ သူ၏မိသားစု၌ လုံးဝမဖြစ်သင့်သော ကာမဆက်ဆံမှု၊ အချင်းချင်း ပြစ်မှားမှုနှင့် သတ်ဖြတ်မှု ဖြစ်ပွားခဲ့ပါသည်။ ဒါဝိဒ်၏ ဂုဏ်သတ္တာကို ထိခိုက်စေခဲ့ပါသည်။ သူ့မိသားစု၌ ရှုပ်ထွေးမှုနှင့် မုန်းတီးခြင်း ပေါ်ပေါက်ခဲ့၏။

ဒါဝိဒ်သည် နာကျင်စွာခံစားလျက်၊ ဘုရားသခင်၏ဆုံးမခြင်းလက်တော်ကို သည်းခံဖို့ လိုအပ်ခဲ့ပါသည်။ ဒုတိယမွေးဖွားခြင်း မခံရသော သူ့သားသမီးများ၏ ဇာတိသဘောသည် အပြစ်၏အသီးများကို သီးခဲ့ပါသည်။ အိမ်ထောင်ဦးစီးဖြစ်သော ဒါဝိဒ်သည် မိမိရွေးချယ်ခဲ့သော ထိုဝမ်းနည်းစရာ ကောင်းသောလမ်းကို လျှောက်လှမ်းခဲ့ရပါသည်။ ထိုမိသားစုအတွင်း ဖြစ်ပေါ်သော ရှုပ်ထွေးမှု၏အကြောင်းရင်းကို ပြန်လည်သုံးသပ်ခဲ့ပါလျှင်၊ အစက ဘုရားသခင် မိန့်တော်မမူခဲ့သော၊ တဦးတယောက် ထက်ပိုသည့် မိန်းမ ယူခြင်းကို ဒါဝိဒ် ကျင့်သုံးခဲ့သောကြောင့်ဖြစ်သည်ဟု တွေ့ရပါသည်။ ယောကျ်ား မိန်းမများစွာ ယူသောသူအပေါင်းတို့သည် ဆိုးကျိုးကို ရင်ဆိုင်ကြုံတွေ့ခဲ့ရကြ၏။

ဒါဝိဒ်၏သားတဦးဖြစ်သော အာမနုန်သည် ဖခင်နှင့်မတူဘဲ၊ ဘုရားသခင် ကြောက်ရွံ့ခြင်း မရှိခဲ့ပါ။ သူသည် မိမိ၏ဂုဏ်ပုဒ်ကို အသုံးချလျက် ဇာတိ၏အလိုကိုလိုက်၍ အပြစ်၌ ကျင်လည်ခဲ့ပါသည်။ သူသည် မိမိ၏ ဖအေတူ မအေကွဲ ညီမဖြစ်သော တာမာကို တပ်မက်ခဲ့ပါသည်။ ထိုအကြောင်းကို သူ့မိတ်ဆွေတဦးအား ပြောပြခဲ့၏။ ထိုခေတ်ကာလတွင်၊ မိသားစု ဆွေမျိုးထဲ၌ အချင်းချင်း ထိမ်းမြားခြင်းကို ကဲ့ရဲ့ခြင်း မပြုခဲ့ကြပါ။ သို့သော်လည်း၊ အာမနုန်၏ ဆန္ဒသည် တပ်မက်ခြင်း သက်သက်ဖြစ်ပါသည်။ သူ့ညီမကို တကယ် လက်ထပ်လိုခြင်း မရှိခဲ့ပါ။ သူသည် နေမကောင်းဟန်ဆောင်လျက်၊ မိမိ၏ဆိုးညစ်သော ဆန္ဒကို ဖော်ဆောင်ဖို့ ကြိုးစားခဲ့ပါသည်။ သူ၏ဂနာမငြိမ်မှုကို သူ့မိတ်ဆွေ သတိထားမိခဲ့ပါသည်။

သူ့ဝမ်းကွဲ ယောနဒပ်က အာမနုန်၏ပြဿနာကို မေးခဲ့၏။ အာမနုန်က တာမာကို မိမိ တပ်မက်ခြင်းရှိကြောင်း ဖော်ပြခဲ့ပါသည်။ ယောနဒပ်သည်လည်း ဒုတိယမွေးဖွားခြင်း မခံရသောသူ၊ ကောက်ကျစ်စဉ်းလဲသောသူဖြစ်လျက်၊ ဆိုးညစ်သောအကြံကို ကြံစည်လျက်၊ အာမနုန်အား အကြံပေးခဲ့ပါသည်။ အာမနုန်နှင့်သူသည် သဘောတူခဲ့ကြ၏။ အာမနုန်သည် ထိုတပ်မက်ခြင်းကို စိတ်ထဲ၌ အစဉ် သိမ်းထားခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင် ကြောက်ရွံ့ခြင်းသဘောသည် ကယ်တင်ခြင်းကို ဖြစ်စေ၏။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏စိတ်တော်နှင့် ထိတွေ့မည်အကြောင်း၊ မှားယွင်းသော အပေါင်းအသင်းကို ကျွန်တော် ရှောင်ရှားလိုပါ၏။

*"အကျွန်ုပ်သည် ကရုဏာတော်ကို ယုံကြည်ပါ၏။
ကယ်တင်တော်မူခြင်းအရာ၌
နှလုံးရွှင်လန်းပါလိမ့်မည်"*

## ဒါဝိဒ်၏မိသားစု၌ ရှုပ်ထွေးမှု ဆက်လက်ဖြစ်ခဲ့၏

အာမနုန်သည် မိမိညီမ၊ တာမာအပေါ် ထားရှိသော တပ်မက်ခြင်းကို စိတ်ထဲ၌အစဉ်သိမ်းထားခဲ့ပါသည်။ ယောနဒပ်က နေမကောင်း ဟန်ဆောင်ရန် ဆိုးညစ်သော အကြံပေးခဲ့၏။ ဖခင် လာရောက်ကြည့်ရှုသောအခါ၊ မိမိအား တာမာ လာရောက်ကြည့်စေလိုကြောင်း ပြောပြရန်ဖြစ်ပါသည်။ ယောနဒပ်၏ ဆိုးညစ်သောအကြံမှာ၊ ထိုသို့ အာမနုန်သည် တာမာနှင့် အချိန်ကောင်းရဖို့ရန် ဖြစ်ပါသည်။ အာမနုန်သည် "မကောင်းသောသူများနှင့် ပေါင်းဖော်ခြင်းအားဖြင့် ကောင်းသောအကျင့် ဖလေ့ ယိုယွင်းတတ်၏" (၁ ကော ၁၅း၃၃) ဟူသော သတိပေးချက်ကို ဂရုမစိုက်ခဲ့ပါ။

ဒါဝိဒ်သည် အာမနုန်ကို တကယ် လာကြည့်ခဲ့ပြီး၊ သူတို့၏အကြံ ထမြောက်ခဲ့ပါသည်။ ထို့ကြောင့်၊ သားတော်၏ တောင်းဆိုမှုကို ဖြည့်ဆည်းပေးဖို့ရန် ရှင်ဘုရင်သည် မိမိ၌ တာဝန်ရှိသည်ဟု ခံစားခဲ့ပါသည်။ ဗာသရှေဘနှင့် ကျူးလွန်ခဲ့သော မိမိအပြစ်၏ဆိုးကျိုးနှင့်ပတ်သက်သော၊ ဘုရားသခင်၏ပရောဖက် ပြောကြားခဲ့သောအချက်သည် စတင်ပြည့်စုံလျက်ရှိလာခဲ့ပါသည်။ ထိုသို့ သူတို့၏နာကျင်ခြင်းအတွက်၊ ဘုရားသခင်သည် ထိုပြစ်ဒဏ်ကို ခံစားစေမည်အကြောင်း ဆုံးဖြတ်ချက်ချခဲ့ပြီဖြစ်ပါသည်။

အာမနုန်သည် သူ၏ ဆိုးညစ်သော အစီအစဉ်ကို အကောင်အထည်ဖော်လျက်၊ သူ၏စစ်မှန်သော အရောင်ကို ပြသခဲ့ပါသည်။ ရှင်ဘုရင်ထံ အာမနုန် တောင်းလျှောက်ခဲ့သည်အတိုင်း၊ တာမာသည် အာမနုန်အိမ်သို့ ရောက်လာခဲ့၏။ အခန်းထဲ၌ သူတို့နှစ်ဦးသာ ကျန်နေသည့်အချိန်အထိ အာမနုန်သည် ဟန်ဆောင်နေခဲ့ပါသည်။ သူမအား မုန့်လုပ်လျက်၊ မိမိထံ ယူလာပေးဖို့ရန် တောင်းဆိုခဲ့ပါသည်။ တောင်းဆိုသည်အတိုင်း တာမာသည် ရိုးသားအပြစ်ကင်းစွာ ပြုလုပ်ပေးခဲ့၏။ မုန့်လုပ်ပြီးသောအခါ၊ အာမနုန်သည် တာမာမှအပ အခြားသူအားလုံးကို အခန်းထဲမှ ထွက်သွားကြဖို့ရန် မိန့်ဆိုခဲ့၏။ ထို့နောက်၊ တာမာအား မုန့်ကို အခန်းထဲသို့ ယူလာပေးဖို့ရန် ဆိုခဲ့ပါသည်။ သူမက ထိုကဲ့သို့ ပြုခဲ့၏။ သို့သော်လည်း၊ အခန်းထဲရောက်လာသောအခါ၊ သူမကို အတင်းအဓမ္မပြုကျင့်ခဲ့ပါသည်။ သူမသည် ရုန်းကန်ခဲ့သော်လည်း၊ အရာမရောက်ခဲ့ပါ။

ထို့နောက်၊ အာမနုန်သည် အစက သူမကို ချစ်သည်ထက် ယခု ပို၍ မုန်းတီးခဲ့ပါသည်။ သူမအား မိမိထံမှ နှင်ထုတ်စေခဲ့ပါသည်။ တာမာသည် ထိုအနိုင်ကျင့်ခြင်း အရှက်တရားကို ရင်ဆိုင်ရမည်ဖြစ်၏။ သူမ၏အပြစ်ကင်းခြင်းအကြောင်းကို ပြသလျက်၊ ပြင်းစွာ ငိုကြွေးခဲ့ပြီး၊ မိမိ၏ နန်းတော်အဝတ်ကို ဖယ်ရှား၍ ခေါင်းပေါ်မှာ ပြာကို တင်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် လူ့မျက်နှာကို လိုက်တော်မမူသောကြောင့်၊ အပြစ် စီရင်ခြင်း၌လည်း မျက်နှာသာပေးခြင်း မရှိပါ။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၏ကျေးဇူးတော်သည် အကျွန်ုပ်အဖို့ လုံလောက်လျက်ရှိ၏။





*"အို လူများတို့၊ ဘုရားသခင်၌ အစဉ်မပြတ် ခိုလှုံကြလော့။
ရှေ့တော်၌ စိတ်နှလုံးကို ဖွင့်ကြလော့။ ဘုရားသခင်သည်
ငါတို့ခိုလှုံရာ ဖြစ်တော်မူ၏"*

## ထိုရှုပ်ထွေးမှု၌ အဗရှလုံက ထပ်၍အမှုပြုခဲ့ပါသည်

ဒါဝိဒ်မိသားစု၌ ဖြစ်ပျက်သောအမှုများကို လူထုအားလုံးက သိမြင်ခဲ့ကြပါသည်။ သမီးတော်သည် ပတ်ဝန်းကျင်၏ ကဲ့ရဲ့မှုကို ခံလာခဲ့ပါသည်။ ထိုအရှက်ရစရာအမှု ပြီးဆုံးခဲ့သော်လည်း၊ နောက်ဆက်တွဲအမှုက ဘုရင့်မိသားစုကို ဆက်လက် ခြောက်လှန့်လျက်ရှိပါသည်။ အမှုတခုသည် နောက်ထပ်အမှုကို ဆက်လက်ဖြစ်ပွားစေတတ်ပါသည်။ ထိုအမှုတို့သည် နှစ်သက်စရာ မကောင်းသော်လည်း၊ ဘုရားသခင်၏ သတိပေးချက်ဖြစ်သောကြောင့် ကောင်းသောအရာကိုဖြစ်ပွားစေတတ်ပါသည်။

ဒါဝိဒ်၏ အခြားသားတဦးဖြစ်သော၊ အဗရှလုံသည် သူ့ညီမအတွက် လက်စားချေဖို့ရန်ကြံစည်ခဲ့ပါသည်။ (အဗရှလုံသည် တာမာ၏ မအေတူ အစ်ကိုဖြစ်ပါသည်)။ မိမိညီမ အပေါ် အာမနုန် ပြုခဲ့သော ရှက်စရာအမှုအားလုံးကို သိခဲ့ပါသည်။ ထို့ကြောင့် ခွင့်မလွှတ်ခဲ့ပါ။ ဘုရင့်သားတော်ဖြစ်သည်နှင့်အညီ သူ့၌ အခြားရည်ရွယ်ချက်ရှိနိုင်သော်လည်း၊ မိမိ၏ညီမအတွက် ဂလဲ့စားချေမည်ဟု ဆုံးဖြတ်ချက်ချခဲ့ပါသည်။ တာမာကို နှိမ့်သိမ့်လျက်၊ မိမိအိမ်သို့ ခေါ်ထားခဲ့ပါသည်။ ထို့နောက်မည်သို့ ဂလဲ့စားချေမည်အကြောင်း ကြံစည်လျက်၊ မိမိ၏မိတ်ဆွေများကိုလည်း အသိပေးခဲ့လိမ့်မည်ဟု ထင်ရပါသည်။

ဖြစ်ပျက်ခဲ့သောအမှုကို ရှင်ဘုရင် ဒါဝိဒ်ကြားသိသောအခါ အလွန်အမျက်ထွက်ခဲ့ပါသည်။ သို့သော်လည်း၊ အချိန်ကြာလာသောအခါ၊ အာမနုန်အား မေ့လျော့ခဲ့ကြသည်ဟု ထင်မှတ်ရပါသည်။ မိသားစုသည် စိတ်သက်သာရာရလျက်၊ ဒါဝိဒ်ကလည်း အရာရာတိုင်း အဆင်ပြေသည်ဟု ထင်မှတ်ခဲ့ပါသည်။ မိသားစုအတွင်း တိုက်ခိုက်ခြင်းမရှိ၊ အချင်းချင်း ဆန့်ကျင်ခြင်း မရှိခဲ့ပါ။ ရှင်ဘုရင်ဒါဝိဒ်သည် တိုင်းပြည်တာဝန်၌ အာရုံစိုက်လာခဲ့ပါသည်။ သားတော်များသည်လည်း မိမိတို့၏ ပုံမှန်အလုပ်များကို လုပ်ဆောင်ခဲ့ကြ၏။ သို့သော်လည်း၊ အဗရှလုံသည် မိမိ၏ဂလဲ့စားချေလိုခြင်းအကြံအစည်ကို မေ့လျော့ခြင်း မရှိခဲ့ပါ။

အာမနုန်အား မိမိညီမ အဓမ္မပြုကျင့်ခဲ့သည့်နေ့မှ စ၍ သတ်ဖို့ရန် အဗရှလုံ ဆုံးဖြတ်ခဲ့ပါသည်။ နှစ်နှစ်လွန်သောအခါ၊ သူသည် မိမိအိမ်၌ ပွဲလုပ်လျက် ဒါဝိဒ်၏သားအပေါင်းတို့ကို ဖိတ်ခေါ်ခဲ့ပါသည်။ ရှင်ဘုရင်ကိုယ်တိုင်ကိုလည်း ဖိတ်ခေါ်ခဲ့ပါသည်။ ရှင်ဘုရင်သည် ထိုဖိတ်ခေါ်မှုကို ငြင်းပယ်ခဲ့သော်လည်း၊ သားတော်များအား သွားရသောအခွင့်ပေးခဲ့ပါသည်။ ထိုပွဲဆင်နွှဲပြီးသောအခါ၊ အဗရှလုံသည် မိမိကျွန်တို့အား အာမနုန်ကို သတ်ဖို့ရန် အမိန့်ပေးခဲ့ပါသည်။ ထို့နောက် ပွဲတက်သူအပေါင်းတို့သည် အသက်လု ထွက်ပြေးခဲ့ကြရ၏။ ယခုအမှုသည် ဗာသရှေဘ အမှုဖြစ်ပြီးနောက်၊ မိသားစု၌ ဒုတိယအကြိမ် သေခြင်းဖြစ်ပွားခြင်း ဖြစ်ပါသည်။ နာသန်အားဖြင့် ဘုရားသခင် မိန့်တော်မူသောအချက်သည် ပြည့်စုံခြင်း ရှိလာလျက်ရှိ၏။

**ဆင်ခြင်ရန်** - ထာဝရဘုရား ကြောက်ရွံ့ခြင်းသဘောသည် ပညာ၏အချုပ်အခြာဖြစ်၏။

**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်၏ မိသားစုများ၌ ကိုယ်တော်၏ငြိမ်သက်ခြင်း သက်ရောက်စိုးမိုးပါစေသော်။